www.burmeseclassic.com

# အလွယ်ဆုံးဗေဒင်



မင်းသိင်္ခ

(စတုတ္ထအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၈၀/၂၀၀၂ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၇၀/၂၀၀၂ (၁၀)

အကြိမ်ရေ - တတိယအကြိမ်

(၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ)

အုပ်ရေ - ၁၀၀၀ အုပ်

တန်ဖိုး - ၂၀၀ ကျပ်

အဖုံးရိုက် - ရွှေမြန်မာ ပုံနှိပ်တိုက်၊

(၄၂) လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးကျော်ဟင်း

အမှတ် (၁၁၁)၊ (၃၃) လမ်း၊

ယုံကြည်ချက်။

ပုံနှိပ်သူ - ဦးကျော်ဇပ်

ခိုင်ရည်မွန် ပုံနှိပ်တိုက်

အမှတ် (၈၁)၊ ဗိုလ်ချုပ်လမ်း

www.burmeseclassic.com

www.burmeseclassic.com

မင်းသော်တာ

# အလွယ်ဆုံး

# ဗေဒင်ကျမ်း

ပြည်လုံးကျွတ် ဖြန့်ချိရေး

မိုးကျော် စာပေ

အမှတ် (၃၇၇)၊ လမ်း(၃၀) အထက်လမ်းထိပ်

ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

ဖုန်း—၇၀၄၂၉၇၊

www.burmeseclassic.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဂြိုဟ်နေ | ၁ |
| ၂။ | အိမ်ထောင်ဖက် | ၂ |
| ၃။ | ရန်ဖက် | ၂ |
| ၄။ | ဓာတ်ဖက် | ၂ |
| ၅။ | ဓာတ်ရက် | ၂ |
| ၆။ | မိတ်ဖက် | ၂ |
| ၇။ | ရန်ဖက် | ၃ |
| ၈။ | နတ်နေ | ၃ |
| ၉။ | လာဘ်နေ | ၃ |
| ၁၀။ | စက်နေ | ၃ |
| ၁၁။ | နေ့အားညအား | ၃ |
| ၁၂။ | ဂြိုဟ်အစိုးရသောနတ် | ၃ |
| ၁၃။ | အဆင့်ဆင့်အား | ၄ |
| ၁၄။ | မဟာဘုတ်ဓာတ်သဘော | ၄ |
| ၁၅။ | အာရုံခံစားခြင်းသဘော | ၅ |
| ၁၆။ | အရသာသဘော | ၅ |
| ၁၇။ | အဆင်းသဘော | ၅ |
| ၁၈။ | အရိုးသဘော | ၅ |
| ၁၉။ | ဓာတ်သတ္တုသဘော | ၅ |
| ၂၀။ | အဝတ်သဘော | ၅ |
| ၂၁။ | ရတုသဘော | ၆ |
| ၂၂။ | ကိုယ်စိတ်သဘော | ၆ |
| ၂၃။ | မင်းမိဖုရားသဘော | ၆ |
| ၂၄။ | အမိအဘသဘော | ၆ |
| ၂၅။ | အမျိုးလေးပါသဘော | ၇ |
| ၂၆။ | သတ္တရာတမဂုဏ် | ၇ |
| ၂၇။ | အမျိုးလေးပါးသဘော | ၇ |
| ၂၈။ | နမ္မလျော်ရာအရပ် | ၈ |
| ၂၉။ | လူမျိုးသဘော | ၈ |
| ၃၀။ | ယောကျာ်းဂြိုဟ် မိန်းမဂြိုဟ် | |
| ၃၁။ | လက်ဝဲလက်ယာဂြိုဟ် | |


www.burmeseclassic.com

www.burmeseclassic.com


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၂။ | ကျွန်ဂြိုဟ် အရှင်ဂြိုဟ် | ၉ |
| ၃၃။ | ယာယီနဂိုရ်ဂြိုဟ် | ၉ |
| ၃၄။ | ခေတ်လေးပါးသဘော | ၉ |
| ၃၅။ | ပါပရာသီ၊ သောမရာသီ | ၉ |
| ၃၆။ | နေ့ရာသီ၊ ညရာသီ | ၁၀ |
| ၃၇။ | ပါပအိမ်၊ သောမအိမ် | ၁၀ |
| ၃၈။ | မြို့ရာသီ၊ တောရာသီ | ၁၀ |
| ၃၉။ | ဂြိုဟ်တို့အား ခုနှစ်ပါး | ၁၀ |
| ၄၀။ | ဌာနဗလအားကိုးပါး | ၁၁ |
| ၄၁။ | ဒသာဗလအားကိုးပါး | ၁၁ |
| ၄၂။ | ဇေဋ္ဌာဗလအားလေးပါး | ၁၁ |
| ၄၃။ | နေသဂ္ဂိကဗလအား ခုနစ်ပါး | ၁၁ |
| ၄၄။ | ကာလဗလအား သုံးပါး | ၁၁ |
| ၄၅။ | ဝေလဗလအား နှစ်ပါး | ၁၁ |
| ၄၆။ | ဂြိုဟ်မြင်အား လေးပါး | ၁၂ |
| ၄၇။ | ဂြိုဟ်ခေါ်ပုံ | ၁၃ |
| ၄၈။ | သောမဂြိုဟ် | ၁၃ |
| ၄၉။ | ပါပဂြိုဟ် | ၁၃ |
| ၅၀။ | ခေါင်းရိတ်ရ | ၁၄ |
| ၅၁။ | ရေမချိုးရ၊ မချေးရ | ၁၄ |
| ၅၂။ | ဝယ်အံ့၊ မဝယ်အံ့ | ၁၄ |
| ၅၃။ | ငွေချေးရ၊ မချေးရ | ၁၄ |
| ၅၄။ | နေ့အလိုက် ပေးသင့်၊ မပေးသင့် | ၁၄ |
| ၅၅။ | စကား အမှား၊ အမှန် | ၁၄ |
| ၅၆။ | ခေါင်းဆေးရ၊ မဆေးရ | ၁၅ |
| ၅၇။ | နားဖောက်ရ၊ မဖောက်ရ | ၁၅ |
| ၅၈။ | ရက်ရာဇာ | ၁၅ |
| ၅၉။ | ပြဿဒါးရက် | ၁၅ |
| ၆၀။ | နဂါးလှည့် | ၁၅ |
| ၆၁။ | ဂြိုဟ်ဝင်အဟော | ၁၆ |
| ၆၂။ | နေ့အလိုက် စပါးသွင်း | ၁၆ |
| ၆၃။ | ကျက်သရေနေ့ | ၁၆ |
| ၆၄။ | အသက်နေ့ | ၁၇ |


www.burmeseclassic.com

www.burmeseclassic.com


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၅။ | ပညာမသင်ရ ပညာသင်ရ | ၁၇ |
| ၆၆။ | နံ့ဖိလာရွေး | ၁၈ |
| ၆၇။ | မူလအရပ် | ၁၈ |
| ၆၈။ | ဂြိုဟ်နှင့်ပန်း | ၁၈ |
| ၆၉။ | ဧကရန်းဂြိုဟ် | ၁၉ |
| ၇၀။ | ဒွိရန်းဂြိုဟ် | ၁၉ |
| ၇၁။ | တြိရန်းဂြိုဟ် | ၁၉ |
| ၇၂။ | စတုရန်းဂြိုဟ် | ၂၀ |
| ၇၃။ | ပဥ္စပွတ်ဂြိုဟ် | ၂၀ |
| ၇၄။ | ဆပွတ်ဂြိုဟ် | ၂၀ |
| ၇၅။ | သတ္တပွတ်ဂြိုဟ် | ၂၀ |
| ၇၆။ | (၁၂)ရာသီခေါ်ပုံ | ၂၂ |
| ၇၇။ | နက္ခတ် (၂၇)လုံး | ၂၂ |
| ၇၈။ | ခန္ဓကမြင်းကိန်း | ၂၇ |
| ၇၉။ | သိန္ဓော့မြင်းကိန်း | ၂၈ |
| ၈၀။ | သဘော်ယောကိန်း | ၂၉ |
| ၈၁။ | ဆဒ္ဒန်ဆင်မင်းကိန်း | ၃၀ |
| ၈၂။ | အရွယ်သုံးပါးအကျိုးပေးတွက်နည်း | ၃၁ |
| ၈၃။ | ထိမ်းမြားမင်္ဂလာတွက်ကိန်း | ၃၁ |
| ၈၄။ | ချမ်းသာဆင်းရဲတွက်ကိန်း | ၃၁ |
| ၈၅။ | နဂိုရ်ယာယီတွက်ကိန်း | ၃၂ |
| ၈၆။ | နဂိုရ်ယာယီ စုတ်တွက်ကိန်း | ၃၂ |
| ၈၇။ | စုတ်, လာဘ် ရမည့်နေ့တွက်ကိန်း | ၃၃ |
| ၈၈။ | ရွှေလှော်တစ်သိန်းတန်သည့်ကိန်း | ၃၄ |
| ၈၉။ | နမ္မတွက်ကိန်း | ၃၄ |
| ၉၀။ | ခရီးသွားတွက်ရန် | ၃၆ |
| ၉၁။ | အခါဘဝါးယော | ၃၇ |
| ၉၂။ | လင်မယား (၂)ဦး အသေတွက်နည်း | ၃၇ |
| ၉၃။ | တိုင်လေးပါးယောနည်း | ၃၈ |
| ၉၄။ | လင်မယား ဥစ္စာရှိ မရှိ အယော | ၃၈ |
| ၉၅။ | အပျိုရမည်၊ မုဆိုးမရမည် အယော | ၃၈ |
| ၉၆။ | ကံလေးပါးတွက်ကိန်း | ၃၉ |
| ၉၇။ | ခန္ဓာပျက်ကိန်းအယော | ၄၀ |


www.burmeseclassic.com

www.burmeseclassic.com


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၈။ | အာယုပြတ် တွက်ကိန်း | ၄၁ |
| ၉၉။ | စန်းပြတ် တွက်ကိန်း | ၄၁ |
| ၁၀၀။ | တြင်းပြတ် တွက်ကိန်း | ၄၁ |
| ၁၀၁။ | နဝင်းပြတ် တွက်ကိန်း | ၄၂ |
| ၁၀၂။ | အာယုပြတ် ဆက်ရန် တွက်ကိန်း | ၄၂ |
| ၁၀၃။ | လဂ်ပြတ်ဆက်ရန်တွက်ကိန်း | ၄၃ |
| ၁၀၄။ | လဂ်ပြတ်, စန်းပြတ်ဆက်ရန်ပြုနည်း | ၄၃ |
| ၁၀၅။ | ထင်ပေါ်ကျော်စောအံ့ဟောကိန်း | ၄၃ |
| ၁၀၆။ | မင်းအမတ် တွက်ကိန်း | ၄၃ |
| ၁၀၇။ | ဇာတာကြီးတွက်ကိန်း | ၄၄ |
| ၁၀၈။ | မြင်လျှင်တွက်ကိန်း | ၄၅ |
| ၁၀၉။ | သူနာကံ (၃)ပါး တွက်ကိန်း | ၄၆ |
| ၁၁၀။ | နဝင်းပြတ် တွက်ကိန်း | ၄၆ |
| ၁၁၁။ | သူနာခေတ်လေးပါးပျက်ဟောကိန်း | ၄၆ |
| ၁၁၂။ | သူနာ ပြာပုံကျ၊ မကျတွက်ကိန်း | ၄၇ |
| ၁၁၃။ | သူနာ သေရက်ဖြတ်နည်း | ၄၇ |
| ၁၁၄။ | သူနာသေမည့် အချိန်တွက်နည်း | ၄၈ |
| ၁၁၅။ | သူနာ ယာယီရွေ့ရန် တွက်နည်း | ၄၈ |
| ၁၁၆။ | စန်းသုံးနဝင်းသုံး တွက်နည်း | ၄၈ |
| ၁၁၇။ | သူနာသေ၊ မသေတွက်နည်း | ၄၈ |
| ၁၁၈။ | ခနွင်းပါး ပြတ်တွက်နည်း | ၄၈ |
| ၁၁၉။ | ဆေးနံ့ပြတ် တွက်နည်း | ၄၈ |
| ၁၂၀။ | အနာမူလတွက်နည်း | ၄၉ |
| ၁၂၁။ | အန္တရာယ်လွတ်ကြောင်းတွက်နည်း | ၄၉ |
| ၁၂၃။ | အယဉ်နှစ်ပါး အဟော | ၅၁ |
| ၁၂၄။ | ရတုခြောက်ပါးဖွားအဟော | ၅၁ |
| ၁၂၅။ | တစ်ဆယ့်နှစ်လဖွား အဟော | ၅၃ |
| ၁၂၆။ | လဆုတ်ဖွား အဟော | ၅၅ |
| ၁၂၇။ | လဆန်းဖွား အဟော | ၅၅ |
| ၁၂၈။ | နေ့ဖွားအဟော | ၅၆ |
| ၁၂၉။ | ညဥ့်ဖွားအဟော | ၅၆ |
| ၁၃၀။ | ခရီးရောက်၊ မရောက် တွက်ပုံ | ၅၆ |


www.burmeseclassic.com

www.burmeseclassic.com


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၁။ | ဖြင်းပြွတ်။ နဝင်းပြွတ် တွက်နည်း | ၅၇ |
| ၁၃၂။ | သက်ပြွတ်တွက်နည်း | ၅၇ |
| ၁၃၃။ | ကုန်ရောင်းတွက်ပုံ | ၅၈ |
| ၁၃၄။ | တစ်ဆယ့်နှစ်ရာသီ ဂြိုဟ်နေ့မှတ်ရန် | ၅၉ |
| ၁၃၅။ | မိုးမြေရ၊ မရ ဟောကိန်း | ၅၉ |
| ၁၃၆။ | ခရီးသွားသူ ရောက်၊ မရောက်အဟော | ၆၀ |
| ၁၃၇။ | ဥစ္စာ ရ၊ မရ အဟော | ၆၀ |
| ၁၃၈။ | မြွဲခွဲ ခစားရန် အဟော | ၆၀ |
| ၁၃၉။ | မိုးကိန်းတွက်နည်း | ၆၁ |
| ၁၄၀။ | မူလ မဟာဘုတ် | ၆၄ |
| ၁၄၁။ | သက်ရောက်တွက်ပုံ | ၇၁ |
| ၁၄၂။ | ဂြိုဟ်စား ဟောပုံ | ၇၁ |
| ၁၄၃။ | ဂြိုဟ်ပျက်တွက်ပုံ | ၈၄ |
| ၁၄၄။ | ဂြိုဟ်အိပ်အဟော | ၈၈ |
| ၁၄၅။ | ဒသာတွက်ပုံ | ၉၁ |
| ၁၄၆။ | ဒသာဟောပုံ | ၁၀၀ |
| ၁၄၇။ | ကာလကြီးဋီကာ | ၁၀၅ |
| ၁၄၈။ | တစ်နည်း ကာလကြီးအဟော | ၁၇၅ |
| ၁၄၉။ | စကြာဟော တစ်နည်း | ၁၉၁ |
| ၁၅၀။ | အင်္ဂဝိဇ္ဇာ သုံးထပ်ကိန်း | ၁၉၃ |
| ၁၅၁။ | နဝလက် စကြာအဟော | ၂၀၀ |
| ၁၅၂။ | လဂ်အဟော | ၂၂၅ |


www.burmeseclassic.com

www.burmeseclassic.com

# အလွယ်ဆုံး ပေဒင်ကျမ်း

နမောဿဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့အား ကျွန်ုပ်ရှိခိုးပါ၏။

မိခင်–ဖခင်–ဆရာသခင် ကျေးဇူးရှင်တို့ကိုလည်း ကျွန်ုပ်ရှိခိုးပါ၏။

ဗြဟ္မာနှစ်ဆယ်၌ရှိသော ဗြဟ္မာမင်းကြီးတို့ကိုလည်း ကျွန်ုပ်ရှိခိုးပါ၏။

ဒေဝသနင်း သိကြားမင်းကြီးနှင့် စတုလောကပါလ နတ်မင်းကြီး လေးပါး တို့ကိုလည်း ကျွန်ုပ်ရှိခိုးပါ၏။

သူ့ရဿတီ မယ်တော်ကြီးကိုလည်း ကျွန်ုပ် ရှိခိုးပါ၏။

ဟိမဝန္တာ တောမြိုင်အတွင်း တရားရှာမှီး ကြကုန်သော ရသေ့ သူတော်စင် အပေါင်းနှင့် ရှစ်သောင်းကျော် ဝိဇ္ဇာအပေါင်းတို့ကို ကျွန်ုပ် ရှိခိုးပါ၏။

## ဂြိုဟ်နေ

တနင်္ဂနွေဂဠုန် ရှေ့မြောက်ကြို နေတုံခြောက်နှစ်မျှ။

အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ။ မီးနတ်။

တနင်္လာကျား တစ်ဆယ့်ငါး၊ နေကြား ရှေ့ရပ်က။

က၊ ခ၊ ဂ၊ ဃ၊ င။ ရေနတ်။

အင်္ဂါခြင်္သေ့ ရှေ့တောင်ကွေ့ မရွေ့ရှစ်နှစ်ပြ။

စ၊ ဆ၊ ဇ၊ ဈ၊ ည။ မီးနတ်။

www.burmeseclassic.com

www.burmeseclassic.com



## ဆရာမင်းသော်တာ

ဗုဒ္ဓဟူးဆင် တောင်ရပ်ခွင် နေချင်ဆယ့်ခွန်ပြ။
ယ၊ လ၊ ဝ။ ဗီသနီးနတ်။
စနေနဂါး၊ နောက်တောင်ပါး ပျော်ဖြားနှစ်ဒသ။
တ၊ ထ၊ ဒ၊ ဓ၊ န၊ ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ။ ဗြဟ္မာနတ်။
ကြာသပတေးကြွက် အနောက်ဘက် ပျော်ချက်ဆယ့်ကိုးရ။
ပ၊ ဖ၊ ဘ၊ ဗ၊ မ။ သိကြားနတ်။
ရာဟုတိုင်းဆင် နောက်မြောက်ခွင် ပျော်ချင် ဒွါဒသ။
ရ၊ ဠ။ အသူရာနတ်။
သောကြာမှာပူး မြောက်စူးစူး ပျော်ကြူးနှစ်ဆယ့်တစ်မှတ်။
သ၊ ဟ။ သိကြားနတ်။
ဂြိုဟ်သက်ပေါင်းမှာ တစ်ရာ့ရှစ်ဖြာ မှတ်ပါ ပဏ္ဍိတ။

### အိမ်ထောင်ဖက်

ဥ–သာ၊ စိန်–ပွန်း၊ ဒါန်းလှ၊ ကိုယ်ရှာ မိတ်ဖက်သာ။

### ရန်ဖက်

ခ–မွှာ၊ သော–ကာ၊ အင်း–ဝ၊ ရာ–ဇာ။

### ခတ်ဖက်

အ–ဋ္ဌော၊ ဂ–ဓ္ဓော၊ စ–ရေ၊ ဝံ–သေ။ ခတ်ဖက်ပေ။

### ခတ်ရက်

ဦး–ဝေ၊ စံ–ကူး၊ ရေ–ဘူး၊ တော–သူ ခတ်ရန်ယူ။

### မိတ်ဖက်

အောင်–ပ၊ ကု–လား၊ ဆွေ–သား၊ နောင်–ရင်း။

www.burmeseclassic.com

www.burmeseclassic.com



ရန့်ဖက်

ဦး–ညို၊ ခေ–မာ၊ သု–တ၊ ဝေ–ရီ၊ ရန့်စီစီ။

နတ်နေ

အုန်း၊ သီ၊ ဆက်၊ လာ၊ တောင်၊ က၊ ရွာ၊ မှာ

အနောက်တောင်က လက်ျာပတ်ချ။

လာဘ်နေ

အုန်း၊ သီး၊ ဆက်၊ လာ၊ တောင်၊ က၊ ရွာ၊ မှာ။

စက်နေ

စ၊ လင်း၊ မြို့၊ သာ၊ ကျောင်း၊ တည်၊ ရာ၊ ၏။

ရှေ့မြောက်က လက်ဝဲပတ်ချ။

နေ့အား ညအား

တနင်္လာ အင်္ဂါ စနေဂြိုဟ်တို့သည် ည၌ အားရှိသည်။

တနင်္ဂနွေကြာသပတေးသောကြာ ဂြိုဟ်တို့သည်နေ့၌ အားရှိသည်။ ဗုဒ္ဓဟူးဂြိုဟ်သည် နေ့ရော ညဉ့်ပါ အားရှိသည်။

ဂြိုဟ်အစိုးရသောနတ်

နီသော အဆင်းရှိသော မီးနတ်သားသည် တနင်္ဂနွေဂြိုဟ်ကို အစိုးရသည်။

ဖြူသော အဆင်းရှိသော ရေနတ်သားသည် တနင်္လာဂြိုဟ်ကို အစိုးရသည်။

အလွန်နီသော အဆင်းရှိသော ကတ္တိကေယျနတ်သားသည် အင်္ဂါဂြိုဟ်ကို အစိုးရသည်။

စိမ်းသော အဆင်းရှိသော ဗိဿနိုးနတ်သည် ဗုဒ္ဓဟူးဂြိုဟ်ကို

www.burmeseclassic.com

www.burmeseclassic.com



အစိုးရသည်။

ရွှေအဆင်းရှိသော သိကြားနတ်သည် ကြာသပတေးဂြိုဟ်ကို အစိုးရသည်။

ပြောက်သော အဆင်းရှိသော သူဇာ နတ်သမီးသည် သောကြာဂြိုဟ်ကို အစိုးရသည်။

မည်းသော အဆင်းရှိသော ဗြဟ္မာမည်သောနတ်သားသည် စနေဂြိုဟ်ကို အစိုးရသည်။

## အဆင့်ဆင့်အား

စနေထက် အင်္ဂါ အားရှိသည်။ အင်္ဂါထက် ဗုဒ္ဓဟူးဂြိုဟ်အားရှိသည်။ ကြာသပတေးထက် သောကြာဂြိုဟ်အားရှိသည်။ သောကြာဂြိုဟ်ထက် တနင်္လာဂြိုဟ်အားရှိသည်။ တနင်္လာထက် တနင်္ဂနွေဂြိုဟ်အားရှိသည်။

## မဟာဘုတ်ဓာတ်သဘော

တနင်္ဂနွေ၊ အင်္ဂါသည် တေဇောမီးဓာတ်၊ တနင်္လာ၊ သောကြာသည် အာပေါရေဓာတ်၊ ဗုဒ္ဓဟူးသည် ပထဝီမြေဓာတ်၊ ကြာသပတေးသည်၊ အာကာသဓာတ်၊ လွန်သောဓာတ် ဖြစ်သည်။ စနေသည် ဝါယောလေဓာတ်။

## အာရုံခံစားခြင်းသဘော

တနင်္ဂနွေနှင့်အင်္ဂါသည် အဆင်း၊ ဗုဒ္ဓဟူးသည် အနံ့၊ တနင်္လာနှင့် သောကြာသည် အရသာ၊ ကြာသပတေးသည် အသံ၊ စနေသည် အထိအတွေ့။

www.burmeseclassic.com

www.burmeseclassic.com



## အရသာသဘော

တနင်္ဂနွေ အစပ်၊ တနင်္လာ အငန်၊ အင်္ဂါ အခါး၊ ဗုဒ္ဓဟူး အချဉ်နှင့်အခါး သို့မဟုတ် ရောသော အရသာ၊ ကြာသပတေး အချိုအဆိမ့်၊ သောကြာ အချိုအဆိမ့်၊ စနေ အဖန်အရသာ ခံစားသည်။

## အဆင်းသဘော

တနင်္ဂနွေ အနီးအညို၊ အနီးနှင့်ရွှေရောင်၊ တနင်္လာ အဖြူ အဝါ၊ အင်္ဂါ အနီရင့် အဖြူ၊ ဗုဒ္ဓဟူး အစိမ်းနှင့်အညို၊ ကြာသပတေး အဝါ အဖြူ၊ အကြောင်၊ သောကြာ အပြောက်၊ စနေ အနက်။

## အရိုးအသားသဘော

တနင်္ဂနွေ အရိုး၊ တနင်္လာ အသွေးအသား၊ အင်္ဂါ ခြင်ဆီ၊ ဗုဒ္ဓဟူး အရေထူ အရေပါး၊ ကြာသပတေး အဆီအခဲ၊ သောကြာ သုက်သွေး၊ စနေ အကြောဖြစ်သည်။

## ဓာတ်သတ္တုသဘော

တနင်္ဂနွေ ကြေးနီ၊ တနင်္လာ ကျောက်နီ ပတ္တမြား၊ အင်္ဂါ ရွှေ၊ ဗုဒ္ဓဟူး ကြေးဝါ မိုးကြိုးစီချယ်သော ကျောက်၊ ကြာသပတေး ငွေ၊ သောကြာ ပုလဲ၊ စနေ သံခဲနက်တို့ နှင့် သက်ဆိုင်သည်။

## အဝတ်သဘော

တနင်္ဂနွေ အပေါ်ရုံ အဝတ်ကြမ်း၊ တနင်္လာ အဝတ်သစ်၊ အင်္ဂါ မီးလောင်ပေါက် ပါသော အဝတ်၊ ဗုဒ္ဓဟူး ဖွတ်လျှော်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အ၀တ်၊ ကြာသပတေး တစ်ပတ်ရစ်အ၀တ်၊ သောကြာ ခိုင်ခန့်သော အ၀တ်၊ စနေ ဟောင်းသော အ၀တ်၊ ဆေးစုတ်ပြဲဖတ်သော အ၀တ်။

## ရတုသဘော

စနေ တပို့တွဲ တပေါင်း သိသိရ ရတု၊ သောကြာ တန်ခူး ကဆုန် ၀သန္တ၊ အင်္ဂါ နယုန်-၀ါဆိုဂိမ္ဟာန်၊ တနင်္လာ ၀ါခေါင် တော်သလင်း ၀ဿန၊ ဗုဒ္ဓဟူး သီတင်းကျွတ်-တန်ဆောင်မုန်း သာရဒရတု၊ ကြာသပတေး နတ်တော်-ပြာသို ဟေမန္တရကု။

## ကိုယ်စိတ်သဘော

တနင်္ဂနွေ ကိုယ်လက်ရှုံးရည်၊ တနင်္လာ စိတ်နှလုံးရည်၊ အင်္ဂါ အစွမ်းသတ္တိလုံ့လ ၀ီရိယ၊ ဗုဒ္ဓဟူး စကားအသံ၊ ကြာသပတေး ဉာဏ်ပညာ ချမ်းသာခြင်း၊ သောကြာ ရာဂ ရမ္မက် လောဘတဏှာ။ စနေ မိုက်မဲခြင်း၊ ဆင်းရဲဒုက္ခဖြစ်ခြင်း။

## မင်းမိဖုရားသဘော

တနင်္ဂနွေမင်း၊ တနင်္လာ မင်းမိဖုရား၊ အင်္ဂါ အမတ်စစ်သူကြီး၊ စရေးစာချီ၊ ဗုဒ္ဓဟူး အိမ်ရှေ့မင်း၊ ကြာသပတေး သောကြာ မင်းတိုင်ပင်၊ ပညာရှိ အမတ်ကြီး၊ စနေ အစေအပါး ကျွန်မင်းစေ လုလင်။

## အမိအဘသဘော

တနင်္ဂနွေ အဘ၊ တနင်္လာအမိ၊ အင်္ဂါ လင်လက်အောက် ငယ်သား၊ ဗုဒ္ဓဟူး သားသမီး ညီအစ်ကိုမောင်နှမ၊ ကြာသပတေး

www.burmeseclassic.com

www.burmeseclassic.com



ဆရာသမား၊ မိတ်သင်္ဂဟ၊ ဘိုးဘေး ဘကြီး၊ ဘထွေး သောကြာ မယား၊ မိကြီး မိထွေး၊ ယောက်မ၊ ချွေးမ စနေ ကျေးကျွန် အစေအပါး။

## အမျိုးလေးပါးသဘော

တနင်္ဂနွေ၊ အင်္ဂါ၊ ခတ္တိယမင်းမျိုး၊ တနင်္လာ ဗုဒ္ဓဟူး သူဌေးသူကြွယ်၊ ကုန် သည်၊ လယ်လုပ်၊ ဗုဒ္ဓဟူး မင်းညီမင်းသား၊ ဆွေတော်မျိုးတော်၊ ကြာသပတေး၊ သောကြာ ဗြဟ္မဏပုဏ္ဏားမျိုး၊ ပညာရှိ၊ သူတော်သူမြတ်၊ ရဟန်းပုဏ္ဏား၊ စနေ မုဆိုး တံငါ ဒွန်းစဏ္ဍား၊ လူရိုင်းသူဆင်းရဲမျိုး။

## သတ္တိ ရဇတမဂုဏ်

တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး၊ သတ္တိဂုဏ်။ ရဲရင့်ခြင်း၊ သနားခြင်း၊ ဖြောင့်မတ်ခြင်း၊ ရတနာသုံးပါး ဆည်းကပ်ခြင်း၊ ဗုဒ္ဓဟူး၊ သောကြာ ရဇဂုဏ်၊ တီးမှုတ်ခြင်း၊ ကခုန် မြူးတူးခြင်း၊ ပျော်ပါးခြင်း၊ မိန်းမအလိုရှိခြင်း၊ အင်္ဂါ စနေ တမဂုဏ်၊ အမိုက်ရမ္မက်၊ လိမ်လည်လှည့်ဖြားခြင်း၊ အမျက်၊ ဒေါသကြီးခြင်း၊ ပျင်းရိခြင်း။

## အရပ်စိုးခြင်း

အဋ္ဌလက်ဂြိုဟ်ခွင်တွင် အရှေ့အရပ်ကစ၍ အသင့်စီရင် တစ်ခွင်လုံးမောင်းဟူသော လက်ာနှင့် လက်ယာရစ်ရေချ၊ တစ်ဖန် နည်းတူ အရှေ့မြောက်အရပ်ကစ၍ အဂ္ဂါစေဝ မမ္မရာသီဟူသော လက်ာအတိုင်း လက်ယာရစ်ရေချ။ ဂြိုဟ်တစ်ခုလျှင် အရပ်စိုး နှစ်မျိုးစီရသည်။

www.burmeseclassic.com

www.burmeseclassic.com



## မွေ့လျော်ရာအရပ်

တနင်္ဂနွေ ကြည်းကုန်း နတ်ကွန်း နတ်အိမ်၌ မွေ့လျော်၏။

တနင်္လာ သစ်ပင် ရေစင် ရေရှိရာအရပ်၌ မွေ့လျော်၏။

အင်္ဂါ ချုံစပ် သစ်ပင် ဆိပ်ကမ်း သစ်ငုတ် မီးဖိုမီးတင်းကုတ်၌ မွေ့လျော်၏။

ဗုဒ္ဓဟူး ရေကန် ကျောင်းဇရပ်ဌာနန၌ မွေ့လျော်၏။

ကြာသပတေး သင်္ဃာတိုက် စေတီပုထိုး ဂူကျောင်း ဇရပ်၌ မွေ့လျော်၏။

သောကြာ လမ်းမ လမ်းဆုံ အိပ်ရာနေရာတို့၌ မွေ့လျော်၏။

စနေ ခြံတွင်း တောင်ပို့ အညစ်အကြေးစွန့်ရာ အရပ်၌ မွေ့လျော်၏။

ရာဟု သင်္ချိုင်း ဂူဝ လိုဏ်ခေါင်း ရွှံ့ပုပ် ရွှံ့ဗွက်တို့၌ မွေ့လျော်၏။

## လူမျိုးသဘော

တနင်္ဂနွေ ဂျမ်းယိုးဒယား၊ တနင်္လာ ရှမ်း၊ အင်္ဂါ တလိုင်း၊ ဗုဒ္ဓဟူးကဒူး၊ ကြာသပတေး မြန်မာ၊ သောကြာသက်၊ ကသည်း၊ စနေ ကုလား၊ ရာဟု တရုတ်။

## ယောကျ်ားဂြိုဟ် မိန်းမဂြိုဟ်

ဥစ္စာလျော့ပါး ဂြိုဟ်ယောကျ်ား၊ ခန်း မား သိမ်းရှုံး ဂြိုဟ်မိန်းမ။

www.burmeseclassic.com

www.burmeseclassic.com



## လက်ဝဲ လက်ယာဂြိုဟ်

အောင်ထွန်းစံရဲ့ ဂြိုဟ်လက်ဝဲ၊ မိလဲလှကြာဂြိုဟ်လက်ယာ။

## ကျွန်ဂြိုဟ် အရှင်ဂြိုဟ်

အဝတွင်ရောင်း၊ ကျွန်ဂြိုဟ်ပေါင်း၊ ကြိုင် လှောင်း မြဲ့ သို အရှင်ဂြိုဟ်။

## ယာယီ နဂိုရ်ဂြိုဟ်

ကျော်စံသိန်းရီ ဂြိုဟ်ယာယီ၊ မိနီလှေ နဂိုကျ။

## ဓာတ်လေးပါးသဘော

အန္တော၁–တနင်္ဂနွေ ဓာတ်ဖိုတေဇော မီးခဲဓာတ်၊ စနေ ဓာတ်မ၊ တေဇော မီးတောက်မီးလျှံဓာတ်။

ဂဗ္ဘော–တနင်္လာ ဓာတ်ဖို ပထဝီ၊ ကျောက်သား၊ ကျောက် မြေဓာတ်၊ ကြာသပတေးဓာတ်မ ပထဝီ မြေသားဓာတ်။

စရေ–အင်္ဂါဓာတ်ဖို ဝါယော လေပြေ ရလေညှင်းဓာတ်၊ ရာဟုဓာတ်မ ဝါယော လေမုန်တိုင်းဓာတ်။

ဝံသ–ဗုဒ္ဓဟူး ဓာတ်ဖို အာပေါ ရေချိုဓာတ်၊ သောကြာ ဓာတ်မ အာပေါ ရေငန်ဓာတ်။

## ပါပရာသီ သောမရာသီ

မိဿရာသီကစ၍ လက်ဝဲရစ် ၁–ပါပ ၂–သောမ အား ဖြင့်ရေ။ ၁–ကျသော် ပါပရာသီ ၂–ကျသော် သောမရာသီ ပါပ ရာသီမှာ ယောကျ်ားရာသီ၊ သောမရာသီမှာ မိန်းမရာသီယောကျ်ား ရာသီ၌ ယောကျ်ားဂြိုဟ်တည်သော် ကောင်း သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမရာသီ၌ မိန်းမဂြိုဟ်တည်သော် ကောင်းသည်။ ယောကျ်ားဂြိုဟ်ရာသီ၌ မိန်းမဂြိုဟ်၊ မိန်းမရာသီ၌ ယောကျ်ားဂြိုဟ်တည်သော ဂြိုဟ်မကောင်း။

## နေ့ရာသီ၊ ညရာသီ

မိဿ ပြိဿ မေထုံကရကင်ရှိ ဓနု မကာရခြောက်ရာသီတို့သည် ညရာသီဖြစ် သည်။ ကျန်ရာသီတို့မှာ နေ့ရာသီဖြစ်သည်။

## ပါပအိမ်၊ သောမအိမ်

အင်္ဂါ, တနင်္ဂနွေ, စနေ ပါပဂြိုဟ် သုံးလုံးတို့၏ အိမ်ဖြစ်သော မိဿ သိဟ်ဗြိစ္ဆာမကာရ ကုံငါးရာသီတို့သည် ပါပအိမ်ဖြစ်သည်။ ကျန်ရာသီသည် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ သောမဂြိုဟ် လေးလုံးတို့တည်ရာ သောမအိမ် ဖြစ်သည်။

## မြို့ရာသီ၊ တောရာသီ

မြို့ရာသီမှာ မေထုံ, ကန်, တူ, ဓနု, ဗြိစ္ဆာ, ကုံနှင့် မကာရ၏ နောက်ထပ် စက်ရာသီတို့ဖြစ်သည်။ တောရာသီမှာ ကရကင်၊ သိဟ်၊ မိန်းနှင့်မကာရ၏ ရှေ့ထက် ဝက်ရာသီတို့ဖြစ်သည်။ မိဿနှင့် ပြိဿရာသီတို့မှာ နေ့၌ တောရာသီ၊ ည၌ မြို့ရာသီ ဖြစ်သည်။

## ဂြိုဟ်တို့အား စုနစ်ပါး

ဌာနဗလနေရာအား၊ ဒိသာဗလအရပ်အား၊ စေဌဗလဖြစ်ပေါ်မှုအား၊ ကာယဗလအချိန်အား၊ နေသဂ္ဂိကဗလ သဘာဝအား၊ ဝေလဗလ အပိုင်းအခြားအား၊ ဒိဋ္ဌိဗလ ဂြိုဟ်မြင်အား။

www.burmeseclassic.com

www.burmeseclassic.com



## ဈာနဗလအားကိုးပါး

ဥစ်အား၊ တြိဂုဏ်အား၊ ကသစ်အား၊ ဝဂ္ဂုတ္တမနဝင်းအား၊ မိမိနဝင်းအား၊ မိတ်အိမ်၌တည်ခြင်းအား၊ မိတ်ဂြိုဟ်နှင့်ယှဉ်ခြင်းအား၊ ဝိသမ သမရာသီ၌တည်သောအား၊ ဂြဟာသမအိမ်၌ တည်သောအား ဟူ၍ ဈာနဗလ ကိုးပါးဖြစ်သည်။

## ဒိသာဗလအား လေးပါး

အရှေ့အရပ်အား၊ မြောက်အရပ်အား၊ အနောက်အရပ်အား၊ တောင်အရပ်အား ဟူ၍လေးမျိုးရှိသည်။

## စေဋ္ဌာဗလအား လေးပါး

ယဉ်အား၊ ဝကြေသွားအား၊ သမာဂအား၊ ဂြဟာယုဒ္ဓဟူ၍ အားလေးပါးဖြစ်သည်။

## နေသဂ္ဂိကဗလအား လေးပါး

တနင်္ဂနွေ ပြည့်ရှင်မင်းအား၊ တနင်္လာ မိဖုရားအား၊ သောကြာ အမတ်ကြီးအား၊ ကြာသပတေး အမတ်ငယ်အား၊ ဗုဒ္ဓဟူး မင်းသားအား၊ အင်္ဂါ စစ်သူကြီးအား၊ စနေဆင်းရဲ သားအားဟူ၍ နေသဂ္ဂိကဗလ ခုနစ်ပါး။

## ကာလဗလအား သုံးပါး

ပက္ခအား၊ အစိုးတရအား၊ ဗလာခန်းအားဟူ၍ အားသုံးပါး ဖြစ်သည်။

## ဝေလဗလအား နှစ်ပါး

နေ့အပိုင်းအခြားအား၊ ညဥ့် အပိုင်းအခြား ဟူ၍ ဝေလဗလ အား နှစ်ပါးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဂြိုဟ်မြင်အား လေးပါး

တစ်ပါဒ်မြင်အား၊ နှစ်ပါဒ်မြင်အား၊ သုံးပါဒ်မြင်အား၊ လေးပါဒ်မြင်အား။

တနင်္ဂနွေဂြိုဟ် ပုပုအိုင့်အိုင့် ရှိမည်။ စကားပြော တိုမည်။ စိတ်ကောက်မည်။ ဆံကောက်မည်။ အသားနီမည်။

တနင်္လာဂြိုဟ် ကိုယ်ဟန်ပါးပါးသွယ်သွယ်ရှိမည်။ စကားပြော ယဉ်ကျေးမည်၊ မျက်စိလှမည်။ ကိုယ်လုံးကိုယ်နေ ကြည့်ကောင်းမည်။

အင်္ဂါဂြိုဟ် အရပ်မြင့်မည်။ ခြေထံ လက်ထံတိုမည်။ အသားနီစပ်စပ်ရှိမည်။ နဖူးမောက်မည်။ စကားပြော တိုတောင်းမည်။

ဗုဒ္ဓဟူးဂြိုဟ် အရပ်အမောင်း အသင့်အတင့်ရှိမည်။ စကားပြောကောင်းမည်။ စိတ်နေသဘောထား ဖြူစင်မည်။ ပျော်ပျော်နေတတ်မည်။ စာပေ အတီး အမှုတ် ဝါသနာပါမည်။ ဆံပင်နူးညံ့မည်။

ကြာသပတေးဂြိုဟ် မျက်စိ မျက်နှာ အနေအထားကောင်းမည်။ ဆံပင်ကောက်မည်။ အသားဝါ သို့မဟုတ် အသားဖြူမည်။ အေးအေးဆေးဆေး နေတတ်သည်။

သောကြာဂြိုဟ် အရပ်မြင့်မည်။ ကိုယ်နေကိုယ်ဟန် ခံ့ညားမည်။ ဆံပင်ပျော့ပျောင်းမည်။ စကားမည်ိ လိမ္မာပြောတတ်မည်။ အသားဖြူမည်။

စနေဂြိုဟ် အရပ်ပုမည် သို့မဟုတ် ရှည်မည်။ စကားအပြောအဆို တိုတိုပြောတတ်မည်။ ရုပ်အဆင်းမလှ။

ရာဟုဂြိုဟ် နဖူးမောက်မည်။ အသားမည်းမည်။ အရပ်အမောင်းကုန်းကွမည်။ စကားလျှို့ဝှက်တတ်သည်။ ယိမ်လည်းကောက်ကျစ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဂြိုဟ်ခေါ်ပုံ

တစ်ကား တနင်္ဂနွေ မှန်လှပေ ခေါ်တွေ့ သူရဇ္ဇ
တနင်္လာနှစ် ဇာန်ဖြစ် ခေါ်လှစ်စန္ဒရာ
အင်္ဂါမှာသုံး ရှေးရိုးထုံး ခေါ်သုံးဂြိုဟ်သောမ
လေးကို ဗုဒ္ဓဟူး ဗုဒ္ဓပြ
ငါးကို ကြာသပတေး ဂုရုပြ
ခြောက်ကား သောကြာ မှတ်ပါ သောကြာ
ခုနစ်မှာ မှတ်ပုံ သောရိပ
တစ်နည်းတထွေ နေ့စနေ ရှေးလေ့စသုည
ရှစ်ကိုရာဟု ရှေးနည်းပြု ကိုးခုကိတ်ဂြိုဟ်ရ
ဆယ်မှာမိတ္တူ ရှေးထုံးပြု ဆယ်ခုဂြိုဟ်အရ
ရှစ်လုံး ကိုးလုံး ဂြိုဟ်ဆယ်လုံး ရှေးထုံး ဤရွေ့မျှ။

## သောမဂြိုဟ်

ကြောင်။ ပန်း။ ဝက်။ သား။ ဂြိုဟ်လေးပါး ကောင်းစားစေတတ် သောမမှတ်။

## ပါပဂြိုဟ်

အုန်း၊ နှဲ၊ ဇ၊ ရှိ၊ လေးလုံးဂြိုဟ် ရန်ကိုပြုတတ် ပါပမှတ်။ ဗုဒ္ဓဟူးနေ့ မွန်းလွဲအခါ ရာဟုဟူ၍မှတ်။

တနင်္လာနေ့ကို မွန်းလွဲဆို ကိတ်ဂြိုဟ် ဟူ၍မှတ်။

## ခေါင်းမရိုက်ရ

မွေးနေ့ သောကြာ တနင်္လာ ကေသာခေါ်ဖြတ် မပြုအပ်။

www.burmeseclassic.com

www.burmeseclassic.com



### ရေမချိုးရ ချိုးရ

ဂေါ့သားရွှေတောင်ရေကိုရှောင်။ မောင်စံအိုးရေချိုးတော့။

### ဝယ်အပ် မဝယ်အပ်

လွှမ်းဘုံသာ ဝယ်ပါလေ။ အောင်ကျော်စံနှောင်း မဝယ်ကောင်း။

### ငွေ ချေးရ မချေးရ

ဂေါ့သားတွေး ကြွေးမချေးနှင့်။ ကြွင်းသောနေ့မှာ ချေးလေပါ။

### နေ့အလိုက် ပေးသင့် မပေးသင့်

တနင်္ဂနွေနေ့မှာ သူတကာ ပဝါအဝတ်မပေးနှင့်။
တနင်္လာတထွေနေ့ကြိုလေအခြေလေးချောင်းမပေးနှင့်။
အင်္ဂါနေ့ကား သူတစ်ပါး သစ်ဝါးမပေးနှင့်။
ဗုဒ္ဓဟူးနေ့ကား သူတစ်ပါး ချေးငှာမပြုနှင့်။
နေ့ကြာသပတေး ရွှေငွေပေး ချေးငှားမပြုနှင့်။
နေ့ကားသောကြာ ကြုံကြိုက်လာမည်သည့်ခါမှ မချေးနှင့်။
နေ့ကားစနေ ရွှေနှင့်ငွေ ယူလေကောင်းခံလင့်။

### စကား အမှားအမှန်

ကျွန်။ မ။ သား။ စကား မမှန်ရာ။ ကြွင်းသောနေ့ကား မှန်စကား ကြားမည် ထင်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ခေါင်းဆေးရ မဆေးရ

ကာ၊ ရင်၊ သားမွေး၊ ခေါင်းမဆေးနှင့်။
စံ၊ ထွန်း၊ ဓာ၊ ခေါင်းဆေးတော့။

## နားဖောက်ရ မဖောက်ရ

အာ၊ ခူ၊ ဆူး၊ ထောက်၊ နားမဖောက်နှင့်။
ကြွင်းသောနေ့မှာ ဖောက်ပါလေ။

## ရက်ရာဇာ

တန်ခူး သာ ကျော်၊ ထွန်း ပေါ် ကဆုန်၊ နယုန် ညွန့်စ၊ အောင်လှ ဝါဆို၊ သာလို ဝါခေါင်၊ မြတောင် တော်သလင်း၊ သီတင်းကျွတ် ဆီ၊ သောရီ တန်ဆောင် မုန်း၊ ချမ်းတုန်း နတ်တော်၊ မီနော် ပြာသို၊ မိညို တပို့တွဲ၊ သာမြဲ တပေါင်း၊ ဆောင် တိုင်းကောင်းသည်၊ ရက်ကောင်း ရာဇာ ရာဇာတည်း။

## ပြဿဒါးရက်

တ၊ မာ၊ သက်၊ ရင်း၊ အင်၊ ကြင်း၊ ဆူး၊ ရစ်၊ လေးလလှစ်၊ စင်စစ်မှတ်သား ပြဿဒါး။

## နဂါးလှည့်

တ၊ တာ၊ က၊ နောက်။ န၊ ဝါ၊ ဝါ၊ မြောက်။ သီတင်းကျွတ်၊ မုန်း၊ ရှေ့။ နတ်၊ ပြာ၊ တွဲ၊ တောင်။ တုန်းခေါင် ဘုန်းဖျား နတ်နဂါး ခေါင်းဖျားလှည့်ရပ် မသွားအပ်။

www.burmeseclassic.com

www.burmeseclassic.com



## ကြိုဟ်ဝင်အကာ

တနင်္ဂနွေကြိုဟ် ဝင်သော် ဗဟ္တာမြားဝတ်
တနင်္လာကြိုဟ် ဝင်သော် ပုလဲဝတ်
အင်္ဂါကြိုဟ် ဝင်သော် သန္တာဝတ်
ဗုဒ္ဓဟူးကြိုဟ် ဝင်သော် မြဝတ်
ကြာသပတေးကြိုဟ် ဝင်သော် ကြောင်ဝတ်
သောကြာကြိုဟ် ဝင်သော စိန်ဝတ်
စနေကြိုဟ် ဝင်သော် နီလာဝတ်
ဥပဟုကြိုဟ် ဝင်သော် ဂေါမုတ်ဝတ်
ရှန်မျိုးကြိုဟ်ပြေ အကာဝတ်ကြလေ။

## နေ့အလိုက် စပါးသွင်း

တနင်္ဂနွေနေ့ စပါးသွင်းမူ အကျိုးတစ်ထောင်ရ၏။
တနင်္လာနေ့ စပါးသွင်းမူ သမုဒ္ဒရာ ရေသော်လည်းခန်းအံ့ မကောင်း။
အင်္ဂါနေ့ စပါးသွင်းမူ ကောင်း၏။
ဗုဒ္ဓဟူးနေ့ စပါးသွင်းမူ ကြွယ်ဝချမ်းသာအံ့။
ကြာသပတေးနေ့ စပါးသွင်းမူ မကောင်း။
သောကြာနေ့ စပါးသွင်းမူ မြတ်သော ဥစ္စာရအံ့။
စနေနေ့ စပါးသွင်းမူ အကျိုးတစ်ထောင်ရအံ့။

## ကျက်သရေ

တနင်္ဂနွေနေ့ ကျက်သရေ ထိပ်၌နေ၏။
တနင်္လာနေ့ ကျက်သရေ နဖူး၌နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါနေ့ ကျက်သရေ ခေါင်း၌နေ၏။
ဗုဒ္ဓဟူးနေ့ ကျက်သရေ ခံတွင်း၌နေ၏။
ကြာသပတေးနေ့ ကျက်သရေ လက်ရုံး၌နေ၏။
သောကြာနေ့ ကျက်သရေ ဝမ်း၌နေ၏။
စနေနေ့ ကျက်သရေ မျက်စိနှစ်ဖက် နားနှစ်ဖက်၌နေ၏။
ကျက်သရေတည်ရာဌာနကို အထူးသန့်ရှင်းစေရာ၏။

## အသက်နေ

တနင်္ဂနွေနေ့ အသက် ဦးခေါင်း၌နေ၏။
တနင်္လာနေ့ အသက် မေးဖျား၌နေ၏။
အင်္ဂါနေ့ အသက် ကိုယ်လုံး၌နေ၏။
ဗုဒ္ဓဟူးနေ့ အသက် ကျောကုန်း၌နေ၏။
ကြာသပတေးနေ့ အသက် လျှာ၌နေ၏။
သောကြာနေ့ အသက် ဣန္ဒြေ၌နေ၏။
စနေနေ့ အသက် ဖမိုး၌နေ၏။
ထိုအသက်တည်ရာ ဌာနကို သတိကြီးစွာထားရမည်။

## ပညာမသင်ရ

ဆန်းဆုတ်ဆယ့်လေး ပညာရေး သင်ပေးတပည့်မှာ
ဆန်းဆုတ် ရှစ်ရက် ပညာဖက် အထက်ဆရာမှာ
လကွယ်နေ့တွင် သင်ပြန်လျှင် ရန့်ပင်နှစ်ပါးမှာ
လပြည့်နေ့ကား သင်လေငြား နှစ်ပါးမိဘာ။

www.burmeseclassic.com

www.burmeseclassic.com



## ပညာသင်

ရဝိဒိဝါ နေ့သောကြာ ပညာသင်လေကြ
သူ့နက္ခတ်လဲ ကြံကြိုက်တွဲ ထူးကဲတက်မည်ပ
အောင်ငြိမ်းမိုးသံ နေ့လေးတန် ကြံပြန်နက္ခတ္တ
လက်နက်ကြီယာ သင်ကြားပါ ကောင်းစွာတတ်မည်။

## နံ့ဖီ–လာရွေး

အင်း၊ ဝ၊ ရှင်၊ ကြီး၊ သန်း၊ သီး၊ စုတ်၊ ဖတ်၊ နောက်မြောက်ရပ်က ပါတ်လေလက်ယာ နံ့ဖီလာ။

## မူလအရပ်

ဥ၊ လာ၊ ရန်၊ က၊ ထန်း၊ သူ၊ ဇာ၊ ပန်း၊ အနောက်မြောက်က လက်ယာ ပါတ်ချ။

## ငြိုဟ်နှင့်ပန်း

| | |
|---|---|
| တနင်္ဂနွေ | ခေါင်ရမ်းပန်း |
| တနင်္လာ | စွယ်တော်ပန်း |
| အင်္ဂါ | မဲဇာလီပန်း |
| ဗုဒ္ဓဟူး | ခတ်သွားပန်း |
| ကြာသပတေး | ရွှေပန်း |
| သောကြာ | ဇလပ်ပန်း |
| စနေ | ကြာညိုပန်း |
| ရာဟု | ပုံးညက်ပန်း |
| ကိတ် | ခေတ္တာပန်း |

www.burmeseclassic.com

www.burmeseclassic.com



## ကေရန်းဂြိုဟ်

တနင်္ဂနွေ

တနင်္လာ

အင်္ဂါ

ဗုဒ္ဓဟူး

ကြာသပတေး

သောကြာ

စနေ

အထက်ဂြိုဟ်တို့သည် မူလဂြိုဟ် အလယ်အချာဂြိုဟ်ကေရန်းဂြိုဟ်။

## ဒွိရန်းဂြိုဟ်

တနင်္ဂနွေဂြိုဟ်၏ ဒွိရန်း တနင်္လာ

တနင်္လာဂြိုဟ်၏ ဒွိရန်း အင်္ဂါ

အင်္ဂါဂြိုဟ်၏ ဒွိရန်း ဗုဒ္ဓဟူး

ဗုဒ္ဓဟူးဂြိုဟ်၏ ဒွိရန်း ကြာသပတေး

ကြာသပတေးဂြိုဟ်၏ ဒွိရန်း သောကြာ

သောကြာဂြိုဟ်၏ ဒွိရန်း စနေ

စနေဂြိုဟ်၏ ဒွိရန်း တနင်္ဂနွေ

ထိုဂြိုဟ်တို့သည် ဒွိရန်း အညွန့်ဂြိုဟ်ဖြစ်သည်

## တြိရန်းဂြိုဟ်

တနင်္ဂနွေ၏ တြိရန်း အင်္ဂါ

တနင်္လာ၏ တြိရန်း ဗုဒ္ဓဟူး

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါ၏ ဘေဒိုးရန် ကြာသပတေး
ဗုဒ္ဓဟူး၏ ဘေဒိုးရန် သောကြာ
ကြာသပတေး၏ ဘေဒိုးရန် စနေ
သောကြာ၏ ဘေဒိုးရန် တနင်္ဂနွေ
စနေ၏ ဘေဒိုးရန် တနင်္လာ

ထိုဂြိုဟ်တို့သည် ဘေဒိုးရန် အပေါင်ဂြိုဟ်တို့ ဖြစ်သည်။

## စတုရန်းဂြိုဟ်

တနင်္ဂနွေ၏ စတုရန်း ဗုဒ္ဓဟူး
တနင်္လာ၏ စတုရန်း ကြာသပတေး
အင်္ဂါ၏ စတုရန်း သောကြာ
ဗုဒ္ဓဟူး၏ စတုရန်း စနေ
ကြာသပတေး၏ စတုရန်း တနင်္ဂနွေ
သောကြာ၏ စတုရန်း တနင်္လာ
စနေ၏ စတုရန်း အင်္ဂါ

အထက်ဂြိုဟ်တို့ကို စတုရန်းဂြိုဟ် ဘင်္ဂါဂြိုဟ်။

## ပဥ္စပွတ်ဂြိုဟ်

တနင်္ဂနွေ၏ ပဥ္စပွတ် ကြာသပတေး
တနင်္လာ၏ ပဥ္စပွတ် သောကြာ
အင်္ဂါ၏ ပဥ္စပွတ် စနေ
ဗုဒ္ဓဟူး၏ ပဥ္စပွတ် တနင်္ဂနွေ
ကြာသပတေး၏ ပဥ္စပွတ် တနင်္လာ

www.burmeseclassic.com

www.burmeseclassic.com



သောကြာ၏ ပဋ္ဌပွတ် အင်္ဂါ
စနေ၏ ပဋ္ဌပွတ် ဗုဒ္ဓဟူး
အထက်ဂြိုဟ်တို့ကို ပဋ္ဌပွတ် အဓိပတိဂြိုဟ်။

## ဆပွတ်ဂြိုဟ်

တနင်္ဂနွေ၏ ဆပွတ် သောကြာ
တနင်္လာ၏ ဆပွတ် စနေ
အင်္ဂါ၏ ဆပွတ် တနင်္ဂနွေ
ဗုဒ္ဓဟူး၏ ဆပွတ် တနင်္လာ
ကြာသပတေး၏ ဆပွတ် အင်္ဂါ
သောကြာ၏ ဆပွတ် ဗုဒ္ဓဟူး
စနေ၏ ဆပွတ် ကြာသပတေး
အထက်ပါဂြိုဟ်တို့ကို ဆပွတ် အထွန်းဂြိုဟ်။

## သတ္တပွတ်ဂြိုဟ်

တနင်္ဂနွေ၏ သတ္တပွတ် စနေ
တနင်္လာ၏ သတ္တပွတ် တနင်္ဂနွေ
အင်္ဂါ၏ သတ္တပွတ် တနင်္လာ
ဗုဒ္ဓဟူး၏ သတ္တပွတ် အင်္ဂါ
ကြာသပတေး၏ သတ္တပွတ် ဗုဒ္ဓဟူး
သောကြာ၏ သတ္တပွတ် ကြာသပတေး
စနေ၏ သတ္တပွတ် သောကြာ
အထက်ပါဂြိုဟ်တို့ကို သတ္တပွတ် အဖြစ်ဂြိုဟ်။

www.burmeseclassic.com

www.burmeseclassic.com



## ဆယ့်နှစ်ရာသီခေါ်ပုံ

| | |
|---|---|
| (၁) မိဿရာသီ | (၁) တန်ခူးလ |
| (၂) ပြိဿရာသီ | (၂) ကဆုန်လ |
| (၃) မေထုန်ရာသီ | (၃) နယုန်လ |
| (၄) ကရကဋ်ရာသီ | (၄) ဝါဆိုလ |
| (၅) သိဟ်ရာသီ | (၅) ဝါခေါင်လ |
| (၆) ကန်ရာသီ | (၆) တော်သလင်းလ |
| (၇) တူရာသီ | (၇) သီတင်းကျွတ်လ |
| (၈) ဗြိစ္ဆာရာသီ | (၈) တန်ဆောင်မုန်းလ |
| (၉) ဓနုရာသီ | (၉) နတ်တော်လ |
| (၁၀) မကာရရာသီ | (၁၀) ပြာသိုလ |
| (၁၁) ကုံရာသီ | (၁၁) တပို့တွဲလ |
| (၁၂) မိန်ရာသီ | (၁၂) တပေါင်းလ |

## နက္ခတ် ၂၇-လုံး

(၁) အဿဝဏီ
(၂) ဘရဏီ
(၃) ကြတ္တိကာ
(၄) ရောဟဏီ
(၅) မိဂသီ
(၆) အဒြ
(၇) ပုနဗ္ဗုသျှ
(၈) ဖုသျှ

www.burmeseclassic.com

www.burmeseclassic.com




(၉) အသလိဿ
(၁၀) မာဃ
(၁၁) ပြုဗ္ဗဖလဂုဏီ
(၁၂) ဥတ္တရဖလဂုဏီ
(၁၃) ဟဿဘ
(၁၄) စိတြ
(၁၅) သွာတိ
(၁၆) ဝိသာခါ
(၁၇) အနုရာဓ
(၁၈) ဇေဋ္ဌ
(၁၉) မူလ
(၂၀) ပြုဗ္ဗါသန်
(၂၁) ဥတ္တရာသန်
(၂၂) သရဝဏ်
(၂၃) ဓနသိဋ္ဌ
(၂၄) သတ္တဘိသျှ
(၂၅) ပြုဗ္ဗာဘဒြပိုက်
(၂၆) ဥတ္တရာဘဒြပိုက်
(၂၇) ရေဝတိ

www.burmeseclassic.com


www.burmeseclassic.com



## ၁၂ - ရာသီ




## ကသစ်





www.burmeseclassic.com


www.burmeseclassic.com



ဥစ်




ဗိဂုံး





www.burmeseclassic.com


www.burmeseclassic.com



၆




နိစ်




www.burmeseclassic.com

www.burmeseclassic.com



## ခန္ဓီကမြင်းကိန်း

ရောက်သွက်တည်။ ၇–ခုစား၍ အကြွင်းတူရာ ဟောပါလေ။

ဟောကိန်းကား။ ။ ရှစ်သောင်းတဲ့ မြတ်ဆရာ၊ အသသကို ရှေးရှုတွေး၊ ရေးထားခဲ့မှာ၊ ခန္ဓီကအသသတဲ့မြင်းကျော်၊ ထိမိုးကာရံနှင့် သဏ္ဌာန်ပုံကိုယူဆောင်မေး၊ ရှေးပုံရှပ်ပေါ်၊ မျိုးလေးဖော်၊ နာမျော် မလွဲ၊ မေးလာရင် အကြတည်လို့၊ သတ်အညီ မှန်းမယွင်းပ၊ အကြွင်းမှာ စာဆိုရေးရယ်နှင့် တွေးချင့်ဉာဏ်စွဲ။

တစ်ခုကြွင်း – နတ်မြင်းတဲ့အမြီးမှာ၊ ဝတ်စားဆင်ရန်နှင့်၊ တတန်တန်ရွှေငွေ ကြေးကိုလ၊ ပေးလိမ့်တဖန်၊ လာဘ်လာဘ်မျိုး မှန်ရရန်မလွဲ၊ သွားလေတိုင်းရပ်မြေသို့၊ ရွှေငွေလာလိုက်ဆွဲ ပါလိမ့်၊ ဟောကြအမြဲ။

နှစ်ခုကြွင်း – နတ်မြင်းတဲ့ ထိပ်လယ်မှာ၊ ချစ်ကြိုးသွယ် လှကချောနှင့်၊ ဒေဝီယာမေ အထွတ်ကယ်တို့ တမွှတ်တယ်စံ အရေး၊ ပေးလိမ့်သူဇာ၊ သွားလေရာရစမြဲ၊ ကိုယ်တကယ်ကြိုက်ရာ နှင့်၊ ကညာပျိုရွယ်သက်တို့၊ ဟောချက်မလွဲ။

သုံးခုကြွင်း–နတ်မြင်းတဲ့သီသေ၊ ရိပ်ကြီးဆောင်ဗွေတုငယ်နဲ့ ရွှေငွေမှာ အကုန် ပေါ်ပါလိမ့်။ ဝပြောသာယာလှတယ် ချမ်းမြရိပ်ငြိမ်။ နတ်စည်းစိမ်၊ ဝတိန်နှင့်ပုံမနိုင်း၊ ဟောချက်ကယ်ကျမ်းလာနှင့်၊ မြတ်ဆရာ ရှေ့အတွက်ကယ်တို့၊ ဟောချက်ကသိုဏ်း။

လေးခုကြွင်း– နတ်မြင်းတဲ့ခါးထက်မှာ၊ မိုးမြေပဒေခင်းနှင့် မိဘမွေလယ်ယာများ၊ ခြားလို့ရရာ၊ ဝပြောသာယာတဲ့ ကျမ်းမြတ်

www.burmeseclassic.com

www.burmeseclassic.com



အဟော။ တရားတစပေါင်နဲ့၊ ကြံလုပ်ဆောင် အောင်ပေတတ်ချေငဲ့၊ ဟောမှတ်သဘော။

ငါးခုကြွင်း – နတ်မြင်းတဲ့ ရှေ့လက်မှာ၊ စိတ်လက်ကယ် မတည်ကြည့်လို့၊ ယာယီပင်ကိုယ်မှာရှိတယ်လို့၊ ဟောကြည့်ဆရာ။ မှတ်နားနာ၊ ကျမ်းလာပကတိ၊ ဟောချက်ကယ် သေချာနှင့် မြွတ်ဆရာဆိုစကားလိုလ၊ စွဲမှတ်လို့သို။

ခြောက်ခုကြွင်း – နတ်မြင်းလဲဝမ်းလယ်မှာ၊ လာဘ်မျိုးရွှင်ရွှင် နှင့် နေ့တိုင်းပင်ဝင် မစဲအောင်၊ မြဲမှတ်သင့်ပါ၊ ကောင်းမွန်စွာ ရသာသူပေါ်၊ ငါးပါးဘော့ဇဉ်တို့၊ မငြိုငြင်လွယ်လွယ်သုံးရလိမ့်၊ ဟောပမနော။

သုညဟော – မြင်းချောတဲ့နောက်ချေမှာ နီးဝေးရပ်ဝေးရွာသို့ သွားသူမှာမပြန် တတ်ပြီဟု၊ ဟောမှတ်ကျမ်းလာ၊ သိန္ဓဝမြင်းလှတဲ့ ခန္ဓိကာ၊ ဟောပါကြံမလွဲ၊ အများလူဗိုလ်တို့ တက္ကသိုလ်ပညာ အစုကို အသုံးပြုအမြဲ။

## သိန္ဓောမြင်းကိန်း

သက်ရောက်တင်၊ ၇–ခုစဉ်း အကြွင်းတူရာဟောလေ။

အဟောကိန်းကား။ ဇာနာသိန္ဓဝ၊ မြင်းလှရုပ်သွင်၊ ပုံပြင် မတ်ချွတ်၊ ရေးပြီးလတ်သော်၊ ဂြိုဟ်မြတ်သူရန္ဓ၊ နူတ်သီးကတည့်၊ လက်မှစန္ဒ၊ ဘောမလိင်တွင်၊ ခြေတွင်ဗုဒ္ဓါ၊ ဇီဝါဂြိုဟ်လှ၊ အမြီး ကျလျက်၊ ကျောက်ကုန်းထက်ရှာ သောကြာစနေ၊ ချအုံ့ပေမှ သက်ဇီဝကို၊ တည်ထမှန်ငြား၊ သက်နှင့်စား ကြွင်းဌာနက၊ နူတ်သီးကျမ ၊ ကျေးသော်လည်းလျော်၊ မတော်စကား တရား ထွေလစ်၊ ခိုက်ရန်ဖြစ်အံ၊ စင်စစ်စန္ဒရာ၊ လက်မှာကျသော် ယာယီရှိ၏။


www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလေဝေးဟာ၊ သွားလေရှာသော၊ တတွေ့မှန်စွာ၊ အင်္ဂါသောမ လိုင်တွင်ကျမှု။ မိန်းမကားလင်၊ ယောကျ်ားလျှင်မူ၊ ချစ်ခင်စွာလှ မယားရှိအံ့၊ မှန်လှထူးဆန်း၊ ရဟန်းသာမဏေ၊ လူထွက်လေလိမ့်၊ ခြေကဗုဒ္ဓါ၊ ကျသောခါမူ၊ မယားဟူ၏၊ ယူလော်ခရီး ဝေးနီးမချွတ် သွားရတတ်၏။ အမှတ်သညာ၊ စိဝါကြွက်လှ၊ အမြီးကျမူ၊ စည်းစိမ်ဥစ္စာ မတည်ပါလတ်၊ ယောက်ကွယ်တတ်၏၊ ဂြိုဟ်မြတ် သောကြာ၊ သောရာဂြိုဟ်ကျော်၊ ကျောက်ကုန်းပေါ်၌ ကျသော် ဖြားကာ၊ ကောင်းစွာလှရှင့် ကိစ္စမှုဆောင်၊ ကြံတိုင်းအောင်လိမ့်၊ လူ့ဘောင်ကျော်ဘိ၊ ကောင်းခေါင်ထိသည်၊ သိဇ္ဇာမြင်းလှ ဟောရိုးတည်။

## သင်္ဘောဟောကိန်း




မူလသင်္ကရာဇ်ကိုတည် ၇-ခုစား၊ အကြွင်းတိုင်း အထက် ကိန်းတွင် မိမိမွေးနံ့စ၍ လက်ယာရစ်ရေ။ ကျရာ ကြက်ခြေပြ၊

www.burmeseclassic.com

www.burmeseclassic.com



ငှင်းနောက် မီမီအသက်ကိုတည် ၇-ခုစား၊ အကြွင်းအတိုင်း ကြက်ခြေကစ၍ လက်ယာရစ်ရေ၊ ကျရာအတိုင်းဟော့ပါ။

တနင်္ဂနွေတွေ့တော့ ဥစ္စာကုန် လူပန်းဖြစ်မယ် ဆိုပါတယ်။

တနင်္လာတွေ့တော့ နာဖျား သေပျောက်မယ် ဆိုပါတယ် ခင်ဗျာ၊ ဘုရားမှာရှေ့ချပါ။

အင်္ဂါတွေ့တော့ ပွေး-ဝဲ ယားနာ ပေါက်လိမ့်မယ်၊ ဥစ္စာ ပစ္စည်းပျောက်လိမ့်မယ် ဆိုပါတယ်ခင်ဗျာ။

သောကြာနှင့်ဗုဒ္ဓဟူးတွေ့တော့ စုတ်ကောင်းလာဘ် ကောင်း ဝင်မယ် ဆိုပါတယ် ခင်ဗျာ။

ကြာသပတေးတွေ့တော့ အချောင်းအဝယ် အလုပ်အကိုင် ကောင်းမယ်၊ အိုးအိမ် လယ်ယာ-ဥယျာဉ်ဝင်မယ် ဆိုပါတယ်။

စနေတွေ့တော့ မကောင်းဘူး၊ မသူတော်နှင့်တွေ့လိမ့်မယ် ဆိုပါတယ်ခင်ဗျာ၊ သတိထားပါ။

## ဆဒ္ဒန်ဆင်မင်း

ရောက်သက်ကိုတည်၊ ရှစ်ခုစား၍၊ အကြွင်းတူရာ ရှု၍ဟော ရာ၏။

အဟောလက်ာ။ ။တစ်ခုနှာမောင်း၊ စွယ်နှစ်ချောင်းနှင့်၊ နှစ်ချောင်းခြေသုံး၊ လက်လေးလုံးတည့်၊ ထိပ်ဆုံးငါ;သာ၊ ဝမ်း သောကြာရှင်၊ လိင်မှာသုည၊ ခံတွင်းဝရှစ်၊ အဟောစစ်သော်၊ တစ်ကားလုံ့လ၊ နှစ်ခုစိတ်လက်၊ မျက်ထွက်မြေလွယ် စင်ကြယ် သည်သာ၊ စန္ဒရာကား၊ ဥစ္စာရလွယ်၊ ကုန်သွယ်ကောင်းလှ၊ ခြေသောမမှာ၊ ကြွယ်ဝ ချမ်းသာ၊ မြို့တစ်ရွာ၌ ကညာ ထက်ထား၊ ဗုဒ္ဓကားမူ၊ များကြည်ဖြူအံ့၊ ငါးမူဆရာ ခြောက်မှာမလွဲ၊

www.burmeseclassic.com

www.burmeseclassic.com



ရှိတိုင်းမြဲလိမ့်၊ ဝေခွဲညွှန်ပြ၊ ရှစ်–သုညမူ၊ ဒုက္ခဘေးဒဏ်၊ ဥပဒ်ရန်နှင့်၊ ဖြစ်ပြန်မကင်း၊ မပွင့်လင်းသည်၊ ဆင့်မင်းဆဒ္ဒန် အဟောတည်း။

## အရွယ်သုံးပါးတွင် အကျိုးပေးတွက်နည်း

မူလသက္ကရာဇ်တည်–၃ ဖော်ထား၊ ၇–၈–၉ အစဉ်အတိုင်းစား၊ ပထမ–ဒုတိယ –တတိယကိန်း အကြွင်းတို့တွင် တစ်ခုခုသောကိန်း၊ ပါပကြွင်းရာ အရွယ်၌ ကောင်း စားကြွယ်ဝအံ့။

## ထိမ်းမြားမင်္ဂလာ သုခ ဒုက္ခတွက်နည်း

ထိမ်းမြားအံ့သော ယောကျ်ား မိန်းမတို့၏ နံနေ့နှစ်ရပ်ကို ပေါင်း၍တည်၊ ၅–ခုမြှောက်၊ ၇–ခုစား၊ အကြွင်းရှု၍ဟောရ၏။

အဟောကိန်းကား–ကေကား ဥစ္စာနည်းတတ်စွာရှင့်၊ နှစ်မှာသင့်မူ၊ သုံးခုဆင်းရဲ၊ လေးလဲပူပန်၊ ငါးကြွင်းကျန်က၊ သုခံရိတ်ငြိမ်၊ မြတ်စည်းစိမ်နှင့်၊ ဘုံအိမ်ရွှေနန်း၊ ပျော်စံမြန်းရှင့်၊ တစ်ခန်းခြောက်ဖြာ၊ ကြွင်းသည်မှာကား၊ ကြေညာကျော်စေ သုညဟောမူ၊ ထိုထိုသူတို့၊ ပြည်မူလုည့်သွား၊ တောင်း၍စားမည်၊ ဟောကြားဗေဒင် အတွက်တည်း။

## မိမိကိုယ် ချမ်းသာဆင်းရဲ တွက်နည်း

မိဿရာသီမှစ၍ တစ်ကွက် နှစ်ကွက် စသည်ဖြင့် လသို့ကျ အောင် ရေတွက်၍ တည်၊ ထိုလဂ်၏ သခင်ဖြစ်သော ဂြိုဟ်သစ်နံဂြိုဟ်

www.burmeseclassic.com

www.burmeseclassic.com



အရှဖြင့် မြှောက်ပြီးလျှင် ၇–ခုစား၊ အကြွင်းဖြင့် ရှု၍ ဟောဆိုရာ၏။

ဟောကိန်းလင်္ကာ–ရာသီမိသ လဂ်သို့ကျအောင် တည်ပါ မမှား၊ ချမ်းအားသခင်၊ နံလျှင်မြှောက်ပွား၊ သတ္တစား၍၊ ကြွင်း ကြားပါပ၊ ခနဥစ္စာ၊ ပြည့်စုံစွာတည်း၊ သောမာကြွင်းပေ၊ မရှိချေသည်၊ မသွေမုချ အဟောတည်း။

## နဂိုရ်ယာယီ တွက်နည်း

ရောက်သက်တည် ၅–ခုမြှောက်၊ ၉–ခုစား၍၊ အကြွင်း ၂–၅–၇–၈ ဖြစ်မူ ယာယီရှိ၏။ ၁–၃–၄–၆ ကြွင်းမူ နဂိုယာယီတည်း။

ဟောကိန်းလင်္ကာ – ရောက်သက်ဗျည်းမြှောက်၊ ကိုးဖြင့် ထောက်၍၊ ရှုထောက်သေသ၊ ဒွေးမှဥနှင့်၊ သတ္တအဋ္ဌ၊ ယာယီ သာတည်း၊ ကြွင်းမှာနဂိုရ်၊ ဉာဏ်ဖြင့်ဆိုသည်၊ မိန့်ဆိုကြဲဆ အဟောတည်း။

## နဂိုရ်ယာယီ တွက်ကိန်း တစ်နည်း

ရောက်သက်တည် ၄–ခုမြှောက်၍၊ ၉–ခုစား၊ အကြွင်း ၂–ခု ၃–၆–၈ ဖြစ်မူ ယာယီရှိ၏။ ၁–၄–၅–၀ ကြွင်းမူ နဂိုရ်သာတည်း။ ယာယီ မည်သည့်အရပ်ရှိကြောင်း ကို သိလိုသော် ရောက်သက်ကို တည်၊ ၄–ခုစား၊ ၁–ခုကြွင်းမူ အင်္ဂါ ရာဟုအရပ်ကိုပါ သိစေရာ၏။ ၂–ခုကြွင်းမူ တောင်မြောက်ကို သိစေရာ၏။ ၃–ခု ကြွင်းမူ တနင်္ဂနွေ၊ စနေအရပ်ကို သိစေရာ၏။ သုညကြွင်းမူ အရှေ့၊ အနောက်၊ အနောက် အရပ်ကို သိစေရာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟောကိန်းဝေးထပ်–ရောက်သက်တည်မြောက်ဝဋ္ဋ၊ ကိုးနဝ ဘုဋ္ဌာ၊ ခွေးယာမဆဋ္ဌာ ယနယီသာမုချ၊ ၄င်းကကြွင်းသည်ကို နဂိုရ်သာဟောတော့ဆဲရှာ့၊ ဘယ်ရုပ်ဖြန့်စကြာ သီသာအောင်ခေဏ၊ ဓိဝိန်ကိုဘာဂ ဇယဖြင့်ဖြတ်လေ ဒေါင်းစကြာဖက်ရဝိ၊ အင်္ဂါနှင့် ထောင့်ဖာရပွေ့၊ ဒက္ခိနှင့်ဥတ္တရွေ့ ဟုတ်မသွေဓမ္မ၊ တိဆေသံသောရတဲ့ သုညထိန်ကုက္ကို မြန်းမဲ ရွှေကို၊ ဒေဂ်ပမြေလင်ဆို၊ ရွှေတက္ကသိုလ် ဥဒ္ဒဏ်ကြီးကွယ့်လေး။

## နဂိုရ်ယာယီ စုတ်တွက်နည်း

ရောက်သက်တည် ၃–ခုနှော၊ ၇–ခုမြှောက်၊ ၉–ခု တစ်ဖန်ထပ်၍မြှောက်၊ ၇–ခုစား၊ အကြွင်း ၁–၅–၆ ကြွင်းမူ၊ နဂိုစုတ်။ ၂–၃–၄–၀ ကြွင်းမူ ယာယီစုတ်ရှိ၏ဟု ဟောဆိုရ၏။

## စုတ်လာဘ်ရမည့်နေ့ရက်

ရောက်သက်တည် ၃–ခုနှော၊ ၇–ခုစား၊ ကြွင်းသောနေ့ရက်၌ စုတ်လာဘ်ရအံ့ မုလွဲမုချ ဟောဆိုရာ၏။

## စုတ်လာဘ်ရကိန်းတွက်နည်း

မူလကောဇာ နှစ်ဖြာသက္ကရာဇ်ကို ပေါင်း၍တည်၊ ရောက် သက်ဖြင့်စား၊ အကြွင်း ၌ ၄–ခုနှော၊ ၈–ခုစား၊ အကြွင်း ၅– ၀ မြင်မူ စုတ်လာဘ်ရအံ့။

## စုတ်လာဘ်ရမည့်ကိန်းတွက်နည်း

ရောက်သက်ကိုတည်၊ ၁၂–ခုစား၊ အကြွင်း ပြီသဟစ၍ရေး သို့မဟုတ် ကဆုန်လကစ၍ ရေလေ၊ ကျရောက်ရာ ရာသီ၌ စုတ်လာဘ်ရအံ့။

www.burmeseclassic.com

www.burmeseclassic.com



## စုတ်လာဘ်ထွက်ကိန်း တွက်နည်း

ရောက်သက်တည်၊ ၉-ခုစား၊ တစ်ခုကြွင်းမူ၊ ရာဇာစုတ်မင်း မှုတော်ခံရအံ့။ ကြီးသောသူတို့၏ ချီးမြှင့်သည်ကို ခံစားရအံ့။ နှစ်ခုကြွင်းမူ၊ မနစုတ်စည်းစိမ် ဥစ္စာရအံ့။ ၃-ခုကြွင်းမူ သီလစုတ် ထိုနှစ်ကျော်စောအံ့။ ၄-ခုကြွင်းမူ၊ ကမ္မစုတ် အမှု ကိစ္စများအံ့။ ၅-ခုကြွင်းမူ၊ ဆတ္တစုတ် ထီးဆောင်းရအံ့၊ အိုးအိမ်နေရာဌာနရအံ့။ ၆-ကြွင်းမူ ဝရစုတ် ခရီးသွားရအံ့၊ ဖျားနာမှုကြီးကျယ်စွာ ဖြစ်တတ်၏။ ၇-ခုကြွင်းမူ မရဏစုတ် သူတစ်ပါးတို့သည် သေကြောင်း ကြံစည်တတ်၏။ ၈-ခုကြွင်းမူ၊ ဓေယျစုတ် အမှုခပ် သိမ်းဆောင် အောင်အံ့။ သုညကြွင်းမူ၊ ဒုက္ခစုတ် အန္တရာယ် ဘေးသင့်တတ်၏။

## ရွှေလော့တစ်သိန်းတန်သည့်ကိန်း

မှတ်စေချင်၍၊ နားဝင်ချင်တွက်။ အသက်တည်ထ၊ နေ့နဝ (၉)ထည့်၊ ယာမ(၄)နှင့်မြှောက် စားထောက်သေတ္တာ (၇)။

၁။ ဧကကြွင်းမူ၊ ငြင်းသူရန်စစ် ဘေးရန်ဖြစ်အံ့။

၂။ နှစ်ခုသေသ ကြွင်းလေက ရဇတ ရွှေငွေရလျှင်ပေးအံ့။

၃။ ဘောမအင်္ဂါ မြင်ပေရကား၊ အိမ်ရာပြောင်းပြန် ကျေးကျွန်ပြေးအံ့။

၄။ စတုမြင်ထွေ၊ အခြေ ၄-ခု၊ မြတ်မှုဥစ္စာ ရဖို့[illegible]၏။

၅။ ဇီဝါ မြင်ထ၊ မိုးမြေရအံ့။

၆။ ထိုမှ သောကြာ မြင်လေရာကား၊ များစွာလာဘ်မျိုး၊

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်ရာအံ့၊ ကြွင်းထသောရာ (၈)မြင်လေရာကား များစွာရန်အေး၊ ကျေးမက်ရအံ့၊ မှန်စွာကိန်း တော် တူမမျှော်သည် ရွှေလှော်တစ်သိန်းတန်သတည်း။

## ခရီးသွား၍ မနေကောင်းသောအရပ်တို့ ဆင်ခြင်ရန် နမန္တကိန်းတွက်နည်း

ရောက်ဆဲ သက္ကရာဇ်တွင် ခန္ဓာငါးပါး အသက် ၃-ခု ပေါင်း၍ ၈ နှင့်စား ကြွင်းသည့်အတိုင်း ဟောလေ။

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ အဆုံး |
| ၈ | ၅ | ၈ အစ |

ဂုဏ်း၏လက်ာအောက်မှာကြည့်လေ

တက္ကသိုလ်ရွှေဉာဏ်မှာ၊ စိန်ဖူးတန်ဉာဏ်မလျှော့နှင့် တည်လှစ် ဘီကောဇာ၊ ငါးခန္ဓာ၁၃နှင့် သက်ဓိဝနှော၁လှိုက်ချင်၊ စားမြော့ ဟိုင်းဆင်၊ ကြွင်းသေသကိန်းအမြင် ရေနတ်ရှင်နေရပ်က ဝေးတာယာ လှည့်ပတ်ခွေ မသွားအပ်များ ဗိုလ်ခြေရှားရှောင်ကြလော့ နမန္တကိန်း အနေကို၊ သုသာန်မြေစွဲမှတ်တော့လေး။

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၆ | ၁၅ | ၈ |
| ၂၁ | | ၁၇ |
| ၂၁ | ၁၉ | ၈ |

## ဂြိုဟ်နေလက်ာ

၁။ တနင်္ဂနွေဂဠုန်၊ ရှေ့မြောက်ကြုံ၊ နေတုံခြောက်နှစ်မျှ။

၂။ တနင်္လာကျား တစ်ဆယ့်ငါး၊ နေကြားရှေ့ရပ်က။

၃။ အင်္ဂါခြင်္သေ့၊ ရှေ့တောင်ကွေ့၊ မရွေ့ရှစ်နှစ်မျှ။

၄။ ဗုဒ္ဓဟူးဆင်၊ တောင်ရပ်ခွင်၊ နေချင်တစ်ဆယ့်ခုနစ်။

၅။ ကြာသပတေးကြွက်၊ ဆယ့်ကိုးတက်၊ နေလျက်ပစ္ဆိမ (အနောက်)။

၆။ သောကြာမှာပူး၊ မြောက်စူးစူး၊ အထူးနှစ်ဆယ်၊ စွန်းဝယ် တစ်နှစ်ရ (၂၁)။

၇။ စနေမှာနဂါး၊

၈။ ရာဟုပိုင်းဆို၊ နောက်မြောက်ကို၊ ရေလိုဋ္ဌါဒသ (၁၂)။

## ခရီးသွားတွက်ရန်

ခရီးသွားလို၊ ထိုရပ်ဂြိုဟ်နှင့် သက်ကိုနှောထား၊ ရစ်ခွေအားလော့။

၁။ (ဧက) ကြွင်းသော် မင်းပူဇော်၏။ ၂။ ဖော်ဆွေင်းရဲ။ ၃။ အောင်ပွဲတိုက်း။ ငြိမ်းကိန်း (စတု-၄)။ ၅။ ငါးခုလာဘ်ရ။ ၆။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ခုဖျားနာတတ်။ ၇။ မှာခိုးသူ (သုံး-၀) မှ တစ်ဖန် အိမ်မပြန် မှတ်မှန် ဟောကိန်းတည်း။

## အခါဖဝါးဟော

အောက်တွင် ပြထားသည့်ပုံမှာ အထက်တန်းက နေ့နံ၊ အောက်တန်းက ဖဝါးကို ပြခြင်းဖြစ်သည်။

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
| ၁ | ၅ | ၈ | ၄ | ၃ | ၁၂ | ၉ |

ဖန်ရဝိန် ဆယ်ချက်တွင်၊ ရွှေငှက်ကယ်ဂဠုန်၊ ပြည်ဘောဂမာန်ဟုန်၊ မလုံလို့ ပုံးလျှိုး ငွေစန္ဒာငါးခိုင်မှာ၊ သမင်နိုင် မြိုင်ကျားကမြီး၊ ဘောမိန္ဒရှစ်ဆိုင်၊ ဂဠုန်မှိုင် ကျားမို့။ ဗုဒ္ဓစစ်ထိုးလို့ ရာဇမျိုး စုဠ္ဍာ၊ မင်းမတော် ရွှေဘုန်းကြောင့်၊ စစ်အားလုံး ရှုံးတဲ့ ပြန်ပြီ၊ ဇီဇဝါမင်းတော်ဇီမှာ ကြွက်သည်လျှင် ကြောင်ပြေးငုံ၊ ဆယ်နှစ်ရေ နေ့သောကြာ၊ ခွေးဆိတ်နိုင်ပါ ကိုးဖဝါးသောရှိမှာ၊ ဖားနိုင်ပြီ မြွေပြေးခဲ့လေး။

## လင်မယား ၂ အဦးအသေတွက်နည်း

မွေးနံနှစ်ပါး ပေါင်း၍တည် ၃-ခုနှင့်မြှောက် ၉-ခုနှင့်စား ၂,၀ ကြွင်းမူ ယောက်ျားအဦးသေအံ့။ ၁,၃,၄,၅,၆ ကြွင်းမူ မိန်းမအဦး သေအံ့။

www.burmeseclassic.com

www.burmeseclassic.com



## တိုင်လေးပါးဟောနည်း

ဖွားမူလ သက္ကရာဇ်ကိုတည် ၄–ခုနှင့်စား၊ ၁–ခုကြွင်းမူ ရွှေတိုင်ရ၏။ ၂–ခု ကြွင်းမူ စပါးတိုင်ရ၏။ ထိုသူကား သားသမီး အခြွေအရံ များအံ့။ ၃–ခုကြွင်းမူ ဖွဲတိုင်ရ၏။ ထိုသူကား အခြေအရံနည်းအံ့။ ဆင်းရဲတတ်သည်။ ၀–ကြွင်းမူ ဆန်တိုင်ရ၏။ ထိုသူသားသမီး အခြွေအရံနှင့်တကွ ပစ္စည်းကဏ္ဍာ ရတနာနှင့် ပြည့်စုံအံ့၊ မဆင်းရဲနိုင်။

## လင်မယား ဥစ္စာ ရှိ, မရှိ အဟောကား

ယောကျ်ား၊ အသက်နှင့် မိန်းမအသက်ကို ပေါင်း၍တည် ၇–ခုနှင့်စား၊ ၁–ခုကြွင်းမူ အလွန်ပင်ပန်းဆင်းရဲတတ်၏။၂–ခု ၃–ခုကြွင်းမူ မဆင်းရဲလွန်း၊ မချမ်းသာလွန်း၊ အလယ်အလတ် စားရရုံမျှသာရှိ၏။ ၄–ခု၊ ၅–ခု၊ ၆–ခု ကြွင်းသော် ချမ်းသာ ကောင်းစားရာ၏။ ၀ (သုည)ကြွင်းမူ လင်မယား မကြာမကြာ ခိုက်ရန်ဖြစ်တတ်၏။ ခုံအောင် မပေါင်းရတတ်။ ဆင်းရဲတုံ၊ ချမ်းသာတုံ ရှိတတ်၏။

## အမျိုးရမည်၊ မုဆိုးမ, တစ်ခုလပ်ရမည် ဟောခြင်းတစ်ရပ်

မွေးဖွားသော မူလ သက္ကရာဇ်ကိုတည်၍ ၆–ခု ပေါင်း ၂–ခုနှင့် မြှောက်ပြီး ၇–ခုနှင့်စား၊ သောမဂြိုဟ်ဟုဆိုအပ်သော ၂,၄,၅,၆ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ။ ၎င်း ဂြိုဟ်လေးလုံးတို့ ကြွင်းခဲ့လျှင် အမျိုးကညာအစစ်ကို ရပါအံ့။

www.burmeseclassic.com

www.burmeseclassic.com



ပါပဂြိုဟ်ဖြစ်သော ၁,၃,၈, တနင်္ဂနွေ, အင်္ဂါ, စနေ ၎င်းဂြိုဟ်သုံးလုံးတို့ ကြွင်းရလျှင် အပျိုမဟုတ်သော တစ်ခုလပ်တို့ကို ရအံ့။

## တစ်နည်း အပျို, တစ်ခုလပ်မိန်းမအိုနှင့် ပေါင်းရသည်ကို မေးဖွားသော သင်္ကြန်ရာစ်အတွက် ဟောခြင်း

မေးဖွားသော မူလသင်္ကြန်ရာစ်ကိုတည်၊ ၄–ခုနှင့်မြှောက်ပြီးလျှင် ၇–ခုနှင့်စား၊ ၁–ခုကြွင်းသော် အပျိုကညာစစ်ကို ရအံ့။ ၂–ခု, ၅–ခု ကြွင်းမူ တစ်လင်ကွာ၊ နှစ်လင်ကွာမုဆိုးမကို ရတတ်၏။ ၃–ခု, ၄–ခု, ကြွင်းမူ အမျိုးမြတ်သော မိန်းမကိုရအံ့။ ၀(သုည)ကြွင်းလျှင်မူ ဆံဖြူကြားသော မိန်းမကြီးကို ရတတ်၏။

## ကလေးပါးတွက်ကိန်း

ရောက်သက်တည်း။ ၆–ခုနှော။ ၂–ခုစား။ အကြွင်းဖြင့် ပြိုသရာသီကစ၍ရေ ကျရာကြက်ခြေခတ်၊ ယင်းမှ ငါးကွက်ဆယ်ကွက်ရေ၍ ကြက်ခြေခတ်။ ၃–တန့်ဖြင့် တစ်တန့်တန့်သော ကြက်ခြေ၌ တနင်္ဂနွေတွေ့မူ ခနကွယ၊ဥစ္စာစည်းစိမ် ကုန်ဆုံးတတ်၏။ အင်္ဂါတွေ့မူ ကမ္မကွယ၊ ကုသိုလ်ကံနည်းပါး၏။ အမှုကိစ္စများ၏။ စနေတွေ့မူ၊ ပုညကွယ၊ ကုသိုလ်ကံကုန်၍ ဘုန်းကျက်သရေ နည်းပါး၏။ ရာဟုတွေ့မူ၊ အာယုကွယ။ အသက်ကုန်ဆုံးတတ်၏။

အဟောကား ။ ။ ရောက်သက်တည်မော၊ ခြောက်နှော၍ စားလောတစ်ဆယ့် နှစ်၊ ကြွင်းလစ်သေသ၊ ပြိုသကာသ ရေပါတစ်ရစ်ပိတွေ့က၊ နေကွယ၊ မှတ်ကြလေပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘောမတွေ့ချက် ကမ္မက္ခယ၊ သောရတ်စ်ဖန်၊ တွေ့တုံပြန်လည်း ဟောရန်တစ်ချက်၊ ပုညက္ခယ၊ မှတ်ကြမယွင်း၊ တွေ့ခြင်းရာဟု သိမှုသရက်၊ အာယုက္ခယ၊ ကျမ်းဝယ်ပြလျက်၊ ဓနဥစ္စာ၊ ပျက်ဆုံးကွာတည့်၊ ဇီဝါဥပဒ်၊ သက်ဆုံးတတ်သည် မှတ်ကြဟောရိုးစဉ်လာတည်း။

## ခန္ဓာပျက်ကိန်းအဟော

ကောဇာသက္ကရာဇ်ကိုတည်၊ ရောက်သက်နှော၊ ၃-ခု မြှောက်၍၊ နံလှောက်တည်ထား သက်ဖြင့်စားသော အကြွင်းကိုရှု၍ ဟောရာ၏။

အဟောကား။ ။ကောဇာသက္က၊ ဇီဝရေလှောက်၊ သုံးခုမြှောက်၍ နံလောက်တည်ထား သက်ဖြင့်စားသော် ကြွင်းငြားဒေသ၊ တြန္တမှာ ဘယကြီးကျယ် ဖြစ်လိမ့်ဖွယ် နှင့်၊ ကေဝယ် ဒုစ၊ ပဥ္စ-ဆ-မှာ မထောင်းတာတည့် သုညခန္ဓ ယွင်းပျက်ကွာသည်၊ မှန်စွာမုချအဟော။

## ခန္ဓာပျက်ကိန်းအဟော

ရောက်သက်တည် နံဂြိုဟ်သက်နှော။ ၃-ခုမြှောက် ၉-ခုစား အကြွင်း ဆသုညမြင်မူ ကြီးစွာသော ဘေးဥပဒ် ဖြစ်ရာ၏။

အဟောကား။ ။အသက်တည်ပြန် မသွေလှန် နံဂြိုဟ်ဇီဝနှော၊ ကြီးသုံးတန် မြှောက်တုံ့ပြန် ကိုးကန်ဘုဥ္စကောဆနှင့် သုညာ ကြွင်းသောအခါ ခန္ဓာပျက်၏ဟော။

www.burmeseclassic.com

www.burmeseclassic.com



## ခန္ဓာပျက်ကိန်းအဟော

ရောက်သက်တည် မိမိနံနေ၁၊ ၉–ခုမြောက်၊ ၈–ခုစား၊ ကြွင်း ၄–၆–၀ မြင်မူ ဆေးဝါးကုသသော်လည်း လွတ်ဖို့မမြင်ဟု ဟောဆိုရာ၏။

အဟောကား။ ။ဇီဝိဋ္ဌိတ်။ မိမိနံနှင့် နေ၁ရန်တည်မှု ၉ခု မြောက်လွှာ ၈–ခုစား ၍ ကြွင်းကြွင်းသော ဇယျဆလျှင် သုည မြင်မူ မရှင်နိုးလေရာ ထိုသူနာသည် ဝေဟာ နတ်ဆေး ကုသပေး၍ လွတ်ရေးမထင် သေဘေးမြင်သည် ထင်ထင်ရှားရှား များတကား မမှားစပ်တော့ကေနိတည်း။

## အယုပြတ်တွက်နည်း

ရောက်သက်တည်ထောက် တိဆမြောက်၍ စားကောက် ကြိန္တ ကြွင်းသုည မှတ်ကြအာယုပြတ်။

## လဂ်ပြတ်တွက်ကိန်း

ရောက်သက်တည်မော ဗျည်းဒွေးနေ၁၍ မြောက်လော ၃–ခု၊ ၈–ခုဥဘုဋ္ဌ ကြွင်းသုည မှတ်ကြလဂ်မင်းပြတ်။

## စန်းပြတ်တွက်ကိန်း

သက်ရောက်တည်မော ၉–ခုနေ၁၍ မြောက်လေ ၃–ခု၊ ၈–ခုဘုဋ္ဌ ကြွင်းသုည မှတ်ကြစန်းမင်းပြတ်။

www.burmeseclassic.com

www.burmeseclassic.com



## တြင်းပြွတ်တွက်ကိန်း

ရောက်သက်တည်ထောက် ၉–ခုမြှောက်၍ စားကောက်တြိနွ ကြွင်းသုည မှတ်ကြတြင်းပြွတ်။

## နဝင်းပြွတ်တွက်ကိန်း

ရောက်သက်တည်ထောက် သုံးခုမြှောက်၍ စားကောက် နဝင်း သုညမှတ်ကြ နဝင်းပြွတ်။

## အာယုပြွတ်ဆက်ရန်တွက်ကိန်း

ရောက်သက်တည် ၈–စား၍ အကြွင်းကို တောင်အရပ် ကစ၍ လက်ယာရစ်လှည့်၍ ကျရောက်ရာအရပ်သို့ ဂြိုဟ်စာ ဖကျွးလေ။

အာယုဆက်လင်္ကာ။ ။ရောက်သက်တည်ထား၊ ရှစ်ခုစား၍ ကြွင်းဗြားတောင်က၊ ဗုဒ္ဓဘုရား၊ လှည့်ကြွသွားသို့ မှတ်သားအရပ်၊ ဂြိုဟ်ကျွေးအပ်သည်၊ ကူးခပ်အာယု အသက်တည်း။

## လင်္ဂပြွတ်ဆက်ရန်တွက်ကိန်း

သက်ရောက်တည်၊ လဂ်သခင်နေ ဂြိုဟ်သက်နှော၍ ၃၆– ခုမြှောက်၊ ၁၂–ခုစား၊ အကြွင်းပြီသကစတွက်၍ ကျရောက် ရာသီကို ရှု၍ထား။

## စန်းပြွတ်ဆက်ရန်တွက်ကိန်း

ရောက်သက်ကိုတည်၊ အာယုစန်းရောရာ၊ ရာသီရှု၍ သည်ကောင်း၊ အိမ်ရှင်ဂြိုဟ် သက်နှော၍ ၃၆–မြှောက်၊ ၁၂–ခု စား အကြွင်းပြီသကစ၍ ကျရောက်ရာ ရာသီကို မှတ်၍ထား။

www.burmeseclassic.com

www.burmeseclassic.com



## လက်ပြတ်စန်းပြတ်ဆက်ရန်ပြုနည်း

လက်ပြတ်စန်းပြတ်၊ စွဲမှတ်ယတြာ၊ မိဿမှာမူ၊ စစ်သိန်းယူလော၊ ပြိဿမှူသက်ဝင်၊ မေထုံတွင်ရာ၊ ရင်ခံတ်သဘ္ဘမှတ်။ ကရကင့်အိမ်၊ မှတ်စိမ့်သိဟ်မှာ၊ ဥစ်ရှစ်သာတည့်၊ တံမှာစသဲ၊ တူနွဲ့သစ်လဆိန်၊ မိစ္ဆာအိမ်၌၊ ချင့်ချိန်မြဲလာ၊ စစပြန်သာမှတ်၊ ဓနုမှာကား၊ ပုတီးသားတည့်၊ မကားထနောင်း၊ ယူကြောင်းတစ်ဖြာ၊ တမာကုန်ဝယ်၊ မိန်မှာပုန်းညက်၊ စေထွက်ဆယ်နှစ်၊ ပုတီးဖြစ်အောင်၊ အကြံအောင်လိမ့်၊ မှတ်စိမ့်စဉ်ဆက်၊ ကျမ်းမှထွက်သည်၊ ဆက်ယှက်လက်ဆန်း ယတြာတည်း။

## ထင်ပေါ်ကျော်စော်အယောက်ကိန်း

မေထုံနှင့်သိဟ်၊ မိန်ဟုခေါ်တွင်၊ ဤသုံးခွင်၌၊ ဆင်နှင့်သိဟာ၊ သုဝဏ္ဏဟု၊ နာဂအပြား၊ ဤလေးပါးတွင်၊ တစ်ပါးပါးမျှ၊ တွေ့လာကမူ၊ မိန်းမဖြစ်လျှင်၊ ကျော်ထင်သတင်း၊ မင်းနှင့်အတူ၊ ဆောင်ယူရွှေနန်း၊ ဘိသိတ်မြန်းအံ့၊ ယောက်ျားဖြစ်မူ၊ ပြောဆူပရိက္ခရာ၊ စုံလင်စွာနှင့်၊ လယ်ယာမိုးမြေ၊ ရွှေငွေကျွန်သင်း၊ ဆင်မင်းသခင် ဖြစ်လေချင်၏ ဆင်ခြင်မြော်ကာရှုအယောတည်း။

## မင်း အမတ် စစ်သူကြီး ရဟန်းမြတ်အဖြစ် တွက်ကိန်း

မိဿကာရွှေစန်း၊ ရေးမှန်းရဲ့တည့်တုံ၊ ထိုစန်းကငှက်ရှိန်၊ ကွက်အကုန်ရေပေါင်း၊ ဂဠုန်ကတစ်လီ၊ လက်ရာသီထပ်မှီလောင်း၊ ထိုလက်ကဟိုင်းအနေ၊ ပုံသေသေရေညောင်း၊ သင်းပေးဖြာရမပေါင်း

www.burmeseclassic.com



၍ ၎င်းကိုနှစ်ဖော်၊ ထက်ဇယအောက်တြိန်နှင့် မြှောက်ရကိန်း သွေမချော်၊ စားသတ္တဘုဥ်ဖော်၊ ကြွင်းထိုရော်နှစ်ငါးနှင့်၊ မင်းလောင်းရာဇိန်၊ တွေးဆ စည်းစိမ်၊ ဧကသုည သုခမိန်၊ လေးတြိန်စစ်ကာမှာ။ မှန်သေချာ ဟောပါတော့လေ။

## ဇာတာကြီး လေးပါးတွက်နည်း

မူလသက္ကရာဇ်တည်၊ ၁၂–ခုစား၊ အကြွင်းကို ၇–ခုစား၊ ဧကကြွင်းမူဂဠုန်မင်း ဇာတာ၊ ၃–ခုကြွင်းမူ ခြင်္သေ့မင်းဇာတာ၊ သုညကြွင်းမူ နဂါးမင်းဇာတာ၊ ၅–ခုကြွင်းမူ သိကြားမင်းဇာတာ ရရှိကြောင်းကိုသိရ၏။ ဇာတာကြီးလေးဆောင် တစ်ခုခုသောဇာတာကို ရရှိသောသူသည် ကျော်စောထင်ရှား၍ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံရာ၏။

ဆောင်ပုဒ်လင်္ကာ။ ။သက္ကရာဇ်မူလ၊ ဒွါဒသွင်းချေ၊ သတ္တေစားပြန်၊ ဂဠုန်နှံနှင့်၊ တစ်ဖန်သီဟ၊ ဘောဂဝတီ၊ သူ့ဇိသခင်၊ ငါးခုပင်တည်း၊ လေးအင်ဇာတာ၊ တစ်ဖြာ ဖြာကို၊ ရသည့်တသူ၊ တံခွန်ထူသည်၊ ကြည်ဖြူများအံ့ အကြောင်းသော်။

မူလသက္ကရာဇ်ကိုတည်၊ ၉၀၀ ပါယ် ၁၀ နုတ်၊ ဓမ္မ ၂–ခုနှော၊ ၁၂–ခုစား။ အကြွင်းကိုရှု၍ ဇာတာကြီးလေးပါး ရ,မရကို ဟောဆိုရာ၏။

ဆောင်ပုဒ်လင်္ကာ။ ။ဧကသော၊ ဂဠုန်ရ၏။ ဘောမ ခြင်္သေ့၊ ငါးကြွင်းတွေ့သော်၊ ဧဓေမှတ်သား၊ နတ်သိကြားတည်း။ နဂါးသုည၊ ညွှန်းဆိုပြသည် ဇာတာ့ထွက်ခေါင် အဟာတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အက္ခရာဇယားပုံယူနည်းဂဏန်းစဉ်

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| က | ခ | ဂ | ဃ | င | စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ | တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ | | | | | |
| ယ | ရ | လ | ဝ | ရှ | သျှ | သ | ဟ | ဠ | အ |

## တိုင်ပြည်မြို့ရွာ မြေလျှင်ကိန်း တွက်နည်း

ရောက်သက္ကရာဇ်ကိုတည်။ ၉၉၂ ခုနှော၊ ၁၀၈ ခုမြှောက်၊ ၃၁၂ ခုစား၊ အကြွင်းကိန်းဖြစ်၏။ ၎င်းကိန်းကိုတည်၊ ၁၀၈ ခုမြှောက်၊ ခြောက်ထပ်ထား ၄,၆,၈၉,၁၂,၁၆၊ အစဉ်အတိုင်းစား၊ ခြောက်ထပ်လုံး သုညကြွင်းမူ၊ မြေလျှင်လှုပ်အံ့။

နှစ်တည်ကိန်းကိုတည်။ ၁၂ ခုမြှောက်၊ လိုလနှော၊ ၁၀၈ ခုမြှောက်၊ ၁၂ ခုစား၊ အကြွင်းကိန်းဖြစ်၏။ နှစ်ကိန်းကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ထပ်စား၍ အားလုံး သုညကြွင်းသော လတွင် မြေငလျင်လှုပ်၏။

လတည့်ကိန်းကိုတည်၊ ၃ဝ မြှောက်၊ ဆန်း, ဆုတ် ရက်ရေ၍နှော၊ ၁၈ နှ မြှောက်၊ ၃၈ ခုစား၊ အကြွင်းရက်ကိန်းဖြစ်၏။ နှစ်ကိန်းကဲ့သို့ခြောက်ဆောက်ထား၍စား၊ အားလုံး သုညကြွင်းသော ရက်တွင် မြေငလျင် လှုပ်ရာ၏ဟု သိရာသတည်း။ တိုင်းပြည်မြို့ရွာ ဥပဒ် ဖြစ်လတ္တံ့။

## သူနာ၏ကံသုံးပါးတွက်နည်း

အသက်တည်ပြား၊ သုံးဆောင်ထား၊ ထက်ကားတို၊ လယ်ပဉ္စအအောက်မှာနှာ၊ မြှောက်ထလေပါ။ အစားကား ၁၂ စား၊ အထက်သုံးကား ပညာကွယ်၊ လယ်မှာဆုံးလေ၊ အာယုကွယ်၊ ဟောဒွေ့သုညော၊ ကမ္မကွယော။

## သူနာ၏ နဝင်ပြတ်တွက်နည်း

အသက်ကိုတည်ထား၊ ၃ ခုစား၊ သုဉ်းသော် ကြွင်းပြတ်၏။ အသက်ကိုတည်ထား၊ ၉ ခုစား၊ သုဉ်းသော် နဝင်းပြတ်၏။

## သူနာ၏ ဓာတ် ၄-ပါးပျက်မပျက်အနေဟာ

အသက်ကိုတည် ၅ ခုရော။ ၄ ခုစား၊ သုဉ်းသော် ပထဝီပျက်၏။ အသက်ကို တည် ၃ဝ မြှောက်၊ ၄ ခုစား၊ သုဉ်းသော် ဝါယောဓာတ်ပျက်၏။ အသက်ကိုတည် ၆ဝ မြှောက်၊ ၄ ခုစား၊ သုဉ်းသော် အာပေါဓာတ်ပျက်၏။ အသက်ကိုတည် ၄ ခုစား၊ သုဉ်းသော် အာပေါဓာတ်ပျက်၏။ အသက်ကိုတည် ၄ ခုစား။ သုဉ်းသော် တေဇော် ဓာတ်ပျက်၏။ ဓာတ်လေးပါးပျက်မှု မကောင်း။

www.burmeseclassic.com

www.burmeseclassic.com



## သူနာ ပြာပုံကျ မကျတွက်နည်း

သူနာ၏ သက္ကရာဇ်ကိုတည်၊ ကောဇာသက္ကရာဇ်နှင့်ပေါင်း သုံးဆောင်တည်ထား၊ အထက်မှာ ကိုးခုစား။ အလယ်မှာ ၇ ခု စား၊ အောက်မှာ ၇ ခုစား၊ သုံးပါးလုံးသုဉ်းသော် သိကြားကူသော် လည်း မလွတ်နိုင်။

## သူနာ၏ သေရက်ဖြတ်နည်း

သူနာ၏ အသက်ကိုတည်၊ ၃ ခုမြှောက်၊ ၉ ခုစား၊ ၁ခု ကြွင်းမူ တံစူးဝါး ၃ ခု ထင်းပုံ၊ ခု စမြင်းတိုင်။ သုဉ်းသော်ပြာပုံ၊ သေသ အကြွင်းကို မှတ်၍ထား။ သူနာ၏ အသက်ကိုတည်။ ၃ ခုမြှောက်၊ ၇ ခုစား။ သုဉ်းသော် သေအံ့။ အာယုဖြတ် တွက် နည်းမှာ ပြတ်မည့်နေ့ကို သိလိုမူ အသက်ကိုတည်၊ ၃ ခုမြှောက်၊ ၇ ခုစား၊ ၁ ခုကြွင်းမူ တနင်္ဂနွေနေ့၊ ၂ ခုကြွင်းမူ တနင်္လာနေ့၊ ၃ ခုကြွင်းမူ အင်္ဂါနေ့၊ ၄ ခုကြွင်းမူ ဗုဒ္ဓဟူးနေ့၊ ၅ ခုကြွင်းမူ ကြာသပတေးနေ့၊ ၆ ခုကြွင်းမူ သောကြာနေ့၊ သုဉ်းမူ စနေ နေ့သေ၏။

## လူနာ၏အသက် မည်သည့်အချိန် နာရီ သေမည်ကို သိလိုမူ

သူနာ၏ အသက်ကိုတည်၊ ၄ ခုစား၊ ၂ ခုကြွင်းမူ နံနက် မွန်းတည့် သေအံ့၊ ၁ ခုကြွင်းမူ မွန်းတည့်ကသည် နေဝင်သေ အံ့။ ၃ ခုကြွင်းမူ ညဦးကသည် သန်း ခေါင်သေအံ့၊ ၄ ခုကြွင်း မူ သန်းလွဲကသည် မိုးသောက်တိုင်လျှင် သေအံ့။

www.burmeseclassic.com

www.burmeseclassic.com



## လူနာ ယာယီရွှေ့ရန် တွက်နည်း

သူနာ၏ အသက်ကိုတည်၊ ၄ ခုစား၊ ဟောနည်းမှာ-မြောက်ကိုအသုံး၊ တစ်လုံးအရှေ့၊ ခွေးကား တောင်မှာ ကြိုအနောက် ယာယီ ရောက်၏။

## စန်းသုဉ်း၊ နဝင်းသုဉ်း ခန္ဓာပျက်အဟော

အသက်ကိုတည် ၂ ခုစား။ သုဉ်းသော် စန်းသုဉ်း၏။ အသက်ကို ၉ ခုစား၊ သုဉ်းသော် နဝင်းသုဉ်း၏။ အသက်တည်ပြန်မသွေလုန်၊ နံကြိုဟ် ဇီဝနှော၊ ကြိန်းသုဉ်းတန်၊ မြောက်တုံပြန်၊ ၉ တန် ဘုဥ္စကော ဆနှင့်သုညာ၊ ကြွင်းသောခါ ခန္ဓာပျက်အံ့ဟော။

## ဆေးသမား သူနာ ရစ်သင့် မသင့် တွက်နည်း

သူနာ၏အသက်ကိုတည်၊ ၈ ခုစား၊ အကြွင်းကို ဆေးသမားနံနှော၊ ၇ ခုစား၊ သုဉ်းသော်မကုနှင့်၊ အသေဟူ၍မှတ်။

## သူနာ သေမသော တွက်နည်း

သူနာ၏ အသက်ကိုတည်၊ မိမိနံကို ၁ ယုတ်၍ရော၊ စခုမြောက်၊ ၁၂ ခုစား၊ သုဉ်းသော် ထိုသူနာ အာယုပြတ်၏။ မကုနှင့် အသေဟူ၍မှတ်။

## ခန္ဓာငါးပါးပြတ်တွက်နည်း

သူနာ၏ အသက်ကိုတည်၊ ၁၂ ရော၊ ၃ ခုမြှောက်၊ ၉ ခုစား သုဉ်းသော် ထိုသူနာ ခန္ဓာငါးပါးပြတ်၏။

## ဆေးနံပြတ် တွက်နည်း

အသက်ကိုတည်၊ အထက်လာဘ်နှင့်ရော၊ ၂ ခုစား၊ သုဉ်း

www.burmeseclassic.com

www.burmeseclassic.com



သော် ထိုသူနာ ဆေးနှံပြုတ်၏။ ဆေးမပေးနှင့် ဘုရားကို ဆွမ်းတော်တင်။

## အနာ မူလကို သိသောအကြောင်း

အသက်ကိုတည်၊ ရသာခြောက်ပါးနှင့်မြှောက်၊ ၆ ခုစား၊ အကြွင်းကိုယူ၊ တစ်ခုကား ကြက်သားကိုစား၍ဖြစ်သောအနာ၊ ၂ ခုကား မုန့်ဆီကြော်ကို စား၍ဖြစ် သော အနာ၊ ၃ ခုကား နွားနို့ကိုသောက်၍ ဖြစ်သောအနာ၊ ၄ ခုကား ကြက်ဥစား၍ ဖြစ်သောအနာ၊ ၅ ခုကား ဝက်သားစား၍ ဖြစ်သောအနာ၊ ၆ ခုကား ကြံရည်သောက် ၍ ဖြစ်သောအနာ၊ သုညမူကား လက်သုပ် ဟင်းလျာစား၍ ဖြစ်သောအနာ။

## အနာဌာနကို သိရသောအကြောင်း

သူနာ၏အသက်ကိုတည်၊ ခန္ဓာငါးပါးနှင့်မြှောက်၊ ၇ ခုစား တစ်ခုကား အရိုး မှဖြစ်သောအနာ၊ ၂ ခုကား အကြောမှ ဖြစ်သောအနာ၊ ၃ ခုကား အူမှဖြစ်သောအနာ၊ ၄ ခုကား ဝမ်းထဲမှ ဖြစ်သောအနာ၊ ၅ ခုကား ခါးမှဖြစ်သောအနာ၊ ၆ ခုကား အစားလွန်၍ဖြစ်သောအနာ၊ သုညမူကား အရှုံးနာဟုမှတ်။

## သူနာ၏ အန္တရာယ်လွတ်ကြောင်း ပူဇော်နည်း

ကောဇာသက္ကရာဇ်ကိုတည်၊ သူနာ၏ဂြိုဟ်သက်နှော၊ ကာလသုံးပါးမြှောက် ၇ ခုစား၊ ၁ ခုကြွင်းကား တရားကိုပူဇော်၊ ၂ ခုကြွင်းကား ဘုရားမှာရှေ့ချ၊ ၃ ခုကား ရက္ခစိုးကို ပူဇော်၊ ၄ ခုကား အသက်ရှိသော စာသူငယ်လွှတ်၊ ၅ ခုကား ဆွမ်းကျွေး၊ ၆ ခုကား ယာယီပြောင်း၊ သုညမူကား အိမ်ရာပြောင်းလေ။

www.burmeseclassic.com

www.burmeseclassic.com



## မည်သူနာသည်ကို သိအောင်မြင်နည်း

မေးလာထိုရက်၊ နေ့ကြိုဟ်သက်ကို တည်လျက်ထားမူ၊ မြောက်ထတြိန်း၊ ကိန်းကိုတည်ထား၊ မေးပြာသောအခါ၊ နှော ပြီးခါမှ၊ စားပါခုနစ်၊ ကြွင်းလစ်ဧကေ၊ သင်္ဂဟာမရှင်း။ ၂ခု ကြွင်းကား၊ မိဘအားတည်း၊ ၃ ခုကြွင်းသော် အစ်ကိုခေါ်၏၊ ၄ခု ကြွင်းမူ ရဟန်းယူ၍၊ ၅ ခုကြွင်းကား ညီမအားတည့်၊ ၆ခု ကြွင်းသော် မိထွေးခေါ် ၏။ သုဉ်းသော်မကြီး၊ အကြီးလည်းဟူ၊ ဖျားနာသူတို့ ကြည်ဖြူသဒ္ဓါ၊ မေးအပ်စွာသည်၊ မှတ်ပါ မုချ ယောနည်းတည်း။

## နာသောအရပ်ကိုတွက်နည်း

တနင်္ဂနွေ အရှေ့မြောက်ထောင့်ကိုသွား၍ နာသည်၊ ဗိလာ ယက္ခ ဖမ်းစားသည်။ ခြသေ့ရုပ် တစ်ခုလုပ်၍ အရှေ့မြောက် ထောင့်ကို အစားပေးလေ။

တနင်္လာနေ့မှာမူ အရှေ့သို့သွား၍နာသည်။ ဗိသနိုးနတ်း ဖမ်းစား၏။ အရှေ့ အရပ်သို့ လူရုပ်တစ်ခုလုပ်၍ မွန်းတည့်အခါ အစားပေးလေ။

အင်္ဂါနေ့မှာမူကား အဏ္ဍယက္ခ ဖမ်းစား၏။ လူရုပ်နှစ်ခု၊ ခင်ပုပ်ရုပ်တစ်ခုလုပ် ၍ တောင်အရပ်သို့ပို့လေ။

ဗုဒ္ဓဟူးနေ့မှာမူကား မြောက်သို့သွား၍ နာသည့် ဗိလာ ယက္ခဖမ်းစားသည်။ မျောက်ရုပ်တစ်ခုလုပ်၍ ပေါက်ပေါက်ထည့်ပြီး မွန်းတည့်လျှင် ပစ်လေ။

www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေးနေ့မှာ တောင်အရပ်သွား၍ ဝသယယာရှေ့ရည်သော ဘီလူးဖမ်းစား ၏။ သမင်ရုပ် တစ်ခုလုပ်၍ မွှန်းတည့်ကို တောင်သို့ပို့လေ။

သောကြာနေ့မှာမူ အနောက်ကိုသွား၍နာသည်။ ယက္ခဘီးလူး ဖမ်းစား၏။ ခြသေ့ရုပ်လုပ်၍ မွှန်းတည့်ကိုပို့လေ။

စနေနေ့မှာမူ အနောက်သို့သွား၍ နာသည်။ ယက္ခဘီလူး ဖမ်းစား၏။ လင်းတရုပ်လုပ်၍ မွှန်းလွှဲကို အနောက်အရပ်သို့ ပို့လေ။

၁၂လတို့တွင် ၆ လစီ အယာဉ်နှစ်ပါး ကွဲပြားသဖြင့် ဥတ္တရာယာဉ် ဒက္ခိဏာယာဉ် ဖွားသောသူတို့ ဟောရန်...

## အဟောကား

ဥတ္တရာယာဉ်၌ ဖွားသောသူသည်၊ ကောင်းသော အဆင်း ဂုဏ်တန်ခိုး အာဏာဥစ္စာ၊ ခပ်သိမ်းသော ချမ်းသာအပေါင်း နှင့်ယှဉ်၏။ ဒက္ခိဏာယာဉ်၌ ဖွားသောသူကား၊ ယုတ်သော ကိုယ်ရှိ၏။ ခပ်သိမ်းသော ချမ်းသာနှင့်ကင်း၏။ မကောင်းမှု၌ မွေ့လျော်ခြင်း၊ ရဲရင့်သောသဘောရှိ၏။

(၁၂)လတို့တွင် ရတု (၆)ပါးပြားသဖြင့် တစ်ပါးတစ်ပါး သော ရတု၌ မွေးဖွားသောသူတို့ အဟောကား...

## သိသိရ ရတု

သိသိရ ရတု၌ ဖွားသောသူသည် အဆင်းလှသောဂုဏ်တို့နှင့် ပြည့်စုံခြင်း၊ ကြောင်သော မျက်စိရှိခြင်းနှင့် ပြည့်စုံ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဝသန္တရတု၌ ဖွားသောသူ့အဟောကား

ဝသန္တရတု၌ ဖွားသောသူသည် လုံ့လရှိခြင်း၊ သိတတ်သော နှလုံး၊ ဘုန်းတန်ခိုးအာဏာနှင့် ပြည့်စုံခြင်း၊ များသောအမှုကိစ္စ ရှိခြင်း၊ အထူးထူးသော အရပ်ဒေသ၏ အလေ့ကို သိတတ်၏။

## ဂိမ္ဟန္တရတု၌ ဖွားသောသူ့အဟောကား

ဝသန္တရတု၌ ဖွားသောသူသည် များစွာသော လုံ့လရှိသဖြင့် အမျက်ထွက်ခြင်း၊ ဆာမွတ်ခြင်း၊ ကာမဂုဏ်ကို ကြူးခြင်း၊ မိမိပြုသောအမှုကို နှောင်တ ထစ်ဖန်ရခြင်း၌ စင်ကြယ်၏။

## ဝသန္တရတု၌ ဖွားသောသူ့အဟောကား

ဝသန္တရတု၌ ဖွားသောသူကား ဂုဏ်ရှိခြင်း၊ စည်းစိမ် ချမ်းသာခြင်းနှင့် ယှဉ်ခြင်း၊ မင်းပူဇော်ကိုခံရခြင်း၊ ဣန္ဒြေကို ချုပ်တည်းခြင်း၊ ကုသိုလ်ကောင်းမှုကိုပြုခြင်း၊ ရွှေငွေ စသော ဓာတ်၏အကြောင်းကို ပြောဆိုခြင်း သဘောရှိ၏။

## သရဒ ရတု၌ ဖွားသောသူ့ အဟောကား

သရဒ ရတု၌ ဖွားသောသူကား ကုသိုလ်ကောင်းမှု၌ လိမ္မာခြင်း၊ ကုတ်ပဟီနှာ ဖြစ်ခြင်း၊ ကောင်းသော ပညာဂုဏ် မြဲမြံသော နှလုံးရှိခြင်း။

## ဟေမန္တရတု၌ ဖွားသောသူ အဟောကား

ဟေမန္တရတု၌ ဖွားသည်ရှိသော် ကုန်သွယ်၍ အသက် မွေးခြင်း၊ ဥစ္စာစပါး ကောင်းစွာယှဉ်ခြင်း၊ တန်ခိုးအာဏာရှိခြင်း၊ မာနခက်ထန်ခြင်း ဖြစ်၏။

တစ်နှစ်အဖို့၌ ၁၂-လရှိသဖြင့် မည်သည့်လ၌ဖွားသော သူတို့၏ အကျိုးအံ့ဖြစ်...

www.burmeseclassic.com

www.burmeseclassic.com



## အဟောကား

### တန်ခူးလဖွားသောသူတို့ အဟော

၁။ တန်ခူးလ ဖွားသောသူသည် ဥစ္စာစီးပွား ကောင်းစွာယှဉ်အံ့၊ အသက်ရှည်အံ့၊ သားသမီးများ၊ များသော အတတ်ကိုတတ်အံ့၊ ချမ်းသာခြင်းနှင့် ပြည့်စုံအံ့။

### ကဆုန်လဖွားသောသူတို့အဟော

၂။ ကဆုန်လကား၊ အလွန်ပင်ပန်းခြင်း၊ ကြမ်းကြုတ်သောနှလုံးရှိခြင်း၊ ငြင်းခုံခြင်းကို အလိုရှိခြင်း၊ အသက်ရှည်၍ ခွန်အားနှင့်ပြည့်စုံခြင်း ဖြစ်အံ့။

### နယုန်လဖွားသောသူတို့အဟော

၃။ နယုန်လကား၊ ကျမ်းဂန်ကို နားလည်အံ့၊ ကောင်းသောအကျင့်ရှိအံ့၊ ဥစ္စာပေါအံ့၊ အရပ်တစ်ပါး၌ နေတတ်အံ့၊ ဘုန်းရှိအံ့။

### ဝါဆိုလဖွားသောသူတို့အဟော

၄။ ဝါဆိုလကား၊ ထူးသောချမ်းသာ၊ ထူးသော ဂုဏ်မင်္ဂလာရှိခြင်း၊ အနာကင်းခြင်း၊ ကုသိုလ်ကိုအလိုရှိခြင်း၊ စည်းစိမ်ဥစ္စာပွားများခြင်းဖြစ်အံ့။

### ဝါခေါင်လဖွားသောသူတို့အဟော

၅။ ဝါခေါင်လကား၊ ကျက်သရေရှိအံ့၊ မှန်ကန်သော

www.burmeseclassic.com

www.burmeseclassic.com



စကားကိုဆိုအံ့၊ ဆန် ရေစပါးများအံ့၊ သားမယားနှင့် ကောင်းစွာပေါင်းရအံ့။

## တော်သလင်းလဖွားသောသူတို့အဟော

၆။ တော်သလင်းလကား၊ များစွာသော မိတ်ဆွေရှိခြင်း၊ အနာကင်းခြင်း၊ ကုသိုလ်ကောင်းမှုများခြင်း၊ အရပ်တစ်ပါး၌ နေခြင်း၊ ဘုန်းကံရှိခြင်းဖြစ်အံ့။

## သီတင်းကျွတ်လဖွားသောသူတို့အဟော

၇။ သီတင်းကျွတ်လကား၊ မင်းအိမ်စိုးမှူးတို့ထံ၌ ဆက်ဆံလိုလား၍ သားမယားတို့နှင့်ယှဉ်၍ ကျော်စောအံ့။

## တန်ဆောင်မုန်းလဖွားသောသူတို့အဟော

၈။ တန်ဆောင်မုန်းလကား၊ သစ္စာရွှေ့လျော၍၊ နှမြောချုပ်ချယ်တတ်၏။ မိုက်မဲတွေဝေခြင်း၊ မသန့်ရှင်းခြင်း၊ စားခင်းသောက်ဖွယ်တို့ကို များစွာစားတတ်၏။

## နတ်တော်လဖွားသောသူတို့အဟော

၉။ နတ်တော်လကား၊ လျှပ်ပေါ်ရှိခြင်း၊ ရှည်မြင့်ဝပြောသောကိုယ်ရှိခြင်း၊ သားမယားနှင့် ပြည့်စုံ၍ လယ်လုပ် ကုန်သွယ်ခြင်းကို လိုလား၏။

## ပြာသိုလဖွားသောသူတို့အဟော

၁၀။ ပြာသိုလကား၊ ဆင်းရဲခြင်းကအဖို့ရှိမျက် စက်ဆုပ်ဖွယ်သော အလေ့ဝါဒနှင့် ကြုံလှီသောကိုယ် ရှိသည်ဖြစ်အံ့။

www.burmeseclassic.com

www.burmeseclassic.com



## တပို့တွဲလဖွားသောသူတို့အဟော

၁၁။ တပို့တွဲလကား၊ ပြည့်စုံသောကိုယ်၊ ရှည်သောပြားသော ဦးခေါင်းနဖူး ဖြစ်၍ ဥစ္စာရှိခြင်း၊ လွန်သော မာန်မာန ရှိခြင်းဖြစ်အံ့။

## တပေါင်းလဖွားသောသူတို့အဟော

၁၂။ တပေါင်းလကား၊ တိုသော ပြည့်ဖြိုးသောလည်ရှိ၏။ အမျက်ထွက်တတ်၏။ မိမိနေရာအရပ်ကို စွန့်တတ်၏။ ရေကို ဆည်းပူးတတ်၏၊ များသောရတနာ ရှိ၏။

တစ်လအဖို့တွင် ရက်ပေါင်း ၃၀–အနက် တစ်ပက္ခကို ၁၅ရက်စီ ရှိသဖြင့် လဆန်းပက္ခ၊ လဆုတ်ပက္ခ မွေးဖွားသောသူတို့၏ အဟော။

## လဆုတ်ပက္ခ အဟော

လဆုတ်ပက္ခ၌ ဖွားသောသူသည် အုန်းတန်ခိုးကြီးခြင်း၊ အကျင့်သီလရှိခြင်း၊ ခွန်အားနည်းခြင်း၊ လျှပ်ပေါ်ခြင်း၊ ငြင်းခုံခြင်းကို အလိုရှိခြင်း မိမိအမျိုးကို ဖော်ထုတ် ခြင်း၊ ကာမဂုဏ် အလိုရှိ၏။

## လဆန်းပက္ခ အဟော

လဆန်းပက္ခ၌ ဖွားသောသူကား၊ ပြည့်သော လဝန်းနှင့် တူသော မျက်နှာရှိ၏၊ ကျက်သရေရှိခြင်း၊ လုံ့လပြုခြင်း၊ များစွာသော ကျမ်းဂန်ကိုတတ်ခြင်း၊ ဉာဏ်ရှိခြင်း၊ ဂုဏ်သိုလ်ရှိခြင်း၊ မြဲမြံခိုင်ခံ့သော နှလုံးတို့ရှိအံ့။

www.burmeseclassic.com

www.burmeseclassic.com



## နေ့-ညဥ့် နှစ်ပါးတွင် မွေးဖွားသောသူတို့အဟော

### နေ့ဖွား

နေ့၌ ဖွားသောသူသည် အကျိုးတရား၌ ယှဉ်၏။ များသော သားသမီး စည်းစိမ်ချမ်းသာ ခံစားရခြင်း၊ ချစ်သောသူနှင့် ပေါင်းဖော်ရခြင်း၊ ကာမဂုဏ်ဖြင့် နှိပ်စက်သော ကိုယ်ရှိခြင်း၊ အဝတ်ပုဆိုးကောင်းတို့နှင့် ယှဉ်ခြင်း၊ အဆင်းလှခြင်း၊ လိမ္မာခြင်း ဖြစ်၏။

### ညဥ့်ဖွား

ညဥ့်ဖွားသောသူကား မကောင်းမှုနှင့်တကွ ဖြစ်ဖွားတတ်ခြင်း၊ များသော သားသမီး စည်းစိမ်ချမ်းသာ ခံစားခြင်း၊ မိန်းမ ဖြစ်သူနှင့် ပေါင်းယှဉ်ရခြင်း၊ ညဥ့်၌ အားရှိရခြင်း၊ ခိုးဝှက်ရန် လုံ့လအားထုတ်ခြင်း၊ လိမ္မာမြော်မြင်ခြင်းရှိ၏။ ကောင်းသော တန်ဆာဆင်ရခြင်း၊ ရန်ကင်းခြင်းရှိ၏။

## ခရီးသွားသူ ရောက်-မရောက် ပစ္စည်းဥစ္စာပျောက် ရ-မရ ဟောပြော့ရန် အချက်

လဆန်း တစ်ရက်နေ့ကစ၍ မေးလာသော နေ့ရက်အထိ ရေတွက်တည်၊ နဝ (၉နှင့်) စား၊ ၁-၃-၅ ခု၊ (၀) သုညတို့ကြွင်း ခဲလျှင် ချက်ချင်း ရောက်လာလိမ့်မည်ဟု ခရီးသွားကိုဟော။ ဥစ္စာပစ္စည်း ပျောက်ခဲ့သော် နက်ဖြန်ခါ မုချရလိမ့်မည်ဟော ဆိုရမည်။ တစ်ဖန် အကြွင်းသည် ၂-ခု၊ ၃-ခု ဖြစ်ခဲ့မူလျှင် ခရီးသွားသော် မလာရောက်သေး။ နှစ်ရက်လောက် ကြာမှ သတင်းစကားကို ကြားသိရှိလိမ့်မည်။ ကြေး ငွေ ဥစ္စာတို့နှင့်တကွ

www.burmeseclassic.com

www.burmeseclassic.com



ကျွဲ၊နွားတို့ ပျောက်ခဲ့သော် အနောက်တောင် အရပ်က စားကျက်မှာရှာလျှင် မုချတွေ့လိမ့်၍မည်။ တစ်ဖန် စားကြွင်းသည် ၄ ခု၊ ၆ ခု၊ ၈ ခု၊ ဖြစ်ခဲ့လျှင် ခရီးသွားသော သူမှာ ငယ်ပေါင်း ဆွေငယ်ချင်းများနှင့် တွေ့သောကြောင့် မေ့လျော့၍ နေသည်။ ဥစ္စာပစ္စည်းကို ပြန်၍ရပါဦးမည်လော မေးခဲ့လျှင်၊ ကုသိုလ်ကံညှိုး သောကြောင့် ပြန်၍ရရန် အလွန်ခဲယဉ်းလှ၏ဟု ဟောဆိုရမည်။

## တြင်းပြွတ် နဝင်းပြွတ် တွက်နည်း

အသက်တည်၊ ၉ နဝင်းနှင့်ကော်၊ ၃ တြင်းနှင့်စား၊ သုဉ်းသော် တြင်းပြွတ်၏။

အသက်တည် ၃ တြင်းနှင့်ကော်၊ ၉ နဝင်းစား သုဉ်းသော် နဝင်း ပြွတ်၏။

## ပြာပုံကိန်း

အသက်တည် ၁ ခုကော်။ ၉ ခုစား၊ ၁ ခု ဝဲစူးဝါး၊ ၃ခု စမြင်းတိုင်၊ ၁ ဉ်း သော် ပြာပုံကောင်း၏။ ထိုမှကြွင်းသဖြေ့ကား မထောင်းသာဟူပေ။

## သက်ပြွတ်ကိန်း

အသက်တည်၊ ၆ ခုကော် ၂၇ ခုစား၊ သုဉ်းသော် အသက်ပြွတ်တည်း။

အသက်တည် ခန္ဓာ ၅ပါးရော၊ ဓာတ်လေးပါးနှင့်ကော်စိတ် ၈ ခုနှင့်စား သုဉ်း သော် အသက်ပြွတ်၏။

www.burmeseclassic.com

www.burmeseclassic.com



အသက်တည် ဆနဝုတိရောဂါ (၉၆)ပါးနှင့်ကော်၊ ၄ ခု
စား။

အသက်တည် ဒွတ္တိံသကမ္မရဏာ (၃၂)ပါးနှင့်ကော်၊ ၄ ခု
စား။

အသက်တည် ပဉ္စဝီသတိဘယာ (၂၅)ပါးနှင့်ကော်၊ ၄ ခု
စား၊ သုံးပါးလုံး သုဉ်းသော် အသက်ပြတ်၏။

အသက်တည် ဆနဝုတိနှင့်မြှောက် ၈–ခုစား။

အသက်တည် ဒွတ္တိံသ (၃၂)ပါးနှင့် မြှောက်၊ ၈ ခုစား။

အသက်တည် ပဉ္စဝီသတိဘယာ (၂၅)ပါးနှင့် မြှောက်၊ ၈
ခုစား။

အသက်တည် ခါတ် ၄ ပါးမြှောက်၊ ၈ ခုစား၊ ၄ ပါးသုဉ်း
သော် လူတို့ အသက်ထွက်ပြီဟူပေ၏။

## (၇) ရက်သား ဟောကိန်း

၇ရက်သားတို့၏ မူလသင်္ကေရာဇ်ဝင်ည် တနင်္ဂနွေ အသက်
၆ ခုနှော၊ ၇ ခုစား၊ သုဉ်းသော် အရှေ့မြှောက်ထောင့် တနင်္ဂနွေ
အရပ်ကို အသက်ထက်ဆုံး မနေလေအပ်။ လုပ်စားကြံစား မပြု
လေကောင်း၊ မသုဉ်းသော် ကောင်း၏။ ဂြိုဟ် ၈ လုံးခေါ် နည်း
တူသိလေ၊ ထိုသုဉ်းသော အရပ်တွင် (၇)ရက်သား တို့သည်
ပျက်စီးသည်သာ မကောင်းဟူလို။

## ကုန်ရောင်းရန် နံ့သင့် အဟော

အသက်ကတဲ့တည်လို့ပါ။ ရောင်းလိုရာ ကုန်နှံ ၊
သောဘဏ္ဍာ၊ ငွေပဉ္စာ၊ မမြတ်ကယ်ပါသော ဈေးသုံးဆင်
ကြွင်းပြုန်လျှင်၊ ဧကန်မြတ်ပါလိမ့်၊ မှတ်ကျော့ သူ့ရေး။

www.burmeseclassic.com

www.burmeseclassic.com



## ၁၂ ရာသီ ဂြိုဟ်နေမှတ်ရန်

ဂြိုဟ်ရှစ်စုံပျော်သမျှ ဖော်ပြမည်မှန်စွာ၊ သော်တာလစန္ဒာမှာ နှစ်အံသာနေ့တမွန်း၊ ဆင်ပူးနှင့် သုပဏ္ဏာ၊ တစ်မာသာ မြဲစေမှုယွန်း၊ ရွှေခြံသော့်ကေသရာ၊ နှစ်မာသာမစွန်း၊ လသုံးဆယ် ထိန်ထိန်ထွန်း၊ ရှိန်ရှိန်ဝင်းသောရီ၊ ဂုရုဂြိုဟ်တစ်နှစ်ဆင်း၊ ရာဟုမင်း ဆယ့်နှစ်လမှီ၊ ခေါ်ကြတဲ့ လရာသီမှာ၊ ခါအညီစံကြမှ၊ မှန်ကိစ္စ ရှေ့နောက်ခွင်၊ လွဲ ခဲ့ပေလျှင်၊ နိတယနှင့်သီဟာဆင် ဗျူဟပင် ကျင့်ဦးပလေး။

## မိုးမြေ ရ မရ ဟောကိန်း

တစ်နည်း (၇)ခုစား အဟော–

အသက်တည် ၃၀ ကော် ၃ စား၊ တစ်ခုကြွင်းမူ ဥစ္စာပျက်အံ့။ ၂ ခုကြွင်းမူ ဖြူသောဥစ္စာ ရအံ့။ ၃ ခုကြွင်းမူ ရန်ထိအံ့။ ၄ ခုကြွင်းမူ လာဘ်ကြီးရအံ့။ ၅ ခုကြွင်း မူ အမည်နှင့်အရည်တစ်ကွ မိုးမြေရအံ့။ သုဉ်းမူ အနာပေါက်အံ့ဟူပေ။

## တရားဆင်ကိန်း

သက္ကရာဇ်တည်၊ ၈၈ ခုစား၊ ကြွင်းကို နှစ်သော်ထား၊ အသက် ၁၀၈ ခုစား၊ အောက် နှော၊ ၄ ခုစား၊ တစ်ခုကြွင်းမူ အရှေ့တောင်ထောင့်က အောင်အံ့၊ ၂ ခု ကြွင်း မူ အနောက်မြောက်ထောင့်က ဆောင်အံ့ပြီး၏။

## တရားဆင်နိုင်ကိန်း

သက္ကရာဇ်ရှည်တည်၊ ၉ ခုနှော၊ ၁၂ ခုကော်၊ လနှော ၃၁ ကော် ရက်နှော၊ ၂ ကော်ထား၊ အထက် ၅ ခု အောက် ၄ ခုကော်၊ ၉ ခုနှင့်စား၊ အထက်များမူ နိုင်အံ့။ အကွက်နှစ်ပါးကို ပေါင်း၍

www.burmeseclassic.com

www.burmeseclassic.com



တည်၊ ၁၂ ခုကော်၊ လနှော၊ ၃ ကော်ရက်နှော၊ အရှေ့အနောက်လိုမှု ၁၆ ခုနှော၊ ၄ ခုစား၊ ၁ ခုကြွင်းမူ အရှေ့ကအားရ၏၊ နိုင်အံ့၊ တောင်မြောက်လိုမှု၊ ၈ ခုနှော ၄ ခုစား၊ ခုကြွင်းမူ တောင်က အားရှိ၏၊ နိုင်အံ့၊ ၀-၂ ကြွင်းမူ မြောက်ကအားရှိ၏၊ နိုင်အံ့။ စစ်ထိုးခြင်း၊ တရားဆိုခြင်း လက်ဖွေ့လက်ပန်း သတ်ခြင်း၊ ဆိတ် ကြက် တိုက်ခြင်း စသည်တို့၌ သုံးလေ၊ ယုံမှား မရှိလင့် မှတ်လေ ပြီး၏။

## ခရီးသွားသူ ရောက်မရောက်အဟော

သူ ရောက်မရောက် သိလိုမူ၊ ဗုဒ္ဓဟူးကသည် တနင်္လာသို့ ရေ၍တည်၊ တနင်္လာကသည် လင်္ဂသို့ရေ၍နှော၊ လင်္ဂကသည် ဗုဒ္ဓဟူးသို့ ရေ၍စား၊ အကြွင်းအတိုင်း လင်္ဂကရေ၍ လင်္ဂချ၊ ကြာသပတေးသို့ထိမူ ရောက်အံ့ မချွတ်၊ လင်္ဂကိုထိမူ မရောက်ဟူပေ၊ ပြီး၏။

## သူ သေမသေ အဟော

သူ သေ မသေကို သိလိုမူ၊ စနေကသည် လင်္ဂသို့ရေ၍ တည် ၂၆ ခု ကော်လင်္ဂကသည် စနေသို့ရေ၍ စား။ အကြွင်းအတိုင်း လင်္ဂက ရေ၍ လင်္ဂချ။ ၃-၀-၈ သို့ကျမူ သေအံ့ မချွတ်၊ မကျမူ မသေဟူပေ၊ ပြီး၏။

## ဥစ္စာ ရမရ အဟော

ဥစ္စာ ရမရကို သိလိုမူ၊ လင်္ဂကသည် ကြာသပတေ ရေ၍တည်၊ ၂ ခုကော် ကြာသပတေးကသည် လင်္ဂသို့

www.burmeseclassic.com

www.burmeseclassic.com



အကြွင်းအတိုင်း လဂ်ကရေ၍ လဂ်သွားလေ၊ ဥစ္စာရှိမှာ်သို့ ထိရ ရအံ့မချွတ်၊ မထိမူ မရဟူပေ၏ ပြီး၏။

## မြီစွဲစားရန် အဟော

တြိဗေဒ၊ တည်ပြီးမှလျှင်၊ လဂ်မှရာဟု၊ ရောမှတ်ပြု၍၊ လေးခုမြှောက်လွှား၊ သတ္တစားက၊ ကြွင်းဝြာသေသေ၊ ကေတြိ ကြွင်းလေဘိမူ၊ ကိတ္တိကျော်ပြီး၊ စစ်သူကြီးမှာ၊ မကြာနေ့ညဉ့်၊ ဆည်းကပ်ခလော့၊ ပဥ္စနှင့်ခွေး၊ အရေးပိုင်သ၊ ပြည်မထိပ်ချာ၊ ထွန့်နရာ ဝယ်၊ မြိပါလေမူ၊ ကောင်းစွာဟူ၏၊ ပုံတူမယွင်း၊ လေးခုကြွင်းမူ၊ လယ်ခင်းထွန်မှု၊ လုပ်ဆောင်ပြုလော့၊ ခြောက်ခု သော်ကား၊ ကုန်စည်သွားလော့၊ သုဥ်းဝြာတစ်မူ၊ ရဟန်းပံ့မှ၏၊ မှတ်ယူအမြဲ ကေန်တည်း၊ ပြီး၏။

## မိုးကိန်းတွက်နည်းကိုပြရာ

သက္ကရာဇ်တည်၊ ၁၂-ခုစား၊ သေသ ၅ ခုနုတ်၊ ၃ ခုစား၊ သုဥ်းသော် ကုန်းမြင့်ရာသုဥ်း၏။ ၁ ခုကြွင်းသော် တောင်ကန် သုဥ်း၏။ ၂ ခုကြွင်းသော် ကန်ချောင်းသုဥ်းအံ့။ ကုန်းမြင့်ရာ သုဥ်းသော် မိုးခေါင်အံ့၊ တောင်ကန်သုဥ်းသော် လေမုန်တိုင်းထန်အံ့၊ လေပြင်း မိုးပြင်းလာအံ့။

သက္ကရာဇ်တည်၊ ၃ ခုမြှောက်၊ ၃ ဘော်ထား၊ အထက်ကစ၍ ၇ ခု၊ ၈ ခု၊ ၉ ခု အစဉ်အတိုင်းနုတ်၊ နုတ်ကြွင်းကို ၇ ခုနှင့်စား၊ ၁ ခု၊ ၂ ခု၊ ဤသို့ကြွင်းသော် မိုးကောင်းအံ့၊ မိုးနှောင်းနှေးအံ့။

သက္ကရာဇ်တည် ၃ ခုမြှောက်၊ ၄ ခုနုတ်၊ ၂ ခု ဘော်ထား အသက် ၇ ခု၊ အောက် ၈ ခုစားသေသော် ၁-၀ ဤသို့ကြွင်းသော

www.burmeseclassic.com



မြေကြီးလှုပ်၍၊ မိုးကောင်းလျက်၊ မိုးလယ်လုံ့ရှိအံ့။ ၂-၅ကြွင်းသော် ကျောက်ဝက်သက် ထွက်အံ့၊ မြေကြီးလှုပ်အံ့၊ ဆင်ဖြူရောက်၍ မိုးနှောင်းအံ့၊ မိုးမကောင်း။ ၄-၁ ကြွင်းသော် လူတို့မွတ်သိပ်၍ ဘေးဥပဒ်ရှိအံ့၊ မိုး မကောင်း။ ၂-၉ ကြွင်းသော် ကြယ်တံခွန်ထွက်၍ သူခိုးထအံ့၊ ရန်များ၍ မိုးသည်းထန်စွာရွာအံ့။

သက္ကရာဇ်တည် ၅ ခုမြှောက်၊ ၃ ခုစား၊ ၁ ခုမိုးဦး၊ ၂ ခုမိုးလယ်၊ သုဉ်းသော် မိုးနှောင်းကောင်းအံ့။ ထိုနေ့ ဟာရဂုဏ်တည် ၃၃ ခုစား၊ သေသသုဉ်းစေ၊ လဒ်ကို ၃ ခု ဖော်ထား အထက် ၂ ခုစားသုဉ်းစေ၊ အလယ် ၁၂ ခုစား၊ သေသကို ပြိဿက ရေ၍ ကြက်ခြေခတ်၊ ၁-၀-၃-၈ ထိုဂြိုဟ်လေးလုံးတွင် တစ်လုံးလုံး ခတ်မိစေ၊ အောက် ၂၇ ခုစား၊ သေသ နက္ခတစတုရပါဒ်သွားလေ။ ထိုနက္ခတ်သည် ၁-၀-၃-၈ သည့် ဂြိုဟ်လေးလုံးတွင် တစ်လုံးလုံးတက်ကျစေ၊ ဤသို့ဆိုတိုင်း ညက ထိုနေ့ ခံစရာမရှိအောင် ရွာအံ့။

ကောဇာပြည့်စန်း နက္ခတ်တည် ထိုနေ့ နက္ခတ်နှောများမှ သတ္တာဗိသချေ၊ စတုရပါဒ်သွားလေ၊ ပြိဿ၊ ကန်၊ မကာရသို့ ရောက်သော ရေကျမြဲကရကင့်ဗြိစ္ဆာ မိန်သို့ရောက်သော် ရေတက်မြဲသည့်ပြင် ကြွင်းသော ရာသီတို့ကား ကျသော်လည်းနှေး၏။ တက်သော်လည်း နှေး၏။

သက္ကရာဇ်တည်၊ ၅ ၄ နှော၊ ၇ ခုစား၊ သေသရေဦးကိန်းလဒ်ကို ၇ စား၊ သေသရေလယ်ကိန်း၊ ရေလယ်ကိန်းတွင် ၆ ခုနှော၊ ၁၂ ခုမြှောက်၊ ၇ ခုစား၊ သေသရေနှောင်းကိန်း၊ ကိန်းကြွင်းများက ရေကြီးအံ့၊ နည်းက ရေစာနည်းအံ့။

www.burmeseclassic.com

www.burmeseclassic.com



လိုသောဟာရဂုဏ်တည်၊ ၅ ခုနုတ်၊ ၃ ခုမြှောက်၊ ၇ ခုစား သေသပါပဂြိုဟ် မြင်မူ တက်အံ့၊ သောမဂြိုဟ်မြင်မူ ကျအံ့။

သက္ကရာဇ်တည်၊ ၃ ခုဖော်ထား အထက်စ၍ ၃ ခု ၅ ခု နှော။ အထက်ကစ၍ ၇ ခု၊ ၈ ခု၊ ၉ ခုစား၊ ပါပဂြိုဟ်ကြွင်းရာ ရေကြီးအံ့။

သက္ကရာဇ်တည်၊ ၈၃၂ ခုနှော၊ ၃ ခုဖော်ထား၊ အထက်ကစ၍ ၃ ခု၊ ၄ ခု၊ ၅ ခုမှာ သောမဂြိုဟ် ကြွင်းရာ ရေမကြီး၊ ရေဦး၊ ရေလယ်၊ ရေနှောင်းကိုလည်း ကြည့်၍ဆိုလေ။

သက္ကရာဇ်တည် ၈၂၂ ခုနှော၊ ၃ ခုဖော်ထား။ အထက်စ၍ ၃ ခု၊ ၄ ခု၊ ၅ ခုမြှောက်၊ ၇ ခုစား၊ ရေဦး၊ ရေလယ်၊ ရေနှောင်း အကြွင်းများရာ ရေကြီးအံ့။

မြေထု ၂၄၀၀၀၊ ရေထု ၄၈၀၀၀၀၊ လေထု ၉၆၀၀၀၀ သုံးပွါးတည်၍ သက္ကရာဇ်ရှည်နှင့်စား၊ သေသသုံးပါးကို ၃ ထပ် ထား၊ အထက် ၈ ခု၊ အလယ် ၄ ခု၊ အောက် ၆ ခုမြှောက်၊ ၁၂ ခုနှင့်စား၊ သေသသုံးပါး သုဉ်းသော် ရေရှူးအံ့၊ ကြည်းတောင် တောလျှံအံ့။ အထက်ရေဦး၊ အလယ်ရေလယ် အောက်ရေနှောင်း သုဉ်းရာ ကောင်းအံ့။

သက္ကရာဇ်တည်၊ ၃ ခုမြှောက်၊ ၄ ခုနုတ်၊ ၇ ခုစား၊ သုဉ်း သော် တော်သလင်း လမြို့ပျက်အံ့၊ ၁ ခုကြွင်းသော် တန်ဆောင်မုန်း လ မြို့ပျက်အံ့။

သက္ကရာဇ်တည်၊ ၇ ခုစား၊ သေသကို ကဆုန်, နယုန်မှတ် လဒ်ကို ၈ ခုစား၊ သေသကို ဝါဆို၊ ဝါခေါင်မှတ်၊ လဒ်ကို ၉ခု စား၊ သေသကို တော်သလင်း, သီတင်း ကျွတ် မှတ်ပါ။ ၈ ခု

www.burmeseclassic.com



ကြွင်းရာ ကောင်းအုံ့၊ သောမကြွင်းရာ မကောင်းလေ ဖျက်အုံ့။

## မူလမဟာဘုတ်

မိမိတို့မွေးဖွားသော မူလသက္ကရာဇ်ကိုတည်၊ ၇ ခုနှင့်စား ၁ ခုကြွင်းလျှင် အောင်၊ လံ၊ ထူ၊ စစ်၊ သူ၊ ကြီး၊ ပွဲ ဆိုပြီး ဘင်္ဂအိမ်ကစပြီး ဂဏာန်းရေးသွားပါ။ အကြွင်းအရ ဂဏာန်းရေး သွားပုံကို အောက်ပုံများတွင် ကြည့်ပါ။

| | | |
|---|---|---|
| | အဓိပတိ | ဓ |
| ထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ–မူလသက္ကရာဇ် ၁၂၈၉ ခုဖွား၊ တနင်္ဂနွေသား ဆိုလျှင်...

၁ ခုကြွင်း ထိုင်ပုံ–

၇) ၁၂၈၉ (၁၈၄

```
 ၇
----
 ၅၈
 ၅၆
----
 ၂၉
 ၂၈
----
 ၁
```

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၀ | ၂ |

## ပုတိဖွားအဟော

မူလသက္ကရာဇ် ၁၂၈၉ ခုဖွား၊ တနင်္ဂနွေသားကို တွက်ကြည့်တော့ တစ်ခုကြွင်းတယ်။ တစ်ခုကြွင်းတဲ့အတွက် အောင်–လံ–ထူ–စစ်–သူ–ကြီး–ပွဲ ဆိုပြီးမှ လတိုင်ထူထားပုံကို အထက်

www.burmeseclassic.com

www.burmeseclassic.com



မှာကြည့်ပါ။ ဘာနေ့သား၊ သမီးလဲ။ တနင်္ဂနွေသား သမီးဖြစ်သောကြောင့် မူလတိုင်ကိုကြည့်လယင် ဘင်္ဂအိမ်မှာ အောင်ဆိုတဲ့ တနင်္ဂနွေနံကို တွေ့ရပါတယ်။ သို့အတွက် သူ့ကို ဘင်္ဂဖွားလို့ ဆိုပါတယ်ခင်ဗျား။ အကယ်၍ တနင်္လာသားဆိုရင် ပုတိဖွား ဆိုပါတယ်၊ အကယ်၍ အင်္ဂါသား ဆိုရင် သိုက်ဖွားလို့ ခေါ်ပါတယ်၊ အကယ်၍ ဗုဒ္ဓဟူးသားဆိုရင် မရဏဖွားလို့ဆိုပါတယ်။ အကယ်၍ ကြာသပတေးသားဆိုရင် အဓိပတိဖွားလို့ဆိုပါတယ်။ အကယ်၍ သောကြာသားဆို ရင် ရာဇဖွားလို့ ခေါ်ပါတယ်။ စနေသားဆိုရင် အထွန်းဖွားလို့ ခေါ်ပါတယ် ခင်ဗျား။ တိုင်ထူပုံလက်နည်းအရ ဂဏန်းသွားပုံတို့ကို သေသေချာချာ လေ့လာကြည့်ကြ။

ပုတိဖွား သားသမီးတို့မှာ နှမြောတွန့်တို မနာလိုဝန်တိုစိတ် ရှိမယ်။ အမျိုးအ ဆွေကို ခင်မင်မှုနည်းပါးမယ်။ ကြောက်လန့်တတ်တယ်။ မိမိမွေးဖွားရာဒေသမြို့တွင် မနေရ၊ အခြားသော မြို့ရွာဒေသတို့တွင် နေထိုင်စားသောက်ရမယ်။ စိတ်မချမ်းသာမှုများ မကြာခဏတွေ့ကြုံရမယ်။ သားမယားနှင့် အရှည်မမြဲကွဲမယ်။ ပုတိဖွား သားသမီး မွေးဖွားစဉ် မိဘနှစ်ပါးမှာ စိတ်ဝမ်းကွဲမည်၊ မကြာခဏ စကားများမည်၊ အရင်က ချစ်ခဲ့ပြီးသော မိတ်ဆွေသူငယ်ချင်း အပေါင်းအဖော်တို့နှင့် မသင့်မြတ်ခြင်း၊ အလုပ်အကိုင် အကြံအစည် အရောင်းအဝယ် ဆုံးရှုံးပျက်စီးမယ် ဆိုပါတယ်ခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



### သတိပြု

ပုတိဖွား သားသမီးတို့ကို အညံ့လို့ ဆိုပါတယ် ခင်ဗျား။ ဒါပေမယ်လို့ ကောင်းမယ်ဆိုရင်သူမတူအောင် ကောင်းတယ်လို့ ဆိုပါတယ်။

### ဘင်္ဂဖွား အဟော

ဘင်္ဂဖွားသားသမီးတို့ကို ဟောရမယ်ဆိုရင် အလုပ်အကြံ အစည် အောင်မြင်မှု နည်းပါးမယ်၊ အိုးအိမ်လယ်ယာ အခြေမတည် ဆုံးပါး ပျက်စီးရမယ်။ လူလိမ်လူကောက် ခံရမယ်။ ကျေးကျွန် သားမြေးတို့နှင့် ပတ်သက်၍ အမှုအခင်း ဖြစ်ပွားရမယ်၊ ကျွန်၊ ကျွဲနွားပြေးမယ်၊ စိတ်မချမ်းသာမှု များမယ်၊ ဘင်္ဂသားသမီးတို့ မွေးဖွားစဉ်အခါ မိဘနှစ်ပါး စကားများမယ်၊ စိတ်ဝမ်းကွဲမယ်၊ မိဘနှစ်ပါးကွဲမယ်၊ ဘင်္ဂသားသမီး အဟောကတော့ အညံ့များ ပါတယ် ခင်ဗျား၊ သို့အတွက် ရတနာသုံးပါးကို အမြဲဆည်း ကပ်ရပါတယ်။

### မရဏဖွား အဟော

မရဏဖွား သားသမီးတို့ကို ဟောရမယ်ဆိုရင် ငယ်စဉ်က အနာရောဂါများမယ်၊ သေလောက်သောဘေးနှင့် ရင်ဆိုင်တွေ့ရ မယ်။ အခြားလူကို အားမကိုးရ၊ ကိုယ့်ထူး ကိုယ်ချွန်လုပ်ကိုင်စား သောက်ရမယ်။ သားမယားနှင့်အရှည် မမြဲကွဲရမယ်၊ ရဟန်း သို့မဟုတ် မင်းစိုးရာဇာဖြစ်မယ်၊ ငယ်ငယ်က သေလျှင်သေ၊ မ သေလျှင် ကြီးကျယ်သော စည်းစိမ်ချမ်းသာကို ခံစားရမယ်ဆိုပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်ခင်ဗျာ။ မရဏာဖွား တို့ မှာလည်း အညှံ့များပါသောကြောင့် ရတနာသုံးပါးကို အမြဲဆည်းကပ်ပါ။

## အထွန်းဖွားအဟော

အထွန်းဖွားသားသမီးတို့ကို ဟောရမယ်ဆိုရင်၊ အကောင်းများသောကြောင့် ဓာတာကောင်းလို့ ဆိုပါတယ်။ အလုပ်အကိုင် အကြံအစည် အရောင်းအဝယ်ကောင်းမယ်။ လူချစ်လူခင်များမယ်၊ အကြီးအကဲဖြစ်မယ်၊ ငွေရှာရာမှာ လွယ်ကူမယ်၊ အထွန်းဖွား သားသမီးများကို ဖွားရသော မိခင်ဖခင်တို့မှာ မျက်နှာပွင့်လန်းမယ်၊ အလုပ်အကိုင် အကြံအစည် အပေါက်အလမ်းတည့်မယ် စိတ်ချမ်းသာမယ်။

## သိုက်ဖွား အဟော

သိုက်ဖွားသားသမီးတို့ကို ဟောရမယ်ဆိုရင်၊ အကောင်းလို့ ဆိုပါတယ် ခင်ဗျာ။ အကြီးအကဲ ဖြစ်ရမယ်၊ စုဆောင်းပြီး ဥစ္စာမစ္စည်းတို့ကို ခံစား စံစားရမယ်၊ စိတ်နေ မြင့်မြတ်မယ်၊ ကိုယ်အသားအရေ နူးညံ့ပျော့ပျောင်းမယ်။ သူတစ်ပါးတို့ကို သနားကြင်နာစိတ်ရှိမယ်၊ ဥစ္စာပစ္စည်း သိုမှီးတတ်မယ်၊ စိတ်ချမ်းသာမယ်၊ စည်းစိမ်ရှိမယ်၊ ဘာမဆိုကြံစည်ရင် အောင်မြင်မယ်၊ သိုက်ဖွားသား သမီးတို့ကို မွေးဖွားရသော မိဘနှစ်ပါး အကြံအစည် အောင်မယ်၊ အလုပ် အရောင်းအဝယ် တိုးတက် ကြီးပွားမယ်၊ ကာယသုခ နှစ်ပါးနှင့် ပြည့်စုံမယ် ဆိုပါတယ် ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



## ရာဇဖွား အဟော

ရာဇဖွား သားသမီးတို့ကို ဟောရမယ်ဆိုရင် ချစ်ခင်သူများမယ် စိတ်နေစိတ် ထား မြင့်မြတ်မယ်၊ ကိုယ့်ထူးကိုယ်ချွန် လုပ်ကိုင်စားသောက်ရမယ်၊ ကြီးကျယ်သော အကြံအစည်ကို ကြံရမယ်၊ ဆင်, မြင်း, ကျေးကျွန်, အခြွေအရံ, အပေါင်းအသင်း များမယ်၊ ရာဇဖွား သားသမီးတို့မှာ မင်းအမှုထမ်းရသော် ရာထူးတိုးတက်ခြင်း။ အကြီး အကဲဖြစ်ခြင်း၊ နာမည်သတင်းကျော်ကြားခြင်းရှိမယ် ဆိုပါတယ်ခင်ဗျာ။

## အဓိပတိဖွားအဟော

အဓိပတိဖွား သားသမီးတို့ကို ဟောရမယ်ဆိုရင် စည်းစိမ်ချမ်းသာ အခြွေအရံ အပေါင်းအသင်းနှင့် ပြည့်စုံမယ်၊ ရပ်ရွာတွင် အကြီးအကဲဖြစ်မယ်၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာမယ်၊ စကားပြောနူးညံ့မယ်၊ လူချစ်လူခင်များမယ်၊ စိတ်နေစိတ်ထား မြင့်မြတ်မယ်၊ အလှူကြီးလှူရမယ်၊ သူတစ်ပါးအား သနားကြင်နာစိတ်ရှိမယ်၊ စုဆောင်းပြီး ဥစ္စာပစ္စည်းတို့ကို ခံစားစံစားရမယ်၊ အဓိပတိဖွား သားသမီးတို့ကို မွေးဖွားရသော မိဘနှစ်ပါးတို့မှာ နာမည်သတင်းကျော်ကြားမယ်၊ အလုပ်အကိုင် အကြံအစည် အရောင်းအဝယ် အောင်မြင်မယ် ဆိုပါတယ်ခင်ဗျာ။

## သက်ရောက်တွက်ပုံ

*သက်ရောက်ဆိုတာ မိမိတို့ အသက်ရောက်သော ဂြိုဟ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး အကောင်း **အဆိုး** ဟောသောကိန်းတစ်ခု ဖြစ်ပါတယ်၊ တွက်နည်း တွက်ပုံ**မှာလဲ** မခက်ပါ၊ လွယ်လွယ်ပါပဲ၊ မိမိအသက်ကိုတည်၊ ၈–ခုစား၊ **အ**ကြွင်းကို မိမိမွေးနံဂြိုဟ်ရှိရာက စ၍ လက်ျာရစ် တကွက်**ပြီးတော့**ကွက် အကြွင်းရှိသရွေ့ ချသွားရမည်။

ဥပမာ = **အ**သက် ၃၉ နှစ်ရှိ ဗုဒ္ဓဟူးသားဆိုရင် ...

**အ**သက်တွက်ပုံ

**ကောဇာ** – ၁၃၁၈ ၈) ၃၉ (၄

**မူလ** ၁၂၇၉ ၃၂

၃၉ ၇

## ၇–ကြွင်းပုံ

အသက် ၃၉ နှစ်ရှိ ဗုဒ္ဓဟူးသားတို့ကို တွက်ကြည့်တော့ ၇ နှစ်ကြွင်းတယ်၊ ဗုဒ္ဓဟူးသားဖြစ်သောကြောင့် မူလက လက်ယာရစ် ခုနစ်ကွက်ရေသော် တနင်္လာအိမ်သို့ အသက်ရောက်ကြောင်း သိရပါသည်။ အောက်တွင်ဖော်ပြထားသော ပုံစံတွင် ကြည့်ပါ။

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

www.burmeseclassic.com

www.burmeseclassic.com



အကာယ်၍ အင်္ဂါသားဖြစ်ရင်၊ တနင်္ဂနွေမှာ သက်ရောက်တယ် ခေါ်ပါတယ်၊ တနင်္လာသားဆိုရင် သောကြာမှာ သက်ရောက်တယ်၊ တနင်္ဂနွေသားဆိုရင် ရာဟုမှာ သက်ရောက်တယ်၊ သောကြာသားဆိုရင် ကြာသပတေးမှာ သက်ရောက်တယ်၊ ရာဟုသားဆိုရင် စနေမှာ သက်ရောက်တယ်၊ ကြာသပတေးသားဆိုရင် ဗုဒ္ဓဟူးမှာ သက်ရောက်တယ် ဆိုပါတယ် ခင်ဗျား သူညကြွင်းရင် မွေးနံဂြိုဟ်ခွင်မှ နောက်တစ်ခွင် ဆုတ်ပြီးဟောပါ။

## တနင်္ဂနွေ သက်ရောက်ဟော

တနင်္ဂနွေ သက်ရောက်ကို ဟောရမယ်ဆိုရင် မကောင်းဘူးလို့ ဆိုပါတယ်၊ သူခိုးဘေး၊ မီးဘေး တွေ့ကြုံရမယ်၊ လူလိမ်လူကောက်ခံရမယ်၊ အလုပ်အကိုင် အရောင်းအဝယ် ဆုံးရှုံးမယ်၊ မလိုသူ ပေါ်များမယ်၊ ငွေကုန်ကြေးကျများမယ်၊ အစစ အရာရာ အပြောအဆို ဆင်ခြင်ပါ။ အရှေ့မြောက်နှင့်အနောက်တောင်အရပ် အသွားအလာ ဆင်ခြင်ပါ။

ဥဏှာဂုဖလ်ပြသဒ်ဂြိုဟ်မြတ်တဲ့သက်ဆုံ၊ စာပေါင်း သိုက်ရိပ်မြို့ကို မျောက်သူပုန် မွေနောက်၊ မကောင်းတဲ့ကြမ္မာဖန် မတော်မှန်သည် ကိန်းသို့ရောက်၊ တန်ခူးနှင့်ကဆုန် နှင်းငွေမှုန် မြူသောက် လပြာသိုချိန် အထောက်တွင်မှ အမှုပေါ်ကပွေရှာ။ သားမြေး ဆွေကျွန်တစ်သင်းငယ်ကြောင် မှုအခင်း ဖြစ်တတ်လှပါ၊ သူခိုးနှင့်မီးဆိုတာမှာ သတိသားဆောင်ကြားလို့ ရှေ့နောက်ပါ။ မြောက်တောင်စွယ် ရှောင်ရှားပကွယ်၊ ချစ် သူနှင့် စပ်ကွယ်လျှင်ခင်ပျိုမယ် မိန်းမနှင့်လေး။

www.burmeseclassic.com

www.burmeseclassic.com



## တနင်္လာသက်ရောက်ဟော

တနင်္လာသက်ရောက်ကို ဟောရမယ်ဆိုရင်၊ ကောင်းတယ်လို့ ဆိုပါတယ် ခင်ဗျား၊ အလုပ်အကိုင် အရောင်းအဝယ် အောင်မြင်မည်။ လူချစ်လူခင်များမည်၊ ငွေရလွယ်ကူမည်၊ အရှေ့အရှပ်နှင့် အနောက်အရပ်က စုတ်လာဘ် ဝင်မည်။

သီတာဂူငွေပွင့် စန်းယုန့်ပွင့်ဗိမာန်၊ သက်ရောက်လို့ ဝင်ပြန်လျှင် ဟောဆိုရန် တစ၊ မောင်ကောက်ရ သေဌေးကျော် သင့်တော်လျော်သည် ကိန်း'သို့ကျ၊ မွေ့နှစ်ကယ် ဥစ္စာ လိုရာရာကိစ္စ ရှေ့နောက်ယံဒေသက ရတော့မည်မှန်စွာ၊ ခါနယုန်ဝါခေါင်တုန်း တန်ဆောင်မုန်း ရောက်တဲ့ခါ ကြွက်မင်းနှင့် တနင်္လာချမ်းသာ ရာခိုကပ်လို့ ဂြိုဟ်ရပ် ကဖြူစင် ရခြားလီမ့်တင်၊ ဟောလိုက်တဲ့ ဓာတာရှင်ကို နတ်ဖေဒင် ဆိုလောက်ကွယ့်လေး။

## အင်္ဂါသက်ရောက်အဟော

အင်္ဂါသက်ရောက်ကတော့ မကောင်းဘူးညံ့တယ်၊ သူခိုးခိုးခံရမယ်၊ အိမ်နေရာ မီးလောင်ခံရမည်၊ ခိုက်ရန်များမည်၊ မိန်းမအတွက် မုဆိုးမအတွက် အမှုပေါ်မည်၊ စိန်, ကျောင်, ဆံတု, ဆံထိုး, ကျေးကျွန်ထွက်မည်၊ အရောင်းအဝယ် ဆုံးရှုံးမည်၊ လူမုန်းများမည်၊ အစစအရာရာ ဆင်ခြင်နေထိုင်ပါ၊ ငုန်းကဝေနှင့် တွေ့တတ်သည်၊ ဆံတု, ဆံထိုး ပျောက်တတ်သည်။

ကေသရာရန်ရှေ့ နံခြသေ့ ရောက်လာ၊ ခေါင်းဆံသလုံး ကံဝ [illegible] ဘီကာရန်နဲ့၊ သူ့အတွက်ကြောင့် ခန္ဓကုန်တယ် သည်ထုံ ပုံကံနံ ရောက်ပြန်ခဲ့။ ကဆုန်နှင့် ဝါခေါင်မှာ ပြာသို

www.burmeseclassic.com



နောင်တလှဲ့ မိန်ရာသီမကုန်ခင်တဲ့က ကြောက်မက် ဖွယ်လမ်းတား၊ ရှောင်တိမ်းပါမိန်းမအခင်း။ ဃိမ်းမယွင်းဖြစ်မြဲမကြား ရှေ့တောင်ထောင့်ရပ်ဆီမှာ၊ အသားနီ လူတစ်ယောက် ကယ်ကြောင့် စိတ်နောက်လို့ ပူဗျာပါ ငြိုးရန်စရှာ၊ ချစ်သူနှင့် ကွေကွင်းကွာသည့် ချစ်ဒဏ်ရာ ထိမည်ပလေး။

## ဗုဒ္ဓဟူးသက်ရောက်အဟော

ဗုဒ္ဓဟူးသက်ရောက်ကို ဟောရမှာဖြင့် ကောင်းတယ်လို့ဆိုရမည်၊ တောင်အရပ်က စုတ်လာဘ်ဝင်မည်၊ လူချစ်လူခင်ပေါများမည်၊ အရောင်းအဝယ်ကောင်းမည်၊ အလှူအတန်းပြုရမည်။ စိတ်ချမ်းသာမည်၊ မိန်းမမှု မြေမှုနှင့် ပတ်သက်၍ အမှုအခင်းဖြစ်တတ်သည်လည်း ဆိုထားပါသည်။ အကောင်းအဆိုးတွဲသောဂြိုဟ်ဖြစ်သောကြောင့် ဉာဏ်ပညာနှင့် ဆင်ခြင်၍လုပ်ပါ။ အပျိုလူပျိုဖြစ်လျှင် ချစ်သူတွေ့မည်။

မျိုးမာတင်မုန်ဦး ဗုဒ္ဓဟူးဂြိုဟ်တွင် လောင်းဆဒ္ဒန်ပျော်ရွှင်ညှိုးမာန်ဝင်စိတ်ထား၊ သောနုတ္တိုရ်ဒဏ်ငယ် ရှူးမှန်ရာ သည်ကိန်းနှင့်ကြား၊ တပို့တွဲခေါ်ဆို လပြာသို တခြား၊ မနာလိုဒန်ပွား လို့စကားကပြစ်တင်၊ ခြေနှစ်ချောင်းစုတ်ကြီးဝင်၊ ရှေ့တောင်ခွင့်ဒေသက လာဘ်လာဘဥဒဟို ရမြဲပကိုယ်၊ နှတ်မျက်စိနှင်းဆိုသည် တက္ကသိုလ် ဉာဏ်ကြီးမို့လေး။

## စနေသက်ရောက်အဟော

စနေသက်ရောက်သဘောပြောရမယ်ဆိုရင် အပ်တွေ့ရမည်လို့ ဆိုပါတယ်ခင်ဗျား။ သားမယားတို့နှင့် ကွဲကွင်းရမည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမမှု ပွေရှုပ်မယ်၊ မနာလိုမုန်းထားသူများမည်၊ အိုးအိမ်မီးလောင်မည်၊ အကြံအစည်ပျက်မည်၊ အရောင်းအဝယ် ဆုံးပါးမည်၊ သူခိုး, ခိုးခံရမည်၊ စိတ်မချမ်းမသာမှု မကြာခဏ တွေ့ကြုံရမည်၊ ရာထူး လျှောကျ မည်၊ နေရာ ပြောင်းရွှေ့ရမည်၊ အနောက်တောင် အရှေ့မြောက် အသွားဆင်ခြင်ပါ၊ အဆိပ်ရှိသတ္တဝါ ကိုက်တတ်သည်။

မျက်စောင်းရှိန့်ထိန်လျှပ် မျိုးရေနတ်ရောက်ပါ ဇနက္ကလောင်းရာဇာ လေ့နာဝါ ပျက်ပြုန်း၊ သည်ကိန်းနှင့်ကြုံပြန်လျှင် မူတန်တန်ပွားနေကြတုန်း၊ အရောင်းနှင့်အဝယ် မှာကြောက်မက်ဖွယ်ရှောင်အုံး၊ မီးခိုးသူပျက်ပြုန်းလို့ ဆုံးတတ်လှအနေ၊ လကဆုန် ဝါခေါင်တွင်း မိန်းမခင်း ဖြစ်မြဲမသွေ၊ သူ့အရပ်ဂြိုဟ်နေကို ရှောင်ခါသွေ ယာယီပျက် ကယ်ကြောင့် ခြေလက်အနှာ တစ်သွယ်ပေးတတ်လှတယ်၊ ဂြိုဟ်ပါပအမှုကြွယ်ငယ် အန္တရာယ်များနိုင်ပလေး။

## ကြာသပတေး သက်ရောက်အဟော

သက်ရောက်ကြာသပတေးကတော့ ကောင်းပါတယ်ခင်ဗျား မြေ-မြင်း-မိန်းမ-မြ တစ်ခုခုရမည် ဆိုပါတယ်။ အိုးသစ် အိမ်သစ်ရမယ်။ အလုပ်အကိုင် အရောင်းအဝယ် အကြံအစည်အောင်မြင်မယ်။ မိန်းမထဲက မ-စမယ်။ ရာထူးတိုးတက်မယ် စိတ်ကြည်လင်မယ်။ အကြီးအမှူးဖြစ်မယ်။

ဆယ်ရပ်ခွင် ရောင်ခြည်စု ဂြိုဟ်ဂုရုရောက်သော် မင်းကု[illegible]အလောင်းတော် ဆွေကြင်ဖော်ယှဉ်နွှဲ၊ မယ်ပ[illegible]ဝတီကို ရ[illegible] သ[illegible] န်းသို့ကြုံခဲ့။ တပေါင်းတဲ့ရက် [illegible]ကဆုန် နွေ

www.burmeseclassic.com

www.burmeseclassic.com



ရောက်မြဲ၊ နေ့မကြာပြတ်မစဲ လာဘ်ခပဲဥသုံ၊ လှကညာ အပျို ပေါက်နောက်ရပ်က တွင်းစုတ်နှင့်ကြုံ၊ စနေထောင့်ရပ်ဘုံမှာ အချစ်ယုံမဝင်လွန်းနှင့် နှုတ်ခွန်းမျှမသာကြည် မိန်းမဖျက်မည်၊ သတိကိုဆောက်တည် စိတ်ကြံစည် မရိုင်းစေနှင့်လေး။

## ရာဟုသက်ရောက်အဟော

ရာဟုသက်ရောက် သဘောကို အကုန်ဟောရမှာဖြင့် မကောင်းသေးဘူးလို့ ဆိုပါတယ်။ စိတ်လေမည်၊ ချစ်ပြီးသော အဆွေခင်ပွန်းတို့နှင့် စိတ်ဝမ်းကွဲပြားမည်၊ အလုပ်အကိုင် အကြံ အစည် ပျက်ပြားမည်၊ ပြောဆိုသမျှ အရာမဝင်ဖြစ်မည်၊ မိန်းမကြီး မုဆိုးမတို့နှင့် ပတ်သက်၍ စကားများရမည်၊ မိန်းမမှုဖြစ်မည်၊ ကျွန်၊ ကျွဲ၊ နွားတို့နှင့် ပတ်သက်၍ အမှုတွေမည်။ စိတ်မငြိမ် သောကမီးလောင်ကျွမ်းမည်၊ အိမ်မှာ မနေလို ဟိုဟိုသည်သည် သွားလိုစိတ်ရှိမည်၊ ရာဟုဂြိုဟ်မှာ လေမုန်တိုင်းဂြိုဟ် ဖြစ်သော ကြောင့် ထိုဂြိုဟ်ဘေးမှကင်းလွတ်ရန် တန်ခိုးကြီးသောဘုရား ရာဟုထောင့်မှနေ၍ ရာဟုဂြိုဟ်မင်းကို အာရုံပြုကာ ရေသက်စေနှင့် ယပ်ကိုလှူပြီး လိုရာဆုကိုတောင်းပါ။

ဟိုင်းဆင်ပြောင် မုန်သောက်၊ သက်ရောက်သော်အခါ သွေနင်္ဂသူရာကို နုတ်ဣန္ဒာလျှင်ဖျက်၊ ဤကိန်းနှင့်ကြုံပြန်လာကာ စည်းစိမ်ဆုံးတတ်၊ အသက်ကာ ပိန်လှသည်အခါ၊ ပျောက်ဥ ဝင်ထွက် ရပ်ဌာန ဟိုအတွက်က မာန်အမျက်တွေအုံ ကြီးပြီမှ ချစ်ဆွေလင်ကွာကိန်းရမြင်၊ လာဘ်စုတ် ရောက်မည်၊ ဘာဏ်ဆင် ခြင် ဟောလေကွယ်လေး။

www.burmeseclassic.com

www.burmeseclassic.com



## သောကြာသက်ရောက်အဟော

သောကြာဂြိုဟ်မင်း သက်ရောက်ခြင်းကတော့ အကောင်းပဲ ဟောပါတယ် ခင်ဗျား။ မြောက်အရပ်က သောကြာသားသမီး မစမည်။ သို့မဟုတ် မိန်းမကြီးထဲက မစမယ်။ ဒါမှမဟုတ် မိန်းမရမည်လို့ ဆိုပါတယ်ခင်ဗျား။ သောကြာနံ ပစ္စည်းနှင့် ပတ်သက်၍ အကျိုးအမြတ် ခံစားရမည်။ အလုပ်အကိုင် အကြံ အစည် အောင်မြင်မည်။ မြင့်သောနေရာ မြတ်သောနေရာ ရောက်မည်။ လူချစ်လူခင်များမည်။ သောကြာဂြိုဟ်သဘော ကတော့ အကောင်းချည်း ဟောတာပါပဲခင်ဗျား။

မှန်မြူရီလွှန်သင်း ဂြိုဟ်ပူးမင်းဌာနီ၊ မယ်ဒွေးလုကြံ့ညီ သက်ဆံလည်ပျော်ပိုက်၊ သုခနေ့ဘုန်းလှိုင်မှာ ကြက်တူပြိုင် သည် ကိန်းနှင့်ဆိုက်၊ ကွမ်းခွက်နှင့်ထိုးစည်၊ ဘွဲ့အမည်သမိုက်၊ မိန် ရာသီအခါကြိုက်တွင်မှ သိုက်မြိုက်သည့် ကညာမြောက်ဒီသာ ရပ်ခြား လာဘ်ရည်းစားရတော့မည်သာ၊ ဆန်စပါးရတနာမှာ အခါခါရစမြဲပ၊ မှန်မလွဲကေန်သာ ဟောသင့်လှပါ၊ ရဟန်းမြတ်ဖြစ် လာလျှင် ရရန်သာ ရွှေကျောင်းပလေး။

## ဂြိုဟ်စားဟောပုံ

မိမိတို့အသက်ကိုတည်၊ မိမိနံဂြိုဟ်ရှိရာကစ၍ ဂြိုဟ်သက် အစဉ်အတိုင်းနုတ်၊ မနုတ်လောက်ရာတွင် ဂြိုဟ်စားသည်။ ဥပမာ ၃၉–နှစ်ရှိသော အင်္ဂါသားဆိုလျှင်၊ အင်္ဂါဂြိုဟ်သက် ၈–နှစ်၊ ဗုဒ္ဓဟူးဂြိုဟ်သက် ၁၇–နှစ်၊ စနေဂြိုဟ်သက် ၁၀–နှစ် ကြာသပ တေးဂြိုဟ်သက် ၁၉–နှစ်၊ မနုတ်နိုင် ကြာသပတေးဂြိုဟ်စားနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြာသပတေး ဂြိုဟ်သို့ လေးနှစ်ဝင်နေကြောင်း သိရသည်။ ကြာသပတေးဂြိုဟ်စားအတိုင်း ဟောရပေသည်၊ အခြားသောနေ့သားသမီးတို့ကိုလည်း ဗုဒ္ဓဟူးဖြစ်လျှင် ဗုဒ္ဓဟူးဂြိုဟ်ကိုစ၍ အစဉ်အတိုင်း လက်ယာရစ်ပြီး ဂြိုဟ်သက်စဉ်အတိုင်း နုတ်ရသည်။ မနုတ်နိုင်ရာ ဂြိုဟ်စားသည်။ အသက် ၃၉-နှစ်ရှိသော အင်္ဂါသားမှာ ကြာသပတေးဂြိုဟ်စားသည်။ ကြာသပတေးဂြိုဟ်သို့ လေးနှစ်ဝင်ကြောင်း တွက်ပြီး ပုံကိုကြည့်ပါ။ ကြက် ခြေလက္ခဏာမှာ စားသောဂြိုဟ်ကိုပြသည်။ တစ်ဖက်မှာ ကြည့်ပါ။ ကြာသပတေး ဂြိုဟ်စား။

| | | |
|---|---|---|
| တနင်္ဂနွေ ၆-နှစ် | တနင်္လာ ၁၅-နှစ် | အင်္ဂါ ၈-နှစ် |
| သောကြာ ၂၁-နှစ် | | ဗုဒ္ဓဟူး ၁၇-နှစ် |
| ရာဟု ၁၂-နှစ် | ကြာသပတေး ၁၉-နှစ် | စနေ ၁၀-နှစ် |

## တနင်္ဂနွေဂြိုဟ်စားဟောပုံ

တနင်္ဂနွေဂြိုဟ်စားရင် စိတ်မချမ်းသာမှုများမည်၊ ဥစ္စာပစ္စည်း ဆုံးရှုံးမည်၊ လူ့ယိမ်လူ့ကောက်ခံရမည်။ သူခိုး, ခိုးခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



မီးလောင်ခံရမည်။ ငွေကုန်ကြေးကျ များမည်၊ အကြံအစည် အလုပ်အကိုင် အရောင်းအဝယ် ပျက်စီးမည်။

## တနင်္ဂနွေဂြိုဟ်စား တေးထပ်

သူ့ရကံဖလ်စက် မှန်မပျက်စားရင် ရန်စနက်ပွားမြင် အများ ပင်ခနဲ ရွှေကျလို့ ငွေကကုန် နေရပုံအေးခွင့်မရ၊ ပူဒုက္ခ ရောဂါကွယ် ဟောရာဝယ်ဘဝ ကျွမ်းပူလောင်ဒေါ် သကြောင့်၊ ဗျာယနှင့်တွေ့ဟန်။ နေအိမ်ရာ ပြီးပြောင်လစ် မီးလောင်စစ်ကိန်း ရောက်ခဲ့ပြန်။ အရှေ့မြောက် ဒေသန်ကို၊ မနေမှန်ရှောင်ရှားမှ နောက်များခိုးသူတွေ ငြိစ်မယ်ပလေ။ ကျွမ်းတွက်ပုံ အခြေခံ မသွေမှန်ဆုံးကွယ့်လေး။

## တနင်္လာဂြိုဟ်စား ဟောပုံ

တနင်္လာဂြိုဟ်စားရင် စုတ်လာဘ်ရမယ်၊ လူချစ်လူခင်များ မယ်၊ အလှူအတန်း ပြုရမယ်၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာမယ်၊ အရောင်းအဝယ် သာယာမယ်။

## တနင်္လာဂြိုဟ်စား တေးထပ်

ဆန်းနဂိုကျွမ်းဆိုပြ စန်းဂြိုဟ်များစားရာ၊ ရွှေငွေနှင့်ထည် ပဝါ ကြည်အံသာမစဲ။ ရှေ့အရပ်က ဝင်စစ်မြင် ကြင်ချစ်ခင်ပေါလိမ့် မလွဲ။ ဥပဒ်နှင့် အန္တရာယ် ရန်မဆွယ်လွတ်မြဲ မှန်တကယ်မလွဲ သာပ လျှံခပဲခြွေရံ လာဘ်လာဘံ ဆိုသမျှ လိုမကများလိမ့်ဒေါ်နိ၊ အညီအလုကေဆံဝယ် ဆင်ပန်ရန် ခမျှာရမယ်လို့ ဆရာဝသည် ကိန်းဝင် ဟောချည့်ထင်ထင်၊ ဓေါပီတိမ္မနော၅ရွှင်အောင် သဘော တွင် မှတ်စမ်းတော့လေး။

www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါဂြိုဟ်စားဟောပုံ

အင်္ဂါဂြိုဟ်စားရင် သွေးထွက်သံယိုဖြစ်မယ်၊ သူခိုး,ခိုးခံရမယ်၊ လူလိမ်လူကောက် များမယ်၊ မနာလို မုန်းထားသူ ပေါများမယ်၊ မိန်းမနှင့်ပတ်သက်၍ အမှုအခင်းဖြစ် မည်၊ စိန်လက်စွပ်၊ ဓောင်း၊ ဆံစု တစ်ခုခုပျောက်မည်၊ ပျက်စီးမည်၊ ဆုံးရှုံးမည်၊ အင်္ဂါနံနှင့်ပတ်သက်၍ အမှုအခင်းဖြစ်ရမည်၊ အင်္ဂါနံ ကုန်ပစ္စည်းကို ရောင်းဝယ်ခြင်း မပြုလုပ်ရ။

## အင်္ဂါဂြိုဟ်စား တေးထပ်

ကေသရာဂြိုဟ်အကျ ခိုခဏာစားမူ၊ ချိုမလှအများမူ တစ်ပါးသူလွန်မုန်း၊ ချစ်သူမှ သွေဖောက်ရှောင်တယ်၊ သေလောက်အောင် ဆွေးလိမ့်နှလုံး။ ချုပ်နှောင်ဖွဲ့အမှုမြင့် ယခုပင် ရှောင်အုံး၊ မျိုးအဆွေစုရုံးလို့ ပြုကုန်းတိုက်ရန်ရှာ၊ ဒက္ခိဏာထို အရပ်ကိုဖြင့် ခိုမကပ်ယှင်းတော့မြန်စွာ၊ မပွင့်တဲ့တစ်မျက်နှာ ခက်ဗျာပါ ခံစားလို့ လုံခြားထိဘေးကိုမြင် ဆိုးတဲ့ကိန်းဝင်၊ နတ်စကျွ ပမာထင်ဆရာပင် ဟောလိုက်ကဲ့လေး။

## ဗုဒ္ဓဟူးဂြိုဟ်စားဟောပုံ

ဗုဒ္ဓဟူးဂြိုဟ်စားရင် ကိုယ်စိတ်ချမ်းသာမယ်၊ ရတနာရွှေငွေဝင်မယ်၊ မြေ–မြင်း–မိန်းမ ဝင်မယ်။ အရောင်းအဝယ် ရုံခါကောင်း၍ ရုံခါညံ့မယ်၊ အကြံအစည် အောင်မြင်မည်၊ တောင်အရပ်က လာဘ်ဝင်မည်၊ လူချစ်လူခင် များမည်။

## ဗုဒ္ဓဟူးဂြိုဟ်စား တေးထပ်

ငွေခံဒွန်ဂြိုဟ်များ ခိုးစားတဲ့အခါ၊ ပျိုထွားရဲ့ ကညာကို မကြာပဈကျက်ချင်း၊ မုချပြီး စုတ်ကောင်းဝင်မယ် ပုတ်ကြောင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ဟောတော့မယွင်း။ ထည်အဝတ်ဖြူ ဖွေးဖွေးစွာ သူပေးလာမကင်း၊ ပူဆွေးတာအရှင်းပ သတင်းကောင်းကျော်မယ်။ လာဘ်ပါဒေခြေစတု မသွေခုဖြိုးမောက်လို့ကြွယ်။ ဖာလ်မြေထု မိုးအောက်နယ်မှာ စိုးကြောက်ဖွယ် ရာမရှိပြီဟု ငါကဝိ ကိန်းအလာ ဟောတော့အခါ၊ စောင့်မငဲ့ မြတ်ဓာတာမှာ နတ်ယာမာ မတုံးမှိုလေး။

## စနေဂြိုဟ်ဟောပုံ

စနေဂြိုဟ်စားရင် လာဘ်လာဘ ဝင်ငွေနည်းမယ်၊ စိတ်မချမ်းသာဖြစ်ရမယ်၊ အမှုအခင်း၊ ကိစ္စအမျိုးမျိုး တွေ့ကြုံရမယ်၊ အိမ်နေရာပြောင်းရွှေ့မယ်၊ စနေနံနှင့် ပတ်သက်၍ စကားများမယ်၊ အမှုအခင်းတွေ့မယ်၊ ဆုံးရှုံးမယ်၊ ပျက်စီးမယ်၊ လူမုန်း များမယ်၊ စကားများမယ်၊ စကားအပြောအဆို ဆင်ခြင်ပါ၊ ရတနာသုံးပါး ဆည်းကပ်ပါ။

## စနေဂြိုဟ်ဗေးထပ်

ရေနာဂိန်ဂြိုဟ်ရောက် အိုကြောက်ဖွယ့်အခါ၊ ခိုဖောက်လဲမသာ ဖုထ်ပြိတ္တာနတ်စုန်း၊ နောက်ရပ်က ကံဆိုးဝင် ရန်ငြိုးပင်တွေ့ဦး၊ ပူဒုက္ခကိုးကုဋေ မျိုးအဆွေစုရုံး၊ ကြိုးပမာရစ်တုံးသို့ နှလုံးခုမကြည်၊ သတ်ခိုက်ရန်တကယ်များချည့်ငဲ့ နယ်တခြားမြေထွက်သင့်သည်။ ဒေဘက်ဖြင့်မလည် မြင့်အရှည်မကြာတွေ့မယ်လို့ ဇင့ာမွေ့ အသိဉာဏ်ဟောချက်ကမှန်၊ သဘောခက်ပုရိုက် အသိဉာဏ်စွဲလေတော့လေး။

www.burmeseclassic.com

www.burmeseclassic.com



## ကြာသပတေးဂြိုဟ်စားပောပုံ

ကြာသပတေးဂြိုဟ်စားရင် ကိုယ်စိတ်နှစ်ပါး ချမ်းသာမည်။ မြေ–မြင်း–မိန်းမ ဝင်မည်၊ အကြံအစည် အောင်မြင်မည်၊ လာဘ်လာဘဝင်မည်၊ အကြီးအကဲဖြစ်မည်၊ ကောင်းသတင်း ကျော်စောမည်။

## ကြာသပတေးဂြိုဟ်တေးထပ်

ဂြိုဟ်ရာဇာဇိဝ အညီကျစားမူ၊ ပထိလှစကားမယွင်း မြင်ပါလျှင် ယဉ်ကညာနွဲ့နှောင်း၊ စန်းနှစ်ပွင့်တန်ခိုးထန်တယ် အမျိုးမှန်ရလိမ့်စုတ်ကောင်း၊ ရွှေငွေများဇာဘရာ၊ ရဇာဘာ တစ်ကြောင်း၊ ရတနာလာဘ်ကောင်း ထပ်လောင်းဆင့် ဝတ်တန်ဆာ ရလိမ့်မည်သာ၊ သွေမဆုတ်သာပ ကေဝုစ်ပောသင့်လှပါ၊ မြိန်ဩဇာ အရသာမှာ လှပစွာ မသွေသင့်ပါလိမ့်၊ ငွေနှစ်ပွင့် စန်းယုန်လွှာ ထွန်းတောက်သည့်အခါ၊ သွေမပျက်ပ ငွေစက်လွှာကို ရွှေမျက်နှာ ပွင့်လန်းပါလိမ့်လေး။

## ရာဟုဂြိုဟ်စားပောပုံ

ရာဟုဂြိုဟ်စားရင် ငွေကုန်ကြေးကျများမည်၊ စိတ်လေလွင့်မည်၊ စိတ်ဆင်းရဲမည်၊ အကြံအစည်ပျက်မည်၊ ရောဂါဝေဒနာရမည်၊ အရောင်းအဝယ် ဆုံးရှုံးမည်၊ တိရစ္ဆာန် ကျွဲ နွားနှင့်ပတ်သက်၍ အမှုအခင်း ဖြစ်ရမည်၊ ရတနာသုံးပါး ဆည်းကပ်ပါ။

## ရာဟုဂြိုဟ်စားတေးထပ်

တိုင်းမကြားဟိုင်ရာဟု နှိုင်းစာမှုအမှန်၊ ခိုမှားလို့ ဂြိုဟ်စားပြန်လျှင် ကိုယ်ယားယံမလွဲ၊ သက်ဆုံးခွင့်ကြိမ်ပေလာ စိတ်ထွေ ယွာကို

www.burmeseclassic.com



တော့အမြဲ၊ ရွှေအဆက်ငွေဘက်ပြောင် နေ့စက်ရောင် နှောက်အောင် ပူစွဲလို့ တစ်ခုထဲလေ့နှာ၊ ဂြိုဟ်ရပ်ခွင် မရှောင်ရှားလျှင်ဖြင့် နှောင်မှားတွေ့ လိမ့်မြန်စွာ၊ ခေါင်ထားဂြိုဟ်ကိန်းအလာ တိမ်းစရာ ဘယ်မရှိပြီဟု ယာယ်ပရိကျမ်းအလို ဟောလိုက်သည်ကို၊ သဘော ကြိုက် ဖြေကြားဆိုမယ်၊ ရွှေနားချို့ ဆင်ကုံးကွယ့်လေး။

## သောကြာဂြိုဟ်စားဟောပုံ

သောကြာဂြိုဟ်စားရင် အကြံအစည် အောင်မြင်မည်၊ လာဘ်လာဘရွှင်မည်၊ အကြီးအကဲဖြစ်မည်၊ လူချစ်လူခင်များမည်၊ ပြောဆိုတိုင်းအောင်မြင်မည်၊ စိတ်နှလုံး ချမ်းသာမည်၊ အခြွေအရံ ကျေးကျွန်တို့ ဝင်ရောက်မည်၊ မြောက်အရပ်က အကြီးအကဲဖြစ်သူ မိန်းမထံက မ,စအံ့။

## သောကြာဂြိုဟ်စားဆေးထပ်

ရောက်မကြာ မြောက်ညာမို့ သောကြာမို့စားမူ၊ ထောက်စာ လို့သနားကူ တစ်ပါးသူချစ်ကိန်း၊ ကျေးကျွန်နှင့် မြင်းနွားဆင် သွင်းကြွားဝင်ပါလိမ့်။

## ဂြိုဟ်ပျက်တွက်ပုံ

ဂြိုဟ်ပျက်ကို ထွက်လိုလျှင် မိမိတို့၏ စားသော ဂြိုဟ်တွင် ဝင်ကိန်းနှစ်ကိုတည်၊ စားသောဂြိုဟ်၏ ကိန်းစိတ်နှစ်လအားနှင့် အစဉ်အတိုင်းနုတ် မနုတ်နိုင် ရာဟုဂြိုဟ်ပျက်၏၊ ကိန်းစိတ် နှစ်၊ လ၊ ရက် ပုံစံကြည့်–

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၀ နှစ် ၉ လ ၀ ရက် | ၁ နှစ် ၁၀ လ ၁၅ ရက် | ၁ နှစ် ၀ လ ၀ ရက် |
| ၂ နှစ် ၇ လ ၁၅ ရက် | | ၂ နှစ် ၁ လ ၁၅ ရက် |
| ၁ နှစ် ၆ လ ၀ ရက် | ၂ နှစ် ၄ လ ၁၅ ရက် | ၁ နှစ် ၃ လ ၀ ရက် |

## ကိန်းစိတ်တွက်ပုံ

တနင်္ဂနွေဂြိုဟ်သက် ၆ နှစ်ကိုတည်၊ ၈ ခုစားလဒ်ကား နှစ်အကြွင်းကို ၁၂ ခု မြှောက်၊ ၈ ခုစား လဒ်ကား လဖြစ်၏။ အကြွင်းကို ၁၀ မြှောက်၊ ၈ ခုစား လဒ်ကား ရက် ဖြစ်၏။ တနင်္လာ, အင်္ဂါ, ဗုဒ္ဓဟူးဂြိုဟ် စသည်တို့ကိုလည်း ၎င်းအတိုင်း မြှောက်ခြင်း စားခြင်း ပြုသွားပါက အထက်ပါ တက်ထားပြီး ကိန်းစိတ် နှစ်, လ, ရက် အတိုင်းဖြစ်သည်။

ဂြိုဟ်ပျက် တွက်ပုံကို ပြပေအံ့ – အသက် ၃၉ နှစ်ရှိသော အင်္ဂါသားကို ဂြိုဟ်ပျက်တွက်ရာ အင်္ဂါသား ဖြစ်သောကြောင့် အသက် ၃၉ နှစ်တွင် အင်္ဂါ ၈–နှစ်၊ ဗုဒ္ဓဟူး–၁၇၊ စနေ ၁၀– နုတ်သော် ၄–နှစ် ကြာသပတေးဝင်ကြောင်း သိရပေသည်။ ၎င်းကိန်းဝင် ၄–နှစ်ကိုတည်။ ကြာသပတေးကိန်းစိတ် ၂ နှစ် ၄–လ ၁၅–ရက်နုတ် နောက် ရာဟု ၁–နှစ် ၆–လ ၀–ရက်

www.burmeseclassic.com



နတ်သော် ကြာကိန်းစိတ် နှစ် လ ရက် မနတ် နိုင်သောကြောင့် သောကြာမှာ ဂြိုဟ်ပျက်ကြောင်း သိရသည်။

## တွက်ပုံကြည့်ပါ

၃၉
၈ အင်္ဂါ
———
၃၁
၁၇ ဗုဒ္ဓဟူး
———
၁၄
၁၀ စနေ
———
၄–ကိန်းဝင်နှစ်

၄–ကိန်းဝင်နှစ်
၂–၄–၁၅ ကြာသပတေး
———
၁–၇–၁၅
၁–၆–၀ ရာဟု
———
၀–၁–၁၅

သောကြာ မနတ်နိုင်သောကြောင့် သောကြာဂြိုဟ်ပျက်ကြောင်း သိရသည်။

အထက်က နည်းအတိုင်း အခြားသောနေ့ သားသမီးတို့ကိုလည်း တွက်ယူ သွားနိုင်သည်။

## တနင်္ဂနွေဂြိုဟ်ပျက် ဟောပုံ

တနင်္ဂနွေဂြိုဟ်ပျက်ရင် ရန်များမယ်။ ချစ်သူနဲ့ ကွဲရမယ် အရောင်းအဝယ်ပျက် မယ်။ ကျေးကျွန်ကျွဲနွားတို့နှင့် ပတ်သက်၍ စကားများရမယ်၊ တနင်္ဂနွေနံပစ္စည်းနှင့် ပတ်သက်၍ အကျိုးမခံစားရ။

www.burmeseclassic.com

www.burmeseclassic.com



## တနင်္လာဂြိုဟ်ပျက် ဟောပုံ

တနင်္လာဂြိုဟ်ပျက်ရင် ချစ်ခင်သူများမယ်၊ အလုပ်အကိုင်အကြံအစည် အောင်မြင်မယ်၊ လာဘ်လာဘ ရွှင်လန်းမယ်၊ အရှေ့အရပ်က ချစ်သူတွေ့မယ်။

## အင်္ဂါဂြိုဟ်ပျက် ဟောပုံ

အင်္ဂါဂြိုဟ်ပျက်ရင် ပစ္စည်းဆုံးပါး ပျောက်ပျက်ရမည်။ အမှုအခင်းများဖြစ်ရမည်။ ကျေးကျွန် နွား ထွက်ပြေးမည်။

## ဗုဒ္ဓဟူးဂြိုဟ်ပျက် ဟောပုံ

ဗုဒ္ဓဟူးဂြိုဟ်ပျက်ရင် မိန်းမရမယ်၊ ကျေးကျွန်းအခြွေအရံတို့ဝင်ရမယ်။ ကျွဲနွားများ ဝင်ရမည်။

## စနေဂြိုဟ်ပျက် ဟောပုံ

စနေဂြိုဟ်ပျက်ရင် မိန်းမအတွက်နှင့်ပတ်သက်၍ အမှုအခင်းဖြစ်ရမယ်။ အရောင်း အဝယ်ပျက်မယ်။ မလိုမုန်းထားသူပေါ်မယ်။ အကြံအစည် ပျက်စီးဆုံးရှုံးရမည်။

## ကြာသပတေးဂြိုဟ်ပျက် ဟောပုံ

ကြာသပတေးဂြိုဟ်ပျက်ရင် အနောက်အရပ်က လာဘ်ကြီးဝင်ရမယ်။ မြေ, မြင်း, မိန်းမရမယ်။ သူတစ်ပါးထက် အကြီးအကဲဖြစ်မယ်။

## ရာဟုဂြိုဟ်ပျက် ဟောပုံ

ရာဟုဂြိုဟ်ပျက်ရင် အနောက်မြောက်အရပ်က မိန်းမနှင့်ပတ်သက်၍ စကားများရမယ်။ စိတ်မတည်ကြည်ခြင်း ဖြစ်ရမယ်။ ကျွဲနွားအတွက် စိတ်သောကရောက်း ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



## သောကြာဂြိုဟ်ပျက် ဟောပုံ

သောကြာဂြိုဟ်ပျက်ရင် စိတ်ချမ်းသာမယ်၊ မြောက်အရပ် ကလာဘ်ရမယ်၊ အကြံအစည် အလုပ်အကိုင် အောင်မြင်မယ်၊ ရောဂါအန္တရာယ် ကင်းရှင်းရမယ်၊ လူချစ်လူခင် များရမယ်။

## (မှတ်ချက်)

ဂြိုဟ်ပျက်သောအခါ မိမိမွေးနံနှင့် ရန်ဖြစ်သည်။ ဥဒါသိန် ဖြစ်သည်။ မိတ်ဖြစ်သည်ကို ဆင်ခြင်ဟောရမည်။

## ဂြိုဟ်အိမ်အဟော

မည်သည့်ဇာတာမဆို ဂြိုဟ်တစ်ခွင်တည်း၌ သက်ရောက် ဂြိုဟ်စားတူမှ တိုက်ဆိုင်သောအခါကာလတွင် ဟောရန်တေးထပ် တူဟန်ကား တနင်္ဂနွေဂြိုဟ်အိမ်- စသည်၌ သက်ရောက်ဂြိုဟ် ရောက်တူသည်ကိုသာ ဆိုသည်မှတ်လေ။

## တနင်္ဂနွေဂြိုဟ်အိမ်တေးထပ်

ဥဏ္ဏာဂူမူလနှင့် ကောဇာက သူရကန်၊ ဂြိုဟ်နှစ်ခု တူစုံလျှင် ပူလှုံနေမင်း၊ ပညာမှု လာခုဖွယ် ဗျာထုကြွယ် ခိုက်ရန်ကကြီး၊ ငယ်သူကြောင့် ရတက်ပိုတယ်၊ အမျက်ကိုမဆီး၊ အရှက်ကိုတသီးပ၊ ဓနီးနှင့်လမ်းသွယ်၊ ကွဲမယောင် ကွာမတဲ့လို့၊ ငါကပဲ ကြံတတ် လှတယ်၊ ကိုယ်အေးလို့ စိတ်ဆွေးတယ်၊ မိတ်မေးဝယ် ပျောက်ဘူးပ၊ ဖြောင့်စူးသို့သွင်ပမာ၊ စိုးရဗျာပါ၊ ပူသမျှ ဖြေမသာတယ်၊ နေ နှစ်ဖြာတောက်ထွန်းလို့လေး။

## တနင်္လာဂြိုဟ်အိမ်တေးထပ်

ငွေသော်တာ ယုန်မင်းတို့၊ တစ်ခွင်ချင်းယှဉ်ကာ၊ သွင် မယွင်းမြင်ပါလျှင်၊ ယဉ်ကညာ နွဲ့နှောင်း၊ စိန်းနှစ်ဖူး တန်ခိုးထန်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အမျိုးမှန် ရလိမ့်စုတ်ကောင်း။ ရွှေ ငွေ မြ ဇာတာ၊ ရစရာတစ်ကြောင်း၊ ရတနာလာဘ်ကောင်းနှင့် ထပ်ဆောင်းဆင့်ဝတ်တန်ဆာ၊ ရလိမ့်မည်မသွေဟုတ်သာပ၊ ဧကဝုစ်ဟောသင့်လှပါ၊ မြိုက်ဩဇာအရသာမှာ၊ လှပစွာ မသွေသင့်ပါလိမ့်၊ ငွေနှစ်ပွင့်စန်းယုန်လွှာ ထွန်းတောက်သည့်ခါ၊ သွေမပျက်ပ ငွေခက်လွှာလို၊ ရွှေမျက်နှာ ပွင့်လန်းပါလိမ့်လေး။

## အင်္ဂါဂြိုဟ်အိပ်တေးထပ်

ဒေသစာခွင်ကြွလို့၊ မင်းခြသေ့်ကေသရာ တစ်ဂူတည်းစံပါလျှင် ရန်အိုတာမလွှ၊ သွေးလေကြောင့် ဖြေမသာတယ် ဝေဒနာ စွန်းငြိလေမြဲ။ ပူသောက နှောင့်ဗျာပါ၊ ကြောင့်ကြရာတကွဲ၊ ထောင့်ပါပ ဂြိုဟ်မွှေလို့ အိုစေဖို့ဖန်လာ၊ မွေ့ပလေ ဖြေမရနိုင်ဘု၊ နေတမျှ ကဲမှောက်လို့သာ၊ မွှေလိုက်တဲ့ဂြိုဟ်ဒုက္ခာငယ်၊ အိုဆုတ်ခွာ ရှောင်သူ ကွင်းပါမှ၊ လောင်ပူပြင်း ဝေဒနာကင်းပျောက်မည်သာ၊ ရွှေခြသေ့်မူနှစ်ဖြာ တစ်ဂူသာ စံခိုက်မို့လေး။

## ဗုဒ္ဓဟူးဂြိုဟ်အိပ်တေးထပ်

မူဇာတာ ဆင်မြတ်နှင့် ကောဇာရုပ် ဆဒ္ဒန်၊ နေ့သမတ်ထပ်ပြန်လျှင် လာဘ်ဝင်ပေငွေမိုး၊ ခြိမ့်မစဲပ ထိန်မည်းလျှံတယ်၊ ခြိမ့်သဲဉာဏ်သွန်းရွှာလို့ဖြိုး၊ ရွှေ ငွေမြဂေါမုတ္တာ ပေါဥစ္စာမည်းကျော်ဟုတ်စွာ ဆက်ဖြိုးလို့ တက်လိမ့်တိုးရတနာ၊ တောင်းကျွဲရုပ်တကျေးက၊ ဆံပတ်ကလေး လာဘ်မနေး ရတေ့မည်သာ။ သားဥပဒ် အန္တရာယ်မှာ စင်ကြယ်စွာ ကံယ်မှာရှိပါလိမ့်၊ ခင်းသတ္တိ

www.burmeseclassic.com



ဖြူစွယ်စုံ ထွန်းစက်နှင့်ကြုံ၊ ယောကျ်ားပ ငါတစ်ဒုဏ်၊ ဘာမဖြို့ ကြောက်ဘူးပေါ့လေး။

### စနေဂြိုဟ်အိပ်တေးထပ်

ဘူဇဂါနာဂဆိုက် ကာလကြိုက်ဟောမယ်၊ ဗျာရရိုက်သော ကြွယ်သဘောဝယ် ပိုက်စမ်း၊ မြွေမင်းတဲ့စနေဂြိုဟ်မသေလို ထူးကဲ့ ကံစွမ်း၊ တစ်ဆိတ်မှ မှိတ်မပျော်တယ် စိတ်ထွေထွေရောင်ရမ်း၊ ကြိတ်လေလေ လောင်နွမ်းလို့ မောင်မချမ်းပူပုံ၊ ပွေပလေဖြေ မရနိုင်ဘု မြွေနာဂထွန်းခိုက်နှင့်ကြုံ၊ မိန်းမမူ ကိန်းခုဆုံတယ်၊ ဒိမ်းပြုပုံခင်တစ်ပါး ကြောင့်၊ ထင်ရှားလိပ်ပုံသေသော ရှက်ဖွယ်နှင့်သော ကြေးငွေကျ ကုန်တာမှာ၊ သုံးဆယ် ရာဇောင်သောင်း။

### ကြာသပတေးဂြိုဟ်အိပ်တေးထပ်

ဂုရုဂြိုဟ် ကြွက်မင်းတို့၊ ကွက်တည်းခြင်းကြုံလာ၊ ရှက်စီးနှင်း ဆုံပါလျှင် ဂုဏ်တေဇာပွင့်လန်း၊ ရွှေ ငွေ မြ ကလျာ ရစရာ ထူးတဲ့လာဘ်ဆန်း။ ဆင်မြင်းနှင့် အသုံထိုက်ရဲ့ ကျွဲနွားဆိုတစ်ခန်း၊ နည်းများကို မဆန်းနှင့် မှန်းလိုက်တိုင်းမေါက်တယ်၊ ကျော်အသံ ဘော်လျှံကဲအောင်ပ ဖော်ရန်စဲနွဲ့စေဖို့ချယ်၊ သက်နှင်းက လက်ငင်း သွယ် ကြွက်မင်းဝယ်ယှဉ်ခိုက်မို့၊ ယှဉ်လိုက်တဲ့ မှန်ကညာ စွဲလိမ့်မြန်စွာ၊ ဂြိုဟ်ဂုရုဆိုရှာတယ်၊ လိုမှုရာ အောင်ပြီပလေး။

### ရာဟုဂြိုဟ်အိပ်တေးထပ်

အသူရိန် မိုးနတ်သို့ စိုးမုတ်တဲ့ဗိမာန်၊ ခိုးလျှပ်နှင့် ထိမ်ပြန် လျှင် လူနတ်လုံ ပူရေး၊ သိကြားနှ ပတားသာတယ် ဘုရားဘဂဝ တိမ်းရှောင်ရသေး။ သခွတ်ပွင့် သူ့အခါ မတွေ့သာဘက်ဝေး၊

www.burmeseclassic.com

www.burmeseclassic.com



တစ်လူ့ရွာခက်သေးမို့ ပျက်ခွေးသို့တွေ့ကြုံ၊ ဆိုးတကာ လွန်စွာဆုံး ကွန်ချာရုံးဖုံးအုပ်လို့ခြုံ၊ သူရိန်နတ် သူဆိုးပုံကို လူမျိုးစုံကုန်ငြင့် ရုဏ်ရှိတဲ့ ပါပဂြိုဟ် စီးခိုက်မို့ညှိုး၊ ကျန်းမာစ အကြောင်းဆိုမယ်၊ မကောင်းဆိုကုန်ဟော ပါတော့လေး။

## သောကြာဂြိုဟ်အိပ်တေထပ်

သောမမည်ဂြိုဟ်ထူးမှတ် ကြူးမြတ်တဲ့သောကြာ၊ ပူးနတ်ကွယ့်ရောက်ရာကို ထောက်စာနာရှုဦး၊ တစ်ခွင်တည်းပ ယှဉ်မှီလာလျှင် ယင်းနည်းမှာ ဟောလို့မဆုံး၊ ခြေနှစ်ချောင်းနှင့် စုတ်ကောင်းစင်တယ် မိတ်ကောင်းပင်အလုံး၊ စိတ်ပြောင်းရင် ချိုပြုံးနှင့်ဆယ့်သုံးနှစ်တစ်ဆယ်ကျော်၊ အရွယ်မှန် ကညာလေးကို၊ ကြာမနေးရကိန်းကပေါ်၊ မြင်းနွားရွှေငွေပေါ်မှာ၊ စွမ်းနော် တန်ဆောင်မိုးလိုပ်၊ ဖြိုးမောက်လို့ ခါခါတင် ထူးတဲ့စုတ်ဝင်၊ လမ်းမကြီး ခရီးမြင်တယ်၊ ခနီးရှင် သူဆွဲပါလိမ့်လေး။

## ဒသာတွက်ပုံ

ဒသာတွက်ပုံမှာ ရှေးဦးစွာ တနင်္ဂနွေကစပြီး သောကြာခွင်ရောက်အောင် သည်လက်ာနှင့် ဂနိုင်မြိုင်နန်း၊ ကူးသန်းမည်သူ ညည်းညူ–သံညောင်း၊ လှည့်နှောင်း–တောင်နေ၊ ဘောမေဗုဒ္ဓါ ၄၀–သာတည်း။ သောရိဇိဝါ၊ ၂၀–သာတည်း၊ လင်္ကာအတိုင်း ဂဏန်းရေးသွင်းရသည်။ ရေးသွင်းပြီးသော် ကိန်းသေကို အောက်မှာကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## သက်ရောက်နှင့်နာရီကိန်း

| | | |
|---|---|---|
| တနင်္ဂနွေ ၂၀ | တနင်္လာ ၅၀ | အင်္ဂါ ၂၆ ၄၀ |
| သောကြာ ၇၀ | | ဗုဒ္ဓဟူး ၅၆ ၄၀ |
| ရာဟု ၄၀ | ကြာသပတေး ၆၃ ၂၀ | စနေ ၃၃ ၂၁ |

### မှတ်ချက်

အထက်ပါဇယားတွင် အပေါ်ဂဏန်းကား ရက်၊ အောက်ဂဏန်းမှာ နာရီ ဖြစ်သည်။ တနင်္ဂနွေ၊ တနင်္လာ၊ ရာဟု၊ သောကြာမှာ နာရီမပါ ရက်သက်သက်ယူရသည်။ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ကြာသပတေးတို့မှာ ရက်၊ နာရီ ရှိသည်။

အထက်ပါ ရက်နှင့်နာရီကိန်းပုံ ကြည့်သောအားဖြင့် တစ်နှစ် တစ်ခွင်ကျသွားသော သက်ရောက်ဂြိုဟ်တို့သည် တစ်နှစ်လုံး ပါပဂြိုဟ်ခွင်၌ သက်ရောက်နေသော်လည်း တစ်နှစ်လုံး ညံ့သည်မဆိုနိုင်။ သောမဂြိုဟ်ခွင်၌ သက်ရောက်နေသော်လည်း တစ်နှစ်လုံး ကောင်းသည်လို့ မဆိုနိုင်။ အဘယ့်ကြောင့် တနင်္ဂနွေ

www.burmeseclassic.com



သက်ရောက်လျှင် ရက်ပေါင်း ၂၀ ညှံ့သည် ဆိုရမည်။ တနင်္လာ သက်ရောက်သော် ရက်ပေါင် ၅၀ ကောင်းသည် ဆိုရမည်။ အင်္ဂါသက်ရောက်လျှင် ၂၆ ရက် နာရီ ၄၀ အတွင်း ညှံ့သည် ဆိုရမည်။ သက်ရောက်ရက် နာရီကိန်းကို ပြန်ကြည့်ပါက သဘောကို သိရပါလိမ့်မည်။ ပြခဲ့သော ရက်၊ နရီကိန်းပုံကို မှတ်ထားပါဦး။

## ဒသာဇယားရှစ်တန့်တွက်ပုံ

တနင်္ဂနွေဂြိုဟ်သက် ၆–နှစ်ကိုတည်၊ အထက်က ပြခဲ့သော တနင်္ဂနွေ၏ ရက် ကိန်း ၂၀ နှင့်မြှောက်၊ ၃၆၀ စားလဒ်ကား နှစ်ဖြစ်သည်။ အကြွင်းကို ၃၀ စားလဒ်ကား လဖြစ်သည်။ အကြွင်း ရက်ဖြစ်သည်။ တနင်္ဂနွေအတွက်။

တနင်္ဂနွေဂြိုဟ်သက် ၆–နှစ်ကိုတည်၊ တနင်္လာအတွက် ရက်မြှောက်ခြေ ၅၀ နှင့် မြှောက်ရသောကိန်းကို ၃၆၀ စားလဒ်နှစ်။ အကြွင်းကို ၃၀ စားလဒ်ကား လ ဖြစ်သည်။ အကြွင်းရက်ဖြစ်သည်။ တနင်္လာအတွက်။

တနင်္ဂနွေဂြိုဟ်သက် ၆–နှစ်ကိုတည်၊ အင်္ဂါအတွက် ရက် မြှောက်ခြေ ၂၆ နှင့် မြှောက်၊ မြှောက်ရကိန်း ၃၆၀ စားလဒ်ကား နှစ်ဖြစ်သည်။ အကြွင်းကို ၃၀ စားလဒ် ကား လဖြစ်သည်။ မှတ်ထားပါဦး။ တနင်္ဂနွေဂြိုဟ်သက် ၆ နှစ်ကိုတည်၊ အင်္ဂါအတွက် နာရီကိန်းကိုတည်၊ တစ်ရက်၏နာရီ ၆၀ စားလဒ်ကား ရက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အကြွင်း နာရီဖြစ်သည်။ ယခင်က မှတ်ထားသော နှစ် လဒ္ဓ စဉ်ထား။ အင်္ဂါအတွက်။

တနင်္ဂနွေဂြိုဟ်သက် ၆ နှစ်တည်၊ ဗုဒ္ဓဟူးတွက် ရက်မြှောက်ခြေ ၅၉ နှင့် မြှောက်၊ မြှောက်ရကိန်းကိုတည် ၃၆၀ စားလဒ်ကားနှစ်၊ အကြွင်း ၃၀ စားလဒ်ကား လဖြစ်၏။ မှတ်ထားပါဦး။ ယခင်က တနင်္ဂနွေဂြိုဟ်သက် ၆ နှစ်ကိုတည် ဗုဒ္ဓဟူး အတွက် နာရီမြှောက်ခြေ ၄၀နှင့်မြှောက် တစ်ရက်၏ နာရီ၆၀ နှင့် စားလဒ်ကား ရက်ဖြစ်သည်။ အကြွင်း နာရီဖြစ်သည်။ ယခင်က မှတ်ထားသော နှစ်လတွင် အောက်စဉ်ထား။ စနေအတွက်။

တနင်္ဂနွေဂြိုဟ်သက် ၆ နှစ်ကိုတည်၊ စနေအတွက်ရက်မြှောက်ခြေ ၃၃နှင့် မြှောက်၊ မြှောက်ရကိန်းတည် ၃၆၀ စားလဒ်ကားနှစ်၊ အကြွင်းကို ၃၀ စားလဒ်ကား လဖြစ်သည်။ မှတ်ထားပါဦး။ တနင်္ဂနွေဂြိုဟ်သက် ၆ နှစ်ကိုတည် စနေအတွက် နာရီမြှောက်ခြေ ၂၀ နှင့်မြှောက်၊ တစ်နေ့အတွက် နာရီ ၆၀နှင့် စားလဒ်က ရက်ဖြစ်သည်။ ယခင်က မှတ်ထားသော နှစ်လတွင် အောက်စဉ်ထား။ စနေအတွက်။

တနင်္ဂနွေဂြိုဟ်သက် ၆ နှစ်ကိုတည်၊ ကြာသပတေးအတွက် ရက်မြှောက်ခြေ ၆၃ မြှောက်၊ မြှောက်ရသော ကိန်းကိုတည်၃၆၀ စားလဒ်ကား နှစ်၊ အကြွင်းကို ၃၀ စားလဒ်ကား လဖြစ်သည်။ မှတ်ထားပါဦး။ တနင်္ဂနွေဂြိုဟ်သက် ၆ နှစ်ကိုတည် ကြာသပတေး အတွက် နာရီမြှောက်ခြေ ၂၀ နှင့်မြှောက်၊ တစ်နေ့အတွက် ၆၀ နှင့် စားလဒ်ကား ရက်ဖြစ်သည်။ အကြွင်းနာရီဖြစ်သည်။ ကြာသပတေးအတွက်။

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေဂြိုဟ်သက် ၆နှစ်ကိုတည်၊ ရာဟုအတွက်ရက် မြှောက်ခြေ ၄၀ နှင့် မြှောက်၊ မြှောက်ရကိန်းကို ၃၆၀ စားလဒ်ကား နှစ်၊ အကြွင်း ၃၀ စားလဒ်ကား လ ဖြစ်သည်။ အကြွင်း ရက်ဖြစ်သည်။ ရာဟုအတွက်။

တနင်္ဂနွေဂြိုဟ်သက် ၆ နှစ်ကိုတည်၊ သောကြာအတွက် ရက်မြှောက်ခြေ ၇၀ နှင့်မြှောက်၊ မြှောက်ရကိန်း ၃၆၀ စားလဒ်ကား နှစ်ဖြစ်သည်။ အကြွင်းကို ၀ စား လဒ်ကား လဖြစ်သည်။ အကြွင်းကား ရက်ဖြစ်သည်။ သောကြာအတွက်။

တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး စသော ဒသာဇယားများကိုလည်း တနင်္ဂနွေဇယားတွက် နည်းအတိုင်းတွက်ပြီး ဇယားပြုလုပ်သွားပါက တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး စသော ဒသာဇယားတို့ ဖြစ်သည်။ အောက်တွင် ဒသာဇယားတွက်ပြီး ကိန်းသေကိုကြည့်ပါ။

### တနင်္ဂနွေဒသာဇယား

| ဂြိုဟ်စဉ် | ၁ | ၂ | ၃ | ၄ | ၀ | ၅ | ၈ | ၆ |
|---|---|---|---|---|---|---|---|---|
| နှစ် | | | | ၁ | | ၁ | | |
| လ | ၄ | ၁၀ | ၅ | ၁၁ | ၆ | ၇ | ၈ | ၂ |
| ရက် | ၀ | ၀ | ၁၀ | ၁၀ | ၂၀ | ၂၀ | ၀ | ၀ |

www.burmeseclassic.com

www.burmeseclassic.com



## တနင်္လာဒသာဓယား

| ဂြိုဟ်စဉ် | ၂ | ၃ | ၄ | ၀ | ၅ | ၈ | ၆ | ၁ |
|---|---|---|---|---|---|---|---|---|
| နှစ် | ၂ | ၁ | ၂ | ၁ | ၂ | ၃ | ၂ | ၀ |
| လ | ၁ | ၀ | ၄ | ၄ | ၇ | ၈ | ၁၁ | ၁၀ |
| ရက် | ၀ | ၁၀ | ၁၀ | ၂၀ | ၂၀ | ၀ | ၀ | ၀ |

## အင်္ဂါ ဒသာဓယား

| ဂြိုဟ်စဉ် | ၃ | ၄ | ၀ | ၅ | ၈ | ၆ | ၁ | ၂ |
|---|---|---|---|---|---|---|---|---|
| နှစ် | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၁ |
| လ | ၇ | ၃ | ၈ | ၄ | ၁၀ | ၆ | ၅ | ၁ |
| ရက် | ၃ | ၃ | ၆ | ၂၆ | ၂၀ | ၂၀ | ၁၀ | ၁၀ |
| နာရီ | ၂၀ | ၂၀ | ၄၀ | ၄၀ | ၀ | ၀ | ၀ | ၀ |

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးဒသာဇယား

| ဂြိုဟ်စဉ် | ၄ | ၀ | ၅ | ၈ | ၆ | ၁ | ၂ | ၃ |
|---|---|---|---|---|---|---|---|---|
| နှစ် | ၂ | ၁ | ၂ | ၀ | ၃ | ၀ | ၂ | ၁ |
| လ | ၈ | ၆ | ၁၀ | ၁၀ | ၃ | ၁၁ | ၄ | ၃ |
| ရက် | ၃ | ၂၆ | ၂၆ | ၂၀ | ၂၀ | ၁၀ | ၁၀ | ၃ |
| နာရီ | ၂၀ | ၄၀ | ၄၀ | ၀ | ၀ | ၀ | ၀ | ၂၀ |

စနေဒသာဇယား

| ဂြိုဟ်စဉ် | ၀ | ၅ | ၈ | ၆ | ၁ | ၂ | ၃ | ၄ |
|---|---|---|---|---|---|---|---|---|
| နှစ် | ၀ | ၁ | ၁ | ၁ | ၀ | ၁ | ၀ | ၁ |
| လ | ၁၁ | ၉ | ၁ | ၁၁ | ၆ | ၄ | ၈ | ၆ |
| ရက် | ၃ | ၃ | ၁၀ | ၁၀ | ၂၀ | ၂၀ | ၂၆ | ၂၆ |
| နာရီ | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄၀ | ၄၀ |

www.burmeseclassic.com

www.burmeseclassic.com



## ကြာသပတေးဒသာစယား

| ဂြိုဟ်စဉ် | ၅ | ၈ | ၆ | ၁ | ၂ | ၃ | ၄ | ၀ |
|---|---|---|---|---|---|---|---|---|
| နှစ် | ၃ | ၂ | ၃ | ၁ | ၂ | ၀ | ၂ | ၁ |
| လ | ၄ | ၁ | ၈ | ၀ | ၇ | ၄ | ၁၁ | ၉ |
| ရက် | ၃ | ၁၀ | ၁၀ | ၂၀ | ၇၀ | ၂၆ | ၂၆ | ၃ |
| နာရီ | ၂၀ | ၀ | ၀ | ၀ | ၀ | ၄၀ | ၄၀ | ၂ |

## ရာဟုဒသာစယား

| ဂြိုဟ်စဉ် | ၈ | ၆ | ၁ | ၂ | ၃ | ၄ | ၀ | ၅ |
|---|---|---|---|---|---|---|---|---|
| နှစ် | ၁ | ၂ | ၀ | ၁ | ၀ | ၁ | ၁ | ၂ |
| လ | ၄ | ၄ | ၈ | ၈ | ၁၀ | ၁၀ | ၁ | ၁ |
| ရက် | ၀ | ၀ | ၀ | ၀ | ၂၀ | ၂၀ | ၁၀ | ၁၀ |

www.burmeseclassic.com

www.burmeseclassic.com



သောကြာဒသာဇယား

| ဂြိုဟ်စဉ် | ၆ | ၁ | ၂ | ၃ | ၄ | ၀ | ၅ | ၈ |
|---|---|---|---|---|---|---|---|---|
| နှစ် | ၄ | ၁ | ၂ | ၁ | ၃ | ၁ | ၁ | ၂ |
| လ | ၁ | ၂ | ၁၁ | ၆ | ၃ | ၁၁ | ၈ | ၄ |
| ရက် | ၀ | ၀ | ၀ | ၂၀ | ၂၀ | ၁၀ | ၁၀ | ၀ |

ဒသာတွက်ပုံ

အသက်ကိုတည်၊ မွေးနံဂြိုဟ်သက်စ၍ အစဉ်အတိုင်း ဂြိုဟ်သက်နှင့်နုတ်၊ မနုတ်လောက်သော ဂြိုဟ်တွင် ဂြိုဟ်စားသည်၊ ဂြိုဟ်စားကိန်းဝင်နှစ်ခုကိုတည်၊ စားသောဂြိုဟ်၏ဒသာ ဇယားတွင်ပါသော။ နှစ်–လ–ရက်–နာရီနှင့် အစဉ်အတိုင်းခြေ။ မခြေနိုင်ရာတွင်၊ ဒသာစားသည်၊ အသက် ၃၉ နှစ်ရှိသော အင်္ဂါသားကိုတွက်ပုံ အောက်မှာကြည့်ပါ။

အသက် ၃၉ နှစ် ကိန်းဝင်နှစ် ၄
အင်္ဂါ ၈ ကြာသပတေးဇယား ၃–၄–၃–၂၀
၃၁ နှစ်–လ–ရက်–နာရီနုတ် ၇–၂၆–၄၀

ဗုဒ္ဓဟူး ၁၇
၁၄ ရာဟုဒသာဇယား နှစ်–လ–ရက်–နရီ မနုတ်
စနေ ၁၀ နိုင်သောကြောင့်၊ ရာဟုကိန်းဒသာတွင် ၇–လ
၄ ၂ –ရက် နာရီ ၄၀ ဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## သတိပြုရန်

ကြာသပတေးဂြိုဟ်သို့ ဝင်သော (၄)နှစ်ကို တည်ပြီး။ ကြာသပတေး ဒသာစဉ်ယားတွင် ပါသော နှစ်–လ–ရက်–နာရီ တို့နှင့်နုတ်၊ အကြွင်းများလျှင် ရာဟုဒသာစဉ်ယားပါ။ ၂နှစ် ၁လ ၁၀ရက် ဝနာရီနုတ်၊ မနုတ်နိုင်သောကြောင့် ရာဟု ဒသာစားသည်။

## တနင်္ဂနွေ ဒသာစား ဟောပုံ

ရဝိဒသာပတ္တယသသ ရာဇုလံ ဘဝေလာဘံ။

သေမှပိတ္တာ ဝါတာဗာတံ ညာတျတ္တဝိဂတံဘိန္နံ။

ယသာ အကြွင်လူအား ရဝိဒိသာ တနင်္ဂနွေဒသာသို့ ပတ္တာရောက်ငြားအံ့၊ ရာဇကုလံ မင်းမျိုးဖြစ်သော လာဘံလာဘ် သည် ဘဝေဖြစ်၏။ သေမှပိတ္တာဝါတာဗာဓံ သလိပ်သည်းခြေ လေအနာနှိပ်စက်အံ့။ ညာတျတ္တ ဝိဂတံဘိန္နံအဆွေအမျိုးတို့နှင့် ကွေကွင်း၍ ကိုယ်၏ပျက်စီးခြင်းသို့လည်း ရောက်အံ့။

## အဓိပ္ပာယ်

တနင်္ဂနွေ ဒသာစားသောသူတို့မှာ လာဘ်လာဘ ရတတ် ခြင်း၊ လေနာသည်း ခြေနာ သလိပ်နာရောက်တတ်ခြင်း၊ ဆွေမျိုး သားခြင်းတို့နှင့် ကွဲတတ်ခြင်း၊ မိမိကိုယ် အတွက်လည်း မကောင်း နိုးရှိမ်ရသည်။ ရတနာသုံးပါးကို ဆည်းကပ်ပါ။

## တနင်္လာ ဒသာစားဟောပုံ

စန္ဒရဒသာတု သုဘိတ္တိ၊ ဝတ္ထဘရဏာဒိလာဘာ။

ကညာယသဓာနာဝေရီ၊ ဓာဘာနိဒ္ဒါဝရမိသံ။

ဇာ–ထိုမှတစ်ပါး။ စန္ဒရဒသာ တနင်္လာသို့ ပတ္တာရောက်

www.burmeseclassic.com

www.burmeseclassic.com



ငြားအံ့။ သုဘိတ္တိ ဝတ္ထာဘရဏာဒိလာဘာ။ ကောင်းသောမိန်းမ ကောင်းသော အဝတ်တန်ဆာ စသည်တို့ကို ရအံ့။ ကညာယ သတို့သမီးကြောင့်။ သဇာနာ မိမိအချင်းနှင့် ဝေရီရန်ဖြစ်အံ့။ *ဇာတနိဒ္ဒါဖွားစအခါ၌ ကြောင့်ကြမရှိ ကောင်းစွာ အိပ်ပျော်ရဘိ* သကဲ့သို့ ဝရမိသံ နှလုံးမွေ့လျော်ပျော်ရွှင်ဖွယ်ရှိအံ့။

### အဓိပ္ပာယ်

တနင်္လာ ဒသာစားသော သူတို့မှာ ကောင်းသောမိန်းမကို ရတတ်ခြင်း၊ အဝတ်ကောင်း အစားကောင်း ရတတ်ခြင်း၊ ထိုမိန်းမနှင့် ပတ်သက်၍ အပေါင်းအဖော် သူငယ်ချင်းများနှင့် ရန်သူရန်ဘက် ဖြစ်တတ်ခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအံ့၊ အိပ်ပျော်စားသောက်ကောင်းအံ့။

### အင်္ဂါ ဒသာဟော

ဘောမာဝေရီနောပိဋ္ဌိတာ၊ သဉာတိဟိဝိဝါဒဋ္ဌ။

သေမှပိတ္တာ ဝါတာဗာမံ၊ ပရဒါရံပိဒုသိတံ။

ဘောမ၊ အင်္ဂါဒသာစားမူကား၊ ဝေရီနော ရန်သူတို့သည် ပိဋ္ဌိတာ နှိပ်စက်ကြကုန် အံ့၊ သဉာတိဟိ မိမိ၏ဆွေမျိုးဉာတိတို့နှင့် ဝိဝါဒဋ္ဌ ငြင်းခုံခိုက်ရန် ဖြစ်အံ့။ သေမှပိတ္တာ တာဗာခံ သလိပ် သည်းခြေ၊ လေနာနှိပ်စက်အံ့၊ ပရဒါရပ္ပိသူ၏ သားမယားကိုလည်း ဒုသိတမဖြစ်မှား ဖျက်ဆီးမိတတ်အံ့။

### အဓိပ္ပာယ်

အင်္ဂါဒသာစားသောသူတို့မှာ ရန်သူရန်ဘက်များတတ်ခြင်း၊ ဆွေမျိုးသားချင်းတို့နှင့် ငြင်းခုံ စကားများရခြင်း။ လေနာ သ

www.burmeseclassic.com

www.burmeseclassic.com



လိပ်နှာ သည်းခြေနာဖြစ်တတ်ခြင်း၊ သူ့မျှား သားမယားနှင့်ပြစ်မှား ရတတ်ခြင်း။

ဗုဒ္ဓဟူး ဒသာစားဟောပုံ

ဗုဓေ ဓမ္မယုတ္တာနေ ၀၊ မိတ္တေဟိဝိစိတြလာဘံ။

သုပညံပညာဝေပုလ္လ၊ သေမှာမိရောဂပိဋ္ဌိတံ။

ဗုဓေ–ဗုဒ္ဓဟူး ဒသာ၌၊ ဓမ္မယုတ္တနေ ၀၊ တရားနှင့်လျော်စွာ ကျင့်သောကြောင့် သာလျှင် မိတ္တေဟိ အဆွေခင်ပွန်းတို့မှ ဝိစိတြလာဘံ၊ ဆန်းကြယ်သောလာဘ်ကိုရအံ့။ သုပည–ပညာ ကောင်းလည်းရအံ့။ ပညာဝေပုလ္လပညာပွားများအံ့။ သေမှမိရောဂ ပိဋ္ဌိတံ သလိပ်နာ နှိပ်စက်တတ်အံ့။

အဓိပ္ပာယ်

ဗုဒ္ဓဟူးဒသာစားသောသူတို့မှာ၊ မိတ်ကောင်း ဆွေကောင်း ထံမှ ဆန်းကြယ်သော လာဘ်ကို ရတတ်ခြင်း၊ စိတ်ကောင်းရှိခြင်း၊ တရားရှိခြင်း၊ ပညာကောင်းရခြင်း၊ သလိပ်နာဖြစ်တတ်ခြင်း။

စနေဒသာဟောပုံ

သောရိဒဟာနုပိဋ္ဌိတာ၊ ပတ္တဒါရေဟိဝိဝါဒေါ။

ယုတ္တော ဒဏ္ဍာဗျသနာယ၊ နေဟာနိဝိဒေသကံ။

သောရီ၊ စနေ၌ဒသာစားမှုကား ဒါဟရောပပိဋ္ဌိတာ အပူနာ နှိပ်စက်အံ့။ ပုတ္တဒါရေဟိ၊ သားမယားတို့နှင့် ဝိဝါဒေါ၊ ငြင်းခုံ ခိုက်ရန်ဖြစ်အံ့၊ ဒဏ္ဍာဗျသနာယ၊ ဒဏ်ခံရခြင်း၊ ပျက်စီးခြင်းနှင့် ယုတ္တော၊ ယှဉ်အံ့၊ နေဟာနိစ၊ ဆုတ်ယုတ်အံ့။ ဝိဒေသကံ၊ တစ်ပါးသော အရပ်သို့သွားအံ့။

www.burmeseclassic.com

www.burmeseclassic.com



## အဓိပ္ပာယ်

စနေဒသာစားသောသူတို့မှာ၊ သားမယားတို့နှင့် စကားများ တတ်ခြင်း၊ ပစ္စည်း ဥစ္စာ ပျက်စီးတတ်ခြင်း၊ အရပ်တစ်ပါးသွားရ တတ်ခြင်း၊ အပူအပြင်းရောဂါတွေ့ရ တတ်ခြင်း၊ မိမိကိုယ်အတွက် လည်းကောင်း စိုးရိမ်ရသည်။ ရတနာသုံးပါး ဆည်းကပ်ပါ။

## ကြာသပတေးဒသာစားဟောပုံ

ဇီဝေ သဗ္ဗမမာယိတာသွဏ္ဏာဒိနေ လာဘိစ။

ပုညကမ္မံ ဘတိသတိကောဋ္ဌာ ဂါရာဒီဟုပေတံ။

ဇီဝေကြာသပတေးဒသာ၌ သဗ္ဗခပ်သိမ်းကုန်သော သူတို့သည် မမာယိတာ ချစ်မြတ်နိုးအံ့။ သွဏ္ဏာ ဒိနေလာဘိစရွှေငွေ ရတနာတို့ကို ရခြင်းလည်းကောင်း၊ ပုညကမ္မဥအလှူဒါန ပေးကမ်း စွန့်ကြဲရခြင်း လည်းကောင်း၊ ကောဋ္ဌာဂါ ရာဒီဟိကျီကြ ဘဏ္ဍာ စသည်တို့နှင့် ဥပေတံ ပြည့်စုံခြင်းလည်းကောင်း၊ ဘဝိသတိ ဖြစ်လတ္တံ့။

## အဓိပ္ပာယ်

ကြာသပတေးဒသာစားသောသူတို့မှာ လူချစ်လူခင်များ၏။ ရတနာရွှေငွေ တိုးတက်ခြင်း၊ အလှူအတန်း၊ အကြီးအကျယ်ပြု လုပ်ရခြင်း၊ ဥစ္စာပစ္စည်းတို့နှင့် ပြည့်စုံရခြင်းတို့ ဖြစ်သည်။

## ရာဟုဒသာစားဟောပုံ

ရာဟုမှိဉာတိမရဏာ၊ ကာယာတု ခနေဟာနိစ။

ဝိဒေသဂမာနံဘဝေ သဗ္ဗေသံအဝမာမကာ။

ရာဟုမှိ ရာဟုဒသာ၌ ဉာတိမရဏာ အဆွေအမျိုးတို့

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးသေပျောက် တတ်ခြင်း၊ ကာယာတုခနှဟာနိစဉ်စွာ ဆုတ်ယုတ်ခြင်း၊ ကိုယ်လက်ထိခိုက်နာခြင်း၊ ဝိဒေသဂမှာနံ အရပ်တစ်ပါးသို့ သွားရခြင်း၊ သဗ္ဗေသံ ခပ်သိမ်းကုန်သော လူတို့သည် အဝမကံ မထိမဲ့မြင်ပြုခြင်း၊ ဘဝေဖြစ်၏။

## အဓိပ္ပာယ်

ရာဟုဒသာစားသောသူတို့မှာ။ ကိုယ်လက် ထိခိုက်နာကျင်တတ်ခြင်း၊ အဆွေအမျိုးတို့ ပျက်စီးတတ်ခြင်း။ ဥစ္စာပစ္စည်းဆုတ်ယုတ်ခြင်း၊ အရပ်တစ်ပါးသို့ သွားရခြင်း လူခပ်သိမ်းတို့မထိမဲ့မြင် ပြုတတ်ခြင်းတို့ဖြစ်သည်။

## သောကြာဒသာဟောပုံ

သုက္ကေသုဘိတ္တိလာဘိစ၊ ဓမ္မကာမောဓနုပေတော။
ဇောဂသေမုဝါလာရဇ္ဇာ၊ မဟာကိတ္တိနိမိလာဘာ။

သုက္ကေ၊ သောကြာဒသာစားသော် သုတ္တိလာဘိစ၊ မိန်းမကောင်းကိုရခြင်း၊ ဓမ္မကာမော၊ တရားကိုလိုခြင်း၊ တရားရှိခြင်းပေတော ဥစ္စာပစ္စည်းတိုးပွားခြင်း၊ ဇောဂါသေမုဝါလာရဇ္ဇာဓနုသလိပ်နာ လေနာ အတက်နာဖြစ်ခြင်း၊ မဟာကိတ္တိကျော်စောရ အံ့။ နိမိလာဘာ၊ မြေ၌မြုပ်နှံ ထားအပ်သောပစ္စည်းတို့ကိုရတတ် ခြင်း။

## အဓိပ္ပာယ်

သောကြာဒသာစားသောသူတို့မှာ ကောင်းသောမိန်းမရတတ်ခြင်း၊ တရားအလိုရှိခြင်း၊ ဥစ္စာတိုးတက်ခြင်း ကျော်စောတတ်ခြင်း၊ မြေ၌မြုပ်နှံထားသော ရှေးဟောင်း ရတနာ ရွှေငွေတို့ကိုရ

www.burmeseclassic.com

www.burmeseclassic.com



တတ်ခြင်း၊ သလိပ်နာအတက်နာတို့ ဖြစ်တတ်ခြင်း တို့ဖြစ်သည်။

## ကာလကြီးငိုကာ

ဟောလိုသော ရက်၌ နာရီ၊ လှည့်သွားသော နာရီစက်၊ တစ်ဆယ့်နှစ်ခွင်တွင်၊ နေထွက် အနာဂတ် နာရီက–နေဝင်အတိတ် နာရီထိ ပေါင်း၍၊ ရသောနာရီပေါင်းကို ရှစ်ပုံပြု၍ တစ်ပုံကို အခါဟုမှတ်၊ မေးလာသည့် အခိုက် ကြုံကြိုက်သော အခါအတိုင်း ဟောကိန်းတွင် ကြည့်၍ဟောလေ။

ကိန်းပုံ ကာလ ဇာတာမှာ–

တနင်္ဂနွေဖြစ်မူ သူရဿောကြ ဗုဒ္ဓ စန္ဒရော သောရီဂုရု ဘောမ သူရဿဟူ၍နေ့အဖို့ အထက်တစ်တန်းချ။ သူရဿောကြ ဗုဒ္ဓစန္ဒရော စန္ဒရော သောရီ ဂုရု ဘောမဟူ၍ ညဉ့်အဖို့ အောက်တစ်တန်းချ။ ဤအရာတွင်ညဉ့်အဖို့ အတန်း၌စန္ဒရော စန္ဒရော ဟုဆင့်၍ ချသည်မှာ တနင်္ဂနွေ သန်းခေါင်ကျော်လျှင် တနင်္လာဘက် သို့ ကူးသောကြောင့် ချသည်ဟုမှတ်။

တနင်္လာနေ့ဖြစ်မူ စန္ဒရော သောရီ၊ ဂုရု၊ ဘောမ၊ သူရဿ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော ဟူ၍ နေ့အဖို့ အထက်တစ်တန်းချ။ စန္ဒရော–သောရီ–ဂုရု–ဘောမ ဘော၊ သူရဿ၊ သောကြ–ဗုဒ္ဓ ဟူ၍ညဉ့်အဖို့ အောက်တစ်တန်းချ။ ဤတွင်လည်း တနင်္လာနေ့ သန်းခေါင်ကျော်လျှင် အင်္ဂါဘက်သို့ ကူးသောကြောင့် ဘောမ၊ ဘောမ နှစ်ဆင့်ချဟုမှတ်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါနေ့ဖြစ်မူ ဘောမ၊ သူရဿ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရုသဘောမဟူ၍ နေ့အဖို့အထက်တစ်တန်းချ။ ဘောမ၊ သူရဿ၊ သောကြ၊ ဗုဒ္ဓ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရုဟူ၍ညဉ့်အဖို့ အောက်တစ်တန်းချ၊ ဤတွင်လည်း အင်္ဂါသန်းခေါင်ကျော်လျှင် ဗုဒ္ဓဟူးဘက်သို့ ကူးသောကြောင့် ဗုဒ္ဓ၊ ဗုဒ္ဓနှစ်ဆင့်ချသည်ဟုမှတ်။

ဗုဒ္ဓဟူးနေ့ဖြစ်မူ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ, သူရဿ, သောကြာ, ဗုဒ္ဓဟူးနေ့အဖို့ အထက်တစ်တန်းချ။ ဗုဒ္ဓ, စန္ဒရော, သောရီ, ဂုရု, ဘောမ, သူရဿ, သောကြ ဟူ၍ ညဉ့်အဖို့ အောက်တစ်တန်းချ။ ဤတွင်လည်း ဗုဒ္ဓဟူးနေ့ သန်းခေါင်ကျော်လျှင် ကြာသပတေးဘက်သို့ ကူးသောကြောင့် ဂုရု–ဂုရု နှစ်ဆင့်ချသည်ဟုမှတ်။

ကြာသပတေးနေ့ဖြစ်မူ, ဂုရု, ဘောမ, သူရဿ, သောကြာ, ဗုဒ္ဓ, စန္ဒရော, သောရီ, ဂုရုဟူ၍ နေ့အဖို့ အထက်တစ်တန်းချ။ ဂုရု၊ ဘောမ၊ သူရဿ၊ သောကြ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒရောသောရီ ဟူ၍ညဉ့်အဖို့ အောက်တစ်တန်းချ။ ဤတွင်လည်း ကြာသပတေး နေ့ သန်းခေါင်ကျော်လျှင် သောကြာဘက်သို့ ကူးသောကြောင့် သောကြာ၊ သောကြာ နှစ်ဆင့်ချသည်ဟုမှတ်။

သောကြာနေ့ဖြစ်မူ၊ သောကြ ဗုဒ္ဓ–စန္ဒရော–သောရီ– ဂုရု၊ ဘောမ၊ သူရဿ၊ သောကြဟူ၍ နေ့အဖို့အထက် တစ်တန်းချ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဿ ဟူ၍ ညဉ့်အဖို့ အောက်တစ်တန်းချ။ ဤတွင်လည်း သောကြာနေ့ သန်းခေါင်ကျော်လျှင် စနေဘက်သို့ ဝင်သောကြောင့် သောရီ

www.burmeseclassic.com

www.burmeseclassic.com



သောရီ နှစ်ဆင့်ချသည် ဟုမှတ်။

စနေနေ့ဖြစ်မူ၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဋ္ဌ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ ဟူ၍ နေ့အဖို့ အထက်တစ်တန်းချ၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဋ္ဌ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒရော ဟူ၍ ညဉ့်အဖို့ အောက်တစ်တန်းချ။ ဤသို့ချပြီးလျှင် အခါကျရာ ဂဏန်း၏ သင်္ချာအတိုင်း ပြိဿကာစ၍ရေ ကျရာခွင်၌ တနင်္ဂနွေ တပ်။ ထို့နောက် ဂဏန်းစဉ်အတိုင်းသွား၊ ကျရာဂဏန်း၏ သင်္ချာအတိုင်း တနင်္ဂနွေရှိရာခွင်ကစ၍ရေ၊ ကျရာခွင်၌ တနင်္လာ တပ်၊ ဤနည်းချည်း။ ဆက်၍ ဂြိုဟ်တို့ကို အစဉ်အတိုင်းတပ်လေ။

စနေတည်းဟူသော သူညနှင့်တနင်္ဂနွေမှာ အစွင့်မကူးရ။ နည်းမှတ်ရန်မှာ ကပ်၍ပြထားသော ကာလဇာတာပုံ ရှိပြီ။ ဖြို့ ဟာဇ်ကျမ်း စသည်တို့၌ကား မိဿ၊ သိဟ်၊ ဓနု ဤသုံးရာသီကို မြောက်အရပ်။ တူ၊ ကုံ၊ မေထုန် ဤသုံးရာသီကို အနောက်အရပ်။ မကာရ၊ ပြိဿ၊ ကန် ဤသုံးရာသီကို တောင်အရပ်ဟု ပြ၏။ ဤကာလ ကြီးအဟော ကာလကြီးဋီကာတို့၌ကား မိဿ ကရ ကင့် တူမ ကာရ ဤဒွါရလေးခွင်ကိုသာ အရှေ့မြောက်၊ အနောက်တောင်ဟု အစဉ်အတိုင်းယူ၍ ကြွင်းရှစ်ရာသီကို အထောင့် အရပ် ယူလေသည်ဟု မှတ်ယူပုံမှာ အဟောအခန်းတွင် ထင်ရှားလတ္တံ့။

## လဂ္ဂဏ သင်္ချင်ဂြိုဟ်

စ၊ သာ၊ ရွှေ၊ ကူ၊ အင်း၊ ဝ၊ သူ၊ ဆံ ဖြူ၊ တ၊ တင်း။ ပေး။

www.burmeseclassic.com

www.burmeseclassic.com



မိဿရာသီကစ၍ လက်ဝဲရစ်ပတ်ချ။ ကာသစ်ဂြိုဟ်ပုံ ပြန် ကြည့်ပါ။

ဥပမာ=၎င်းကာသစ်ဂြိုဟ်နေသည် ၁၂ ခွင်တို့တွင် တစ်ခွင် ခွင်၌ လဂ်ရောက်သော် ထိုလဂ်နှင့်တွေ့သော ကာသစ်ဂြိုဟ်ပင် လက္ခဏာ သခင်ဂြိုဟ် မည်၏။

၎င်းလဂ်ရှိရာခွင်က မနု၊ ကဠုမ္ဗ၊ သဟာဇ၊ ဗန္ဓု၊ ပုတ္တ၊ ရ အာရီ၊ ပထနီ၊ မရဏ၊ သုဘ၊ ကမ္မ လာဘ၊ ဗျာယ ဆိုပြီး စုတ် အိမ် ဥမဒ်အိမ်ကို လျစ်လျူယူရာ၏။ ပထနီ၊ သုဗ၊ လာဘသုံးအိမ် သည် စွင်စစ်စုတ်အိမ်ယူ။ အာရီ၊ ဗျာယ၊ မရဏ သုံးအိမ်သည် စင်စစ်ဥပါဒ်အိမ်ယူ။ ကျန်ခြောက်ရာသီသည် လျစ်လျူအိမ်ယူလေ။

## လဂ်တပ်နည်း

ဥပမာ=တနင်္ဂနွေနေ့၊ သူရဇ္ဇမည်သော တနင်္ဂနွေ၊ ၁။ ကို ပြိဿရာသီတွင်ချ။ ၎င်းနောက်သောကြာ၊ ထို့ကြောင့် တနင်္ဂနွေရှိရာ ပြိဿရာသီကစပြီး လက်ဝဲရစ် ၆ ခွင်ရသော် ဗုဒ္ဓရာသီတွင်။ ၂။ တနင်္လာကိုချ။

၎င်းနောက် ဗုဒ္ဓဆိုသောကြောင့် တနင်္လာရှိရာက လက်ဝဲရစ် ၄။ ကွက်ရေသော် မကာရရာသီကို ရောက်သောကြောင့် မကာရ ရာသီတွင်။ ၃။ အင်္ဂါကိုချ။

၎င်းနောက် စန္ဒရောဆိုသောကြောင့် အင်္ဂါရှိရာမကာရ ရာသီမှ။ ၂။ ကွက်ရေသော် ကုံရာသီတွင်၊ ၄။ ဗုဒ္ဓဟူးကိုချ။ ၎င်း နောက် သောရီဆိုသောကြောင့် သောမှာ ခြောက်ဖြစ်သောကြောင့် ၄။ ဗုဒ္ဓဟူးရှိရာ ကုံရာသီတွင်ချ။

www.burmeseclassic.com

www.burmeseclassic.com




ရင်းနောက် ဂုရုဆိုသောကြောင့် ကုံရာသီမှ။ ၅။ ကွက်ရွေ့သွားသော် မေထုံရာသီမှာ။ ၆။ သောကြာကိုချ။

ရင်းနောက် ဘောမဆိုသောကြောင့် မေထုံရာသီက ၃။ ကွက်သွားသော်၊ မိန် ရာသီမှာ။ ၀။ စနေကိုချ။

ရင်းနောက် သူရ္ဇ ဆိုသောကြောင့် မိန်ရာသီတွင် လဂ်ကိုချ။

ရာဟုဂြိုဟ်မှာ နေ့တက်ဖြစ်သောကြောင့် တနင်္ဂနွေ၏ ရှေ့တစ်ခွင်ကြားတွင် ရာဟုကိုချ။

မွန်းတည့်အခါဖြစ်သော် တနင်္ဂနွေနှင့်အတူ ရာဟုကိုချ။




## တနင်္ဂနွေနေ့ နံနက်အခါ၌ ကာလဇာတာပုံ

တနင်္ဂနွေနေ့၊ နံနက်ခါတွင် မေးလာမူ၊ ချင်းအိမ် အနေအ သစ်ပင်ရောက်၏။ အဘယ်ကြောင့်ဟူမူ၊ သစ်ပင်မည်သော တနင်္လာသည်၊ သောကြာအိမ်၌ နေသောကြောင့်တည်း။ ချင်းအိမ်

www.burmeseclassic.com

www.burmeseclassic.com



တောင်က လိပ်ကုန်းမြေမြင့်ရှိ၏။ အဘယ့်ကြောင့်ဟူမူ၊ လိပ်ကုန်းမြေမြင့်မည်သော အင်္ဂါမဏ္ဍာရ၌ နေသောကြောင့်တည်း။ ချင်းအိမ်အရှေ့ တောင်ခပ်ယွင်း၌ ချောင်း၊ ရေကန်၊ ကျောင်း၊ ဘုရားရှိ၏။ အဘယ်ကြောင့်ဟူမူ ချောင်း၊ ရေကန် မည်သော ဗုဒ္ဓဟူးနှင့် ဘုရားမည်သော ကြာသပတေး အတူနေသောကြောင့်တည်း။

ချင်းအိမ်အရှေ့မြောက်ခပ်ယွန်း၌ ကြည်းကုန်းခင်း–လမ်းခရီးအပေါ်နီး၏။ အဘယ်ကြောင့်ဟူမူ ကြည်းကုန်းခင်မည်သော တနင်္ဂနွေနှင့် လမ်းခရီးမည်သော သောကြာသည် မနီးမဝေးရှိသောကြောင့်တည်း။ ချင်းအိမ်မြောက်စူးစူးက တောင်ပို့၊ သစ်ငုတ်၊ သချိုင်းရှိ၏။ အဘယ်ကြောင့်ဟူမူ တောင်ပို့၊ သစ်ငုတ်၊ သချိုင်းမည်သော ရာဟုဂြိုဟ် ရှိသောကြောင့်တည်း။ ချင်းအိမ် အနောက်မြောက်ခပ်ယွန်း၌ တွင်းရှိ၏။ အဘယ်ကြောင့်ဟူမူ တွင်းမည်သော စနေရှိသောကြောင့်တည်း။

ဆင်းရဲ ချမ်းသာကိုမေးမူ၊ ကျွန်ယောကျ်ား အမှုကြောင့်စိတ်ချောက်ချားချားရှိ။ အဘယ်ကြောင့်ဟူမူ။ ကျွန်မည်သော စနေသည် လက်သို့ဝင်၍ လက္ခဏာသခင် ကမ္မ ခံသောကြောင့်တည်း။

အရှုံးအနိုင်ကိုမေးမူ၊ သရေပန်းကျ၏။ အဘယ်ကြောင့်ဟူမူ လက္ခဏာသခင် ကမ္မခံ၍ အာရိုဂြိုဟ်ပြုလက်နေသောကြောင့်တည်း။ တရားသူကြီးတို့ မညီဟန်ကား အဘယ်ကြောင့်ဟူမူ သူကြီးမည်သော ကြာသပတေး သမသတ်နေသောကြောင့်တည်း။ တရားသူကြီးလည်း တံစိုးစားလေ၏ တကား။ အဘယ်ကြောင့်ဟူမူ တနင်္ဂနွေအိမ်၌ လက်ရှိသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေသား မေးမူ၊ အမှုများရှိ၏။

တနင်္လာသား မေးမူ၊ မထောင်းတာ။

အင်္ဂါသား မေးမူ၊ ကောင်းကောင်းကုစား၊ သူပြုဏာဆွေရှိ၏။ အဘယ့်ကြောင့်ဟူမူ၊ သူပြုတဆွေမည်သော ရာဟု၊ အင်္ဂါနှင့် သမသတ်မြှောက်သောကြောင့်တည်း။

ဗုဒ္ဓဟူးသား မေးမူ၊ ဝမ်းကို အနာပေးတတ်၏။ အဘယ့်ကြောင့်ဟူမူ၊ မရဏ အိမ်ရှင် ကြာသပတေးသည် နမ်ဂြိုဟ်နှင့် ပူးသောကြောင့်တည်း။

ကြာသပတေးသား မေးမူ၊ မထောင်းတာ၊ အရ မရကိုမေးမူ ရအံ့။ အဘယ့်ကြောင့်ဟူမူ နာမ်ဂြိုဟ်နှင့် လာဘအိမ်ရှင်ဂြိုဟ် ပူးသောကြောင့်တည်း။

သောကြာသား နာ၍ မေးမူ၊ မထောင်းတာ။ အရမရကို မေးမူ ရအံ့။ အဘယ့်ကြောင့်ဟူမူ မိမိသည် လာဘအိမ်၌နေ၍ လာဘအိမ်ရှင်ဂြိုဟ်၊ ပထနီ ခံသောကြောင့်တည်း။ မိမိသည် သူ့အမှုကို ပြုသည်တကား။ အဘယ့်ကြောင့်ဟူမူ မိမိပိုင် ပြီသဟရာ သိ၌ လဂ္ဂဏာသခင် ကမ္မခံသောကြောင့်တည်း။

စနေသား မေးမူ မကောင်း၊ ကုစားရလ။ အဘယ်ကြောင့် ဟူမူ နာမ်ဂြိုဟ်သည် တနင်္ဂနွေအိမ်၌နေသဖြင့် ဘုရားအလောင်း စာပေါင်းတစ်သောင်းကို ဒေဝဒတ်အလောင်း မကောင်းသော မျောက် ဖျက်သောကိန်းနှင့် ကြုံသောကြောင့်တည်း။

ရာဟုသား နာ၍ မေးမူ၊ ကျီးနှင့် ခင်ပုတ်ကဲ့သို့ ဖြစ်သော မိမိရန်သူ တောင်ကရှိ၏။ အဘယ့်ကြောင့်ဟူမူ တောင်အရပ်သော် နေသော အင်္ဂါသမသတ် မြင်သောကြောင့် တည်း။ အလေ့အပါး အပျက်အစီးရှိ၏။ အဘယ့်ကြောင့်ဟူမူ နာမ်ဂြိုဟ်ဗုဒ္ဓသခံ သော


www.burmeseclassic.com

www.burmeseclassic.com



ကြောင့်တည်း။ နောင်သော် ချမ်းသာဖြစ်မည်။ အဘယ့်ကြောင့်ဟူမူ သုဘာအိမ် ရှင် အင်္ဂါသမသော်တ် မျှော်သောကြောင့်တည်း။

အိမ်ရာနေရာအကြောင်းကို မေးမူ၊ အိမ်သုံးကြိမ်ပြောင်းပြီတကား၊ အနောက် မြောက်ထောင့်က တွင်းဆိုးရှိ၏။ အဘယ့်ကြောင့်ဟူမူ စနေရှိသောကြောင့်တည်း။ အိမ်ရာပြောင်းလေ၊ အဘယ်အရပ်သို့ ပြောင်းရမည်နည်းဟူမူ အရှေ့စူးစူး၊ အနောက်စူးစူး၊ အရှေ့တောင်ခပ်ယွန်း၊ အရှေ့မြောက်ထောင့် ခရီးနားသို့ ပြောင်း၍နေလေ။ ချမ်းသာမည်၊ တနင်္ဂနွေအခါ ပြီး၏။




တနင်္ဂနွေနေ့ ၂ ခါ၌ ကာလစာတာမုံ

တနင်္ဂနွေနေ့ ၂ခါအတွင်း မေးလာမူ၊ ချင်းအိမ်အနောက်၌ ကြည်းကုန်းခင် ရှိ၏။ အဘယ့်ကြောင့်ဟူမူ ကြည်းကုန်းခင်မည်

www.burmeseclassic.com

www.burmeseclassic.com



သော တနင်္ဂနွေရှိသောကြောင့်တည်း။ ချင်းအိမ်တောင်က သစ်ပင်ကြီး အခေါင်းနှင့်တကွ ရှိ၏။ အဘယ်ကြောင့်ဟူမူ အခေါင်းမည်သော စနေအိမ်၌ သစ်ပင်မည်သော တနင်္လာရှိသောကြောင့်တည်း။ ချင်းအိမ်အရှေ့တောင်ခပ်ယွန်း၌ လိပ်ကုန်းမြေမြင့်၊ ရေကန်၊ ချောင်းမြောင်းရှိ၏။ အဘယ်ကြောင့်ဟူမူ လိပ်ကုန်းမြေမြင့်မည်သော အင်္ဂါနှင့် ရေကန်၊ ချောင်းမည်သော ဗုဒ္ဓဟူးနေသောကြောင့်တည်း။

ချင်းအိမ် အရှေ့မြောက်ခပ်ယွန်း၌ ကျောင်းဘုရားရှိ၏။ အဘယ်ကြောင့်ဟူမူ ကျောင်း ဘုရားမည်သော ကြာသပတေး ရှိသောကြောင့်တည်း။ ဥစ္စာသော်လည်းရှိ၏ ဟုဆို။ ချင်းအိမ် အနောက်ထောင့်၌ ခရီးလမ်းနားတွင် တွင်းကျင်းရှိ၏။ အဘယ့်ကြောင့်ဟူမူ ခရီးမည်သော သောကြာနှင့် တွင်းမည်သော စနေရှိသောကြောင့်တည်း။ အနောက်တောင်က သစ်ငုတ်၊ တောင်ပို့ရှိ၏၊ အဘယ့်ကြောင့်ဟူမူ ရာဟုရှိသောကြောင့်တည်း။

ဆင်းရဲချမ်းသာကို မေးမူ သားချင်း၏ အမူကြောင့် ချမကောင်းကြံတတ်၏။ အဘယ့်ကြောင့်ဟူမူ လဂ္ဂဏာသခင် သဟာဇခံ၍ အာရီဂြိုဟ်နှင့် ကမ္မဂြိုဟ်လက်သို့ ဝင်သောကြောင့်တည်း။ နာသူ မကောင်းကြံတတ်၏။ ဝမ်းကို အနာပေးတတ်၏။ အဘယ့်ကြောင့်ဟူမူ စနေ သောကြာ လက်သို့ဝင်သောကြောင့် တည်း။ တရားဆိုမူ သရေပန်းကျကာသာ။ အဘယ့်ကြောင့်ဟူမူ အာရီဂြိုဟ်သည် ပြုအိမ်၌ ရန်နှင့်တကွ နေသောကြောင့်တည်း။ ထို့ပြင်လည်း လဂ္ဂဏာသခင် သဟာဇခံ၍ သိမ်၌ လက်ရှိ သော

www.burmeseclassic.com



ကြောင့် မအောင်မြင်ရာ။ အရအမိကို အင်္ဂါသား မေးမူရ၏။ အဘယ့်ကြောင့် ဟူမူလာဘအိမ်ရှိ ဗုဒ္ဓဟူးသည် နံဂြိုဟ်နှင့် ပူးသောကြောင့်တည်း။

ဗုဒ္ဓဟူးသား မေးမူ ချမ်းသာဖြစ်၏။ အဘယ့်ကြောင့်ဟူမူ သုဘအိမ်ရှင် အင်္ဂါသည် နံဂြိုဟ်နှင့် ပူးသောကြောင့်တည်း။

ကြာသပတေးသား မေးမူ၊ မိုးမြေကြောင့် နလုံးမသာရှိ၏။ အဘယ့်ကြောင့်ဟူမူ ကြာသပတေးသည် မိုးမြေ မည်သော ဗုဒ္ဓဟူးအိမ်၌နေ၍ ရာဟုကို သမသတ် မြောက် သောကြောင့်တည်း။

အောင်ပါမည်လော မေးမူ အောင်အံ့။ အဘယ့်ကြောင့်ဟူမူ အာရိအိမ်ရှင်ဂြိုဟ်သည် ပြအိမ်၌နေရသဖြင့် မကောင်းကြံသော် လည်း မကောင်းကြံသောသူ အားနည်း သောကြောင့်တည်း။


တနင်္ဂနွေသား မေးမူ၊ ကောင်းကောင်းကုစား။ အဘယ့် ကြောင့်ဟူမူ နံဂြိုဟ်အာ မခံလျက် ပြအိမ်တွင် နေသောကြောင့် တည်း။ သောကြာသား မေးမူ အမှုအများရှိ၏။ အဘယ့်ကြောင့်ဟူမူ နံဂြိုဟ်သည် တမ္ဘခံသော အိမ်ရှင်ဖြစ်သောကြောင့်တည်း။

ရာဟုသား မေးမူ ကြီးသောသူနှင့် အမျက်ရှိ၏။ သူ့ကိုငြိ၍ မခုခံနှင့်။ ရှောင် ကြဉ်အံ့။ နာမူ ကြောက်နာနာ၏။ ဆေးဘုံသော် မထောင်းအာ။ တနင်္ဂနွေနေ့ ၂ ခါ အပေါ့ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com






**တနင်္ဂနွေနေ့ ၃-ခါ၌ ကာလဇာတာပုံ**

တနင်္ဂနွေနေ့ ၃ ခါအတွင်း မေးလာမူ။ ချင်းအိမ်အနောက်မြောက်ခပ်ယွန်း၌ ကြည်းကုန်းရှိ၏။ အဘယ့်ကြောင့် ဟူမူး တနင်္ဂနွေ ရှိသောကြောင့်တည်း။ ချင်းအိမ် အနောက်မြောက်ခပ်ယွန်း၌ပင် လိပ်ကုန်းမြေမြင့် အမိကရ သစ်ပင်ရောက်၏။ အဘယ့်ကြောင့်ဟူမူ၊ လိပ်ကုန်းမြေမြင့်မည်သော အင်္ဂါနှင့် သစ်ပင်မည်သော တနင်္လာ ရှိသောကြောင့်တည်း။ ချင်းအိမ်အနောက်၌ တောင်ပို့ သစ်ပင်ငုတ်ရှိ၏။ အဘယ့်ကြောင့်ဟူမူ ရာဟုရှိသောကြောင့်တည်း။ ချင်းအိမ်ထောင်ကချောင်း၊ ရေကန်ရှိ၏။ အဘယ့်ကြောင့်ဟူမူ။ ဗုဒ္ဓဟူးရှိသောကြောင့်တည်း။

ချင်းအိမ် အရှေ့တောင်ထောင့်၌ ခရီးကျောင်း၊ ဘုရား၊ တွင်းရှိ၏။ အဘယ့်ကြောင့်ဟူမူ။ ကြာသပတေး သောကြာ၊ စနေရှိသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲချမ်းသာကို မေးလျှင် တနင်္ဂနွေသား မေးမူ နေရာတွင် ကောင်း၏။ နာမူမထောင်းတာ။

တနင်္လာမေးမူ သွေးနုတ်ကြီးရှိ၏။ ရှာသမီးရှိ၏။ အဘယ့်ကြောင့်ဟူမူ၊ နံဂြိုဟ်ကို သွေးမည်သော အင်္ဂါပူး၍ နုတ်မည်သော ကြာသပတေးနှင့် ရှာသမီးမည်သော စနေ၊ အဖျက်အဆီးဟူသော သောကြာသမသတ် နေသောကြောင့်တည်း။ သူကြီး, မိဘတို့နှင့် မျက်လိုကြရတတ်၏။ အဘယ့်ကြောင့်ဟူမူ၊ နံဂြိုဟ်သည် ဝိဇ္ဇ မိုရ်မည်သော အင်္ဂါနှင့် အတူနေသောကြောင့် မျောက်မ ထားတတ်၏။ သူကြီးမည်သော ကြာသပတေးနှင့် သမသတ်သောကြောင့် သူကြီး, မိဘတို့နှင့် မျက်လိုရတတ်၏ ဟူသတည်း။

အင်္ဂါသား မေးမူ သစ်ပင်စောင့်နတ်ဖမ်းစား၏။ ချင်းလည်း ရှားပါးပျက်စီးလှ၏။ အဘယ်ကြောင့်ဟူမူ ဗျာယအိမ်ရှင်ဂြိုဟ်မူး သောကြောင့်တည်း။ ရှေ့သို့လည်း ဖျားနာသေပျောက်တတ်၏။ အဘယ့်ကြောင့်ဟူမူ၊ မရဏအိမ်ရှင် ကြာသပတေး သမသတ် မျှော်သောကြောင့်တည်း။ အိမ်ရာပြောင်းလေ။ အဘယ်အရပ်သို့ ပြောင်းရမည်နည်းဟူမူ၊ မိဿရာသီသည် သုဘရာသီ ဖြစ်သော ကြောင့် အရှေ့စူးစူးသို့ ပြောင်းလေဟူ၏။ ပြောင်းမူ ချမ်းသာရအံ့။

ဗုဒ္ဓဟူးသား မေးမူ၊ မိမိ၌ ခိုက်ရန်များ၏ အဘယ့်ကြောင့် ဟူမူ၊ နံဂြိုဟ်အစရုံခံ သောကြောင့်တည်း။ နေဟောင်းဖြစ်သော အရှေ့မြောက်ထောင့်သို့ ပြောင်းလေ။ အရှအမိရှိအံ့။

ကြာသပတေးသား မေးမူ၊ အမူအရာ ခိုက်စ ရန်စများ၏။ အဘယ့်ကြောင့်ဟူမူ၊ အာရိအိမ်ရှင် စနေနှင့် ကမ္မအိမ်ရှင် သောကြာ

www.burmeseclassic.com


www.burmeseclassic.com



ပူးသောကြောင့်တည်း။ နေရာတွင် ပင်ဖော်သင့်၏။ စကားဆိုသော် အောင်အံ့။

သောကြာသား မေးမူ မိမိ၌အမှုများရှိ၏။ ခိုက်ရန်နာများ များ၏။ အဘယ်ကြောင့်ဟူမူ မိမိသည် ကမ္မအိမ်ရှင်ဂြိုဟ်ဖြစ်၍ အာရိ အိမ်ရှင်ဂြိုဟ် ပူးသောကြောင့် ခိုက်ရန်ဆိုသည်။ မရဏအိမ်ရှင် ဂြိုဟ်ပူးသောကြောင့် ဖျားနာဆိုသည်ဟူ၏။ နေရာ ပြောင်းလွဲလေ၊ အဘယ်အရပ်သို့ ပြောင်းရမည်နည်း ဟူမူ အရှေ့သို့ပြောင်းလေ၏။ အဘယ့်ကြောင့်ဟူမူ နေဟောင်းကိုပစ်တဲ့ နေသစ်နေမီချေသည်။ နေသစ်မကောင်း နေဟောင်းသို့ပြောင်းလေ။

စနေသားမေးမူ အမှုအဖျားအနာ သေပျောက်တတ်၏။ အဘယ့်ကြောင့်ဟူမူ နေဟောင်းကိုပစ်၍ နေသစ်နေမီချေသည်။ နေသစ်မကောင်း နေဟောင်းသို့ပြောင်းလေ ချမ်းသာရမည်။




တနင်္ဂနွေ ၄ ခါ၌ ကာလစက္ကတာစုံ

www.burmeseclassic.com

www.burmeseclassic.com



မိမိနံ့ဂြိုဟ်သည် မရဏာခံသောကြောင့် လည်းကောင်း၊ ကမ္မအိမ်ရှင်ဂြိုဟ်သည် မရဏာအိမ်ရှင်ဂြိုဟ်နှင့် ပူးသောကြောင့် လည်းကောင်း ဆိုသတည်းဟူ၏။ တနင်္ဂနွေ နေ့ ၃ခါပေါပြီး၏။

တနင်္ဂနွေနေ့ ၄ ခါအတွင်းမေးလာမူ ချင်းအိမ်ရှေ့ မြောက်ဆွယ်၌ ကြည်းကုန်းခင် သစ်ပင်ရောက်၏။ အဘယ်ကြောင့်ဟူမူ၊ ကြည်းကုန်းခင်မည်သော တနင်္ဂနွေနှင့် သစ်ပင်မည်သော တနင်္လာ နေသောကြောင့်လည်းကောင်း၊ ချင်းအိမ်အနောက်က လိပ်ကုန်း မြေမြင့်ရှိ၏။ အဘယ်ကြောင့်ဟူမူ အင်္ဂါ ရှိသောကြောင့်တည်း။ ချင်းအိမ် အနောင်တောင်ခပ်ဆွယ်၌ တောင်ပို့ သစ်ငုတ်ရှိ၏။ အဘယ်ကြောင့်ဟူမူ ရာဟု ရှိသောကြောင့်တည်း။

ချင်းအိမ် အနောက်တောင်ခပ်ဆွယ်၌ ရေကန်၊ ချောင်း၊ မြောင်း၊ ကျောင်း၊ ဘုရား၊ လမ်းခရီးနီး၏။ အဘယ်ကြောင့်ဟူမူ ရေကန်၊ ချောင်းမြောင်းမည်သော ဗုဒ္ဓဟူး၊ ကျောင်းဘုရားမည်သော ကြာသပတေး၊ လမ်းခရီးမည်သော သောကြာရှိ သောကြောင့် တည်း။ ဆင်းရဲချမ်းသာကို မေးမူ နေမြဲရာတွင်ပင်ကောင်း၏။ နောက်ကို ပျက်စီးတတ်၏။ အဘယ်ကြောင့်ဟူမူ လဂ္ဂဏာ အိမ်ရှင်ဂြိုဟ်နှင့် ဗျာယအိမ်ရှင် ဂြိုဟ်ပူးသောကြောင့်တည်း။ ယခုလည်း သူတစ်ပါးတို့ ကလိမ်ကလည်ပြု၏။ အဘယ်အရပ်က သူနည်းဟူမူ အနောက် မြောက်ထောင့်ကဟူပေ။ တရားဆိုင်က အောင်အံ့။ အငြင်းအခုံ များအံ့။ အဘယ်ကြောင့်ဟူမူ လဂ္ဂဏာ သခင် လာဘခံသောကြောင့် အောင်အံ့။ ဗျာယဂြိုဟ်ပူးသောကြောင့် အငြင်းအခုံများအံ့ဟူပေ။

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေသား မေးမူ ရလည်းရ၏။ ပျောက်လည်းပျောက်၏။ အဘယ်ကြောင့် ဟူမူ နံဂြိုဟ်လာဘ ခံသောကြောင့်ရ၏။ ဗျာယအိမ်ရှင်ဂြိုဟ် ပူးသောကြောင့် ပျောက်၏ဟူပေ။

တနင်္လာသား မေးမူ ကောင်းအံ့။ တရားဆိုမူ အောင်အံ့။

အင်္ဂါသား မေးမူ ချမ်းသာဖြစ်အံ့။ အမှုအရာ အနှောင့်အယှက်များ မရှိ။ အဘယ်ကြောင့်ဆိုမူ အင်္ဂါဂြိုဟ်သည် ပြစ်ခြားသော်လည်း သဟာဇအိမ်၌နေ၍ သုဘရာသံကို ပိုင်သောကြောင့်တည်း။

ဗုဒ္ဓဟူးသား မေးမူ အမှုအရာ ဖျားနာ သေပျောက်တတ်၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်ကို ကမ္မအိမ်ရှင်ဂြိုဟ်ပူးသောကြောင့် အမှုအရာဆိုသည်။ မရဏအိမ်ရှင်ဂြိုဟ် ပူးသောကြောင့် ဖျားနာ သေပျောက်တတ်၏ ဆိုသည်ဟူပေ။ အရှေ့သို့လည်းကောင်း ပြောင်းလေ။


ကြာသပတေးသား မေးမူ အရအမိရှိ၏။ လာဘ်ကြောင့် သူ့အမှုပြုတတ်၏။ အဘယ့်ကြောင့်ဟူမူ နံဂြိုဟ်ကို လာဘအိမ်ရှင် ဗုဒ္ဓဟူးပူးသောကြောင့် လာဘ်၊ ကမ္မအိမ်ရှင်သောကြာ ပူးသောကြောင့် အမှုဆိုသည်ဟူပေ။

သောကြာသား မေးမူ အမှုအရာ ဖျားနာသေပျောက်တတ်၏။ လာဘ်ရတတ်၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်သည် ကမ္မအိမ်ရှင်ဂြိုဟ်ဖြစ်သောကြောင့်အမှု၊ မရဏအိမ်ရှင် ကြာသပတေးပူးသောကြောင့် ဖျားနာသေပျောက်၊ လာဘအိမ်ရှင် ဗုဒ္ဓဟူး ပူးသောကြောင့် လာဘ်ရတတ်၏ ဆိုသည်ဟူပေ။ ရသောလာဘ်ကို ဘုရားအားပူဇော်လေ။ ချမ်းသာရမည်။ အဘယ်ကြောင့်ဟူမူ ဘုရားမည်သောကြောင့် ကြာသပတေးနှင့် တနင်္ဂနွေ၊ တနင်္လာ သမသတ် မျော်သောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com






## တနင်္လာနေ့နံနက် ၁ ခါ၌ ကာလဇာတာပုံ

တနင်္လာနေ့ ၁ခါတွင် မေးလာမူ၊ ချင်းအိမ် အရှေ့မြောက်ထောင့် ခပ်ယွန်း၌ ကြည်းကုန်းခင် သစ်ပင်ရောက်၏။ လမ်းခရီးအပါးနီး၏။ အဘယ့်ကြောင့်ဟူမူ ကြည်းကုန်းခင်မည်သော တနင်္ဂနွေနှင့် သစ်ပင်မည်သော တနင်္လာ အတူနေ၍ လမ်းခရီးမည်သော သောကြာ အနီးရှိသောကြောင့်တည်း။ ချင်းအိမ် အနောက်မြောက် ထောင့်ခပ်ယွန်း၌ တောင်ပို့ သစ်ငုတ်သချိုင်းတွင်းဆိုးရှိ၏။ အကြောင်းမူ တောင်ပို့ သစ်ငုတ်သချိုင်းမည်သော ရာဟုနှင့် တွင်းမည်သော စနေ ရှိသောကြောင့်တည်း။

ချင်းအိမ် အနောက်က လိပ်ကုန်းမြေမြင့်ရှိ၏။ အဘယ့်ကြောင့်ဟူမူ လိပ်ကုန်း မြေမြင့်မည်သော အင်္ဂါရှိသောကြောင့်တည်း။ ချင်းအိမ် အနောက်ခပ်ယွန်း၌ ချောင်း၊ ရေကန် မည်

www.burmeseclassic.com

www.burmeseclassic.com



သော ဗုဒ္ဓဟူးနှင့် ကျောင်း–ဘုရား မည်သော ကြာသပတေးရှိသော ကြောင့်တည်း။ ဆင်းရဲချမ်းသာကို မေးမူ၊ တရားဆိုသော်မအောင်။ အဘာယ်ကြောင့် ဆိုသော် လဂ်သည် ကန့်၌နေသောကြောင့်တည်း။ ခရီးသွားလာရာ အမှုမဆောင်ရာ၊ ဖျားနာမေးသော် မကောင်း၊ ကျွန်ပြေးသော်လည်း မလွတ်ရအံ့။

တနင်္ဂနွေသား မေးမူ၊ အရအမိုရှိ၏။ ကောင်းလှ၏။ အဘာယ့်ကြောင့်ဟူမူ လာဘအိမ်ရှင် ပူးသောကြောင့်တည်း။ ချင်းကို ကြီးသူမိဘ မစလိမ့်မည်။ အဘာယ်ကြောင့်ဟူမူ နံ့ဂြိုဟ်ကို ကြာသပတေး သမသတ် မျှော်သောကြောင့်တည်း။ အဘာယ်အရပ်က မစလိမ့်မည်နည်းဟူမူ အနောက်တောင်ခပ်ဆွယ်က ဟူပေ။

တနင်္လာသား မေးမူ အလျော့အပါး အပျက်အစီးများ၏။ အဘာယ့်ကြောင့်ဟူမူ နံ့ဂြိုဟ်ကို ဗျာယအိမ်ရှင်ဂြိုဟ် ပူးသောကြောင့်တည်း။ အမှုတရား ငြင်းခုံများအံ့၊ မအောင်၊ ကြီးသူ မိဘကားလို၏။ အဘာယ့်ကြောင့်ဟူမူ နံ့ဂြိုဟ်ကို ကြာသပတေး သမသတ် မျှော်သော ကြောင့်တည်း။ အသားမညီမလွင် အသားလတ်က မစလိမ့်မည်။ ထိုမစသူတို့၏ အကျိုးကို ခံရလိမ့်မည်။ အဘာယ့်ကြောင့်နည်းဟူမူ နံ့ဂြိုဟ်ကို မိတ်ဖြစ်သော ဗုဒ္ဓဟူး သမသတ် မျှော်သောကြောင့် တည်း။

အင်္ဂါသား မေးမူ မရဏ အိမ်ရှင်ဖြစ်၍ ခရီးမည်သော သောကြာ မိမိအိမ်၌ နေသောကြောင့်တည်း။


ကြာသပတေးသား မေးမူ ငြိမ်းချမ်း၏။ သောကြာသား မေးမူလည်း ငြိမ်းချမ်း၏။

www.burmeseclassic.com

www.burmeseclassic.com



စနေသား ရာဟုသား မေးမူ ပျက်စီးတတ်၏။ လာဘ်ကိုလည်း ရတတ်၏။ အဘယ့်ကြောင့်ဟူမူ ဗျာယခံသောကြောင့် အပျက်အစီး ဆိုသည့် မိတ်ပူးသောကြောင့် လာဘ်ရတတ်၏ ဆိုသည်ဟူပေ။ တနင်္လာနေ့နံနက် ၁ ခါဟော ပြီး၏။




## တနင်္လာနေ့ ၂ ခါဒွိ ကာလဇာတာပုံ

တနင်္လာနေ့ ၂ ခါအတွင်း မေးလာမူ ကြည်းကုန်းသစ်ပင် စသည်တို့ကိုကား ဂြိုဟ်နေကိုကြည့်၍ ဆိုလေ။ ဆင်းရဲချမ်းသာကို မေးမူ ငြိမ်းချမ်းအံ့။ ကုန်သွယ်လယ်လုပ်သော အရအမိရှိ၏။ အဘယ့်ကြောင့်ဟူမူ လာဘအိမ်ရှင် လဂ်သို့စင်သောကြောင့်တည်း။ တနင်္ဂနွေသား မေးမူ ဖျားနာတတ်၏။ အဘယ့်ကြောင့်ဟူ မရဏအိမ်ရှင် အင်္ဂါသမသတ် မျှော်သောကြောင့်တည်း။ ချင်း၏ ရှ အနောက်တောင်ထောင့် ခပ်ယွန်းကရှိ၏။ တနင်္လာသား မေးမူ ငြိမ်းချမ်းမည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းအိမ်မှာ ညည့်သည်နှစ်ဦးရောက်၏။ ချမ်းသာကိုပြုတတ်၏။ သူတစ်ဦးကား အဖျက်အဆီးကိုပြုတတ်၏။ အဘယ့်ကြောင့် ဟူမူ သုဘအိမ်ရှင်ဂြိုဟ်သည် တနင်္လာတည်းဟူသော မိမိဆိုင်ကာရုံကင်ရှု အိမ်၌နေ၍ ချမ်းသာကိုပြုတတ်၏။ ရာဟုဂြိုဟ် ဗျာယဒ်သောကြောင့် သူတစ်ဦးကား အဖျက်အဆီးကို ပြုတတ်၏ ဆိုသည်ဟူပေ။

စနေသား မေးမူ ပျက်စီးတတ်၏။ အဘယ့်ကြောင့်ဟူမူ နံဂြိုဟ်ဗျာယ ခံသောကြောင့်တည်း။

အင်္ဂါသားမေးမူ မြတ်သောသူကို ပြစ်မှား၏။ အဘယ့်ကြောင့်ဟူမူ ဗုဒ္ဓဟူး ပူးသောကြောင့်တည်း။ လာဘ်လည်းရမည်၊ မိမိ၏ရန်သူ အရှေ့မြောက်ထောင့်၌ရှိ၏။

ဗုဒ္ဓဟူးသား မေးမူ ဝမ်းချက်တိုင်နာ၏။ ထဘီဝတ်နှင့် ချက်လိုကြ၏။ အဘယ့်ကြောင့်နည်းဟူမူ ဆဒ္ဒန်ဆင်မင်းနှင့် စုဋ္ဌသုဘဒ္ဒါ၏ အခါဖြစ်သောကြောင့်တည်း။


ကြာသပတေးသား မေးမူ ဖျားနာ သေပျောက်တတ်၏။ ပြောင်းလွဲလေ။ အဘယ့်ကြောင့်ဟူမူ နံဂြိုဟ် ဗျာယခံသောကြောင့် တည်း။

သောကြာသား မေးမူ ခရီးသွားရအံ့၊ လာဘ်ရအံ့၊ အဘယ့် ကြောင့်ဟူမူ ခရီး ဂြိုဟ်ဖြစ်သောကြောင့် ခရီးသွားရအံ့။ လဘ အိမ်၌နေသောကြောင့် လာဘ်ရအံ့ဟူပေ။ တနင်္လာ ၂ ခါ သောပြီး၏။

www.burmeseclassic.com

www.burmeseclassic.com






**တနင်္လာနေ့ ၃ ခါ ကာလဇာတာပုံ**

တနင်္လာနေ့ နေတက် ၃ ခါအတွင်းမေးလာမူ ကြည်း
ကုန်းဆင်သစ်ပင် စသည်တို့ကိုကား ဂြိုဟ်နေသည်ကို ကြည့်၍
ဆိုလေ။ ဆင်းရဲချမ်းသာကို မေးမူ ဒသာ–ကြမ္မာမကောင်းသော
နိမိတ်နည်းဖြစ်၏။ မွတ်သိပ်လှ၏။ အဖျားအနာ မေးမူ နာဖျား၏
အဘယ့်ကြောင့်ဟူမူ လဂ်တွင် အာရှိအိမ်ရှင် စနေနှင့် ဗျာယအိမ်
ရှင် တနင်္ဂနွေ ပူးသောကြောင့် လည်းကောင်း၊ လဂ္ဂဏာအိမ်ရှင်
ဗုဒ္ဓဟူး မရဏာခံ သောကြောင့် လည်းကောင်းတည်း၊ ဖျားနာ
ကောင်းကောင်းကုစားလေ၊ သပျောက် တတ်၏။ ရွာသမီးလည်း
အနောက်ပုလု အက်တက်ဖမ်းစားတတ်၏။ ဝမ်းကိုလည်းအနာ
ပေးတတ်၏၊ ဆေးကုလေ။

တနင်္ဂနွေသား မေးမူ ခိုက်စရန်စရှိ၏။ အဘယ့်ကြောင့်ဟူ
အာရှိအိမ်ရှင် ဂြိုဟ် ပူးသောကြောင့်တည်း။ အနောက်တောင်ထော

www.burmeseclassic.com

www.burmeseclassic.com



ကို ရှောင်လေ။ စနေသား မေးမူ ပျက်စီးတတ်၏။ အဘယ်ကြောင့်ဟူမူ ဗျာရအိမ်ရှင် တနင်္ဂနွေ ပူးသောကြောင့်တည်း။ အရှေ့မြောက်ထောင့်ကို ရှောင်လေ။

တနင်္လာသား မေးမူ မျောက်မထားတတ်၏။ အဘယ်ကြောင့်ဟူမူ အင်္ဂါပူး သောကြောင့်တည်း။ ထဘီဝတ် မုဆိုးမ ဖျက်ဆီးတတ်၏။ သူ့ကိုလည်းကိုင်ဝင်မည် ကြံ၏။ အဘယ့်ကြောင့်ဟူမူ ရာဟုပူးသောကြောင့်တည်း၊ စောင့်စည်းလေ။

အင်္ဂါသား မေးမူ နေရာတွင်ပင် ကောင်း၏။

ဗုဒ္ဓဟူးသားမေးမူ ဖျားနာ သေမျောက်တတ်၏။ အိမ်ရာပြောင်းလေ။ အဘယ့် ကြောင့်ဟူမူ မရဏ ခံသောကြောင့်တည်း။


ကြာသပတေးသား မေးမူ နေရာတွင်ကောင်း၏။ စီးပွားချမ်းသာ၏။ အဘယ့်ကြောင့်ဟူမူ နံဂြိုဟ် လာဘခံသောကြောင့်တည်း။ ဥစ္စာဂြိုဟ်ဖြစ်သောကြောင့်တည်း။ ဥစ်ပြုသောကြောင့်လည်းကောင်း ဆိုသည်။

သောကြာသား မေးမူ အပျက်အစီးများ၏၊ နေရာဟောင်းက အရှေ့မြောက်ထောင့်သို့ ပြောင်းလေ၊ ချမ်းသာရမည်။ တနင်္လာနေ့နံနက် ၃ ခါ အဟောပြီး၏။

www.burmeseclassic.com

www.burmeseclassic.com






## တနင်္လာနေ့ ၄ ခါ၌ ကာလဇာတာပုံ

တနင်္လာနေ့ နေတက် ၄ခါအတွင်း မေးလာမူ ကြည်းကုန်းခင်သစ်ပင် စသည်တို့ကိုကား ဂြိုဟ်နေကို ကြည့်၍ဆိုလေ၊ ဆင်းရဲချမ်းသာမေးမူ သူကြီးကြောင့် နှလုံး မသာရှိတတ်၏။ အဘယ့်ကြောင့်ဟူမူ ရာဟုလက်သို့ ဝင်သောကြောင့်တည်း။ ဗုဒ္ဓဟူး သမ်းသတ် မျှော်သော်ကြောင့်တည်း။ လာသောအခါ လမ်းခွဲအကြားတွင် ခွေးဟောင် လိုက်၏။ မိမိသည် သူ့အမှုကို အမှုပြုချေသည်။ တနင်္ဂနွေသား မေးမူ အရအမိရှိ၏၊ အဘယ့်ကြောင့်ဟူမူ နံဂြိုဟ်ကို လာဘအိမ်ရှင်ဂြိုဟ် ပူးသောကြောင့်တည်း။

တနင်္လာသား မေးမူ အပေါ်အရှားများ၏။ အဘယ့်ကြောင့်ဟူမူ ဗျာယအိမ်ရှင်ဂြိုဟ် ပူးသောကြောင့်တည်း။ နေရာတွင်ကောင်း၏၊ နောက်ကို ချမ်းသာရမည်။

အင်္ဂါသား မေးမူ မကောင်းတာ။

www.burmeseclassic.com

www.burmeseclassic.com




ဗုဒ္ဓဟူးသား မေးမူ ညိုမဲလှ၏။ မိမိရန်သူ အနောက်မြောက်ထောင့်ကရှိ၏။ ရှောင်ရှားလေ။

ကြာသပတေးသား မေးမူ၊ ဖျားနာ သေပျောက်တတ်၏။ အဘယ့်ကြောင့်ဟူမူ နံဂြိုဟ် မရဏ ခံသောကြောင့်တည်း နေရာယောင်းက အရှေ့တောင်ထောင့်သို့ ပြောင်းလေ။

သောကြာသား မေးမူ၊ ခိုက်စရန်စများ၏။ အဘယ်ကြောင့်ဟူမူ အာရိအိမ်ရှင် ဂြိုဟ်ပူးသောကြောင့်တည်း။ နေရာတွင်မြောက်ကို အကျိုးရှိမည်။ အသားညို၊ အသားရွှေ၊ အရှေ့တောင်ထောင့်ကလူကို ရှောင်နိုင်စေ။

စနေသား မေးမူ၊ ရအံ့သောလာဘ်ကိုမရ၊ ပြေးရအံ့ဟူပေ။ နာမူ ငှက်သင်၏။ သစ်ပင်စောင့်နတ် ဖမ်းစားတတ်၏။ ရာဟုသား မေးမူ ရအံ့သော ဥစ္စာလည်းဖြို၍လွတ်ရ၏။ တနင်္လာနေ့ နေတက် ၄ ခါအပေါ်ပြီး၏။




အင်္ဂါနေ့နံနက် ၁ခါ၌ ကာလဓာတ်ား

www.burmeseclassic.com



အင်္ဂါနေ့နေတက် ဒေါ်ခါ၌မေးလာမူ ကြည်ကုန်းခင် သစ်ပင်စသည်တို့ကိုကား ဂြိုဟ်နေကိုကြည့်၍ဆိုလေ၊ ဆင်းရဲချမ်းသာကို မေးမူ ခိုက်ရန်ဖြစ်၏။ သူတစ်ယောက်လည်း သေပျောက်လောက်အောင်ကြံ၏။ အဘယ့်ကြောင့်ဟူမူ လက္ခဏာသခင်ကို အာရိအိမ်ရှင်ဂြိုဟ် ပူးသောကြောင့်လည်းကောင်း၊ လက္ခဏာ သခင်ပိုင်သော ပြိဿရာသီသည် မရဏ ခံသောကြောင်လည်းကောင်း၊ လက္ခဏာအိမ်ရှင်သည် လက်နှင့် သမသတ် မျှော်သောကြောင့်လည်းကောင်းတည်း။ တနင်္ဂနွေသား ဓမေးမူ အရအမိ ရှိ၏။ အမှုပြီးစီး၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်လာဘအိမ်ရှင်ကို ကမ္မအိမ်ရှင်သည် မိမိပိုင်သော ရာသီတွင် ပူးသောကြောင့်တည်း။

တနင်္လာသား မေးမူ နေရာတွင်ကောင်း၏။ စနေသားမေးမူ အရအမိရှိ၏။ အဘယ်ကြောင့်ဟူမူ လာဘခံသောကြောင့်တည်း။

အင်္ဂါသား ဓမေးမူ မထောင်းတာ။

ဗုဒ္ဓဟူးသားမေးမူ နှလုံးကျဉ်းမြောင်း ရှိတတ်၏။ ခိုက်စရန်စများတတ်၏။ နေပေါင်းဖြစ်သော အရှေ့မြောက်ထောင့်သို့ပြောင်းလေ၊ ချမ်းသာရအံ့။

ကြာသပတေးသား မေးမူ အနာအဖျား မကင်း၊ သူတထူးသေလောက်အောင် ကြံတတ်၏။ အတယ်ကြောင့်ဟူမူ သောကြာသည် တူရာသီကိုပိုင်၍ လက္ခဏာအိမ်ရှင် ဆိုရသော်လည်း ပြိဿရာသီကို ပိုင်ပြန်သဖြင့် ပြိဿရာသီသည် မရဏအိမ်ရှင်ဖြစ်၍လည်းကောင်း၊ မရအိမ်ရှင် သောကြာသည် နံဂြိုဟ်ကို ပူးသောကြောင့်တည်း။


www.burmeseclassic.com

www.burmeseclassic.com



သောကြာသား မေးမူ ခိုက်စရန်စများလှ၏။ အဘယ့်ကြောင့်ဟူမူ နံဂြိုဟ်ကို အာရိအိမ်ရှင်ဂြိုဟ် ပူးသောကြောင့်တည်း။

တရားဆိုသော် သရေပန်းကျကာသာ။ လာဘ်သော်လည်း ရမူ ရတတ်၏။ အဘယ့်ကြောင့်ဟူမူ နံဂြိုဟ်သည် လဂ္ဂဇာအိမ်ရှင်ဖြစ်၍ လည်းကောင်း၊ နံဂြိုဟ်ကို အာရိအိမ်ရှင်ဂြိုဟ် ပူးသောကြောင့်တည်း။ ဘုရားနှင့် စပ်ယှက်လျက်ရှိ၏။ နေရာပြောင်းလွှဲလေ၊ ချမ်းသာဖြစ်အံ့။ အင်္ဂါနေ့ နေတက် ၁ခါဟော ပြီး၏။




အင်္ဂါနေ့ နေတက် ၂ခါ၌ ကာလစာတာပုံ

အင်္ဂါနေ့နေတက် ၂ခါအတွင်းမေးလာမူ ကြည်းကုန်းခင် သစ်ပင်စသည်တို့ ကိုဝွား၊ ဂြိုဟ်နေကိုကြည့်၍ဆိုလေ။ ဆင်းကရဲ့ချမ်းသာကို မေးမူ ချမ်းသာဖြစ်မည်။ အမူလည်း ရ၏။ အဘယ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ဟူမူ လက္ခိသခင် သုဘာအိမ်၌ နေသောကြောင့် ချမ်းသာဖြစ်မည်။ ကာမွအိမ်ရှင်လက်သို့ ဝင်သောကြောင့် အမှုလည်းရှိ၏ဆိုသည်ဟူပေ။ တနင်္ဂနွေသား မေးမူ ဖျားနာများ၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ် မရဏ ခံသောကြောင့်တည်း။ အနောက်မြောက်ထောင့်သို့ပြောင်းလေ။ တရားဆိုမှုအောင်အံ့။ တနင်္လာသား မေးမူ အရအမိရှိ၏။ ကောင်းလှ၏။

အင်္ဂါသား မေးမူ ကောင်းလှ၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်ဥစ်ပြု သောကြောင့်တည်း။

ဗုဒ္ဓဟူးသား၊ ကြာသပတေးသား မေးမူ ခိုက်စရန်စရှိ၏။ ကြီးသူ မိဘနှင့် အမျက်ထွက်ကြ၏။ အဘယ်ကြောင့်ဟူမူ ကြီးသူမည်သော ကြာသပတေးသည် အာရီအိမ်ရှင် ဗုဒ္ဓဟူးသည် သုခခံသော မေထုန်ရာသီအိမ်ရှင်ဖြစ်၍ သဘောမမျှ ပူးယှဉ်ကြသောကြောင့်တည်း။ အသားမညီမလွင်နှင့် သူ့လတ်ကို အပေါင်းအဖော်ပြုလေ။ ချမ်းသာလတ္တံ့။ အဘယ်ကြောင့်ဟူမူ ဗုဒ္ဓဟူးသည် သုဘာအိမ်ရှင် ဖြစ်သည်။ ကြာသပတေးသည် သဟာဇခံသော မနရာသီ အိမ်ရှင်ပိုင်ဖြစ်သည်။ ထိုသို့ဖြစ်၍ ပူးယှဉ်ကြသောကြောင့်တည်း။


သောကြာသား မေးမူ ယခုနေရာတွင်ပင် ချမ်းသာ ဖြစ်မည်။ နေဟောင်းကား အဖျားအနာဖြစ်လေရာ၏။ နေသစ်မှာ ချမ်းသာရမည်။ အဘယ်ကြောင့်ဟူမူ သောကြာပိုင် ပြိဿရာသီ မရဏခံသောကြောင့် နေရာဟောင်း မကောင်း။ ၎င်းသောကြာသည် အခါအလိုက် သုဘာအိမ်၌ နေသောကြောင့် နေရာသစ်မှာ ချမ်းသာရမည်ဆိုသည် ဟူပေ။

www.burmeseclassic.com

www.burmeseclassic.com



စနေသား မေးမှု အရအမိရှိ၏။ ကြီးသူမိဘတို့ဓာအုံ။ နံ့ဂြိုဟ်သည် လာဘ်ခံ၍ ကြီးသူမည်သော ကြာသပတေး ဖျော် သောကြောင့်တည်း။ အင်္ဂါနေ့ နေတက် ၂ခါ အဟောပြီး၏။




## အင်္ဂါနေ့ နေတက် ၃ခါ၌ ကာလစာတာပုံ

အင်္ဂါနေ့နေတက် ၃ခါအတွင်းမေးလာမှု ကြည်းကုန်းခင် သစ်ပင် စသည်တို့ကား– ဂြိုဟ်နေကိုကြည့်၍ ဆိုလေ။ ဆင်းရဲ ချမ်းသာကိုမေးမှု။ အရအမိရှိ၏။ စကားဆိုသော် ကောင်းအံ့။ အဘယ်ကြောင့်ဟူမူ လဂ္ဂဏာသခင် သောကြာ လာဘခံ၍ လာ ဘအိမ်ရှင် တနင်္ဂနွေလဂ်သို့ ဝင်သောကြောင့်တည်း။

တနင်္ဂနွေသား မေးမှု အနောက်တောင်ထောင့်က ကြီးသူ မိဘကိုမှီလေချမ်း သာဖြစ်အံ့။ စနေသား မေးမှု ကြောင်လနံ့၏။ သူလည်း ဖမ်းဝင်မည်ကြံသည်၊ အနောက်တောင်ထောင့်က ထဘီဝတ်ကိုမှီလေ ချမ်းသာမည်။

www.burmeseclassic.com

www.burmeseclassic.com




တနင်္လာသား မေးမူ နှလုံးမသာရှိ၏။ စိတ်လက် ကျဉ်းမြောင်း၏။ တရားဆိုမူ မအောင်။ မြောက်သို့ ပြောင်းလေ ချမ်းသာဖြစ်မည်။

အင်္ဂါသား မေးမူ ချမ်းသာဖြစ်အံ့။ အဘယ်ကြောင့်ဟူမူ အိမ်ရှင်ဗုဒ္ဓဟူး ပူးသောကြောင့်တည်း။

ဗုဒ္ဓဟူးသား မေးမူ ဆောင်သမျှအောင်အံ့။ အဘယ်ကြောင့်ဟူမူ ပထနီအိမ်ရှင် အင်္ဂါ ပူးသောကြောင့်တည်း။

ကြာသပတေးသား မေးမူ ချမ်းသာဖြစ်၏။ အဘယ်ကြောင့်ဟူမူ နံ့ဂြိုဟ်သုခ ခံသောကြောင့်တည်း၊ သူ့ကိုလည်း ကျေးဇူး ဆောင်ရအံ့။

သောကြာသား မေးမူ လုပ်စားဆောင်စား အရအမိရှိ၏။ ဆောင်လေသမျှ အောင်အံ့။ အဘယ်ကြောင့်ဟူမူ နံ့ဂြိုဟ်လာဘခံ၍ မိတ်ဖြစ်သော အင်္ဂါသမသတ် မျှော်သောကြောင့်တည်း။ အင်္ဂါနေ့ နေတက် ၃ခါ အဟောပြီး၏။




အင်္ဂါနေ့ နေတက် ၄ခါ၌ ကာလဓာတ်ဟောပုံ

www.burmeseclassic.com



အင်္ဂါနေ့နေတက် ၄ခါအတွင်း မေးလာမူ ကြည်ကုန်းခင် သစ်ပင်စသည်တို့ကိုကား၊ ဂြိုဟ်နေကိုကြည့်၍ဆိုရလေ၊ ဆင်းရဲချမ်းသာကို မေးမူ ဒသာကြမ္မာမကောင်း၊ တရားဆိုမူ မအောင်။ သူတထူး ကလိန်းကလက် ပြုတတ်၏။ သူနာကို မေးမူ လက္ခဏာသခင် သောကြာသည် မရဏအိမ်ပြိုသည်၌ စနေနှင့်တကွနေသောကြောင့် သေပျောက်တတ် ၏။ ရာဟုလက်သို့ ဝင်သောကြောင့်ဟု ဆိုသည်။

တနင်္ဂနွေသား မေးမူ နေမြဲတွင်နေ အကျိုးရှိ၏။

တနင်္လာသား မေးမူ ပလိဗောများ၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်ဗျာယ ခံသောကြောင့်တည်း။ ကြီးသူ မိဘလည်းအမျက်ရှိ၏။ ကြီးသူ မိဘအဆုံးအမကို ခံမှ အကျိုးရှိမည်။

အင်္ဂါသား မေးမူ ပလိဗောများ၏။ အမူအရာလည်းရှိ၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်ဗျာယခံ၍ ပလိဗောများ၏။ ကမ္မအိမ်ရှင်က တနင်္လာ ပူးသောကြောင့် အမူအရာ ရှိသည်ဟူပေ။ အရှေ့သို့ပြောင်းလေ။

ဗုဒ္ဓဟူးသား မေးမူ မထောင်းတာ။

ကြာသပတေးသား မေးမူ စကားနည်းစေ၊ ခိုက်ရန်စဖြစ်၏။ အမျက်ထွက်၏၊ အဘယ်ကြောင့်ဟူမူ မိမိပိုင်အိမ်၌ ဗျာယခံ၍ နေသောကြောင့်တည်း။


သောကြာသား မေးမူ သူ့အစွက်ကို အမှုပြုချေသည်။ နာမူ ဝမ်းကို အနာပေးတတ်၏။ ဆေးကုစားလေ။

စနေသား မေးမူ ရအံ့သော လာဘ်ကိုလည်း မရ၊ နာမူ သစ်ပင်စောင့်နတ် ဖမ်းစား၏။ အင်္ဂါနေ့နံနက် ၄ခါ အယောပြီး၏။

www.burmeseclassic.com

www.burmeseclassic.com






## ဗုဒ္ဓဟူးနေ့ နံနက် နေတက် ၁ခါ၌ ကာလစာတာပုံ

ဗုဒ္ဓဟူးနေ့ နံနက် ၁ခါအတွင်း မေးလာမူ ကြည်ကုန်းခင် သစ်ပင် စသည်တို့ကိုကား ဂြိုဟ်နေကိုကြည့်၍ဆိုလေ။ ဆင်းရဲ ချမ်းသာကို မေးမူ တရားဆိုမူအောင်အံ့။ ကျွန်ပြေးနွားပျောက် မေးမူ ရအံ့။ အဘယ်ကြောင့်ဟူမူ လက္ခဏာသခင် လာဘခံ၍ သုဘအိမ်ရှင် ဂြိုဟ်နှင့် ပူးသောကြောင့်တည်း။

တနင်္ဂနွေသား မေးမူ နေရာတွင်ချမ်းသာဖြစ်အံ့။ သားချင်း ပေါက်ဖော်ကြောင့် အမူဖြစ်တတ်သည်။ အဘယ်ကြောင့်ဟူမူ အာရီအိမ်ရှင် အင်္ဂါပူးသောကြောင့်တည်း၊ နာမူမထောင်းတာ၊ တရားဆိုမူမအောင်။ အင်္ဂါသား မေးမူ ချမ်းသာအံ့။ အဘယ် ကြောင့်ဟူမူ သုဘအိမ်ရှင် တနင်္လာ ပူးသောကြောင့်တည်း။


ဗုဒ္ဓဟူးသား မေးမူ မထောင်းတာ။ နေရာတွင်ပင် ကောင်း ၏။

www.burmeseclassic.com

www.burmeseclassic.com



သောကြာသား မေးမူ ချမ်းသာဖြစ်အံ့။ အဘယ်ကြောင့်ဟူမူ နံ့ဂြိုဟ်သည် ဥစ်မူ၍ ကသစ်မူသော ကြာသပတေးနှင့် ပူးသောကြောင့်တည်း။ ဗုဒ္ဓဟူးနေ့ နေတက် ၁ခါ အဟောပြီး၏။




ဗုဒ္ဓဟူးနေ့ နေတက် ၂ခါ၌ ကာလဇာတာပုံ

ဗုဒ္ဓဟူးနေ့ နေတက် နံနက် ၂ခါအတွင်း မေးလာမူ၊ ကြည်းကုန်းခင် သစ်ပင် စသည်တို့ကိုကား ဂြိုဟ်နေကိုကြည့်၍ ဆိုလေ။ ဆင်းရဲချမ်းသာကို မေးမူ အစား အရေးမထောင်းတာ။ အလျော့အပါးများ၏။ အဘယ်ကြောင့်ဟူမူ လက္ခဏာသခင် ဗုဒ္ဓ ယခံသောကြောင့်တည်း။ အနောက်တောင်ထောင့် မြေညီသို့ ပြောင်းလေ၊ ချမ်းသာဖြစ်အံ့။ တရားဆိုသော် အောင်မြင်အံ့။ သူမကား ဖျက်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေသား မေးမူ ကောင်းကောင်းကုစားလေ၊ လွတ်အံ့၊ အဘယ်ကြောင့် ဟူမူ နံ့ဂြိုဟ် မရဏခံသောကြောင့်တည်း။

တနင်္လာသား မေးမူ အမူ၊ အရာ၊ အနာအဖျား များ၏။ အဘယ်ကြောင့်ဟူမူ နံ့ဂြိုဟ်ကို ကမ္မအိမ်ရှင် ပူးသောကြောင့် အမူ၊ နံ့ဂြိုဟ်ကို မရဏခံသောကြောင့် အဖျား အနာ ဆိုသည်ဟူပေ။ ချင်းကို ကြီးသူ မိဘအမျက်ရှိ၏။ မာနကို ဆင်ခြင်လေ။ နာမူ ရင်ခေါင်းနာ၏။ ဆေးကုလေ။ ချမ်းသာမည်။

အင်္ဂါသား မေးမူ ဗျာပါကြီးလှ၏။ အဘယ်ကြောင့်ဟူမူ နံ့ဂြိုဟ် ဗျာယခံသော ကြောင့်တည်း။

ဗုဒ္ဓဟူးသား၊ ကြာသပတေးသား မေးမူ နေရာတွင်ပင် ကောင်း၏။ အဆွေ ခင်ပွန်းကောင်း အရှေ့ကမစ၏။ အကျိုးရှိ၏။


သောကြာသား မေးမူ၊ မထောင်းတာ၊ နေရာတွင်ပင် ကောင်း၏။

စနေသား၊ ရာဟုသား မေးမူ အမူအရာနှင့် မကင်းရှိ၏။ သို့ပင်ရှိပြားသော်လည်း မထောင်းတာ။ စနေသားမှာ အနောက် မြောက်ထောင့်က။ ရာဟုသားမှာ အနောက်တောင်ထောင့်က လာဘ်ရအံ့။ အဆွေခင်ပွန်းကောင်းသော်လည်း တွေ့အံ့။ အဘယ် ကြောင့်ဟူမူ နံ့ဂြိုဟ် ကမ္မခံသောကြောင့်အမူ၊ မိတ်ချင်းမိတ်ပူး သောကြောင့် လာဘ်ရအံ့။ အဆွေခင်ပွန်းကောင်း တွေ့ဆိုသည် ဟူပေ။ ဗုဒ္ဓဟူးနေ့ နံနက် ၂ခါ အပေါ်ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com






ဗုဒ္ဓဟူးနေ့ နေ့တက် ၃ခါဒွိ ကာလဇာတာပုံ

ဗုဒ္ဓဟူးနေ့နေ့တက် ၃ခါအတွင်း မေးလာမူ ကြည်းကုန်းခင်သစ်ပင်စသည်ကိုကား ဂြိုဟ်နေကိုကြည့်၍ဆိုလေ။ ဆင်းရဲချမ်းသာကိုမေးမူ လာဘ်လည်းရတတ်၏။ ပျောက် လည်း ပျောက်တတ်၏။ အမှုအခရာနှင့်မကင်း။ အဘယ်ကြောင့်ဟူမူ လဂ်သို့ လာဘ်ဂြိုဟ်ဝင်သောကြောင့် လာဘ်လည်းရ၏။ ၎င်းလဂ်သို့ အင်္ဂါဂြိုဟ်ပူးသောကြောင့် ပျောက်လည်းပျောက်တတ်၏။ ၎င်းလဂ်ကိုကမ္မအိမ်ရှင်ဂြိုဟ် သမသတ် မျှော်သောကြောင့် အမှုဆိုသည်ဟူပေ။ နာမူကား ဝမ်းချက်တိုင် နာ၏။ ဆေးကုပေး။

တနင်္ဂနွေသား မေးမူ ဦးခေါင်းခဲ၏။ သွေးနာမူပေ။ မထောင်းတာ။

တနင်္လာသား မေးမူ၊ အရအမိ ရှိ၏။ တရားဆိုသော်အောင်အံ့။

အင်္ဂါသား မေးမူ မထောင်းတာ။

www.burmeseclassic.com

www.burmeseclassic.com




ဗုဒ္ဓဟူးသား မေးမူ မလို။

ကြာသပတေးသား မေးမူ ခိုက်စရန်စများ၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ် အာရီခံသောကြောင့်တည်း။ နာမူ၊ စုန်းဖမ်းစားတတ်၏။ အဘယ်ကြောင့်ဟူမူ စနေ သမသတ် မျှော်သောကြောင့်တည်း။ ကောင်းကောင်း ကုစားလေ၊ ဝမ်းကို အနှာပေးတတ်၏။

သောကြာသားမေးမူ၊ နေရာတွင်ပင် ချမ်းသာရမည်၊ သူ့မှုကား သံရိပ်ဆိုတတ်၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ် သုဘာခံသောကြောင့် ချမ်းသာရမည်။ သူသံရိပ်ဆိုသည် ဟူပေ။

စနေသား မေးမူ ဗလီဗောဓများ၏။ နောင်အခါ ချမ်းသာဖြစ်မည်။ အဘယ်ကြောင့်ဟူမူ၊ နံဂြိုဟ် ဗျာယခံသောကြောင့် ဗလီဗောဓ။ ၎င်းနံဂြိုဟ် ဥစ်ပြုသောကြောင့် ချမ်းသာဖြစ်မည်ဟူပေ။

ဗုဒ္ဓဟူးနေတက် ၃ခါ အဇဟာပြီး၏။




ဗုဒ္ဓဟူးနေ့ နေတက် ၄ခါ၌ ကာလဇဟာပုံ

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးနေ့ နေတက် ၄ခါအတွင်း မေးလာမူ၊ ကြည်းကုန်းခင် သစ်ပင် စသည်တို့ကိုကား ဂြိုဟ်နေကိုကြည့်၍ဆိုလေ။ တရားဆိုသော်မအောင်၊ နာမူသေအံ့။ အမှုအရာများ၏။ အဘယ်ကြောင့်ဟူမူ ပါပဂြိုဟ်မည်သော စနေ အင်္ဂါနှင့် တနင်္လာသည် နိစ်မူ၍ လဂ်တွင် သုံးလုံးပူးသောကြောင့်တည်း။

တနင်္ဂနွေသား မေးမူ ဆောင်လေသမျှ အောင်အံ့။ ကုန်သွယ် လယ်လုပ်ပြုသော် စီးပွားများအံ့။ ၊အဘယ်ကြောင့်ဟူမူ နံဂြိုဟ် လာဘခံသောကြောင့်တည်း။

တနင်္လာသား မေးမူ ကြောက်လန့်၏။ စနေသား အမေ့ယူ၍ ချမ်းသာပေးအံ့။

အင်္ဂါသား မေးမူ ခြေညောင်းလက်သေရှိ၏။ တရားဆိုမူ၊ သူ့အားကြီး၏။

ဗုဒ္ဓဟူးသား မေးမူ ခိုက်ရန် အငြင်းအခုံများ၏။ အဘယ် ကြောင့်ဟူမူ နံဂြိုဟ် အာရိခံ၍ ဗျာယအိမ်ရှင် မိမိအိမ်၌ ဗျာယ ပင်ခံလျက် သမသတ်မျှော်သောကြောင့်တည်း။ တရားဆိုမူ မ အောင်။ အဘယ်ကြောင့်ဟူမူ၊ နံဂြိုဟ်အာရိခံရာ ဗျာယဂြိုဟ် သမသတ် မျှော်သောကြောင့်ပင်တည်း။

ကြာသပတေးသား မေးမူ ဆောင်လေသမျှ အောင်အံ့။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ် ဥစ်မူသောကြောင့်ပင်တည်း။

သောကြာသား မေးမူ ဗျာပါများ၏။ အလျော့အပေါ်များ၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ် ဗျာယခံသောကြောင့်တည်း။ နေတက် အခါ ငြိမ်းချမ်းမည်။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ် သစ်ပြု သောကြောင့်တည်း။


www.burmeseclassic.com

www.burmeseclassic.com



စနေသား မေးမူ ဆောင်သမျှ အောင်အံ့။ အဘယ်ကြောင့် ဟူမူ မိမိဂြိုဟ် ရာဟု ပူးသောကြောင့်တည်း။

ရာဟုသား မေးမူ လာဘ်သော်လည်းရအံ့၊ အဆွေခင်ပွန်း သော်လည်းတွေ့အံ့။ အဘယ်ကြောင့်ဟူမူ မိမိဂြိုဟ် စနေ ပူးသော ကြောင့်တည်း။ ဗုဒ္ဓဟူးနေ့ နေတက် ၄ခါ အဟောပြီး၏။




## ကြာသပတေးနေ့ နံနက် ၁ခါ၌ ကာလဇာတာပုံ

ကြာသပတေးနေ့ နံနက်နေတက် ၁ခါအတွင်း မေးလာမူ ကြည်းကုန်းခင် သစ်ပင် စသည်တို့ကား ဂြိုဟ်နေကိုကြည့်၍ဆိုလေ၊ သူနာမေးမူ သေအံ့။ တရားဆင်မူ မအောင် အမှုခပ်သိမ်း ဆောင်သမျှ မအောင်ရာ၊ အဘယ်ကြောင့်ဟူ၍ လက္ခဏာသင်္ချေ မရဏာခံသောကြောင့်တည်း။ ကျွဲပျောက် နွားပျောက်မေးမူ၊ အနောက်တောင်ထောင့် သစ်ပင်အောက်၌ ချည်၍ ထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေသား မေးမူ အမှုအရာမကင်း ရှိတတ်၏။ နောင်သော် ချမ်းသာရမည်။

တနင်္လာသား မေးမူ ဗျာပါ ထူလှ၏။ ကြောက်လည်း ကြောက်လန့်၏။ နာမှုတစ္ဆေကြီးလှ၏။ ရင်ခေါင်း ကျော့နာ၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ် ဗျာယခံ၍ အင်္ဂါ ရာဟု ပူးသော ကြောင့်တည်း၊


အင်္ဂါသား မေးမူ၊ နေရာတွင်ပင်ကောင်း၏။ ယခုကား ဗလိမရှိ၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ် ဗျာယခံသောကြောင့် တည်း။

ဗုဒ္ဓဟူးသား မေးမူ၊ မထောင်းတာ နာမူ ချမ်းသာအံ့။

ကြာသပတေးသား မေးမူ၊ နာသော် မကောင်း။

သောကြာသား မေးမူ ဝမ်းကို အနာပေးတတ်၏။ ဆေး ကုစားလေ၊ သူအမှုကို အမှုပြုချေ၏။ ရွာသမီး ဖမ်းစား၏။

ရာဟုသား မေးမူ ဗျာပါများလှ၏။ ရအပ်သော လာဘ် လည်း သူအမှုပြု၍ လွတ်လေ၏။ ကြာသပတေးနေ့ နံနက် နေတက် ၁ခါ အဟောပြီး၏။




ကြာသပတေးနေ့ နံနက် နေတက် ၂ခါ ကာလဇာတာပုံ

www.burmeseclassic.com



ကြာသပတေးနေ့ နံနက်နေတက် ၂ခါအတွင်း မေးလာမူ ကြည်းကုန်းခင် သစ်ပင် စသည်တို့ကိုကား ဂြိုဟ်နေကိုကြည့်၍ ဆိုလေ။ ဆင်းရဲချမ်းသာကို မေးမူ အမှုခပ်သိမ်း ဆောင်သမျှ မအောင်ရာ ပြိုကွဲတတ်၏။ မျက်ရည်ယိုတတ်၏။ အဘယ်ကြောင့် ဟူမူ လက္ခဏာသခင်ကို အာရီအိမ်ရှင် ဂြိုဟ်ပူးသည်တစ်ကြောင်း၊ ဗျာယအိမ်ရှင် လက်သို့ဝင်သည်တစ်ကြောင်း ကြောင့်တည်း။

တနင်္ဂနွေသား၊ တနင်္လာသား မေးမူ၊ အဖျားအနာများ၏ အဘယ်ကြောင့်ဟူမူ နံဂြိုဟ် မရဏာခံသောကြောင့်တည်း။ နေရာ ပြောင်းသော် ချမ်းသာအံ့။

စနေသား မေးမူ၊ ယခု ကိုယ်ချမ်းသာ၏။ စိတ်ကား မချမ်းသာ အဘယ်ကြောင့်ဟူမူ နံဂြိုဟ် သုဘာခံသောကြောင့် ကိုယ်ချမ်းသာ၏။ ၎င်း နံဂြိုဟ် ပြုအိမ်နေသောကြောင့် စိတ်က မချမ်းသာဆိုသည်။

အင်္ဂါသား မေးမူ မထောင်းတာ နာမူသွေးအနာ ကြောင့်ဖြ ရန်ရှိ၏။ မူး၍သေတတ်၏။

ဗုဒ္ဓဟူးသား မေးမူ အခြေလေးခုကြောင့် နှလုံးမသာ တတ်၏။ နာမူ ခြေလက်ကိုက်ခဲ၏။ မြေကိုင်သည်ဆိုလေ။


ကြာသပတေးသား မေးမူ ခိုက်စရန်စရှိ၏။ အဘယ်ကြော ဟူမူ အာရီအိမ်ရှင်ဂြိုဟ် ပူးသောကြောင့်တည်း။

သောကြာသား မေးမူ အရအမိ အစီးအပွားရှိ၏။ အဘယ် ကြောင့်ဟူမူ စည်းစိမ်ချမ်းသာ ဥစ္စာမည်သော ကြာသပတေး ပူးသောကြောင့်တည်း။ ကြာသပတေး နံနက် နေတက် ၂ခါ အ ဟောပြီး၏။

www.burmeseclassic.com

www.burmeseclassic.com






## ကြာသပတေးနေ့ နံနက် နေတက် ၃ခါ၌ ကာလဇာတာပုံ

ကြာသပတေးနေ့ နံနက် ၃ခါအတွင်း မေးလာမူ ကြည်းကုန်းခင် သစ်ပင်စသည်တို့ကိုကား ဂြိုဟ်နေကိုကြည့်၍ဆိုလေ။ ဆင်းရဲချမ်းသာကို မေးမူ ဆောင်သမျှ သရေရာကာသာ။ ခရီးသွားမည်ကြံသော်လည်း မသွားဖြစ်။ အိမ်ပြောင်းမည် ကြံသော်လည်း မပြောင်းဖြစ်၊ သူဖျက်ဆီး၏။ အဘယ်ကြောင့်ဟူမူ အာရီအိမ်ရှင် သောကြာသည် လဂ်သမသတ် မျှော်သောကြောင့်တည်း။ တရားဆိုသော် မအောင်။ အဘယ်ကြောင့်ဟူမူ ပါပဂြိုဟ်လက်နှင့်နီးသောကြောင့်တည်း။

တနင်္ဂနွေသား မေးမူ ခိုက်စရန်စမကင်း၊ ပြောင်းလဲလေ။ ချမ်းသာအံ့။

သောကြာသား မေးမူ ဖျားနာတတ်၏။ မိမိရန်သူ တောင်ကရှိ၏။ နေရာတွင် ချမ်းသာ၏။

www.burmeseclassic.com




တနင်္လာသား မေးမူ စုန်းဖမ်းစားတတ်၏။ အဘယ်ကြောင့်ဟူမူ စနေ ပူးသောကြောင့်တည်း။

စနေသား မေးမူ ငှက်သင့်၏။

အင်္ဂါသား မေးမူ မြွေကိုက်က ရန်သူရှိ၏။ နေ့ရာတွင်ချမ်းသာ၏။

ဗုဒ္ဓဟူးသား၊ ကြာသပတေးသား မေးမူ နေရာတွင် ချမ်းသာမည်။ ကြာသပတေးနေ့ နေတက် ၃ခါ အဟောပြီး၏။




ကြာသပတေးနေ့ နေတက် ၄ခါ၌ ကာလဇာတာပုံ

ကြာသပတေးနေ့ နေတက် ၄ခါတွင် မေးလာမူ ကြည်းကုန်ခင် သစ်ပင်စသည်တို့ကိုကား ဂြိုဟ်နေကိုကြည့်၍ဆိုလေ။ အမှုဆောင်သမျှ အောင်၏။ တရားဆိုသော် အောင်၏။ အဘယ်ကြောင့်ဟူမူ လက္ခဏာသခင် ပထနိုးခံသည်တစ်ကြောင်း လဂ်တွင် စနေရာဟု ပူးသည်တစ်ကြောင်းကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေသား မေးမူ လာဘ်ရအံ့ ခိုက်စရန်စလည်း ရှိအံ့။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်လာဘခံသောကြောင့် လာဘ်ရအံ့။ အာရီအိမ်ရှင်ဂြိုဟ် ပူးသောကြောင့် ခိုက်စရန်စရှိ၏ ဆိုသည်ဟူပေ။


သောကြာသား မေးမူ နေရာတွင်ကောင်း၏။ အရအမိရှိ၏။ နာမူ မထောင်းတာ။

တနင်္လာသား မေးမူ အရှေ့တောင်ထောင့်က ခိုက်စရန်စရှိ၏။ စကားနည်းစေ၊ နှလုံးညိုးငယ်တတ်၏။ အဘယ်ကြောင့် နည်းမူ မကာရရာသီ၌ နံဂြိုဟ်ပြခံသောကြောင့်တည်း။

အင်္ဂါသား၊ ဗုဒ္ဓဟူးသား မေးမူ မျက်နှာသည် ပန်းကဲ့သို့ လန်း၏။ ဆောင် သမျှ အောင်၏။

ကြာသပတေးသား မေးမူ၊ အောင်ကောင်းအောင်၏။ နှလုံးကား မသာရှိတတ် ၏။ အသားညိုကြောင့်ဆိုလေ။ နာမူ မထောင်းတာ။ စုန်းပြု သူပြုရှိ၏။ ဆေးကုလေ။

စနေသား၊ ရာဟုသား မေးမူ ဆောင်သမျှ အောင်အံ့။ နာသစ်မှာ မကောင်း။ နာဟောင်းမထောင်းတာ။ ကြာသပတေးနေ့ နေတက် ၄ခါ အဟောပြီး၏။




သောကြာနေ့ နံနက် နေတက် ၁ခါ၌ ကာလဇာတာပုံ

www.burmeseclassic.com

www.burmeseclassic.com



သောကြာနေ့ နံနက် ၁ခါအွှတွင်း မေးလာမူ ကြည်းကုန်းခင် သစ်ပင်စသည့်တို့ကိုကား ဂြိုဟ်နေကိုကြည့်၍ဆိုလေ။ ကြံဆောင် သမျှ အမှုအရာ အောင်၏။ စိတ်မှုကား ဆောင်းလှောင်ကြက်ကဲ့သို့ ရှိ၏။ နာမူသေအံ့။ အဘယ်ကြောင့်ဟူမူ လဂ္ဂဏာ သခင်ရန်နှင့် တကွ မရဏာခံသည့်အကြောင်းကြောင့် နာမူသေအံ့။ လဂ်ကို ပါပဂြိုဟ် ရှေ့နောက်ဆီးသော အကြောင်းကြောင့် စိတ်မှုကား ဆောင်းလှောင်ကြက်ကဲ့သို့ရှိ၏ ဆိုသည်ဟူပေ။

တနင်္ဂနွေသား မေးမူ အမှုကားရ၏။ မထောင်းတာ။

တနင်္လာသား မေးမူ ညှိုးငယ်၊ မြောက်သို့ ပြောင်းလေ၊ ချမ်းသာအံ့။

အင်္ဂါသား၊ ဗုဒ္ဓဟူးသား မေးမူ၊ အမှုမရှိ။ နာမူ ဝမ်းကို အနာပေး၏။ ဆေးကုလေ။

ကြာသပတေးသား မေးမူ မိုးမြေကြောင့် ရန်ဖြစ်အံ့။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်အာရီခံလျက် ရာဟုသမသတ်မျှော် သောကြောင့်တည်း။

သောကြာသား မေးမူ အမှုမရှိဘဲလျက် အရအမိကို တန့် ကားတတ်၏။ အံသားညီတို့နှင့် နှလုံးမသာရှိ၍ အကျိုးနည်း တတ်၏။ ဆင်ခြင်စဉ်းစားလေ။


စနေသား မေးမူ သေတတ်၏။ အဘယ်ကြောင့်ဟူမူ ရန်ဂြိုဟ်ပူးလျက် မရဏာ ခံသောကြောင့်တည်း။

ရာဟုသား မေးမူ အသားနီသောသူ၏ အမှုကြောင့် ကြီးသူ မိဘအမျက်ရှိ၏။ အကျိုးနည်းတတ်၏။ ဆင်ခြင်လေ၊ သောကြာ နေ့ နံနက် ၁ခါ အဟောပြီး၏။

www.burmeseclassic.com

www.burmeseclassic.com






## သောကြာနေ့ နေတက် ၂ခါဒွိ ကာလစာတာပုံ

သောကြာနေ့ နံနက် ၂–ခါအတွင်း မေးလာမူ၊ ကြည်းကုန်းခင် သစ်ပင်စသည်တို့ကိုကား ဂြိုဟ်နေကိုကြည့်၍ဆိုလေ။ ခိုက်စရန်စရှိ၏။ တရားဆိုမူ သရေကျကသာ။ နာမူမကောင်း။ အဘယ်ကြောင့်ဟူမူ အာရီ အိမ်ရှင်လက်သို့ ဝင်သောကြောင့် ခိုက်စရန်စရှိ၏။ လက္ခဏာအိမ်ရှင် မရဏ ခံသောကြောင့် နာမူ မကောင်းဆိုသည်ဟူပေ။ မြောက်ကဗ္ဗာသမီး ဖမ်းစား၏။ တနင်္ဂနွေသား၊ စနေသား မေးမူ 'တနင်္ဂနွေသားကား သေလုနီးပါး နာ၏။ သေကား မသေ၊ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်မရဏပင် ခံသော်သည်း မိမိအိမ်ပိုင်တွင် နေသောကြောင့်ဟူပေ။

စနေသား မေးမူကား သေတတ်၏။ အဘယ်ကြောင့်ဟူမူ၊ နံဂြိုဟ် မရဏခံ၍ ပြဒ်အိမ်၌ နေသောကြောင့်ဟူပေ။

www.burmeseclassic.com


www.burmeseclassic.com



တနင်္လာသား၊ အင်္ဂါသား မေးမူ ချမ်းသာဖြစ်အံ့။ တနင်္လာသား၏ ရန်သူကား အရှေ့တောင်ထောင့်ကရှိ၏။ အင်္ဂါသား၏ အဆွေခင်ပွန်းကောင်းကား အရှေ့တောင်ထောင့်ကပင်ရှိ၏။

ဗုဒ္ဓဟူးသား မေးမူ မထောင်းတာ၊ ဆောင်လေသမျှ အောင်၏။

ကြာသပတေးသား၊ သောကြာသား မေးမူ ခေါင်လေရာရာ မျက်နှာပန်းသို့ လန်း၏။ အဘယ်ကြောင့်ဟူမူ ဥစ်ကသစ်တွေ့ သောကြောင့်တည်း။ သောကြာနေ့ နေတက် ၂ခါ အဟောပြီး၏။




သောကြာနေ့ နေတက် ၃ခါ၌ ကာလဇာတာပုံ

သောကြာနေ့ နေတက် ၃ခါအတွင်း မေးလာမူ ကြည်းကုန်း သစ်ပင်စသည် တို့ကိုကား ဂြိုဟ်နေကိုကြည့်၍ ဆိုလေ၊ ဆောင်လေ သမျှ အောင်အံ့။ ငြိုငြင်ရန်အမူ များရှိ၏။ အသွားအရီးခပ်ပြိုင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကျော့ခပ်ကိုင်း၊ နဖူး ခပ်မောက် နှာရောင်ကောက် လူတို့က နှိပ်စက်ခြင်းပြုလို၏။ အဘယ်ကြောင့်ဟူမူ လက္ခဏာသခင် ကမ္ဗခံသောကြောင့် အမှုများ၊ ၎င်းကမ္ဗခံသော လက္ခဏာသခင်ကို အင်္ဂါ ပူးသောကြောင့် သူနှိပ်စက်ခြင်းကို ပြုလို၏ ဆိုသည်ဟူပေ။

တနင်္ဂနွေသား မေးမူ ခိုက်စရန်စ အငြင်းအခုံများတတ်၏။ နှောင်သော် ချမ်းသာမည်။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်ကို ပထနီအိမ်ရှင်ဂြိုဟ် ပူးသောကြောင့် ချမ်းသာမည်။ နံဂြိုဟ် အာရိခံသောကြောင့် ခိုက်စရန်စ အငြင်းအခုံ များတတ်၏ဟူပေ။

တနင်္လာသား မေးမူ သူတစ်ယောက် သေလောက်အောင် ကြံ၏။ အဘယ်ကြောင့်ဟူမူ မရဏအိမ်ရှင်ဂြိုဟ် ပူးသောကြောင့် တည်း။


စနေသား၊ အင်္ဂါသား မေးမူ အမှုကားရှိ၏။ နှောင်သော် ချမ်းသာမည်။ တရားဆိုမူ သရေကျဉ်ဏသာ။ ဗုဒ္ဓဟူးသား မေးမူ ဗျာပါများ၏။ အလျော့အပါးများ၏။ အိမ်ရာပြောင်းလေ။ တရားဆိုသော် ကြီးသူ မိဘကိုမှီလေ အောင်အံ့။

ကြာသပတေးသား မေးမူ ပလိဗောဓရှိ၏။ နှောင်သော် ချမ်းသာမည်။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ် ဗျာယခံသောကြောင့် ပလိဗောဓ၊ ၎င်းနံဂြိုဟ် ကသစ်မူ သောကြောင့် ချမ်းသာအံ့ဟူသည် ဆိုသည်ဟူပေ။ သောကြာသား မေးမူ နေရာတွင် ပင်နေလေ။ အရအမိ အစီးအပွားရှိ၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်ဣသစ်ခံ သောကြောင့်တည်း။ သောကြာနေ့ နေတက် ၃ခါ ခပ်ဟောပြီး၏။

www.burmeseclassic.com

www.burmeseclassic.com






သောကြာနေ့ နေတက် ၄ခါ၌ ကာလစာတာပုံ

သောကြာနေ့ နေတက် ၄ခါအတွင်း မေးလာမူ ကြည်းကုန်းခင် သစ်ပင်တို့ကား ဂြိုဟ်နေကို ကြည့်၍ဆိုလေ။ အမှုဆောင်သူအောင်အံ့။ မလိုသူတို့ ကလိန်းကလက် ပြုတတ်၏ အဘယ်ကြောင့်ဟူမူ လက္ခဏာသခင် ဗျာယခံသောကြောင့် မလိုသူ ရာဟု လဂ်သို့ သမသတ် မျှော်သောကြောင့် ကလိန်းကလက် ဆိုသည်ဟူပေ။

တနင်္ဂနွေသား မေးမူ လာဘ်လည်းရအံ့။ ရန်လည်းဖြစ်အံ့၊ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်ကို လာဘအိမ်ရှင် အင်္ဂါသမသတ် မျှော်သောကြောင့် လာဘ်ရအံ့။ အာရီအိမ်ရှင် ဗုဒ္ဓဟူးသမသတ် မျှော်သောကြောင့် ရန်လည်းဖြစ်အံ့ဆိုသည် ဟူပေ။

တနင်္လာသား မေးမူ ချမ်းသာအံ့။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ် သုဘ ခံသောကြောင့်တည်း။

အင်္ဂါသား၊ ဗုဒ္ဓဟူးသား မေးမူ အင်္ဂါသားမှာကား မိမိရန်

www.burmeseclassic.com

www.burmeseclassic.com




သူနှစ်ယောက်ရှိ၏။ အာရိအိမ်ရှင် ဗုဒ္ဓဟူး ပူးသောကြောင့် နှစ်ယောက်ဆိုသည်ဟူပေ။ ကြံမှုကား၊ မကြံနိုင်။ နေရာတွင်ပင် ချမ်းသာဖြစ်အံ့။

ဗုဒ္ဓဟူးသားမှာ အရအမိလည်း ရှိ၏။ အလျော့အပါး အဖျားအနာလည်းရှိ၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်လာဘခံသောကြောင့် အရအမိ။ မရဏအိမ်ရှင် တနင်္ဂနွေ သမသတ် မျှော်သောကြောင့် အလျော့အပါး အဖျားအနာရှိ၏ ဆိုသည်ဟူပေ။ နာမှုကြီးသူမကောင်း၊ ငယ်သူ မထောင်းတာ။

စနေသား မေးမူ အပျက်အစီး များလှ၏။ နေဟောင်းကိုပစ်၍ နေသစ်နေချေသည်။ နေဟောင်းသို့ ပြောင်းလေ။ ချမ်းသာအံ့။

ကြာသပတေးသား မေးမူ ကြောင့်ကြမရှိ၊ နေရာတွင်ပင် ချမ်းသာဖြစ်မည်။ သောကြာမနေ့ နေတက် ၄ခါ အဟောပြီး၏။




စနေနေ့ နံနက် ၁ခါ၌ ကာလဇာတသို

www.burmeseclassic.com

www.burmeseclassic.com



စနေနေ့ နံနက် ၁ခါ အတွင်း မေးလာမူ ကြည်းကုန်းခင် သစ်ပင်စသည်တို့ကိုကား ဂြိုဟ်နေကိုကြည့်၍ ဆိုလေ။ ဆင်းရဲ ချမ်းသာကိုမေးမူ ကျွန်ဖြစ်သော သူကြောင့် အမှုအရာများလှ၏။ အဘယ်ကြောင့်ဟူမူ ကျွန်မည်သော စနေလဂ်သို့ ဝင်သည် တစ်ကြောင်း၊ လဂ္ဂဏာသခင် ကမ္မခံသည် တစ်ကြောင်းကြောင့်တည်း။

တနင်္ဂနွေသား မေးမူ အမှုအရာ များ၏။ ချင်း၏ ရန်သူကား အနောက်တောင် ထောင့်ကရှိ၏။ နောင်သော် ချမ်းသာမည်။ အမိအရလည်းရှိ၏။ အဘယ့်ကြောင့်ဟူမူ နံဂြိုဟ် ကမ္မအိမ်၌နေ၍ ကမ္မအိမ်ရှင် ဗျာဃခံသောကြောင့်တည်း။

တနင်္လာသား မေးမူ ကြောက်လန့်တကြား ဖြစ်တတ်၏။ အဘယ်ကြောင့်ဟူမူ နမဂြိုဟ် ဗျာဃအိမ်ရှင် ဖြစ်သောကြောင့် တည်း။ နံဂြိုဟ်နေသော ကန်ရာသီသည် နံဂြိုဟ်၏ မိတ် ဗုဒ္ဓဟူး ပိုင်ရာသီ ဖြစ်သောကြောင့် မိမိအကျိုးကို ဆောင်မည့်သူလည်း ရှိ၏။

အင်္ဂါသား မေးမူ အမှုအရာ ရှိ၏။ ချင်း၏ ရန်သူကား အရှေ့မြောက်ကရှိ၏။ ရန်သူ အမှုပြုတတ်၏။ နောင်သော် ချမ်းသာမည်။ အဘယ်ကြောင့်ဟူမူ ရန်သူဂြိုဟ် တနင်္ဂနွေ ကမ္မခံလျက် နံဂြိုဟ်ကို သမသတ် မျှော်သောကြောင့် ရန်သူ အမှုပြု တတ်ဟူပေ။

ဗုဒ္ဓဟူးသား မေးမူ အရအမိ စီးပွားများ၏။ အဘယ်ကြောင့် ဟူမူ နံဂြိုဟ်လာဘ အိမ်ရှင်ဖြစ်သောကြောင့်တည်း။

ကြာသပတေးသား မေးမူ အမှုအရာ မရှိ။ ချမ်းသာဖြစ်အံ့။ ကိုယ်သွားဆူသော မိန်းမကို ရှောင်ရှားနိုင်စေ။ ဖျက်ဆီးတတ်၏။

www.burmeseclassic.com


www.burmeseclassic.com



အဘယ်ကြောင့်ဟူမူ နံဂြိုဟ် သုဘခံသောကြောင့်တည်း။

သောကြာသား၊ ရာဟုသား မေးမူ အလျော့အပါး ကြောင့်ကြ ဗျာပါ ရ မကောင်း။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ် ဗျာယခံ သောကြောင့် တည်း။

စနေသား မေးမူ ညှိုးငယ်၏။ နာမူ စုန်းဖမ်းစား၊ အပင်း လည်းရှိ၏။ ဆေးကုလေ၊ ချမ်းသာအံ့။ စနေနေ့ နံနက် နေတက် ၁ခါ အဟောပြီး၏။




စနေနေ့ နံနက် နေတက် ၂ခါ၌ ကာလဇာတာစုံ

စနေနေ့နံနက် ၂ခါအတွင်းမေးလာမူ၊ ကြည်းကုန်းခင် သစ်ပင်စသည်တို့ကိုကား ဂြိုဟ်နေကိုကြည့်၍ ဆိုလေ။ ဆောင် လေသမျှ အမှုစပ်သိမ်းမအောင်ရာ။ နောင်ကို ချမ်းသာဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူအမှုပြု၍ စိတ်ဆင်းရဲ၏။ အဘယ့်ကြောင့်ဟူမူ၊ အာရှိအိမ်ရှင် စနေလက်သို့ ဝင်သောကြောင့် တစ်ကြောင်း၊ ရန်သူ အမှုပြုသည်ဟု ဆိုသည်ဟူပေ။ နာမှု သေအံ့။ ရွာသမီးလည်း တောင်ကဖမ်းစား၏။ အခေါင်းနှင့်သစ်ပင်က သစ်ပင်စောင့်နတ်လည်း အနောက်တောင်ထောင့်က ဖမ်းစား၏။ ဖမ်းကို အနာပေး၏။ ဆေးကုလေ။

ဘ၈ တနင်္ဂနွေသား မေးမူ အရှေ့တောင်ထောင့်ကို ဆင်ခြင်၊ ခိုက်စရန်စရှိ၏။ နာမှု ပူတုံ ချမ်းတုံရှိ၏။ မြောက်က တခွေသစ်ပင်စောင့်နတ်ဖမ်း၏။ တခွေစာပစ်လေ။

တနင်္လာသား၊ အင်္ဂါသား မေးမူ၊ တနင်္လာသားကွာ နှလုံးကျဉ်းမြောင်း၏။ နောင်သော် ချမ်းသာဖြစ်ရမည်။ ချင်းကို မစမည့်သူကား အရှေ့ကအသားပြာနှင့်ရှိ၏။ အင်္ဂါသား မေးမူ ချင်းက စိတ်မချမ်းသာ။ အဘယ်ကြောင့်ဟူမူ ဗျာယအိမ်ရှင် တနင်္လာ လဂ္ဂဏာသခင် ဗျာယခံသောကြောင့် လာဘ်ပူးသော ကြောင့်တည်း။

ဗုဒ္ဓဟူးသား မေးမူ ချမ်းသာဖြစ်မည်။ ဆောင်သမျှ အောင်မည်၊ အဘယ်ကြောင့်ဟူမူ၊ နံဂြိုဟ် သုဘ ခံသောကြောင့် တည်း။

ကြာသပတေးသား မေးမူ ကြောင့်ကြ ဗျာပါရ များ၏။ များစေကာမူ ခေတ္တ အခိုက်အတန့်မျှသာ၊ နောင်သော်ချမ်းသာ မည်။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ် ဗျာယခံ၍ ခေတ္တ အခိုက်အတန့် ကြောင့်ကြဗျာပါရများ၍ ၎င်းနံဂြိုဟ် ဥစ်မှု၍နေသောကြောင့် နောင်သော် ချမ်းသာရမည်ဟူပေ။


www.burmeseclassic.com

www.burmeseclassic.com



သောကြာသား မေးမူ ခိုက်စရန်စရှိ၏။ ဆင်ခြင်နိုင်သော အဘယ်ကြောင့်ဟူမူ၊ အာရှိအိမ်ရှင် စနေပူးသောကြောင့်တည်း။ နာမူ ရှာသမီးဖမ်းစား၏။

စနေသား မေးမူ ရအံ့သောဥစ္စာလည်း သူ့အမှုပြု၍ရေး ပြေးရ၏။ အဘယ်ကြောင့်ဟူမူ ကမ္ဘခံသော ပြဿရာသီပိုင် သောကြာပူးသောကြောင့်တည်း။ နာမူသစ်ပင်စောင့်နတ်ရှိ၏။ သေကားမသေ၊ စနေနေ့နံနက် နေတက် ၂ခါ အပေါပြီး၏။




စနေနေ့ နေတက် ၃ခါ၌ ကာလစာတာပုံ

စနေနေ့ နေတက် ၃ခါအတွင်း မေးလာမူ ကြည်းကုန်းဆင် သစ်ပင်စသည်တို့ကား ဂြိုဟ်နေကိုကြည့်၍ဆိုလေ၊ ဆောင်ရာလေ သမျှ အမှုမအောင်ရာ၊ ခရီးမသွားကောင်း။ အိမ်ရာ မပြောင်း ကောင်း။ တစ်ကြောင်းလက္ခဏာသခင်ကို ဗျာယအိမ်ခြင်း ဗျာယအိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှင် ပူးသောကြောင့် တစ်ကြောင်းတည်း။ နာမူ မိန်းမဖြစ်က သေအံ့။ ယောက်ျားဖြစ်လျှင် မထောင်းတာ။

တနင်္ဂနွေသား မေးမူ နောက်က ကြောင့်ကြ မရှိဘဲနှင့် ကြောင့်ကြကို ပြုတတ်သောသူနှင့် ပေါင်းဖော်၏။ အဘယ်ကြောင့် ဟူမူ နံ့ဂြိုဟ်ဗျာယခံရာတွင် ဗျာယအိမ်၌ပင် ဗျာယအိမ်ရှင် ပူးသောကြောင့်တည်း။ ပေါင်းဖော်လေနှင့် နေမြဲတိုင်းနေ။ ချမ်းသာဖြစ်အံ့။

တနင်္လာသား မေးမူ နေရာတွင်ပင် ကြောင့်ကြဗျာပါရှိသည်။ နောင်သော်စကား နည်းစေ၊ ချမ်းသာဖြစ်မည်။ အဘယ်ကြောင့်ဟူမူ နံ့ဂြိုဟ် ကသစ်မူသောကြောင့်တည်း။

အင်္ဂါသား မေးမူ အမှုမရှိ။

ဗုဒ္ဓဟူးသား မေးမူ နာသော်သေအံ့၊ တရားဆိုသော်ရှုံးအံ့။ ယင်းရန်သူကား အနောက်မြောက်ကရှိ၏။ အဘယ်ကြောင့်ဟူမူ နံ့ဂြိုဟ် နိစ်မူသည် တစ်ကြောင်း၊ ၎င်းနံ့ဂြိုဟ်ကို ရာဟု သမသတ်မျှော်သည် တစ်ကြောင်း၊ နံ့ဂြိုဟ် မရဏခံသည် တစ်ကြောင်း ကြောင့်တည်း၊

ကြာသပတေးသား၊ စနေသား မေးမူ အမှုရှုပ်၏။ အဘယ် ကြောင့်ဟူမူ ကဗအိမ်ရှင် သောကြာ ပူးသောကြောင့်တည်း။ တရားဆိုသော် မအောင်။ ချမ်းသာလည်း ဖြစ်၏။ အဘယ့်ကြောင့် ဟူမူ နံ့ဂြိုဟ် သုဘခံသောကြောင့်တည်း။


သောကြာသား မေးမူ ခိုက်စရန်စရှိ၏။ သေသောက်အောင် ကြောက်လောက်အောင် သူတစ်ယောက်ကြံ၏။ အဘယ်ကြောင့် ဟူမူ အာရီအိမ်ရှင် စနေ မရဏအိမ်ရှင် ကြာသပတေး ပူးသော

www.burmeseclassic.com



ကြောင့်တည်း။ နာမှုဝမ်းမှာအပင်းရှိ၏။ ဆေးကုလေ။ ချမ်းသာရအံ့။ ရန်သူလည်း မဝေးတကား။ တက်သတ်လူးလာပြု၏တကား။

ရာဟုသား မေးမူ ရအံ့သောဥစ္စာလည်း မရ။ သူအမှုပြု၍လွတ်လေ။ ယင်း၏ ရန်သူကား အရှေ့တောင်ထောင့်က အသားပြာတကား။ စနေနေ့ နေတက် ၃ခါ အဟောပြီး၏။




စနေနေ့ နေတက် ၄ခါ၌ ကာလဇာတာပုံ

စနေနေ့ နေတက် ၄ခါ မွန်းတည့်ထိ အတွင်း မေးလာမူ ကြည်းကုန်းနေ သစ်ပင်စသည်တို့ကိုကား ဂြိုဟ်နေကိုကြည့်၍ ဆိုလေ။ အမှုဟူသမျှ ဆောင်လေအောင်အံ့။ ကုန်သွယ်လယ်လုပ်ပြုလေ၊ စီးပွားချမ်းသာများ၏။ တရားဆိုလည်း အောင်အံ့။ သူတစ်ယောက်ကား မကောင်းကြံတတ်၏။ အကြံကောင်းစေဟူမေး အဗယ်ကြောင့်ဟူမူ လက္ခဏာသခင် ကာမွခံသည် တစ်ကြောင်း၊ ကာမအိမ်ရှင်လဂ်သို့ သမသတ်မျှော် သည်တစ်ကြောင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အမှုပြုတတ်၏။ မရဏာအိမ်ရှင် ဂြိုဟ်လက်ကို သမသတ်မျှော်သောကြောင့် သူမကောင်းမှု ကြုံတတ်၏။ လာဘအိမ်ရှင်လက်ကို သမသတ်မျှော်သော ကြောင့် စီးပွားချမ်းသာ အဖြစ်များ ဆိုသည် ဟူပေ။

တနင်္ဂနွေသား မေးမူ အမှုပြုတတ်သောသူနှင့် ဝေါင်းဖော်မိသည်။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ် ကမ္မခံသောကြောင့်တည်း၊ စကားဆိုမူ အောင်အံ့။ နတ်တို့လည်း မစ,အံ့။

တနင်္လာသား မေးမူ နှလုံးရွှင်ပျ ပွင့်လန်း၏။ ဆောင်လေသမျှ ပြီးစီးအောင် မြင်၏။

အင်္ဂါသား မေးမူ မိမိရန်သူက အဖျက်အဆီးပြုမည် ကြံစည်၏။ အဘယ်ကြောင့်ဟူမူ ရာဟုဂြိုဟ် ဗျာယခံလျက် နံဂြိုဟ်ကို သမသတ်မျှော်သောကြောင့်တည်း။ ကြံသော်လည်း မကြံနိုင်ရှေ့သို့မူကား ချမ်းသာဖြစ်မည်၊ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်ဥစ်မူ၍နေသောကြောင့်တည်း။

ဗုဒ္ဓဟူးသား မေးမူ အရအမိရှိ၏။ အသားဖြူနှင့် စုန်းအနောက်တောင်ထောင့်က ပြုစား၏။ သူလည်း မကောင်းကြံ၏။ အမှုလည်း ပြုတတ်၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်သည် လာဘအိမ်ရှင်ဂြိုဟ် ဖြစ်သောကြောင့် အရအမိရှိ၏။ ၎င်းနံဂြိုဟ်တို့ မရဏာအိမ်ရှင် ကြာသပတေး ပူးသောကြောင့် လူမကောင်းကြံတတ်၏။ ၎င်းနံဂြိုဟ်ကို ကမ္မအိမ်ရှင် သောကြာပူးသောကြောင့် အမှုလည်းပြုတတ်၏ဟု ဆိုသည်ဟူပေ။

ကြာသပတေးသား မေးမူ အစီးအပွားလည်းဖြစ်အံ့၊ အမှုအရာလည်းဖြစ်အံ့။ အဘယ်ကြောင့်ဟူမူ လာဘအိမ်ရှင် ဗုဒ္ဓဟူးပူးသောကြောင့် အစီးအပွားလည်းဖြစ်အံ့။ ကမ္မအိမ်ရှင် သောကြာ

www.burmeseclassic.com

www.burmeseclassic.com



ပွးသောကြောင့် အမှုအရာလည်းဖြစ်အံ့ ဆိုသည်ဟူပေ။

သောကြာသား မေးမူ စီးပွားကြောင့် သူမကောင်း ကြံတတ်၏။ ကြံသူသည် အသက်ကြီးတကား။

စနေသား မေးမူ အရအမိရှိမည်။ သူကိုလည်း ရန်ရှာတတ်၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်လာဘခံသောကြောင့် အရအမိရှိမည်။ ၎င်းနံဂြိုဟ်သည် အာရီအိမ်ရှင်ဂြိုဟ် ဖြစ်သောကြောင့် သူကိုလည်း ရန်ရှာတတ်၏ ဆိုသည်ဟူပေ။ သူ၏ အရအမိကို လည်း လုတတ်၏။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်သည် လာဘခံ လျက်နေသောကြောင့်တည်း။ သူ့လာဘ်ကိုလည်း မလုပေနှင့် နှောင်သော် ဥပဒ်ကြီးရှိ၏။ မကောင်းသောအနာလည်း ပေါက် လတ္တံ့။ အဘယ်ကြောင့်ဟူမူ နံဂြိုဟ်ကို ပါပဂြိုဟ် ရှေ့နောက် ပိတ်သောကြောင့် တည်း။ စနေနေ့ နေတက် ၄ခါ အဟောပြီး၏။

## တစ်နည်း ကာလကြီးအဟော

တတန်သာချို၊ လကာဆိုအံ့၊ ခေါ်ဆိုသောကြာ၊ လဂ်မှာ ရှေ့မှီး၊ လာ၍ဆီးသော်၊ ခရီးသွားသူ၊ ရောက်အံ့ဟူ၏။ နံမူစင်စစ်၊ ဥစ်ကာသစ်နှင့် ဖီလာသင်အံ့၊ မမြင့်စောစော၊ ရောက်မည်ဟောလော့။ သဘောမှန်ဆို၊ ယာယီဂြိုဟ်နှင့် ထိုသည့်သူနံ၊ အတူဝံလစ်၊ ဥစ်ကာသစ်ပင်၊ ဖီလာမြင်က၊ နီးလျှင်ယခု၊ မျှော်ရှုထောက်တွေး၊ အရပ်ဝေးမူ၊ လေးရက်ဟူ၏။ မှတ်ယူတစ်ကြိမ်၊ လာဘအိမ်၌၊ မလိမ်မကွေ့၊ သောကြာတွေ့မူ၊ မရှေ့ဆက်ဆက်၊ ရှေ့သုံးသက်ကို ရောက်၏ဆိုလော့။ ဂြိုဟ်ပုတြ၊ အိမ်၌ကျမူ၊ မုချဆက်ဆက်၊ ငါးရက်မှတ်လော့၊ သင်္ဂမြတ်ရာဟု၊ စနေစုမူ၊ ယခုမျှင်လျှင် ရောက် မည်ပင်တည့်။

www.burmeseclassic.com



တူခွင်ပြီးသ၊ သောကြာနေ့မှု၊ သွားလေသူကို၊ မရောက်ဆိုသော်၊ လက်ကိုဟိုင်းကြီး၊ ရှေ့ကဆီးမှု၊ ခရီးမရောက်၊ ကျွန်နွားပျောက်လည်း၊ ကောက်ကောက်ကွေ့ကွေ့၊ ရှာမတွေ့တည့်၊ ခြသေ့ံဂဠုန်၊ အတူဆုံသော်၊ လျှင်ဟုံမရွေး၊ သွားလေသေး၏။ ဆို ရေးလက်နောက်၊ ပါပချောက်မှု၊ ရောက်တော့မည်ကို၊ ရဲရဲဆိုတော့။ လက်ကိုပါပ၊ ပြိုင်လေကမှု၊ ကိစ္စပြတ်ပြတ်၊ ခရီးလတ်တည့်၊ လျှို့ပတ်ညီးညီး၊ ရှေ့ကဆီးမှု၊ ခရီးကောန်၊ မလာမှန်သည်၊ နှစ်တန်ကာလ အဟောတည်း။

လက်မှာနံဂြိုဟ်၊ မှတ်ဆိုအနေ၊ စနေ၊ ရာဟု၊ ရှုတုံစာထူး၊ သောကြာပူးမှု၊ ရှေးဦးစောစွာ၊ စားဖွယ်ပါအံ့၊ လက်မှာဂုရု၊ ရုံးစုမဖွေ၊ အတူနေမှု၊ ကြေးငွေတောင်းက၊ လျှင်စွာရအံ့။ ဗျာယအာရီ၊ အညီလက်တွင်၊ ပူးခိုယှဉ်လျက်၊ နံပင်တစ်တန်၊ ဗျာယခံမှု၊ ကောင်းကျိုးစုကို၊ ဆော်ပြုကြံဆော၊ မအောင်နိုင်ရှောင်း၊ ဥစ္စာတောင်းလည်း၊ ရကြောင်းမထင်၊ သူ့ခွင်ရပ်ရှာ၊ သွားသူမှာလည်း၊ မလာတစိ၊ ဆိုတုံဘိလော့။ မိမိနံပင်၊ ဗျာယမြင်လည်း၊ ဥစ်ခွင်ကသစ်၊ ကြုံသည်ဖြစ်မှု၊ အမှုဟူသမျှ၊ ငြိမ်းနေကျတည်း။

ကာလက်ကို၊ ဂုရုဂြိုဟ်သည်၊ ခိုသော်လည်းကောင်း၊ တစ်ကြောင်းသို့ပြင်၊ သုံးခွင်ငါးတန်၊ ခုနစ်ပြန်တွင်၊ အမှန်တစေ၊ စင်စစ်နေမှု၊ မသေမပျောက်၊ စောစွာရောက်အံ့။ လက်နောက်ဗျာယ၊ နံဂြိုဟ်ကျလည်း၊ ပျောက်ရှုဥစ္စာ၊ နံပင်သာလျှင်၊ လက်မှာယှဉ်ပြိုင်၊ လာ၍ဆိုင်က၊ ပိုင်ပိုင်သဘော၊ ဟောလေဆတ်ဆတ်၊ ရမည်မှတ်လော့။ ရစ်ပတ်စဉ်စီ၊ ဆယ့်နှစ်လီတွင်၊ အာရီဗျာယ၊ ရှေးစကားကို၊ လက္ခဏာသခင်၊ လက်တွင်လည်းကောင်း၊ ရာမပြောင်းဘဲ၊ စုပေါင်း

www.burmeseclassic.com



တူကွ၊ နေလေကာမူ၊ ပျောက်ရှဉ်စွာ၊ ဘယ်မှာတစ်စ၊ ရှာမရတည့်။ သော်ာမလေးချူ လာဘစုလျက်၊ ဂုရုဂြိုဟ်ရှင်၊ ဥစ်သျှင်ကသစ်၊ ကြဲသည်ဖြစ်မူ၊ အမှုဟူသမျှ၊ ပြီးနေကျတည့်၊ ပုတြအိမ်၊ ဂုရုကြိမ်မှု၊ ပျောက်တမ်သည်များ၊ သမီးသဒ္ဒါးပင်၊ ယူလိမ့်လျှင်တည့်။ ဆိုတွင်စနေ၊ မြင်ချေကမူ၊ ကျေးကျွန်ယူ၏။ ထိုတူစိဝ၊ ဗန္ဓုကျမူ၊ မုချကေန်၊ ခွေမျိုးမှန်သည်၊ ဟောရန်မချွတ် မလွဲတည်း။

ခရီးသွား၊ ဥစ္စာပျောက်၊ ဥစ္စာတောင်း စသည့် ကာလကြီး ဟောနည်း လက်ာပြီး၏။

## တစ်နည်းကာလကြီး ဟောနည်း

တနင်္ဂနွေနေ့ တနင်္ဂနွေအခါ မေးလာမူ၊ ကျွန်ယောက်ျား ကြောင့်သော်လည်းကောင်း၊ ကျွန်,နွားကြောင့်လည်းကောင်း နှလုံးမသာဆိုရန် ရှိသည်။ ထိုကျွန်ကပင် တရားစကား ပြိုင်လတ္တံ့၊ ၎င်းကျွန်လည်း ယောက်ျားငယ်တည်း။ အဘယ်ကြောင့်ဟူမူ၊ လက္ခဏာသခင် တနင်္ဂနွေသည် ယောက်ျားငယ်ဖြစ်သောကြောင့် ယောက်ျားငယ်ဆိုသည်။ လက္ခဏာသခင် တနင်္ဂနွေ ကမ္မအိမ်၌ နေသောကြောင့် တရားစကားပြိုင်လတ္တံ့ ဆိုသည်။

တရားဆိုသော် အောင်မြင်မ်းပါအံ့လော မေးမူ၊ စနေဂြိုဟ်သည် အာရီအိမ်ရှင်လည်းဖြစ် ပထနီအိမ်ရှင်လည်းဖြစ်၍ ပြမူပြီးလျှင် လက်သို့ဝင်သည် တစ်ချက်၊ လက္ခဏာ သခင်နေသော ကမ္မအိမ်ရှင် သောကြာ သူပျက်ဖြစ်သည့် တစ်ချက်တို့ကြောင့် အောင်မြင်မ်း မည်မဆိုစုံ။ ကျွန်ပျောက်၊ နွား~ပျောက်မေးမူခဲ့။ အဘယ်ကြောင့် ဟူမူ ကျွန်၊ နွား နံလက်တွင်မှုး၍ မိမိကာသအိမ်ကို မျှော်သောကြောင့် မပေးဆိုသည် ဟူပေ။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အရပ်မှာ ရှိပါသနည်း မေးမူ၊ ကျွန်, နွား မိမိကသစ်အိမ်ကို မျှော်သောကြောင့် လည်းကောင်း၊ ဗလိလက်ကားနရုတိဖွေသန် ဆိုသောကြောင့်လည်းကောင်း၊ အနောက်တောင်အရှေ့မြောက်၌ရှိ၏ဟု ဆိုရာ၏။ ကျွန်, နွား၀ယ်သော် ကောင်းအံ့လော မေးမူ၊ ကျွန်, နွား နံလက်တွင်ပူး၍ မိမိအိမ်သို့ပင်မျှော်ငြားသော်လည်း လက္ခဏာသခင် ကမ္မစံ၍ ရှင်းကမ္မအိမ်သည်သူပျက်ပိုင်အိမ်ဖြစ်သောကြောင့် ကျွန်, နွား ၀ယ်ကျိုးကို ခံရမည်ဟုမဆိုဝံ့၊ ဥစ္စာမည်သော ကြာသပတေး ပထနီအိမ်တွင် နေသောကြောင့် ဥစ္စာမဆုံးနိုင်ရာ၊ တော်တော်ရှိရာ၏။

ပညာသင်သော်တတ်ပါအံ့လော မေးသော် ပညာမည်သောကြာသပတေးသည် ပထနီအိမ်တွင်ပင် နေငြားသော်လည်း လက်တွင် သူယုတ်ဝင်သောကြောင့် လည်းကောင်း၊ လက္ခဏာသခင်ကမ္မသူပျက်အိမ်၌ နေသောကြောင့်လည်းကောင်း၊ ထိုသူယုတ်ပျက်ကြောင့် ပညာအများတတ်ရမည် မဆိုဝံ့၊ ဥစ္စာရှာလည်း ရှင်းနည်းတူ လယ်ယာလုပ်လည်း တော်တော်ဆိုရာ၏။ အိမ်ရာကောင်းအံ့လော မေးမူ၊ အိပ်ရာမည်သော သောကြာသည် လာဘခံ၍အသားဖြူသော ဗုဒ္ဓဟူးပိုင် အိမ်၌နေသောကြောင့် လည်းကောင်း၊လက်တွင် ပါပပြိုင်နေသောကြောင့် လည်းကောင်း၊ ကြာသပတေးပထနီ အိမ်၌နေသော ကြောင့်လည်းကောင်း၊ ရုတ်တရက် သွားဖြစ်မည် မဆိုရာ။ ခရီးရောက်အံ့လော မေးမူ၊ သုံးရက်တွင်ရောက်အံ့၊ အဘယ်ကြောင့်နည်း၊ ခရီးဂြိုဟ် ပြိုင်သောကြောင့်လည်းကောင်း၊ သုံးရက်တွင် ရောက်အံ့ဆိုသည့်ဟူပေ။ နိုင်အံ့လောမေးမူ မမှန်၊ အဘယ်ကြောင့်နည်းဟူမူ လက္ခဏာသခင် ကမ္မအိမ်တွင်

www.burmeseclassic.com

www.burmeseclassic.com



နေသောကြောင့် လည်းကောင်း၊ လက်တွင်သူယုတ်ဝင်သောကြောင့် လည်းကောင်း၊ မမှန်ဆိုသည်ဟူပေ။

တွေ့အံ့လော မေးမူ တွေ့အံ့၊ အဘယ်ကြောင့်ဟူမူ လာအွ ဏာသခင် စိတ်ကို မမြင်ငြားသော်လည်း ခရီးဂြိုဟ် လာဘအိမ်တွင် နေသောကြောင့်တည်း။

မင်္ဂလာဆောင်သော် ကောင်းပါအံ့လော မေးမူ ကောင်း၏ မဆိုဝံ့။ အဘယ်ကြောင့်ဟူမူ ကြာသပတေးဂြိုဟ်သည် ပထနီအိမ် ၌ပင် နေငြားသော်လည်း ဗလီလက် ဖြစ်သောကြောင့် လည်းကောင်း၊ လက္ခဏာသခင် ကမ္မအိမ်တွင် နေသောကြောင့် လည်းကောင်း၊ ကမ္မအိမ်သခင်သည် သူပျက်ဖြစ်သောကြောင့် လည်းကောင်း၊ လက်တွင် သူယုတ် ဝင်သောကြောင့် လည်းကောင်းတည်း။

ယောကျ်ားငယ်နာသည် မေးမူ၊ ပုတြအိမ်သခင် ပထနီတွင် နေသောကြောင့် လည်းကောင်း၊ ယောကျ်ားငယ် တနင်္ဂနွေ ကမ္မအိမ်တွင် နေသောကြောင့် လည်းကောင်း၊ မကောင်းတာ သုံးရက် တွင် ချမ်းသာအံ့၊ အဘယ်ကြောင့်ဟူမူ၊ သားဂြိုဟ် သူငယ်ဂြိုဟ် တို့ ရှင်သောကြောင့်တည်း။ သို့ပင် ဖြစ်ငြားသော်လည်း သူငယ် နေသော အိမ်ရှင် သောကြာသည် နတ်ဖြစ်သောကြောင့် အရှေ့ မြောက် ချောင်း ရေကန်နားတွင် သစ်ပင်စောင့်နတ်တို့အား အစာပေးရာ၏။


မိန်းမငယ်လည်း မကောင်းတာလှ၊ လင်နာသည် မေးမူ သည်းအံ့။ အဘယ်ကြောင့်ဟူမူ လုလင်မည်သော အင်္ဂါသည် အာရီခံ၍ နေသောကြောင့်လည်းကောင်း။ ရာဟုနှင့်သမသတ် မျှော်သောကြောင့် လည်းကောင်းတည်း။ သူ့လင်နာသည် မေး

www.burmeseclassic.com

www.burmeseclassic.com



မူ သူလတ်မည်သော ဗုဒ္ဓဟူးသည် ပထမနီတွင် နေသောကြောင့် မထောင်းတာ၊ သူအိုနာသည် မေးမူသည်းအံ့၊ အဘာယ်ကြောင့် ဟူမူ။ ရာဟုဗျာယ ခံနေသောကြောင့် ဟူ၏။ မိန်းမကြီးနာမူ သုံးရက်တွင် ချမ်းသာရအံ့၊ အဘယ်ကြောင့်ဟူမူ မိန်းမမည်သော သောကြာသည် လာဘအိမ်တွင် နေသောကြောင့်တည်း။ တနင်္ဂနွေနေ့ တနင်္ဂနွေအခါ ဟောပုံပြီး၏။




**တနင်္ဂနွေနေ့ သောကြာအခါ၌ ကာလစာတာပုံ**

တနင်္ဂနွေနေ့ သောကြာအခါ မေးမူ ယင်းအိမ်တွင် မသန့်သောတွင်းဆိုး၊ လင်ပန်းအိုးကွဲရှိတတ်သည်။ အဘယ်ကြောင့် ဟူမူ မကောင်းဆိုးဝါးမည်သော စနေ နှင့်သောကြာ သူမျက် သူကြီး သူလိမ်သည် လက်တွင် ပူးသောကြောင့်တည်း။

ရွှေငွေပျောက်သည် မေးမူ၊ သားအကြီးခိုးအံ့။ အဘယ်ကြောင့်ဟူမူ ပုတြအိမ် ကို ကြာသပတေး ရာဟု သမ္ပတ် မျှော်

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့်တည်း။ ရပါဦးမည်လော မေးမူ ရအံ့။ အဘယ်ကြောင့်ဟူမူ ကြာသပတေး ရာဟု သမသတ်မျှော်သောကြောင့် ဥစ္စာ အချို့ပယ်အံ့။ မည်သည့်အရပ်မှာ ရှိပါသနည်း မေးမူ ခရီးမည်သော သောကြာလက်တွင် ပူးသောကြောင့် အိမ်တွင်ရှိမည်။ အိမ်အောက်တွင်လော၊ အိမ်ထက်တွင်လော မေးမူ အိမ်ထက်တွင် အမိုးအခေါင်အမြင့်တွင်ရှိ၏။ အဘယ်ကြောင့်ဟူမူ အခေါင်တောင် ပို့မည်သော ရာဟုကို ကြာသပတေး သမသတ် မျှော်သောကြောင့်တည်း။

မင်္ဂလာဆောင်သော် ကောင်းအံ့လော မေးမူ မကောင်း။ အဘယ်ကြောင့်ဟူမူ လဂ္ဂဏာသခင် သဟာဇ တီထွင်နေသောကြောင့်လည်းကောင်း၊ လဲ့တွင် စနေ သောကြာ ပူးသောကြောင့်လည်းကောင်း၊ ဥစ္စာမည်သော ကြာသပတေးကို ရာဟု သမသတ်မျှော်သောကြောင့် လည်းကောင်းတည်း။ အမှုတရားလည်း ရှုံးနည်း။ ကျွန်ပြေး နွားပျောက်မေးမူရအံ့။ ခရီးမဝေး၊ အဘယ်ကြောင့်ဟူမူ ကျွန်၊ နွားမည်သော စနေလက်သို့ ဝင်၍ ခရီးမည်သော သောကြာဂြိုဟ်နှင့် ပူးသောကြောင့်လည်းကောင်း၊ ကြာသပတေး လာဘအိမ်တွင် နေသောကြောင့် လည်းကောင်းတည်း။ ဥစ္စာ ကုန်ကျတတ်၏။ အဘယ်ကြောင့်ဟူမူ ကြာသပတေးကို ရာဟု သမသတ်မျှော်သောကြောင့်တည်း။

လျှော့ပါးယိုယွင်းသော ဥစ္စာစီးပွား ရပါအံ့လော မေးမူ၊ တစ်ဝက်သာရအံ့။ အဘယ်ကြောင့်ဟူမူ စနေ သောကြာ ပူးသောကြောင့်လည်းကောင်း၊ ဥစ္စာမည်သော ကြာသပတေးကို ရာဟု


www.burmeseclassic.com

www.burmeseclassic.com



သမသတ်မျှော်သောကြောင့် လည်းကောင်း တစ်ဝက်သာ ရအံ့ဆို သည်။

ပညာသင်သော် တတ်အံ့လော ... မူ ငင်းနည်းကိုပင် ဆို ရန် ရှိချေသည်။ မှန် အံ့လော မေးမူ မမှန်၊ အဘယ်ကြောင့်ဟူမူ စနေ သောကြာ မူးသောကြောင့်တည်း။ တွေ့အံ့လော မေးမူ တွေ့အံ့၊ သူနာသူဖျားကိုမေးမူ သူငယ်ဖြစ်လျှင် မထောင်းတာ။ ပယောဂကြောင့်လည်း သည်းတတ်၏။ သည်းသော သေအံ့၊ မေးလာမူ ငါးရက်တွင် ကြိုးစား၍ ဆေးကုလေ။ လူလင်နာလည်း ငင်းနည်း။ သူလတ်နာလည်း မထောင်းတာ။ ဆရာနမူ လေသလိပ် အားကြီးအံ့၊ လာဘ်များအမှ၊ သူယုတ်ဝင်လာအံ့။ စနေ, သောကြာ, ရာဟုကြောင့်ဆိုသည်။ သူကြီးနာလည်း ငင်းနည်း သေလည်း သေတတ်၏။ တနင်္ဂနွေ, သောကြာ အခါပေါဖုံပြီး၏။




တနင်္ဂနွေနေ့ ဗုဒ္ဓဟူးအခါ၌ ကာလ...တာပုံ

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့ ဗုဒ္ဓဟူးအခါ၌ မေးလာမူ ယင်းအိမ်တွင် ဘုရား ဂူကျောင်း တွင်းဆိုး ကျဉ်းဆိုး ရှိရာ၏။ ဘုရား ဂူကျောင်းမရှိမူ ရတနာသုံးပါးနှင့် စပ်ဆိုင်သော ပစ္စည်းဥစ္စာရှိ၏။ အဘယ်ကြောင့်ဟူမူ ဘုရားဂူကျောင်း မည်သော ကြာသပတေး တွင်းဆိုး ကျဉ်းဆိုးမည်သော စနေတို့သည် အိမ်မည်သော သောကြာနှင့် ပူးသောကြောင့်တည်း။

စီးပွားချမ်းသာ ဖြစ်အံ့လော မေးမူ လက္ခဏာသခင် မနု တွင်ပင် နေငြားသော်လည်း ပထနီအိမ်ရှင် စနေနှင့်ကြာသပတေး မရဏာခံသောကြောင့် အစီးအပွားမဆိုဝံ့။

ကျွန်ပြေး နွားပျောက် မေးမူ ကျွန်နံ့, နွားနံ့ မရဏာခံသော ကြောင့်လည်းကောင်း၊ ဥစ္စာ သော ကြာသပတေးလည်း မိမိ အိမ်၌နေ၍ မရဏာခံသောကြောင့်လည်းကောင်း ဆုံးတတ်သည်။

မင်္ဂလာဆောင်လည်း မကောင်း၊ ဥစ္စာပျောက်သည် မေးမူ မပျောက်ဘူး ဆိုရာ၏။ အဘယ်ကြောင့်ဟူမူ လက္ခဏာသခင် မနုတွင် နေသောကြောင့်လည်းကောင်း ကြာသပတေး မိမိအိမ်တွင် နေသောကြောင့်တည်း။ မှန်းအံ့လော မေးမူ မှန်အံ့။ ဗလီလင်္ကား ဝစနံ့ သတ္တံ့ ဆိုသောကြောင့်မှန်အံ့ဆိုသည်။, တွေ့အံ့လောမေးမူ တွေ့အံ့။ အဘယ်ကြောင့်ဟူမူ ခရီးဂြိုဟ်မိတ် ဖြစ်သောကြောင့် တည်း။

ယောကျ်ားငယ် နာသည်ဟု မေးမူ ချမ်းသာလွယ်အံ့။ အဘယ်ကြောင့်ဟူမူ ယောကျ်ားငယ်နံ့ မနုတွင်နေသောကြောင့်တည်း၊


မိန်းမငယ် နာသည်ဟု မေးမူ ကိုယ်စား လက်စား လှူ လေ။ စုတ်လာဘ်ကြီးအံ့၊ ယာယီဆင်လေ။ လူလင်နာသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



မေးမူ မထောင်းတာ။ အဘယ်ကြောင့်ဟူမူ မိတ် မြင်သော့ကြောင့် တည်း။ လူလတ်နာမူ ယာယီပြုလေ။ ရတနာသုံးပါးကို ကြိုးစား ဆည်းကပ်ပါလေ။ တရားသူကြီး[illegible] မထောင်းတာ။




## တနင်္ဂနွေနေ့ တနင်္လာအခါ၌ ကာလစာတော်ပုံ

တနင်္ဂနွေနေ့ တနင်္လာအခါ မေးလာမူ လာဘ်ရတတ်၏။ အဘယ်ကြောင့်ဟူမူ လက္ခဏာသခင် လာဘ်ခံသောကြောင့်တည်း။ ကျွန် နွားပျောက်မေးမူ ကျွန်နံ နွားနံ ကမ္မသူပျက် အိမ်တွင် ဝင်ကြသော်လည်း ဥစ္စာမည်သော ကြာသပတေး ယှဉ်သော ကြောင့် မရဘူးမဆိုရာ။

မင်္ဂလာဆောင်ကို မေးမူ မကောင်းလွန်း။ ခရီးရောက်အံ့လော မေးမူရောက်အံ့။ အဘယ်ကြောင့်ဟူမူ လက်တွင် ပါပဂြိုဟ် ဖြိုင် သောကြောင့်လည်းကောင်း၊ ကြာသပတေး၊ သောကြာပုံတြအိမ်နေ သောကြောင့်တည်း။ မှန်ဟူလော မေးမူ လက္ခဏာသခင် မိတ်ကို


www.burmeseclassic.com

www.burmeseclassic.com



မြင်ပြောသော်လည်း လက်တွင် ရာဟုဝင်သောကြောင့်ဟူမူ လာဘ ထာသခင် မိတ်ကိုမြင်သောကြောင့်တည်း။

ယောက်ျားငယ် မိန်းမငယ်နာသည်ဟု မေးမူ စုတ်လာဘ် ပေးလေ။




### တနင်္ဂနွေနေ့ စနေအခါ၌ ကာလဇာတာပုံ

ချမ်းသာလွယ်အံ့။ လုလင်သည်ရင်းနည်း၊ သူလတ်ဆရာကြီးလည်း မထောင်းတာ။ တနင်္ဂနွေနေ့ တနင်္လာအခါ ဟောပြီး၏။

တနင်္ဂနွေနေ့ စနေအခါ ကျွန်ပြေးနွားပျောက် မေးမူ ဥစ္စာ မည်သော ကြာသပတေးသည် ကမ္ဗုမ္ဗအိမ်ရှင်ဗန္ဓုအိမ်နှင့် ပူး၍ ဗန္ဓုအိမ်တွင်ပင် နေသောကြောင့်လည်းကောင်း၊ ကျွန်နံ့ နွားနံ့ ဂြိုဟ်သည် မိမိအိမ်ကို မျှော်သောကြောင့်လည်းကောင်း ခရီး မဝေးရအံ့ဟူလေ။ ယင်းအိမ် အရှေ့မြောက်ထောင့်က မြေမြင့်အံ့။ အံ့ရှေ့တောင်ထောင့်ကလည်း တောင်ပို့ရောက်အံ့။

အနောက်တောင်ထောင့်ကလည်း မြေလိပ်ကျင်း–ချောင်း


www.burmeseclassic.com

www.burmeseclassic.com



မြောင်း–ရေကန်–ကျောင်း–ဘုရား ရှိ၏။ မရှိမူ အပေါင်းအသင်း မရှားဟု ဆိုရာ၏။–

ခရီးသွားပါသည်၊ ရောက်မည်လောဟု မေးမူ မရောက် ဘူးဆို။ အဘယ်ကြောင့်ဟူမူ လုလင်မည်သော အင်္ဂါ မိမိအိမ်၌ မကွာနေသောကြောင့်တည်း။ သူလတ်ဆရာတို့ကို မေးမူ ခရီးဂြိုဟ် မိမိအိမ်ကို မျှော်သောကြောင့်လည်းကောင်း၊ လင်္ဂနှောက် ပါ ချောက်သောကြောင့် လည်းကောင်း ရောက်ရာသော အကြောင်း ကိုပင် ဆိုရာသည်။ သူကြီး မိန်းမကြီးလည်းရောက်အံ့။ အဘယ် ကြောင့်ဟူမူ သူကြီး မိန်းမကြီး မိမိအိမ်ကို မျှော်သောကြောင့်တည်း။ တနင်္ဂနွေနေ့ စနေအခါပေါ်ပြီး၏။





တနင်္ဂနွေနေ့ ကြာသပတေးအခါ၌ ကလေဇာ

www.burmeseclassic.com



တနင်္ဂနွေနေ့ ကြာသပတေးအခါ ယောက်ျားငယ်နာသည် မေးမူ၊ ဓနုတွင်နေ သောကြောင့် မထောင်းတာ။ မိန်းမငယ်မှာ ယာယီပြုလေ၊ လုလင်သူလတ်လည်း မထောင်းတာ။ ဆရာနှ သည် ဟု မေးမူ သည်းအံ့။ အဘယ်ကြောင့်ဟူမူ ကြာသပတေး မရဏ ခံသောကြောင့်တည်း။ သူကြီး မိန်းမကြီး သူအိုလည်း မထောင်း တာ။ အဘယ်ကြောင့်ဟူမူ အဋ္ဌမ္ဘ ရလဂ်ကား လွတ်ငြိမ်းအံ့သော ကြောင့် မထောင်းတာဆိုသည် ဟူပေ။

မင်္ဂလာဆောင်သော် ကောင်းပါအံ့လောမေးမူ မကောင်း။ အဘယ်ကြောင့်ဟူမူ ဗျာယအိမ်ရှင်ဂြိုဟ်လဂ်သို့ ဝင်သောကြောင့် လည်းကောင်း၊ ဥစ္စာမည်သော ကြာသပတေး မရဏခံသောကြောင့် တည်း။ စီးပွားရှာလည်း မကောင်း၊ ကျွန်ဝယ်လည်း မကောင်းလေ။ တနင်္ဂနွေနေ့ ကြာသပတေးအခါဟော ပြီး၏။




တနင်္ဂနွေနေ့ အင်္ဂါအခါ၌ ကာလဇာတာပုံ

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့ အင်္ဂါအခါ စီးပွားချမ်းသာ ဖြစ်မည်လော မေးမူ ဖြစ်မည်အလား ရှိ၏။ ဖြစ်သော်လည်း စနေ ရာဟုလက်တွင် ပူးသောကြောင့် အနှာရှိတတ်သည်။ လူကိစ္စမေးဆို၍ ဆင်ခြင် စဉ်းစားကြည့်ရှုလေ။ အဘယ်ကြောင့်ဟူမူ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ ပူးသောကြောင့်တည်း။

မင်္ဂလာဆောင်သော် ကောင်းပါအံ့လော မေးမူ၊ ကြာသပ တေး လာဘအိမ်၌ပင် နေငြားသော်လည်း စနေ ရာဟု လက်တွင် ပူးသောကြောင့်လည်းကောင်း၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ ပူးကြ သောကြောင့်လည်းကောင်း မဆောင်ရာ။ ကျွန် ပြေး နွားပျောက် မေးမူ ရခဲ့အံ့။ အဘယ်ကြောင့်ဟူမူ ကျွန်နံ နွားနံ လက်တွင် ပူးကြ သော်လည်း သူခိုးကို ဓားရိုးကမ်းကိန်း ကျသောကြောင့် တည်း။ သို့ရာတွင် ဥစ္စာမည်သော ကြာသပတေး ရှင်သောကြောင့် တချို့တဝက် ရရာ၏။

ကြေးငွေပျောက်ပါသည်ဟု မေးမူ အိမ်တွင်ပင် ရှိသည် ဆိုရမည်။ အိမ်တွင် မရှိသော်လည်း မရှာဘဲနှင့်ရရာ၏။ အဘယ် ကြောင့်ဟူမူ ဥစ္စာမည်သော ကြာသပတေး မိမိအိမ်တွင် မကွာ မကွေ နေသောကြောင့်တည်း။


ခရီးရောက်အံ့လော မေးမူ ရောက်အံ့။ အဘယ်ကြောင် ဟူမူ ခရီးမည်သော သောကြာဟ် မိမိအိမ်သို့ မျှော်သောကြော လည်းကောင်း၊ စနေ၊ ရာဟု လက်တွင် စုသောကြောင့်တည်း ဆရာ ခရီးသွားပါသည်၊ ရောက်အံ့လော မေးမူ၊ ဆရာမည်သော ကြာသပတေး မိမိအိမ်တွင် နေသောကြောင့် ရောက်၏မဆိုင် သူကြီးသွား ပါသည်၊ ရောက်အံ့လော မေးမူ၊ ချောင်းစွာ ရောက်အံ့

www.burmeseclassic.com



အဘယ်ကြောင့်ဟူမူ သူကြီး မည်သော သောကြာဂြိုဟ် မိမိအိမ်၌ မျှော်သောကြောင့်တည်း။

သူလဘ်လည်း ငှင်းနည်း၊ လုလင်လည်း ရှင်းနည်း၊ သူအိုလည်း ငှင်းနည်းပင်ဆိုရာ၏။ အိမ်ရာ ကောင်းပါမည်လော မေးမူ ပြောင်းလေ။ အဘယ်ကြောင့်ဟူမူ အိမ်ရာမည်သော သောကြာကို စနေ ရာဟု ယှဉ်သောကြောင့်လည်းကောင်း၊ ငှင်း သောကြာ ဗျာယအိမ်တွင် နေသောကြောင့်တည်း။ တနင်္ဂနွေနေ့ အခါအဟော ပြီး၏။




**တနင်္ဂနွေနေ့ နေဝင် တနင်္ဂနွေအခါ၌ ကာလဇာတာပုံ**

တနင်္ဂနွေနေ့ နေဝင် တနင်္ဂနွေအခါ၌ ဆင်းရဲချမ်းသာ မေးမူ ချင်းအိမ်တွင် ပရိတ်မေတ္တာရွတ်လေ။ အဘယ်ကြောင့်ဟူမူ စနေ ရာဟု ဝင်သောကြောင့်တည်း။

မင်္ဂလာဆောင်သော် ကောင်းအံ့လော မေးမူ လကဗ္ဗာသခင် လာဘအိမ်တွင် ဟဗျူမွ အိမ်ရှင်နှင့် ပူး၍ပင် နေကြသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာဂြိုဟ် မရဏာခံ ၆ ဘာကြောင့်လည်းကောင်း၊ အိမ်မည်သော သောကြာနှင့် စနေ ရာဟုပြိုင် သောကြောင့်လည်းကောင်း၊ မကောင်းလွန်း။ ဒွါရလဂ် ဖြစ်သောကြောင့်လည်းကောင်း။ သဟာဇဂြိုဟ်ပထနီတွင် နေသောကြောင့်လည်းကောင်း၊ လုလင်ဂြိုဟ်ဗန္ဓုအိမ်တွင် နေသောကြောင့်လည်းကောင်း တော်တော်ရှိရာ၏။

လုလင်ခရီးသွားသည် ရောက်အံ့လောမေးမူ ရောက်အံ့မူ၊ အဘာယ်ကြောင့်ဟူမူ လုလင်ဂြိုဟ် မိမိ ကသစ်အိမ်ကို မြော်သောကြောင့်တည်း။ သူလတ်, ဆရာကြီး, သူကြီး သူ့အိုမှာရောက်မည့် မဆိုဝံ့။ အဘာယ်ကြောင့်ဟူမူ ခရီးမည်သော သောကြာ မိမိအိမ်၌ မကွာမကွေနေသောကြောင့်လည်းကောင်း၊ ကြာသပတေး မရဏာခံသော ကြောင့်လည်းကောင်းတည်း။

ယောက်ျားငယ် မိန်းမငယ် နာသည်ဟု မေးမူ ဓာတ်လာဘ်ပေးလေ။ ကိုယ်စားလူလေ ချမ်းသာအံ့၊ လုလင်လူလတ်လည်း မထောင်တာ။

ဆရာနာသည် မေးမူ စနေ ရာဟု ပူးသောကြောင့် လည်းကောင်း၊ ဆရာမည်သော ကြာသပတေး မရဏာခံသောကြောင့် လည်းကောင်း ဆေးပြောင်း၍ပေးလေ၊ လေသလိပ်အားကြီးအံ့၊ ရတနာသုံးပါးကို ကိုးစားလေ။ သူကြီးသူ့အို မထောင်းတာ။ စီးပွားရှာလည်း မကောင်း။

ဥစ္စာပျောက် မေးမူ အတော်အတန်ရတတ်၏။ ဥစ္စာမည်သော ကြာသပတေး မရဏာခံငြားသော်လည်း လဂ်နာသခင်နှင့် ကဋ္ဌမှဂြိုဟ် ယှဉ်သောကြောင့်တည်း။ မှန်အံ့လော မေးမူ မမှန်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဟူမူ ဒွါရလက်ဖြစ်သောကြောင့်လည်းကောင်း၊ လက္ခဏာသခင် မိတ်မမြင်သောကြောင့်တည်း။ ရုတ္တ အံ့လော မေးမူ ခရီးဂြိုဟ် မိမိဥစ်အိမ်၌ မကွာမကွေနေသောကြောင့် တွေ့အံ့။ တနင်္ဂနွေနေ့ နေဝင် တနင်္ဂနွေအခါ ဟောပြီး၏။

ကာလကြီးအရပ်ညွှန်းကို ပြခြင်း။

မိဿ သိဟေ ဓနု ပုဗ္ဗေ၊ ကက္ကဋ္ဌေ ဗြိစ္ဆာကေမိနေ ဥတ္တိုရေ။

ထူလေ ကုမ္ဘေ မေထုနေ စ ပစ္ဆိမေ၊ မကာရေ ပြိသေ့ အညေ့စဒက္ခိဏော။

ဗလိလက္ခဏော နရတိသေနွေ၊ ဒွါရအကြီး၊ ဗဟိအလတ်၊ အဗ္ဘန္တရ အငယ်၊ ဒွါရယောက်ျား၊ ဗဟိမိန်းမ။ အဗ္ဘန္တာရနပုန်း။ ဒွါရအရှည်၊ ဗဟိအတို၊ အဗ္ဘရ မတို မရှည်၊ ဒွါရလက်မှာ တနင်္ဂနွေ၊ တနင်္လာ။ ဗဟိလက်မှာ အင်္ဂါ ရာဟု။ အဗ္ဘန္တရလက်မှာ ကြာသပတေး သောကြာ။ ။ ချမ်းသာရခြင်းတော့မည်။

* * * * *

## ကာလကြီးဟောတစ်နည်း

ဓေယျတု။ ဓနု–ကဋ္ဋမ္ဘ–သဟာဇ–ဗန္ဓု–ပုတြ–အရိ–ပတာနိ–မရဏ–သုဘ–ကမ္မ–လာဘ–ဗျာယ။ ။ လက်စ၍ ခတ်လေ။ ခတ်မိရာ၌ ဆိုလတ္တံ့။

လက္ခဏာသခင် ဓနုခံမူ မနော်ဟာရီ နတ်သမီးကို ဒုံမနေ ခင်းသား ရသောအခါတည်း။ ထိုအခါ သူနာသူဖျားမေးလာမူ၊ ရှုစောင့်နတ်သမီးကို ဖောင်နှင့်မျှောလေ။ အိမ်ရှေ့နတ်ကြီးဖြူ

www.burmeseclassic.com



မင်းထီးနှင့် သိကြားမင်းကြီး ငှက်အစာပေးပေ။ တရားတဘောင် အောင်အံ့။ မချွတ်မမြဲမှတ်။

လက္ခဏာသခင် ကဋ္ဌမွခံမူ၊ ပဘာဝတီမိဖုရား ပြေးသွားလေသော်၊ ကုသမင်း သားလိုက်လေ၍ မယားပြုရသောအခါတည်း။ ထိုအခါတွင် သူနာသူဖျားမေးလာမူ၊ စုန်းပင်လယ် အိမ်နတ်တစ္ဆေကို အစာပေးလေ့။ တရားတဘောင် အောင်အံ့ မကြာ၊ ဥစ္စာပျောက်ပြီး၊ အမတ်ကြီးကို၊ မှီရလေအံ့ မချွတ်တည်း။

လက္ခဏာသခင် သဟဇခံမူ၊ မနော်ဟာရီ ဆင်းသိဂ်ကို မာန်ဖိပုဏ္ဏား အငြိုးထား၍ သွားခဲ့မိဘ ပြည်ရွာတည်း။ ထိုအခါ သူနာသူဖျား မေးလာမူ နတ်ဘီးလူးနှင့် စုန်း ကျူးအိမ်နတ်၊ ဖမ်းကပ်ပူးရေး၊ ပြုသည့်ဘေးတည့်။ ကျွန်ပြေးနွားပျောက်၊ ကြာမှရောက်အံ့။ ဖြစ်ပေလာငြား၊ တရားတဘောင်အောင်အံ့မှန်စွာ၊ ဂြိုဟ်ဒသာ၊ ကြမ္မာမကောင်းပါ။

လက္ခဏာသခင် ဗန္ဓုခံမူ၊ ပဘာဝတီမိဖုရား၊ လင်မင်းသားကို၊ သနားနှစ်ခြိုက်၊ မပျော်ပိုက်၍၊ စိုက်စိုက်မနေး၊ ပြေးလေမိဘ ပြည်ရွာတည်း။ ထိုအခါ သူနာသူဖျား မေးလာမူ နတ်မိန်းမနှင့် မာဃသိကြား၊ မှတ်သားနှီးယူ၊ ပြုမူသည်သာ၊ မာတယာနှင့် မှန် စွာယှဉ်တွေပြုပါလေ။ လွယ်ပေငါးရက်တွင် ကျွန်လျှင်ပြေးပေါက်၊ နွားသားပျောက်၊ အဝေးပေါက်ရောက်သည်တကား။ တရားတ ဘောင် မအောင်ရှေ့နေ ခေါ်ပါလေကြ။

လက္ခဏာသခင် ပုတြခံမူ၊ ငမိုက်ကျွဲထီး သားအငေး ရန်ဖြစ် ကြ၍ အဖမျက်သော် အမိပုက်၍၊ အသက်ကျွဲငယ် ရှင်သောအခါ တည်း။ ထိုအခါ သူနာသူဖျား မေးလာ ငြားအံ့၊ ရန်မူငြိထား

www.burmeseclassic.com

www.burmeseclassic.com



သူနှာ စားအံ့။ သိကြားမင်းကြီး၊ ဖြူမင်းထိးနှင့်၊ နတ်ကြီးမဟာဂီရိ အညီကူနတ်ပါပေ။ တရားတာဘောင် မအောင်လေရာ၊ ထဘီထော်ကို ခေါ်ပါလေ။ ကျွန်ပြေးနွားပျောက်၊ ကြာမှရောက်အံ့။

လက္ခဏာသခင် ပထနီခံမူ၊ သိကြားမင်းလျှင်၊ ထန်ပြင်းတေဇာ၊ အသူရာသမီး၊ လျှံညီးရောင်ဝါ၊ သုဇိတာကို၊ သိက်လူအိမ်နေ၊ ရတုံလေသောအခါတည်း။ ထိုအခါတွင် ဖျားနာစကား မေးလာငြားသော် သိကြားမင်းကြီး၊ ဖြူမင်းထိးနှင့်၊ အံ့ချီးမစဲ၊ မင်းရဲကျော်စွာ၊ နိုင်ရာမထင်၊ ဆင်ဖြူရှင်တောင်၊ ပင်ပန်းခြင်းမကွာ၊ ဟိတ်ဒသာတည့်၊ သူနှာသူဖျား၊ တရားဆင်ကြက်တိုက်၊ မေးကြိုက်မှုကား၊ ကြီးသားမိဘ အသားနီ ခါး ဆီးဝတ်ကိုမှီလေ၊ အောင်အံ့၊ ဥစ္စာ ကျွဲနွား၊ ပြေးပျောက်သွား မြောက် အရှေ့မြောက် အနောက်တောင်မှာ ရှိလေ၏။ အသားနီ ဆိုလတ္တံ့။ နှစ်ရက် သုံးရက်တွင် ရအံ့။

## ကြိုဟ်ပူးအဟော

တနင်္ဂနွေ အင်္ဂါပူးမူ သွေးသံထွက်ခြင်း၊ ဖြစ်တုံလျှင်အံ့၊ ငှလှကိုမေးမူ၊ ဥစ္စာန် ဝေါ်ခံအံ့။ မိန်းမသုံးတင်ဖမ်းများ၏။ မျက်ရှင်ကျွတ်ဆစ်လည်းရှိ၏။ လွှက်လိုသော် လက်ယာမျက်စိကမြင်မှ လှည်းကိုမေးမူ အလယ်က ဘိန်းနဲ့ယတွင် မျက်ရှင်ရှိ၏။ မိန်းမ၏ အပြစ်ပေးများ လွှတ်လိုသော် ရှားနက်၊ အိမ်ကို မေးမူ အရှေ့တော ဦးရှု စရွေးပေါက်တစ်ထွာခြား အမျက်ရှိ၏။ မြေးယောက်ျား အကြီးကို အပြစ်ပေးများ လွှတ်လိုသော်ဆုပ်ခါခံ၊ သူနှာသူဖျား

www.burmeseclassic.com



တရားဆင် ကြက်တိုက်မူကား အသားညို ခါး စည်းဝတ်ကိုမှီလေ၊ အောင်၏။ ဥစ္စာ ကျွဲ, နွား ပြေးပျောက်သွားမူ အရှေ့တောင် ထောင့်မှာရှိလေ၏။ ထဘီဝတ် အသားပြာ ကြားသာအံ့။ နှစ်ရက် လေးရက်အတွင်း ရမည်။

ကြာသပတေး၊ ဗုဒ္ဓဟူး ပူးမူ ခပ်သိမ်းသောအမူ အောင် မြင်အံ့။ လှေကိုမေးမူ နောက်ထုတ်တွင် မျက်သေရှိ၏။ အဆုံးတွင် ကြပါများ၏။ အဆုံးနံပန်များ၏။ လွတ်လပ်မူ မဟူရာမြုပ်။ လှည်းကိုမေးမူ လက်ဝဲဂဏန်းတွင် တစ်ထွာကြား၌ မျက်သေရှိ ၏။ သားအကြီးကို အပြစ်ပေးများ လွက်လိုသော် ရဟန်းသံဃာ များကို အဝတ်အလှူပြု။ သူနာသူဖျား တရားဆင် ကြက်တိုက် မေးလာမူကား အသားမညိုမလွင် ထဘီဝတ်ကိုမှီ၊ ဥစ္စာ ကျွန်နွား ပြေးပျောက်သွားက အနောက်စူးစူး တောင်စူးစူးမှာ ရှိလေ၏။ အသားမညိုမလွင် ထဘီဝတ်ကြားလာအံ့။ လေးရက် ရှစ်ရက် အတွင်းရအံ့။ သောကြာ စနေပူးမူ ခပ်သိမ်းသော အမူတို့သည် ငြိုငြင်အံ့။ လှေကိုမေးမူ ပဲ့တန္ဆက်အံ့။ ချွတ်ထက်တွင် သစ်ဆွေး ခွန်ဝှက်ရှိ၏။ မင်းမှ ဒဏ်ရဖန်များအံ့။ လွတ်လိုသော် ကျောက်မြုပ်။ လှည်းကိုမေးမူ လက်ယာဘက်ဂဏန်းတွင် တစ်ထွာကြား၌ သစ်ဆွေး ခွန်ဝှက်ရှိ။ သားမိန်းမအကြီးကို အပြစ်ပေးဖန်များ လွတ်လိုသော် တစပုဆိုး ခုနစ်ထပ်ခံ။ သူနာသူဖျား တရားဆင် ကြက်တိုက် မေးလာမူ၊ ခါးစည်းဝတ် အသားညိုကို မှီလေ၊ ဥစ္စာ ကျွန် နွား ပြေးသွားသည်ကို မေးမူ၊ အရှေ့မြောက်မှာ ရှိလေ၏။ အသားညို ခါးစည်းဝတ်ကြားလာအံ့။ ဂြိုဟ်ပူး အပေါပြီး၏။

www.burmeseclassic.com



## လက်ပူးအဟော

လက်နှင့် တနင်္ဂနွေ ပူးသော် ခပ်သိမ်းသောအမှု မအောင်။ လှေကိုမေးမူ ဦးချွန် အဆက်တွင် အမျက်ရှိ၏။ သွားလေရာရာ ပွင့်လင်းစွာ၏။ လှည်းကိုမေးမူ လက်ယာ ဘက်တွင်မျက်သေ ရှိ၏။ သွားလေရာရာ ပွင့်လန်းစွာ၏။ အိမ်ကိုမေးမူ ရှေ့စွန်း တစ်ထောက်ခွ တစ်ထွာကြားတွင် မျက်ရှင်ရှိ၏။ ကျွန်မိန်းမရမည်။ သူနာဆိတ် ကြက် တရားဆင်ကား အသားနီးခါး ဆီးဝတ်ကိုမှီလေ။ သုံးကြိမ်မှ အောင်မည်၊ ဥစ္စာ ကျွန် နွား ပျောက်မူ။ အရှေ့မြောက် ထောင့်သို့ သွားလေ။ သုံးရက် ခြောက်ရက်အတွင်းရမည်။ လက်နှင့် တနင်္လာပူးမူ၊ ခပ်သိမ်းသောအမှုအောင်မည်များအံ့။ လှေကိုမေးမူ နောက်ဘက်က ချွန်ဘက်တွင် မျက်သေရှိ၏။ ဖြူသောဥစ္စာ တင်ဖန်များအံ့။ လှည်းကိုမေးမူ လက်ဝဲနံပါးတွင် မျက်ရှင်ရှိ၏။ အိမ်ကိုမေးမူ အနောက်ကြငှန်းတိုင်တွင် မျက်ရှင်ရှိ ၏။ တွင်းဝင် ကြက်ဘက်တွင်းလည်း မျက်သေရှိ၏။ အသားဖြူ တို့လည်း ကိုးကွယ်ရာရမည်။ သူနာသူဖျား တရား ဆင်၊ ဆိတ်၊ ကြက်တိုက်မေးမူ အသားဖြူ ထဘီဝတ်ကိုမှီလေ။ ဥစ္စာ ကျွန် နွား ပြေးသွားမူကား အရှေ့တောင်မှာ ရှိလေ၏။ အသားဖြူ ထဘီဝတ်ကြားလာမည်။ သုံးရက် ခြောက်ရက်အတွင်း ရရှိမည်။ မရသော် ဆွေမျိုးတို့ ဆောင်လေ၏။ လက်နှင့်အင်္ဂါပူးမူ အမှုများ မြောင်၊ သယ်ပိုးဆောင်၍ မအောင်ရာ။ ငြိုငြင်အံ့။ လှေကိုမေးမူ ပဲ့ကချွန်းဆက်တွင် မျက်သေရှိ၏။ အဆွေ ခင်ပွန်းကို အပြစ်ပေး လွှတ်လိုသော် နီလာမြုပ်။ လှည်းကိုပေး... လက်ယာက ပိတ်ခုတ်တွင် မျက်သေ ရှိ၏။ သွားလေရာရာ အဆွေခင်ပွန်းများအံ့။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို မေးမှု တောင်အလယ်ကြငှန်းရက်မ အောက်တွင် သစ်ဆွေး ခွန်ဝှက်ရှိ၏။ မိန်းမအလတ်ကို အပြစ်ပေးများ လွတ်လိုမှု လက်ပံသားခံ၊ သူ နာ ဆိတ်၊ ကြက်တိုက် တရားဆင် မေးမှု အသားနီ ထဘီဝတ်ကို မိုလေ။ မဟာဂိရိ လည်းရှိ၏။ ဥစ္စာ ကျွန် နွား ပြေး ပျောက်သွားမှု အရှေ့တောင် ထောင့်မှာ ရှိလေ၏။ အသားနီ ထဘီဝတ်ကြားလာမည်။ နှစ်ရက် လေးရက် အတွင်း ရမည်။ လဂ်နှင့်ဗုဒ္ဓဟူး ပူးမှုကား ခပ်သိမ်းသောအမှု အောင်ဖန်များ၏။ ကြလှေကို မေးမှု ဦးက ချွန်ဆက်တွင် မျက်ရှင်ရှိ၏။ သွားလေရာရာ အဆွေခင်ပွန်း တွေ့ဖန်များအံ့။ လှည်းကိုမေးမှု အလယ်ကန့်နှင့် လက်လေးသစ်များတွင် အမျက် ရှိ၏။ သွားလေရာရာ သူတကာတို့ ချစ်ခင်များအံ့။ အိမ်ကိုမေးမှု အရှေ့တောင်ထောင့် ဦးတိုင် စရွေးတိုင်အောက် တစ်ထွာကြားတွင် အခေါင်းသက်ရှိ၏။ အိမ်ရှင်ယောကျ်ား အပြစ်ရောက်များအံ့၊ လွတ်လိုသော် နတ်ခံ။ သူနာသူဖျား တရား ဆင် ကြက်တိုက် မေးမှု-အသားဖြူ ထဘီဝတ်ကိုမိုလေ။ ဥစ္စာ ကျွန် နွား ပြေ ပျောက်သွားသည်ကိုမေးမှု တောင်မှာရှိလေ၏။ အသားဖြူ ထဘီဝတ်ကြားလာမည်။ သုံးရက် ခြောက်ရက်အတွင်းရမည်။ လဂ်နှင့် ကြာသပတေးပူးမှု ခပ်သိမ်းသောအမှုကို ဆောင်ရဖန်များအံ့။ လှေကိုမေးမှု ဦးချွန်ဆက် အလယ်တွင် မျက်ရှင်ရှိ၏။ နီသော လာဘ်ရမည်။ အတိုင်ကန့်ပါးတွင် ငှက်ပျောဖက်ရှိ၏။ သွားလေရာရာ လာဘ်သပွကာများ၏။ အိမ်ကိုမေးမှု အလယ်ထောင့်တွင် မျက်သေရှိ၏။ ကျွန်မိန်းမငယ်ရမည်။ သူနာသူဖျား တရားဆင် ကြက်တိုက်မေးမှု အသားမည်းမလွင် ထဘီဝတ် ကိုမိုလေ၊ နတ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးရှိ၏။ ဥစ္စာ ကျွန် နွား ပြေးပျောက်မေးမူ အနောက်မှာ ရှိလေ၏။ အသား မညိုမလွင်နှင့် သူကြားလာမည်။ လက်နှင့်သော ကြာပူးမူ အမူခပ်သိမ်း ငြိုငြင်၏။ ခရီးမသွားကောင်း။ လေ့ကို မေးမူ ဦးဖျားဝယ် အချက်ရှိ၏။ မိန်းမကို အပြစ်ပေးများ လွှတ် လိုမူ နီလာမြှုပ်။ လှည်းကိုမေးမူ အလှည့်က ဖိနပ်ပြားတွင် အစပ်ရှိ၏။ သမီးအကြီးကို အပြစ်ပေးများ၏။ လွှတ်လိုမူ မအူ နှက်။ အိမ်ကိုမေးမူ တောင်အလယ် ကြငှန်းအောက် စရွေး တစ် ထွာခြားတွင် မျက်သေရှိ၏။ မြေး မိန်းမကို အပြစ်ပေးများ၏။ လွှတ်လိုသော် ကြေးနီခံ၊ သူနာသူဖျား တရား ဆင် ဆိတ် ကြက် တိုက်မေးမူ အသားဖြူ ထဘီဝတ်ကိုမီလေ။ ဥစ္စာ ကျွန် နွား ပြေးသွားသည်ကို မေးမူ အနောက်မြောက်မှာ ရှိလေ၏။ အသားဖြူ ခါးဆီဝတ် လာလိမ့်မည်။ နှစ်ရက် လေးရက် အတွင်းရမည်။ လက်နှင့် စနေပူးမူ ခပ်သိမ်းသောအမူ ငြိုငြင် တတ်၏။ လေ့ကို မေးမူ၊ နောက်ချွန်ဖျားတွင် မျက်သေရှိ၏။ သွားလေရာ အောင် သည်များ၏။ လှည်းကို မေးမူ၊ အတိုင်လှည်းဘီးနံတွင် အမျက် သေရှိ၏။ သွားလေရာရာ ပွင့်လန်း၏။ အိမ်ကိုမေးမူ အလယ် ထောက်ခွတွင် မျက်ရှင်ရှိ၏။ ကျွန် မိန်းမရမည်။ သူနာသူဖျား တရားဆင် ကြက်တိုက်မေးမူ၊ အသားညို ခါးဆီးဝတ်ကိုမီလေ၊ ဥစ္စာ ကျွန် နွား ပြေးသွားသည်ကို မေးမူ၊ အရှေ့တောင်မှာရှိလေ၏။ အသားညို ခါးဆီ ဝတ်ကြားလာလိမ့်မည်။ လေးရက် နှစ်ရက် အတွင်းရမည်။ မရသော် သတင်းထင်ရှား၏။ လင်ကို ရာဟု ပူးမူ အချို့သော ဆရာတို့ကား မလိုသူ လိမ်လည်ပြုတတ်၏။ ရာဟု ဟူသည် ဥပဒ်တည်း။ ကလိန်ကလည်ဟူ၍ ဆိုကြကုန်။

www.burmeseclassic.com

www.burmeseclassic.com



တရားတဘောင်ကို မေးမူ အာရီဂြိုဟ်ကို ရှုလေ၏။ အာရီဂြိုဟ် သည် မရဏ ဒွါရနေမူ ငါတို့အောင်အံ့။ ဇဟိလဂ်ဖြစ်မူ အောင် မြင် လွယ်၏။ အာရီဂြိုဟ်သည် ပထနိ လာဘနေမူ ရန်သူ အား ကြီး၏။ ငါတို့ရှောင်ရသတည်း။ ဇဟိလဂ်တည်းဖြစ်မူ သရေကျ ကာသာတည်း။ အာရီဂြိုဟ်ကိုမူ ရဏဂြိုဟ်ပူမူ ရန်သူဖျားနာ သေပျောက် လေရာ၏။ ဗျာယဂြိုဟ်ပူးမူ ရန်သူပျက်စီးပေ၏။ သဟာဇပူးမူ အဆွေတမျှ ညီမျှကြလေ၏။ ပဇြာဂြိုဟ်ပူးမူ သားနှင့် တမျှ ညီမျှ ကြလေ၏။ ဆိုခဲ့သည့်အပြင် ဆင်ခြင်ညှိနှိုင်းကြ ရမည်တည်း။ ဒွါရလက္ခဏာသမား ဇဟိလက္ခဏာဇဿယာ၊ အဗ္ဘန္တရလက္ခဏာ ပရာဇယော ဟူသည်နှင့်အညီ ဒွါရလဂ်ကား သရေကျကာသာ ဇဟိလဂ်ကား ငါတို့ အောင်အံ့။ အဗ္ဘန္တရလဂ် ကား ငါတို့ ရှုံး၍ဆူတို့အောင်အံ့ဟူသည်ကိုလည်း နှလုံးသွင်းလေ။ ရှိမရှိကို မေးမူ၊ ဒွာရလက္ခဏာ၊ အနော အတ္ထိ၊ ဇဟိလက္ခဏာ သဗ္ဗအတ္ထိ၊ အဗ္ဘန္တရလက္ခဏာ သဗ္ဗနတ္ထိဟူသည်နှင့်အညီ ဒွါရ လဂ်ကား ထက်ဝက်ရှိသေး၏။ ဇဟိလဂ်ကား အားလုံးကုန်၏။

အဗ္ဘန္တရလဂ်ကား အားလုံးကုန် မရှိဟုဆို၊ လာမလာကို မေးမူ ဒွါရလဂ်ကား ကာလရှည်သေး၏။ ဇဟိလဂ်ကား ခရီးလတ် ရောက်ပြီ။ အဗ္ဘန္တရလဂ်ကား မလာ၊ ယောကျ်ားလော၊ မိန်းမလော မေးမူ၊ ဒွါရလဂ်ကား ယောကျ်ား၊ ဇဟိလဂ်ကား မိန်းမ၊ အဗ္ဘန္တ ရကား မုသာဝါဒစကားတည်း။ သေမည်ရှင်မည် မေးမူ ဒွါရလဂ် ကား နာတာရှည်အံ့။ ဇဟိလဂ်ကား သေအံ့၊ အဗ္ဘန္တရလဂ်ကား မသေ။ ရ မရကိုမေးမူ၊ လာဘဂြိုဟ်ဘက်သို့ ဝင်မူ ချွတ်ရအံ့။ လာဘဂြိုဟ် အာရီ နေမူ လာဘ်ကြောင့်ရန် ဖြစ်တတ်အံ့။ မရဏ

www.burmeseclassic.com



နေမှု လာဘ်ကြောင့် ဖျားနာသေပျောက်တတ်၏။ လာဘ်ဘောင်း ပျက်စီးတတ်၏၊ ကမ္ဘနေမှုလာဘ်ကြောင့် အမှုများတတ်၍ လာဘ် ဂြိုဟ်သို့ မဝင်၍ လက္ခဏာသခင် နံနှင့်ပူးမှု မချွတ်ရအံ့။ အာရိ ဂြိုဟ် မရဏဂြိုဟ် ဗျာယဂြိုဟ်တို့ ပူးမှု ဆင်ခြင်၍ ဟောပေ။ လာဘဂြိုဟ်သည် သဟဇဂြိုဟ်နှင့်ပူးမှု သားချင်းရလေ၏။ ဗန္ဓုဂြိုဟ် ပူးမှု အဆွေရလေ၏။ ပုတြိဂြိုဟ်ပူးမှု သားရလေ၏။ ပထနီဂြိုဟ်ပူးမှု အဆွေ ရလေ၏။ မယားရလေ၏။ လက်သို့ ပါပဝင်သမျှ သော မ ဝင်သမျှများကို ထောက်ထား ရှုထွေ ဟောတုံပေ၊ မသွေယွင်းချွ၊ မှန်မုချ။

လှည်းဝင်အံ့ မေးမူ မိဿတစ်မူ အတိုင်းယူ တူနှင့်မိန်ကို တော၊ အလှည့်ဟော၊ သဘောတူငင် တတ်လှစေ။ ဒွါရေဗဟိ၊ မြင်ဘိနံပါး၊ မြင်ပြားအဘ္ဘန္တရေ၊ စစ်တိုင်းခြေ တနင်္ဂနွေပူးမူ၊ မျက်သေ ကင်းသန်း၊ တစ်ခန်းတနင်္လာ၊ အင်္ဂါမျက်ရှင်၊ စနေမြင်မူ၊ ယူငင်အကောင်း၊ တစ်ကြောင်းမျက်ပုပ်၊ အဟုတ်ရာနေ၊ ဟော လေ လက်နှင့်တစ်ကြွတည်း။

အကြွင်သူတို့သည် မေးလာ၏။ ထိုသို့ မေးလာသည့်အခါ အဖမည်သော တနင်္ဂနွေသည် အာရိမရဏ ဗျာယခံအံ့။ အဖနှင့် မသင့်မတင့်ဟူပေ။ အမိမည်သော တနင်္လာသည် အာရိ မရဏ ဗျာယခံအံ့။ အမိနှင့် မသင့်မတင့်ဟူပေ။ ကျွန်မည်သော အင်္ဂါသည် အာရိ မရဏ ဗျာယခံအံ့။ ကျွန်နှင့် မသင့်မတင့်ဟူပေ။ သား မည်သော ဗုဒ္ဓဟူးသည် အာရိ မရဏ ဗျာယခံမူ သားနှင့် မသင့် မတင့်ဟူပေ။ သူကြီးလည်းမည်၊ ဆရာလည်းမည်သော၊ ဥစ္စာလည်း မည်၊ ကျောင်းလည်းမည်၊ ဘုရားလည်းမည်သော ကြာသပတေး သည် အာရိမရဏ ဗျာယခံအံ့။ သူကြီးနှင့်မသင့် ဆရာနှင့်မသင့်

www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာ နှင့်မသင့်၊ ကျောင်းဘုရားနှင့် မသင့်ဟူပေ။ ပထနီလာဘာ သုဘာနေမူ သင့်အပ်လှ၏ ဟူပေ။ မယားမည်သော သောကြာသည် အာရီ မရဏ ဗျာယနေခံ။ မယားနှင့် မသင့်ဟူပေ။ ပထနီလာဘာ သုဘာ နေအံ့။ သင့်အပ်လှပေ၏ ဟူပေ။ အာရီ မရဏဗျာယနေ၍ အာရီ ဂြိုဟ်ပူးမူ မယားသည်ခိုက်ရန်ရှာလတ္တံ့။ မရဏဂြိုဟ်ပူးမူ မယား သည်သေကြောင်း ကြံအံ့။ ကမ္မဂြိုဟ်ပူးမူ မယားသည် အမှုပြုလတ္တံ့။ ဗျာယအိမ်ပူးမူ မယားသည် အမျက်ပြုလတ္တံ့။ ဆွေမျိုးမည်သော စနေသည် အာရီမရဏဗျာယနေမူ ဆွေမျိုးနှင့် မသင့်မတင့်ကြ ပေဟူပေ။ မူလဇာတာမှာ ခံသော်လည်း ဆွေမျိုးနှင့် မသင့် ဆွေမျိုးကျေးဇူးကို မခံရဟူပေ။ အခြေလေးခုမည်သော ရာဟုသည် အာရီမရဏ ဗျာယခံအံ့။ အခြေ လေးခုနှင့်မသင့်၊ ပထနီ လာဘာ သုဘာ ခံမူ သင့်အပ်လှ၏ ဟူပေ။ ကာလဇာတာတွင် ကား အခိုက် အလန့်မျှသာ၊ မူလဇာတာတွင်ကား တစ်သက်ပတ် လုံးဟူပေ။

ငှင်းကာလကြီး ဗေဒနည်းလင်္ကာ၊ ကာလဇာတာ၊ ရှစ်ကြိမ် ခါ၌ လက္ခဏာသခင်၊ ခနုခိုင်သို့၊ ထွေမြင်လတ်သော်၊ မနော်ဟာရီ၊ ဒေဝီလျှံငြိး၊ နတ်သမီးကို၊ မိုက်ကြီးငမွှား၊ မုဆိုးသားလျှင်၊ ကမ်း နား အိုင်ရပ်၊ နဂါးပတ်ဖြင့် ဖမ်းလတ်လေရာ၊ ရသောခါတည့်၊ ဥစ္စာ ကျွန်ကြေး၊ နွားပျောက်မေးမူ၊ ရပ်ဝေးမြေတာ၊ သူ့လက်မှာ၌၊ ရှာသော်မူကား၊ ရပေငြားအံ့။ ဖျားနာစဥ်တော၊ မေးတို့လေလည်း၊ တစ္ဆေတောသူ၊ ဆာပူနှိမ်နင်း၊ အဖမ်းပြင်း၏။ သက်ကြွင်းမှ သေ၊ ချမ်းသာပေအံ့။ သစ်ထွေထိုပြင်၊ တရားဆင်တည်း၊ အောင်မြင်တတ် ငြား၊ ကုန်စည်သွားလည်း၊ စီးပွားပြည့်ပြော၊ ပြန်မည်ဟောလော့။

www.burmeseclassic.com

www.burmeseclassic.com



သွားသောခရီး၊ မေးတပြီးကား၊ ခရီးလမ်းကို၊ ရောက်ပြီဆိုသည်၊ အိမ်ကိုသရေးရောက်သေး။

ကဋ္ဌမှတွင်၊ လင်္ဂအိမ်ရှင်ကား၊ စွယ်လျှင်မြမြ၊ ဘီလူးမဟာ၊ အသဿမုကွိ၊ ယက္ခ နိလျှင်၊ သူ့ဆီသို့သာ၊ ရောက်တုံလာသည်၊ နွားရှာယောက်ျား၊ ပုဏ္ဏားသားကို၊ ဖမ်းထားသမှု၊ လင်သားပြုသည်၊ ယခုအခါ၊ ကိန်းကြုံလာ၏၊ ဥစ္စာကျွန်ကျေး၊ နွား ပျောက်မေးသော်၊ အရေးမသာ၊ သုဟတ္တာသို့ရောက်ပါသည် မရပြီတည့်၊ တလီနာများ၊ မေးတုံငြားလည်း၊ တောသားတဆွေ၊ ဆူဝေဖိစီး၊ အဖမ်းကြီး၏၊ တစ်သီးထို့ပြင်၊ တရားဆင်က၊ စစ်ထိုးစသည်၊ ကြွေချကြက်တိုက်၊ အံ့ရှုက်မှုဆောင်၊ မအောင်ပေရာ၊ လာပါမည်လော၊ မလာဟော ဆော့။ သဘောထုံးတူ၊ နာခံမှုကား၊ မလျှုအနေအေလတ်ချေ ၏။ စေ့ရေကိန်းတွင် ဤသို့မြင်သည် မှုလျှင်တစ်ကြောင်း မ ဆောင့်ကောင်း။

အဟာဇာတ်တွင်၊ လင်္ဂအိမ်ရှင်ကား၊ တောင်ခွင်ကေလာ၊ ဒုမရာ၏၊ ရင်းချာသမီး၊ ရှုမငြီးသား၊ လူ့ထီးထင်ပေါ်၊ ဒွေးမယ် နော်တို့၊ မွေ့လျော်သီတာ၊ စံပျော်ရာ၌၊ လျှင်စွာရအောင်၊ ဖမ်းယူ ဆောင်လျက်၊ မင်းစိုးဆက်သော်၊ မပျက်မှန်စွတို့သည်ခါတည့်။ ဥစ္စာကျွန်နွား၊ ပျောက်သည်များ၏၊ ရှုံးငြားမထင်၊ ရမည်ပင်တည်း။ ထို့ပြင်တခြား၊ တရားဆင်မျိုး၊ စစ်မက်ဆိုးလည်း၊ အကျိုးဖြစ်ပေ၊ အောင်မည်ဟောလေ့။ မေးသော ဖျားနာ၊ မထောင်းတာတည့်၊ ခါတတဆွေ၊ ပွစ်ဖို့လေလော့၊ တစ်ထွေတစ်ဖြာ၊ အိမ်တွင်းမှာ သည်း၊ ဒေဝါနတ်မယ်၊ တင်ကိုးကွယ်က၊ ချမ်းသာရအံ့။ သွား ခရီး၊ ရင်း နီးကုန်ပြု၊ ကြက်ကိုက်မှုက၊ ကြွေလောင်းစသည်၊ ကောင်းစွာသဘော၊ အောင်မည် ဟောလော့။ သွားသောသူမှာ၊

www.burmeseclassic.com

www.burmeseclassic.com



ယနေ့သာလျှင်၊ မှန်စွာမလွဲ၊ ရောက်စမြဲသည်၊ မလွဲ ဟောလေ ချိုသာတည်း၊

တစ်ဖြာဆိုတံစ်၊ လက်အိမ်သခင်၊ ဗန္ဓုလ္လခွင်ကား၊ ဗုဒ္ဓဂုံလောင်၊ စာဆပါင်းသောင်းနှင့်၊ လောင်းဒေဝဒတ်၊ တောမျောက်စပ်တို့၊ အမှတ်မဖြစ်၊ ချစ်မြတ်မိတ်ဆွေ၊ အခါ ပေတည့်၊ မေးထွေရောက်လာ၊ ထိုအခါဝယ်၊ ဖျားနာတစ်၊ အိမ်ဌှရှိ၏။ တင်ဘိနတ်စာ၊ လွတ်ချမ်းသာလိမ့်၊ ဥစ္စာကျွန်ပြေး၊ နွားပျောက်မေးကို၊ ရမည်ဆိုလော့၊ အဖိုဖြစ်က၊ ရှာမရတည့်၊ အမကိုမူ၊ အလိုလိုသာ၊ လာလိမ့်မလွဲ၊ မရှာဘဲရ၊ ထိုမှတခြား၊ ကုန်သွားခရီး၊ မေးတပြီးကား၊ ရှာဘ်ကြီးဖြစ်ပေါ်၊ ကောင်းမည် ဟောလော့၊ သွားသောသူမှာ၊ ယနေ့လာအံ့၊ စစ်သားထိုးပြိုင်၊ ကြက်တိုက်ဆိုင်သော်၊ မနိုင်မရှုံး၊ ဖြစ်မြဲတုံဟု၊ စုရုံးပုံသေ၊ ဟောလိုက်ပေဟု၊ သာထွေသာထောင့်မှာကြားတည်း။

ထိုမှတစ်ပါး၊ ပုတြတွင်၊ ကျလာအကြောင်း၊ စာအပေါင်း၏၊ သိုက်ကောင်း အိမ်ကို၊ မနာလို၍၊ ဝန်တိုမိစ္ဆာ မျောက်ယုတ်မာလျှင်၊ ဆုဘ်ခါဖျက်ပြေး၊ ဥနှင့်သားကို၊ စားသောက်ဇိန်းနှင့် ကြံသဖြင့်လျှင်၊ ဆိုခွင့်တရား၊ မေးသည့်များလည်း၊ ထက်ပွားသူရှာ၊ ဆက်သတံစိုး၊ ကြိုးစားမှုသာ၊ အရေးသာလိမ့်၊ ရှိပါထယ်စွ၊ ကျွန်နွားစသည်၊ မနဥစ္စာ၊ ပျောက်ရာသဘော၊ မရဟောလော့၊ သွားသော်ခရီး၊ ကုန်စည်နှီးလည်း၊ ပျက်စီးတတ်ချေ၊ မသွားလေနှင့်၊ တစ်ထွေနည်းတူ၊ သွားသည်ဟူကား၊ ဆာပူရောဂါ၊ ဝမ်းလျှင်ဘ်၏၊ မလာချေဆေး၊ ဖျားနာသူငယ် ဖြစ်မူကြသောသူမှာ၊ မကောင်းတာဘူး၊ ကိုယ်မှာရင်နှစ်၊ သူငယ်ဖြစ်မူ၊ သေမည်ဟူ၍၊ မှတ်ယူဟောလေ မယွင်းတည်း။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်တကွ၊ အာရိကျမ့်၊ အဖပီတာ၊ မဟိသာလျှင်၊ ယုတ်မာညစ်ကျူ၊ မကောင်းပြုရှ်၊ အခုသပ၊ သားအဖတို၊ ဒေါသဆူဝေ၊ ခတ်ကြလေသော်၊ သေသည်အဖ၊ ကိန်းတွင်ကျ၏။ ပျောက်ရှုဥစ္စာ၊ ကျွဲနွားမှာမူ၊ ရမည်ဟူပါ၊ သူနာတသီ၊ မေးတပြီး ကား၊ ကြီးသူသဘော၊ မကောင်းဟောလော့၊ ငယ်သောသူမှာ၊ မထောင်းတာဘူး၊ အိမ်မှာ နတ်ကို၊ တင်စေလိုမူ၊ ချမ်းသာရအံ့။ သွားထခရီး၊ ကုန်စည်နှီးလည်း၊ ရန်ကြီးမလွဲ၊ တွေ့စမြဲတည့်၊ စစ်ပွဲကြက်ပြိုင်၊ လူငယ်နိုင်အံ့၊ မဆိုင်ဆီးတား၊ ခရီးသွားကား၊ ရန် ထားနှောင့်နှေး၊ မရောက်သေးသည်၊ ရှေ့ပြေးဥာဏ်ဖြင့် ဟောလေတည်း။

ပထနီမှန်၊ အိမ်ရှင်စံမူ၊ သူကံကောင်းလှ၊ ငကောက်ရသည်၊ အဖသူဌေး၊ သေဘေးရောက်စေ၊ ကြံစည်လေလည်း၊ ပုဗ္ဗေကတ၊ ကံထောက်မ၍။ စိဝမကြွေ၊ အမွေဥစ္စာ၊ ဘဏ္ဍာတွင်ထ၊ ဟူသမျှကို၊ ရသည်မှန်စွာ၊ ထိုအခါဝယ်၊ ဥစ္စာကျွန်နွား၊ ပျောက်သည်များလည်း၊ ကြီးစားနိုင်မှ၊ ပြန်၍ရအံ့၊ အံကျစစ်ထိုး၊ ကြက်တိုက်မျိုးက၊ ဆိုရိုးတရား၊ အံကျိုးများမှာ၊ အောင်တတ်စွာတည့်။ ဘယာပြောထူး၊ ဖျားနာမူလည်း၊ ကြီးသူတို့ဝယ်၊ သေတတ်လွယ်၏။ ငယ်သူမသေ၊ ကြိုးစားချေမှ၊ ချမ်းသာရလိမ့်။ သွားယခရီး၊ ကုန်စည်နှီးလည်း၊ လာဘ်ကြီးပြန်ပြော၊ ကောင်းမည်ဟောလော့။ သွား သောသူမှာ၊ မေးလေရာကား၊ ကြာအံ့ရှည်စေး၊ မရောက်သေးဟု၊ ဟောရေးညွှန်ပြ ဖြောင့်တန်းတည်း။

တစ်ခန်းထို့ပြင်၊ အိမ်ရှင်ဂြိုဟ် မရဏာကား၊ ဗုဒ္ဓလေးငင်းတော်၊ ဆဒ္ဒန်ကျော်ကို၊ ပျက်ချော်ရုံ့စွာ၊ သုဘဒ္ဒါလျှင် မိသာမျက်ညို၊ ဒေါသပိုသည့်၊ သောနုတ္တိုလုဒ္ဒကသည်၊ ဖစ်ကလေးနှင့်၊ သေသ

www.burmeseclassic.com



ဖြင့်လျှင်၊ ဆင်မင်းအစွယ်၊ လွန်ဆန်းကြွယ်ကို၊ အကယ်မှန်စွ၊ ရသောခါတည့်၊ ဥစ္စာကျွန်ပြေး၊၊ နွားပျောက်မေးသော်၊ အရေးလုပ၊ ဆုံးမကျဘဲ၊ ရအံ့မည်ဟူ၊ ကြီးသူဖျားနာ၊ သေတတ်စွာ၏၊ ကုမာရီကျ၊ ဣတ္ထိယမှာ၊ မထောင်းတာဘူး၊ အော့နာဝမ်းကျ၊ သေတတ်စွာတည့်။ မိန်းမတစ်လီ၊ နာတာရှည်ကား၊ ချမ်းသာမည်နီး၊ အားမကိုးနှင့်၊ စစ်ထိုးစစ်ပြိုင်၊ တရားဆိုင်ထ၊ ကြက်တိုက်စသည်၊ ရောင်းချကုန်သွား၊ ရပ်ခြားဝေးတာ၊ ကြာကားကြာလိမ့်၊ မေးလာတုံငြား၊ ခရီးသွားကား၊ ရပ်ခြားဝေမြင့်၊ မသွားလင့်ဟူ၊ နွဲ့ဖင့်စရာ၊ ခါခါနှောင့်ယှက်၊ မိန်းမဖျက်၍၊ ပျက်အံ့စင်စစ်၊ မသွားဖြစ်သည်၊ တွက်စစ်ထိုကိန်း ရှိသတည်း။

ဟောလေတစ်စ၊ သုဘာစလေ၊ အိမ်ရှင်နေမူ၊ ပရမေထွက်ထား၊ လောင်းတော်များသည်၊ ကြွသွားနော်မာ၊ ကူးပြီးခါလျှင်၊ ဗြဟ္မာလူ့ဒါန်း၊ ကြာသက်န်းနှင့်၊ ရဟန်းရပ်ဝါ၊ ဖြစ်သောခါတည့်။ ဥစ္စာပျောက်ရှ၊ ကျွန်နွားစသည်၊ ကုန်စည်နှီးထ၊ လာဘ်ကြီးရလည်း၊ ကာလတောင်တာ၊ အတော်ကြာလိမ့်၊ မေးလာစစ်ပြိုင်၊ တရားဆိုင်နှင့်၊ ကြွက်ပြိုင်ကစ၊ ကြွေချအံ့စာ၊ အရာရာပင်၊ နောင်လျှင်သူ့အား၊ အရှင်ထားလော့၊ ဖျားနာတစ်ဆစ်၊ မိန်းမဖြစ်က၊ စင်စစ်ထိုခါ၊ သေတတ်စွာသား၊ ယောက်ျားဖြစ်ပါ၊ ရှည်ကြာမြင့်တတ်၊ ဘောမှာနတ်နှင့်၊ အိမ်နတ်တထွေ၊ ပစ်ပါချေက၊ လွတ်လေရှင်းရှင်း စစ်မည်တည်း။

ထိုပြင်ညွှန်ပြ ခွင်ကမ္ဘသို့၊ လက္ခဏာအိမ်ရှင် ဝင်သည့်ကာလ၊ ထိုသမယကား၊ ကုသရာဇာ၊ လောင်းထွက်ချာသည့်ပဗ္ဗတာဝတီ၊ ဆင်းသီဂီကြောင့်၊ ဖြေဆည်နိုင်ဘဲ၊ အလဲလဲလျှင်၊ ဆင့်ကဲအားကျိုး

www.burmeseclassic.com



အိုးလုပ်ဖျာရက်၊ ပွဲတော်ကို ဆက်ရာတွင်၊ ထက်တာဝတီ သား၊ အာယုရှည်ယ၊ ဣန္ဒသက္က၊ သိကြားမင်း မ,၍၊ ဆန္ဒပြီးစီး၊ လူခေါင်ထီးဟူ၊ ဝင်းညီ တောက်ပ၊ မယ်ပဘကို၊ ရသောအခါ၊ ကိန်းကြွလာ၏။ သူနာတစ်ကြောင်း၊ မေးတုံရှောင်းမူ၊ ကောင်းကောင်းကုလေ၊ သက်မသေတည့်၊ တစ္ဆေတောသူ၊ ဖမ်းသည်ဟူ၏။ လွှယ်ကူလွတ်ရာ၊ အစာပေးထ၊ ချမ်းသာရအံ့။ ကြွေချစစ်ထိုး၊ ကြက်တိုက်မျိုး ကို၊ စိုးမည်ဆိုလော့ ထို့ပြင်ကုန်သွား၊ ခရီးသွားမူ၊ ကောင်းမည်ပ်ဟူ၏။ သွားသူမှားကား၊ အမှုများ၍၊ သွားခွင့်မသာ၊ ခရီးကြာသည်၊ မှန်စွာသဘော ကမ္မအဟော။

ပေါလေမုချ၊ လက္ခဏာကို၊ ဖိုင်သအိမ်ရှင်၊ လာဘခွင့်သို့၊ ဝင်တုံ့ပြန်လျှင်၊ ပထွန်းလင်းမူ၊ မင်းသုခန၊ နတ်သမ္ဗုသည်၊ ပျော်မှုစံရာ၊ နန်းသိင်္ဂါသို့၊ မူရာကြော့သူ၊ သွင်မူယူမှာ၊ လူလောက်မက၊ နတ်မှမျှသည့်၊ အလှထိပ်ချာ၊ ဆင်းရုပ်ဝါကို၊ လာ၍ဆက်သ၊ အလိုကျအောင်၊ ရသောအခါ၊ ကိန်းကြွလာ၏။ ဥစ္စာကျွန်နွား၊ ပြေး ပျောက်ငြားလည်း၊ သွား၍မရှာ၊ သူပို့လာအံ့။ ဝိညာနတ္ထိ၊ သက်မရှိကား၊ မှန်ဘိစင်စစ်၊ ပျောက်လစ်ခဲ့လျှင်၊ အိမ်တွင်ပင်တည့်၊ ရှာလျှင်ရမည်၊ ကုန်စည်သွားလာ၊ ကောင်းကျိုးရငြား၊ တရားစစ်ထိုး၊ အမှုမျိုးလည်း ကောင်းကျိုးထပ်ပွား၊ ခရီးသွားကို၊ မေးငြားတုံလစ်၊ မသွားဖြစ်ဟု၊ သွားသည်သူမှာ၊ တော်လှူသဟာ၊ သုံးယောက်ပါလိမ့်၊ သူနာသူဖျား၊ မေးသူများငြ၊ တစ်ပါးဒေသ၊ အရပ်ကလျှင်၊ မိန်းမလာ၍။ အိမ်မှာနတ်အား၊ ပြစ်မှားမိချေ၊ ဖြစ်တတ်လေသည်။ ကျေအောင်ပြုက သွတ်လိမ့်တည်း။

www.burmeseclassic.com



လက္ခဏာအိမ်ရှင်၊ နိဝင်ဗျာယ၊ အိမ်သို့ကျမူ၊ အသဃမုက္ခိ ယက္ခနီမ၊ သားအဖတို့၊ ပြေးကြထွက်လာ၊ လွတ်သောခါတည့်။ သူနာတစ်ကြောင်း၊ မေးတည့်ရှောင်းမူ၊ ကောင်းကောင်းကုလေ၊ သက်မသေဘူး၊ ဒုက္ခိဏောက၊ တစ္ဆေနတ်လည်း၊ အဖမ်း သည်း၏။ တစ်နည်းဆိုးရိုး၊ စစ်ထိုးအံ့ချ၊ တရားစသည်၊ သူကအောင်မြင်၊ သွားချင်ခရီး၊ မေးတပြီးကား၊ ခရီးလမ်းစစ်၊ မသွားဖြစ်တည့်၊ သွားဖြစ်ခဲ့သော်၊ ပျက်ချော်တကာ်စွာ၊ မအောင်ရာချေ၊ သွားလေပြီးသူ၊ ဖြစ်လျှင်မူလည်းလွယ်ကူမကြာ၊ ခုရောက်လာအံ့။ ဥစ္စာပျောက်ရှု၊ ကျွန်နွားစသည်၊ အမတို့ကို၊ မရဆိုလော့။ အဖိုဖြစ်လျှင်၊ မတင် မကြာ၊ မရပါလည်း ကြာရှည်သဖြင့်၊ ရရန်ခွင့်သည်၊ အသင့်ဟော ဖို့ပြုညွှန်းတည်း။

## တနင်္ဂနွေ စနေ အင်္ဂါ ရာဟု လက်ဝယ်စုသော အဟော

ရဝသောရာ၊ အင်္ဂါ ရာဟု၊ လက်ဝယ်စုက၊ အမှုမပြီး၊ ခရီး မရောက်၊ ပျောက်သည့်ဥစ္စာ၊ သူ့လက်မှာတည့်၊ ချမ်းသာမရ၊ ဒုက္ခသာရှိ၊ ဖျားနာဘိအံ့၊ ရန်တိများစွာ၊ သူဖျက်လာ၍ ပယ်ခွာမရ၊ ခက်ခဲလှသည်၊ ပါပလေးလုံး ဟောရိုးတည်း။

## တနင်္လာ ဗုဒ္ဓဟူး ကြာသပတေး သောကြာ လက်တွင်စု၍ ပူးကြရာ အဟော

စန္ဒရာနှင့် ဂုရု၊ ဘရဂုဟု၊ လေးခုသောမ၊ တူကွလက်တွင်း၊ ပူးနေလျှင်မူ၊ မှုခင်းဆောင်က၊ ပြီးနေကျတည့်၊ သွားလိုခရီး၊ စုတ်လာဘ်ကြီး၏။ မနီးရန်သူ၊ ဖျားမူလွယ်လွယ်၊ ပျောက်ကွယ် ဥစ္စာ၊ ရဖို့ပါအံ့၊ ချမ်းသာနေကျ ဂြိုဟ်သောမ။

www.burmeseclassic.com

www.burmeseclassic.com



စကြောတော ဇာစ်နည်းကို ချ၍ပြလိုက်ဦးအံ့

အောင်သာလှေ၊ ငနေသစ်၊ ဆယ့်ရှစ်တောင်၊ ရောက်အောင်ထိုး၊ တိမ်ခိုးသာ၊ မြစ်ညာဝ၊ ရောက်လွယ်အောင်၊ သောင်ဖွေးဖွေးဟူသော သုံးထပ်ကိန်း အဌလက်ချ။

| | | |
|---|---|---|
| ၄ ၆ ၁ | ၆ ၀ ၂ | ၀ ၈ ၃ |
| ၅ ၅ ၆ | | ၄ ၁ ၀ |
| ၈ ၄ ၃ | ၅ ၃ ၄ | ၀ ၂ ၆ |

ဤသို့ချ၊ ပရိဝါရ၊ အာယ၊ နဂရ၊ ဘုမ္မိ၊ ဂဟပတိ၊ တေဇ၊ ဌာန၊ သိရိဟူ၍ မိမိ မွေးနံ အရပ်က စ၍ လှည့်ပြီးလျှင် သိလေ၊ ပရိဝါရ၊ ဂြိုဟ်သက်စားသောဂြိုဟ်သက်၊ အသက်ရောက်သောဂြိုဟ်သက်၊ ၎င်းအသက်သုံးပါးကို ပေါင်း၍တည်၊ ရှစ်ခုစား၊ လက်ကိုမလိုစားကြွင်းသေသအတိုင်း မိမိမွေးဂြိုဟ်ရှိရာ အရပ်ကစ၍ လက်ယာရစ်သွား၊ တနင်္ဂနွေအိမ်တွင်ကျသော် သောကြာ ဗုဒ္ဓဟူး တွေ့သောကြောင့် အကြီးအကဲ ဝင်လာလိမ့်မည်။ မုဆိုးမလည်း ဝင်လာလိမ့်မည်။ အနှောင့်အယှက် အငြင်းအခုံ ရှိတတ်သည်။ ဤကဲ့သို့မဖြစ်ခဲ့သော အခြေနှစ်ချောင်း ဝင်လာစရာရှိသည်။ အခြေနှစ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ အရှေ့မြောက် အနောက်တောင်ကဝင်လျှင် လက်မခံနှင့် ခိုးကိန်းမီးကိန်း မြင်သည်။

တနင်္လာအိမ်တွင်ကျသော။ စနေ–သောကြာ၊ ဝင်သောကြောင့် အကြီးအကဲ နှောင့်ယှက်၍ ထွက်ပြေး ပြောင်းသွားရတတ်သည်။ ခရီးသွားရအံ့၊ သူဖျက်ဆီးအံ့။

အင်္ဂါအိမ်တွင်ကျသော်၊ စနေ–ရာဟု ပါပဂြိုဟ်ဝင်သောကြောင့် အနှောင့်အယှက် မုဆိုးမ၊ နတ်၊ စုန်း၊ တစ္ဆေ၊ မြေဘုတ်၊ အဆွံ့၊ အ–အ၊ အစောင်း၊ အစွေ၊ မျက်ခမ်းစပ် ဖျက်ဆီးအံ့။ သမီး ၇၊ ၈ းယောက်တွင် နှစ်ယောက်ကွဲလေပြီ၊ သုံးယောက်ရှိသေး၏။ စနေ–သောကြာ–ဗုဒ္ဓဟူး ရှိသေး၏ဟူလိုသည်။

ဗုဒ္ဓဟူး အိမ်တွင်ကျသော် တနင်္ဂနွေ–စနေ ဝင်သောကြောင့် ဗုဒ္ဓဟူးမခံနိုင်။ ရာဟုအရပ်သို့ ထွက်ပြေး ပြောင်းသွားရတတ်၏။ အရှေ့တောင် အနောက်မြောက်ကို ရှောင်လေ။ အခြေလေးခု အရှေ့မြောက်က ဝင်လိမ့်မည်။ အနောက်တောင်က စနေနံ အနီ–အနက် ဝင်လိမ့်မည်။ လက်မခံနှင့်။

စနေအိမ်သို့ကျသော် တနင်္လာ–သောကြာ ဝင်သည်ဖြစ်၍ အကြီးအကဲ အနှောင့်အယှက် ဝင်လာလိမ့်မည်။ ဝင်လာလျှင် လက်မခံနှင့် ပြေးရတတ်သည်။ ခရီး ယာယီ အဖျားအနာလည်း မြင်သည်။

ကြာသပတေးအိမ်တွင်ကျသော် အင်္ဂါ–ဗုဒ္ဓဟူး ဝင်သည်ဖြစ်၍ အနာရောဂါအံ့ အနှောင့်အယှက်ရှိအံ့။ ဝင်လာလျှင် လက်မခံနှင့်။

ရာဟုအိမ်သို့ကျသော် ဗုဒ္ဓဟူး–တနင်္ဂနွေ ဝင်သည်ဖြစ်၍ လူပုဂ္ဂိုလ်တစ်ယောက် ဝင်စရာရှိသည်။ လူနှစ်ယောက် ဖျက်ဆီး

www.burmeseclassic.com



တတ်သည်။ စိတ်လက်မတည်မကြည် မီးကိန်း ခိုးကိန်း မြင်၏။ အနာတာရှည်၏။ အတွင်းရန် ဖြစ်တတ်၏။

သောကြာအိမ်တွင်ကျသော် ကြာသပတေး နှစ်ခု ဝင်လာသောကြောင့် မုဆိုးမ နှစ်ယောက် တိုင်ပင်လိမ်လည်မည်၊ လက်မခံနှင့်။

## အင်္ဂဝိဇ္ဇာ သုံးထပ်ကိန်း

အဋ္ဌလက်ကိန်းပုံတွင် တနင်္ဂနွေအိမ်ကစ၍ အော–စံ–သာ–မော–လှ–ချော–ရာ–နေ ဟူ၍ ရှစ်ခွင် စေ့အောင် အတွင်းတစ်ထပ်ချ၊ တနင်္လာအိမ်ကစ၍ အောင်–စံ–သာ–မော–လှ–ချော–ရာ–နေ ဟူ၍ပင် ရှစ်ခွင်စေ့အောင် အလယ်တစ်ထပ်ချပြန်၊ အင်္ဂါအိမ်ကစ၍ အောင်–စံ–သာ–မော–လှ–ချော–ရာ–နေ ဟူဟာပင် ရှစ်ခွင်စေ့အောင် ပြင်ဘက်က တစ်ထပ်ချ၊ သုံးထပ်လုံး လက်ယာရစ်ချရမည်။

| | | |
|---|---|---|
| ၈ ၀ ၁ | ၀ ၁ ၃ | ၁ ၃ ၆ |
| ၂ ၈ ၀ | | ၅ ၆ ၃ |
| ၈ ၂ ၄ | ၂ ၄ ၅ | ၄ ၁ ၆ |

(ဤကား ချပုံတည်း)

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေအခါဟော တနင်္ဂနွေအခါမေးလာမူ တောမှလျှိုး မှုဆိုး တနင်္ဂနွေ၊ စနေသမင်၊ နေချင်သမူ၊ ရာဟုမည်ငြား၊ တောဖျားမြိုင်ချေ၊ ပုန်းနှင့်လေ၏။ ပြန်တွေ့ အိမ်လာ၊ လက်ချည်းသာဟု၊ အခါဟုပင်၊ မှတ်စေချင်၏။ ထိုအခါတွင်ရောက်၊ အရှေ့မြောက်က၊ တစ်ယောက်တည်းသာ၊ မေးတည့်လာသော်၊ ဥစ္စာတောင်းငြား၊ စစ်ထိုးသွားလည်း၊ ရှောင်ရှားပြန်လေ၊ မတွေ့ချေတည့်၊ ဆိုလေတခြား၊ ကုန်သွားကြွေးချ၊ လယ်လုပ်စသည်၊ မရအောင်ရေး၊ ကျွန်ပြေးနွားပျောက်၊ အရှေ့မြောက်သို့၊ ရောက် ကိုရောက်ထ၊ ခြောက်လတောထဲ၊ ပုန်းလေမြဲတည့်။ တစ်နည်းတစ်ဖြာ၊ သူနာမေးလတ်၊ အိမ်ရှေ့နတ်လျှင်၊ မချွတ်ဖမ်းတွေ့၊ အိမ်ထောင်နေမူ၊ ဖျက်လေသူကြီး၊ မြတ်တားဆီးအံ့။ ခရီးသွားကား၊ မသွားလေရာ၊ ခရီးလာကား၊ ကြာမှရောက်အံ့၊ အထောက်မှန်လှ၊ မင်း၌ခလည်း၊ မရစည်းစိမ်၊ စိုးရိမ်ငြိုငြင်၊ အတတ်သင်လည်း၊ မတတ်ပညာ၊ ဆရာမပြ ယွင်းခမည်၊ ယာယီနဂို၊ နှစ်ပါးထိုထွင်၊ နဂိုမရ၊ သိရဖွ့အခါ၊ ဤသို့လာသည်၊ မြွတ်ခါဟောဖို့ နည်းမှန်တည်း။

အင်္ဂါအခါအဟော၊ အင်္ဂါအခါ၊ မေးသည်မှာကား၊ အင်္ဂါ မည်ရင်း၊ ခြင်္သေ့မင်းကို၊ ပျက်ခြင်းလွန်လှ၊ သူရဖွ့မျောက်ငယ်၊ ဥပါယ်ကြံတွေ့၊ လှည့်စားလေ၍၊ စနေမည်ငြား၊ နဂါးသမီး၊ စံသီးရှိရာ၊ စေပါးနှင်းအပ်၊ လာဘ်သပ္ပကာ၊ ပေးချေငြားလည်း၊ မသွားပေဘဲ၊ ပုန်းကွယ်လွဲ၍၊ မလွဲစေချင်၊ ထိုအခါတွင်ကား၊ အလျှင်သုံးယောက်၊ ရန်ထောက်တွေ့ကြောင်း၊ ရှေ့တောင်စောင်းက၊ ကောင်းသည့်ဥစ္စာ၊ မရပါတည့်၊ ဥစ္စာပျောက်သွား၊ ရှေ့အောင် ပါးဝါ၊ ခိုးငြားသူငယ်၊ ပျက်ပြယ်မလွတ်၊ ခါးစည်းသတ်လျှင်

www.burmeseclassic.com



ယှဉ်အမှန် ကျေးကျွန်အွားပျောက်၊ ရောက်လေသူ့လက်၊ ခိုးဖွက်မဖြောင့်၊ အရှေ့ထောင့်မှာ ရှိလေရာ၏။ သူနာမေးလတ်၊ အိမ်စောင့်မှတ်သည်၊ နတ်ကဖမ်းစား၊ ရှေ့တောင်ပါးက၊ တရားဆိုလည်း၊ မလိုကြံလျက်၊ သူငယ်ဖျက်အံ့။ တစ်ချက်ကောင်းတွေ့၊ အိမ်ထောင်နေလည်း၊ တနင်္ဂနွေသူငယ်၊ ဖျက်လေဖွယ်တည့်၊ တစ်သွယ်ပြောကြား၊ ခရီး သွားကင်း၊ မသွားလေရာ၊ ခရီးလာကား၊ ဥစ္စာခိုးမှတ်၊ ခရီးလတ်တွင်၊ ကြာတင်မြင့်ရှည်၊ ရောက်ခြေမည်တည်း။ ခလယ်ဝင်းငယ်၊ မမြဲတွယ်သည်၊ ကုန်သည်ကြွေးချ၊ လယ်လုပ်စသည်၊ မရယွင်းချွတ်၊ အတတ်ပညာ၊ သင်လိုပါလည်း၊ မြင့်ကြာမတတ်၊ ဟောလယ်တုံ့လို၊ နဂိုယာဒယီ၊ မညီနှစ်ကြောင်း၊ နဂိုဟောင်းဟု၊ အပေါင်းမှန်လှ၊ ဆောမအခါ ဤသို့လာသည်၊ မှန်စွာဟောစေကုန်သတည်း။

သောကြာ အင်္ဂါအဟော၊ သောကြာအခါ မေးလာရကား၊ အင်္ဂါသားကို၊ စားမည်ကြံထ၊ သူရန္တမြွေ၊ လိုက်တုံ့ချေသော်၊ ခုန်လေလျှင်စွာ၊ သောကြာမည်ခြင်း၊ ရေကန်တွင်းသို့၊ ဆင်းသွားသည်ပင်၊ စောလျှင်လွတ်ရာ၊ ဤအခါတည့်။ လာသည် မြောက်ဘဆခြောက်ယောက်တွေ့၊ မမွေ့ပူပြင်း ရန်မူလျှင်းအံ့။ ပျောက်ခြင်းမှန်စွာ၊ ဥစ္စာကျွဲနွား၊ မြောက်ချောင်းနားဝယ်၊ ရှိကြားလေထားမရပုန်းအောင်၊ ဥစ္စာတောင်းလည်း၊ လျှင်ကြောင်းဆောင်စွာမရရာခဲ့၊ သူနာစိုးနှောင့်၊ ရှေ့တောင်ထောင့်မှ၊ မဖြောင့်ကြံပြီးခါးစည်းဝတ်လျက်၊ မချွတ်ကြံထွေ၊ သက်မသေတည့်၊ အိမ်နေမေးသော်၊ စီးပွားမျှော်အံ့။ ရွှံ့နှပျော်ကောင်းငြား၊ ခရီးသွားကား၊ နာဖျားဖြစ်ကာ၊ ခရီးလာကား၊ ဖမ်းငြား အနေ၊ သူလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မသေမပျောက်၊ အိမ်သို့ရောက်အံ့။ ပေါက်မြောက်ကောင်းစွ၊ မင်းတွင်ခလည်း၊ မြလှကြီးကျယ်၊ ကုန်သွယ်သမှု၊ ကြွေးချေပြုမှု၊ မကောင်းဟူ၍၊ သင်ယူပညာ၊ လိမ်မာတတ်သိ၊ ဆံရာကြီးကို၊ နှီးနှောစိတ်ညှိ၊ ယာယီနဂို၊ ထိုနှစ်ပါးတွင်၊ ကောင်းဖျားနဂို၊ ဟောဆိုမှတ်မြို့၊ သောကြာတို့သည်၊ ဤသို့ ဤတွင် ပြီး၏တည်း။

ကြာသပတေးအခါအဟော၊ ကြာသပတေးအခါ၊ မေးတုံလာမူ၊ အင်္ဂါမည်းရောင်း၊ ငှက်ဥဒေါင်းကို၊ ရှကြောင်းကြံတွေး၊ ကြာသပတေးစွန့်ရဲ၊ လိုက်သုတ်ဝဲသော်၊ မလွဲမှန်စွာ၊ သောကြာတော့တွင်၊ ပုန်းလေဝင်၍၊ ဆော့လျှင်လွတ်ခြင်း၊ ပုံမယွင်းတည့်၊ တွေ့လျှင်ငါးယောက်၊ အနောက်ပါးက၊ လာကြမေးလာ၊ ဥစ္စာကျွန်နွား၊ အနောက်ပါးက၊ တောဖျားနေရှောင်း၊ ဥစ္စာတောင်းလည်း၊ ပုန်းအောင်းလေငြား၊ အနောက်ပါးတွင်၊ နာဖျားမေမြို့၊ အနောက်သို့တည်း၊ ပို့တွန့်တချွေ၊ ပစ်ပါလေတော့၊ မသေပျောက်ရာ၊ မထောင်းတာတည့်၊ ရန်ရှာမျက်လို၊ တရားဆိုမှု၊ မလိုဟူပြီး၊ သူကြီးရှိရာ၊ ခေါ်ပင့်ပါလေ၊ အိမ်နေမကောင်း၊ တစ်ကြောင်းခရီး၊ အဆီးအတား၊ မသွားလေရာ၊ ခရီးတာကား၊ ကြာစွာရောက်ထဲ၊ မင်းတွင်မြဲမူ၊ မလွဲခစား၊ သောကြာသားတွင် နေငြားအကယ်၊ ကုန်သွယ်လယ်လုပ်၊ အဟုတ်ဆန္ဒ၊ မရလိုအင်၊ အတတ်သင်မူ၊ သိမြင်ဆရာ၊ လိမ္မာကျေးထွား၊ သောကြားသားနှင့်၊ သင်ကြားအလို၊ နဂိုယာယီ၊ အညီကောင်းမွန်၊ ယာယီတွန်ဟု၊ အမွန်ဟောမူ၊ ဂုရုကာလ၊ မှန်နေကျသည်၊ ဤမျှ ဟောနည်းပြီး၏တည်း။

ဗုဒ္ဓဟူးအခါအဟော၊ ဗုဒ္ဓဟူးအခါ၊ မေးမြန်းရာက သောကြာမင်းသား၊ နေငြားမည်၏၊ ဗုဒ္ဓဟူးဆရာ၊ မြတ်ပညာနှင့် ဇီဝ

www.burmeseclassic.com

www.burmeseclassic.com



တွင်ထ၊ ဖွတ်မနှင့်သာ၊ အိမ်ရာပေးပြီး၊ သမီးတစ်ယောက်ရှင်မြောက် သောအခါ၊ ပြည်ကလာ၍၊ ခေါ်ပါမတ်များ၊ မင်းကြီးသားကား၊ သွားလာတဲ့ပြီး၊ သမီးယူမြောက်၊ ပြည်သို့ရောက်ပေ၊ မင်းဖြစ်လေ၏။ မှန်တွေကြောင်းချာ၊ ဤအခါ၌ မေးလာမယွင်း၊ တွေ့ရင်း လေးယောက်၊ တောင်ကယောက်အုံ၊ ပျောက်သော ကျွဲနွား၊ ဥစ္စာအားကား၊ ကြားလာသူတို့၊ ထောင်ကပို့၏။ ထိုမြို့တုံမူ၊ ဒုက္ခရောက်လာ၊ နေရှာမျက်လို၊ တရားဆိုမူ၊ နိုင်လိုမချွတ်၊ ထဘီဝတ်ကို၊ ခေါ်မှတ်ပြုသာ၊ ခရီးလာကား၊ လာဘ်သပွကာ၊ ပါခဲ့တုံမြောက်၊ လေး ရက်ရောက်အုံ၊ တစ်ယောက်ကြောင်းလျား၊ သွားအုံမေးက၊ ကောင်းစွပဟူပေ၊ အိမ်ထောင် နေမူ၊ နိမ့်သသူကို၊ ယူလေဆောလျှင်၊ ကြွယ်ဝမြင်အုံ၊ မင်းတွင်ခလည်း၊ များထကြီး ကျယ်၊ ကုန်သွယ်လယ်လုပ်၊ မဟုတ်ကြွေးချ၊ စီးပွားလှအုံ၊ သင်ကပညာ၊ တတ်မြောက်စေတည့်၊ ယာယီနကိုနှစ်ပါးထိုးတွင်၊ နဂိုကောင်းဟူ၊ အပေါင်းဟောဘူး၊ ဗုဒ္ဓဟူးအခါ ဤသို့လာသည် မှန်စွာဟောစေကုန်သတည်း။

တနင်္လာအခါအဟော၊ တနင်္လာအခါမေးခဲ့လျှင် တနင်္လာ ကျား တခြားတထူး၊ ဗုဒ္ဓဟူ မြေခွေး၊ မနှေးကြံစည်၊ စားမည်ရိပ်ချေ၊ ကြာသပတေးကြွက်မင်း၊ သိလျှင်လေးမြောက်၊ ကိုက်ဖောက်ထွင် က၊ လျှင်လျှင်ရက်ရက်၊ အပြင်ထွက်၏ လက်တစ်ဖက်ကား၊ ကျားကိုကိုင်၍၊ ခွေ့ဖျက်လည်ကုပ်၊ ဆုတ်၍မနေ၊ ဖြစ်လင့်သော၏၊ မှီတွေးကြောင်းချ ဤအခါတွင် မေးလာသည်ကား၊ အရှေ့ပါးက၊ တွေ့ငြားနှစ်ယောက်၊ ဥစ္စာပျောက်နှင့် နွားပျောက်ကျွန်ပြေး၊ ဆို ရေးတခြား၊ အရှေ့ပါးမှာ၊ ရှိလေရာ၏။ ရှာသော်မရ၊ ဖျားနာစသည်

www.burmeseclassic.com

www.burmeseclassic.com



စုန်းမမိုးမြေ ရှိတုံလေအံ့။ ဟောထွေတခြား၊ တရားဆိုလည်း၊ မျက်လိုစုန်ပြား၊ တရားမင်းတို့ ဆောင်ကျဉ်းအိမ်ရာ၊ မသင့်ပါတည့်၊ တထာတစ်ပါး၊ ခရီးသွားကာ၊ မသွားလေရာ၊ ခရီးလာကား၊ ရန်ရှာမျက်လို့၊ နှစ်မြို့လေမြောက်၊ ထိုနောက် တစ်မျက်၊ မင်းငယ်တက်လည်း၊ နှောင့်ယှက်ညှိုးငယ်၊ ကုန်သွယ်ကြွေးချ၊ လယ်လုပ်စသည်၊ မရငြိုငြင်အတတ်သင်လည်း၊ မထင်ပညာ၊ ယာယီနကို၊ နှစ်ပါးထိုးတွင်၊ နကိုအကောင်း၊ အကြောင်းဟောရာ၊ တနင်္လာအခါ၊ ဤသို့လာသည်၊ မေးခါဟောစေ ကုန်သတည်း။

ရာဟုအခါအဟော၊ ရာဟုအခါ၊ မေးဆိုက်လာမူ၊ ဗာရာဏသီ၊ အညီးစိုးခြင်း၊ တရားမင်းကို၊ မယွင်းမည်တူ၊ ဗုဒ္ဓဟူးဆင်ထိန်း၊ အောင်ကိန်းတောမှာ၊ နေမြဲစွာသော၊ ခန္ဓမည်တင်၊ ဆင်ကိုရှု၍၊ ခဏမင်းအား၊ ဆက်လေပြားသော်၊ ဖြစ်လာမည်ရှောင် နှစ်ပေါင်းများဖြင့်၊ မျက်မမြင်သည်၊ မိခင်ဆင်ကို၊ မေးသည်းဆိုသော်၊ ထိုသို့တပြို၊ လွှတ်ပေဘိဟု၊ ကညမုန်မော၊ လွှတ်လေဆောစွာ၊ ဤအခါတွင်၊ မေးလာမယွင်း၊ တွေ့ရင်းတစ်ယောက်၊ အနောက်မြောက်က၊ နွားပျောက်ကျွန်ပြေး၊ ဆိုရေးတခြား၊ ဥစ္စာအားလည်း၊ နောက်ပါးမြောက်ထောင့်၊ စိုးနှောင့်တစ်ခါ၊ သူလွှတ်ရာ၏။ သူနာမေးလာ၊ တောင်ကနေမှတ်၊ ထဘိဝတ်လျှင်၊ မချွတ်ညှိုးထွေ၊ ပစ်စဉ်ပေးလော့၊ မသေဟူလို၊ တရားဆိုလည်း မငြိုမငြင်၊ တို့အောင်မြင်အံ့။ တစ်ဖော်ရောက်တာ၊ ခရီးလာကား၊ ရန်ရှာတွေ့ချိ မိလေတစ်ဖန်၊ သူလွှတ်ပြန်၍ အမှန်လာပြီ၊ အညီကြောင်းများ၊ ခရီးသွားကာ စကားလယ်ထွက်၊ နှောင့်ယှက်သည်သာမထောင်း တာသည်။ မင်းမှာမှုလဲ၊ မြဲကလေးမြတ်၊ သနားလှတ်၏၊ မချွတ်

www.burmeseclassic.com

www.burmeseclassic.com



ကြွေးချ၊ ကုန်သွယ်စသည်၊ လှည်းကမကြွင်း၊ စီးပွားကျွင်းအံ့ သင်ခြင်းပညာ၊ ဆရာမြတ်လျှင်၊ တတ်အောင်သင်အံ့၊ ဆိုချင် ဟောပါ့၊ နဂိုယာယီ၊ မညီကောင်းမွန်၊ နဂိုတွန်ဟု၊ အမှန်ဟော မှု၊ ရာဟုအခါ ဤသို့လာသည်၊ မှန်စွာဟောစေကုန်သတည်း။

စနေအခါအဟော၊ စနေအခါ မေးလာရာကား၊ စန္ဒာမည့် ကြား၊ လနတ်သားလည်း မယားမည်တွေ၊ စနေတွင်ပြီး၊ မင်းသမီးသို့ မှီလေသည်တွင်၊ လုလင်ဝင်သော်၊ အလျှင်းတွေ့တတ်၊ ခရီးလတ်၍၊ မညှိမှတ်လည်းပြု၊ ရာဟုသူရိန်၊ တွေ့ကြိမ်သည်တွင်၊ ဖမ်းလေချင်၍၊ ထိုထွင်မပါ၊ ဤအခါကို မေးလာတုံမြောက်၊ ခုနစ်ယောက် လျှင်၊ ရန်ထောက်တွေ့လျှင် မယွင်းမရှောင်၊ အနောက်တောင်က၊ လာတတ်ကြ၍၊ ပျောက်မှ ဥစ္စာ၊ ကျွန်နွားမှာကား ရှာလေတုံမြောက်၊ အနောက်တောင်တွင်၊ လူ့လက်ဝင်၍၊ အလျှင်မရ၊ ထိုမှတခြား၊ တရားဆိုမှု၊ နိုင်လိုအရေး၊ တံစိုးပေးမှု၊ အောင်နေကျတည့်၊ ထိုမှတစ်ပါး၊ လူများမေးလတ်၊ တောင်တွင်နတ်ကို၊ မချွတ်သူထွက်၊ ခုနစ်ရက်တွင်၊ သက်ရှင်ကြံတွေ့၊ အိမ်ထောင်နေမှု၊ ဖျက်လေသူကြီး၊ ခါးစည်းဝတ်လျှင်၊ ကံတုံချင်အံ့၊ တင်သည်တစ်ကြောင်း၊ မထောင်း မတာ၊ ခရီးလာကား၊ ကြာမှရောက်ကြား၊ ခရီးသွားကား၊ ထားလျှင် မလွတ်၊ ခရီးလမ်းတွင်၊ ဥပဒ်ဖြစ်ထ၊ ထိုမှ တစ်ချက်၊ မင်းဝယ်တက် လည်း၊ နှောင့်ယှက်လိမ့်မည်။ ကုန်သွယ်လယ်လုပ်၊ မဟုတ်ကြွေး ချ၊ ကြာမှကောင်းအံ့၊ တစ်ကြောင်းပြုပြင်၊ အတတ်သင်သည်း ကြာတင်ခဲ့ပြီ၊ ယာယီ နဂို၊ ထိုနှစ်ပါးတွင်၊ ယာယီထင်ဟု၊ ဆင် ခြင်ထွက်ဆို စနေဂြိုဟ်သည် မိန့်ဆို ဤကို ဟောရသည်းတစ်နည်း။ (အင်္ဂဝိဇ္ဇာ သုံးထပ်ကိန်းပြီးပြီ။)

www.burmeseclassic.com

www.burmeseclassic.com



## နဝင်းလက်စကြာဟော

နဝင်းလက်စကြာဟောကို ပြပေအံ့။ သူရဗ္ဗသောကြာ-ဗုဒ္ဓ-စန္ဒရော-သောရီ-ဂုရု-ဘောမ ဟူ၍ ဂြိုဟ်တို့၏ အစဉ်ကို မှတ်ပြီးလျှင် သူရဗ္ဗ အခါဖြစ်မူ၊ သူရဗ္ဗ-သော ကြာ-ဗုဒ္ဓ-စန္ဒရော-သောရီ-ဂုရု-ဘောမ-သူရဗ္ဗ-သောကြာဟူ၍ နဝင်လက်ကိန်း ပုံတွင်ချ။ သောကြာအခါဖြစ်မူ သောကြာ-ဗုဒ္ဓ-စန္ဒရော-သောရီ-ဂုရု-ဘောမ-သူရဗ္ဗ-သောကြာ-ဗုဒ္ဓဟူ၍ချ။ ဗုဒ္ဓအခါ ဖြစ်မူ ဗုဒ္ဓ-စန္ဒရော-သောရီ-ဂုရု-ဘောမ-သူရဗ္ဗ-သောကြာ-ဗုဒ္ဓ-စန္ဒရောဟူ၍ချ။ စန္ဒရောအခါဖြစ်မူ စန္ဒရော-သောရီ-ဂုရု-ဘောမ-သူရဗ္ဗ-သောကြာ-ဗုဒ္ဓ-စန္ဒရော-သောရီ ဟူ၍ချ။ သောအခါဖြစ်မူ၊ သောရီ-ဂုရု-ဘောမ-သူရဗ္ဗ-သောကြာ-ဗုဒ္ဓ-စန္ဒရော-သောရီ-ဂုရုဟူ၍ချ။ ဂုရု အခါဖြစ်မူ ဂုရု-ဘောမ-သူရဗ္ဗ-သောကြာ-ဗုဒ္ဓ-စန္ဒရော-သောရီ-ဂုရု-ဘောမ ဟူ၍ချ။ ဘောမ အခါဖြစ်မူ၊ ဘောမ-သူရဗ္ဗ-သောကြာ-ဗုဒ္ဓ-စန္ဒရော-သောရီ-ဂုရု-ဘောမ-သူရဗ္ဗ ဟူ၍ချ။

တနင်္ဂနွေအခါပုံ

| | | |
|---|---|---|
| ၁ | ၆ | ၄ |
| ၂ | ၇ | ၅ |
| ၃ | ၁ | ၆ |

သောကြာအခါပုံ

| | | |
|---|---|---|
| ၆ | ၄ | ၂ |
| ၇ | ၅ | ၃ |
| ၁ | ၆ | ၄ |

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးအခါပုံ

| | | |
|---|---|---|
| ၄ | ၂ | ၀ |
| ၅ | ၃ | ၁ |
| ၆ | ၄ | ၂ |

စန္ဒရောအခါပုံ

| | | |
|---|---|---|
| ၂ | ၀ | ၅ |
| ၃ | ၁ | ၆ |
| ၄ | ၂ | ၀ |

သောရီအခါပုံ

| | | |
|---|---|---|
| ၀ | ၅ | ၃ |
| ၁ | ၆ | ၄ |
| ၂ | ၀ | ၅ |

ဂုရုအခါပုံ

| | | |
|---|---|---|
| ၅ | ၃ | ၁ |
| ၆ | ၄ | ၂ |
| ၄ | ၅ | ၃ |

ဘောမအခါပုံ

| | | |
|---|---|---|
| ၃ | ၀ | ၆ |
| ၄ | ၂ | [illegible] |
| ၅ | [illegible] | ၁ |

www.burmeseclassic.com

www.burmeseclassic.com



နဝလက်စကြာကိန်းပုံတွင် ဂြိုဟ်တို့၏ အလယ်နေ သည်ကို ဟောပုံလကာ၊ နဝလက်စကြာ၊ ကိန်းပုံလာဌ်၊ တိတျာရဝိ၊ အလယ်ရှိမူ၊ ပယ်ဘိအုပ်ကျောက်၊ မပေါက် သစ်ငုတ်၊ ဘယ်ထုတ်ထောက်တို၊ မျက်ရင်းခို၏။ ထည့်သို အိုးကြီး၊ မဲ့ပြီးတစ်ချက်၊ ကြွက်စားမီးလောင်၊ ရှောင်တုံ မကောင်း၊ ဖုဆိုးဟောင်းလည်း၊ ရှိရောင်းရှိရာ၊ စန္ဒငွေလ၊ အလယ်ကျမူ၊ တိုင်မထောက်တို ခေါင်းသက်ရှိ၏။ ခြေတို ကြက်မ၊ ကျွန်နွားစသည်၊ တောင်ကဖြစ်ရာ။ ရှိရရှာ၏။ အင်္ဂါဘောမ၊ အလယ်ကျမူ၊ ကောင်းလှဘိပေ၊ အမျက်ဗွေနှင့်၊ ဟင်းမွှေယောက်မ၊ အကျိုးစသား၊ ပျက်ထထံတင်း၊ ဟင်းလင်းမချွတ်၊ ရှိတုံတတ်၏။ ဂြိုဟ်မြတ် ဗုဒ္ဓ၊ အလယ်ကျမူ၊ လက်လှဝတ်ရာ၊ အနာကျောက်မျက်၊ လည်ချက်ထောက်တို၊ မျက်ရင်းခို၏။ ဆိုရန်တစ်ရေး၊ ကြာသပတေးဟု၊ ပြန့်မွှေး ဂြိုဟ်ကျော်၊ အလယ်ပျော်မူ၊ ဆိုသော်မဖောက်၊ ခွက်ရောက် ရွှေငွေ၊ ကောင်းတွေကျွန်နွား၊ လာဘ်များရလျှင်၊ ဆင်မြင်း ကညာ ရမည်သာတည့်။ သောကြာဂြိုဟ်မင်း၊ အလယ်ချင်းမူ၊ ဟောင်းမြင်းစကား၊ နိုးမြအားဖြင့်၊ ဖြူပြာ:ဥစ္စာ၊ လျှော လျှရာ၏။ အိမ်ရာချိုတက်၊ ခေါင်းသက်ထောက်တို၊ မကောင်းဆို၏။ ထိုဝယ်ဌ်သာ၊ မနေရာပြီ၊ သောရိမည်ထွေ၊ ဂြိုဟ်စနေသည်၊ မရွှေလယ်ချ၊ တည်ကာအနေ၊ ရွှေငွေ ဥစ္စာ၊ ပျောက်လေရာ၏။ ဒုသူနာနှစ်ယောက်၊ တိုင်ထောက် ခွန်ဝှက်၊ အဖက်မဲ့ရှောင်း၊ နွားတောင်းဆင်စွယ်၊ ရှိသော်ပယ်လော့၊ ကိုယ်ခိုကိုင်[illegible]လက်နိုင်းသည်၊ ကျမ်းလိုင်သူရိ ဟောဂတည်း။

ဂြိုဟ်တို့၏ ပရိယာယ်အရပ်အညွှန်း၊ ရှေ့ရှိရာ၊ ကုန်းသာ

www.burmeseclassic.com



မြေပြင်၊ သေန်ခွင်ဟု၊ ဆိုလျှင်စပါ၊ သောကြာခရီး၊ ထုံးမှီနည်းကျွ ဗုဒ္ဓရေကန်၊ ရှိဟန်စန္ဒရာ၊ သစ်ပင်သာတည့်။ သောရာတွင်းဆို ဆိုရိုးဂုရု၊ ကျောင်းဟုမှတ်သား၊ ဆေးသမားနှင့်၊ ဟူးရာတတ်ပြီး၊ သက်ကြီးမိဘ၊ ရှိနေကျတည့်၊ ဘောမထုံး၏၊ လိပ်ကုံးမြွင်မှင်၊ ကျွန်လုလင်ပြုံ၊ ရာဟု တောင်ဘို့၊ ထိုပြင်သချိုင်း၊ လုပ်တိုင်းသုသန်၊ ရှိလိမ့်မှန်သည်။ ကြံ၍ဟောဖို့ သီးကုံးတည်း။

ဂြိုဟ်တို့ပရိယာယ်၊ ခုနစ်ရက်သား၊ မေးလာခြားမှု၊ မှတ်သား ရရှိ၊ ဆိုဘိအဖ စန္ဒအမိ၊ ကျဘိဘောမာ၊ ကျွန်ယူပါလော့။ ဗုဒ္ဓါ ကားသား၊ ဂုရုညားမူ၊ ခင်ပွန်းဟူ၏။ မှတ်ယူသောကြာ၊ မယားသာ တည့်၊ သောရာအမျိုး၊ ဆိုရိုးတွင်ဘိ၊ ပါပရှိမူ၊ မေးသူ၏နံ။ ဝင် လာပြန်မူ၊ နာထန်မလို၊ ပါပဂြိုဟ်ကား၊ ဆိုဆိုသမျှ အားမရတည့်။ ဘောမအိမ်မှာ၊ ဝင်လာတစ်ဖန်၊ မိတ်ရန်ဘက်မော။ ဆွေးနွေး ဟောသည်။ အဘောနဝလင်္ဂ အဆိုတည်း။

သူရန္တအခါဟော (၄)ပုဒ်။ ခုနစ်ရက်သား မေးလာခြားမှု နံသားနံပင် ချင်းအိမ်ဝင်သော် အလျင်အလျား မသွားဖြစ်သေး ကြာတင်နှေးအံ့၊ ရပ်ဝေးသွားချင် သေန်ခွင်၌ နေချင်ရပိ ခဖွဲ့ဘိ ရောဂါ အနာလည်းပေါက် သွေးသံမြောက်၍ ကျပျောက် ရွှေ ငွေ ခိုးနေဥစ္စာ ဗျာပါလည်းမှောင် မိုးမြေကြောင့်လျှင် နှောင့်နှောင် ယှက်ယှက် အမှုထွက်သည် ဂြိုဟ်ပျက်အဟောရဝိတည်း။ ထက် မြက်သောကြာ ရှေ့နေလာမူ သေဠာပတ္တံ ဘောဇနဲလည်း ကောင်း မနေး ရှေ့ရေးများစွာ ပြုသည့်ဌာနှင့် ရတနာရွှေငွေ မဟာဟန်မတွေ့ သည့် အနေကျကျ သဘောတည်း။ အင်္ဂဗုဒ္ဓ နေလတ်သော ရွှေငွေစီးပွား လာဘ်သပ်ချားအံ့။ နွားလာအမှု ခြေလေးခ...

www.burmeseclassic.com



စိုးရိမ်မှောင့်လိမ့် စောင့်၍ ခိုးသူအမှန်ယူအံ့။ စာမှူးမြောက်မှာ နေလေလှကား ရရာပုဆိုး ကောင်းနိုးသြဇာ စားပါရအံ့ များစွာ ရွှေငွေ ယူပေစမြဲ မချက်လွဲတည့် ဝမ်းထဲရွှင်ပ နေကာရလိမ့်။ ပါယစနေ အလယ်ခွေမှု နီရွှေညစွာ ပျောက်ဖို့ရာ၏။ သူနာနှစ် ယောက် တိုင်ထောက်ခွင်ဗုက် တစ်ဖက်ပဲ့ရှောင်၊ နားတောင်းဆင် စွယ် ရှိသော်ပယ်လော့။ အကယ်ဆိုတိုင်း ဟုတ်လှနှိုင်းသည် မရိုင်းရှေးမှု လက်တွေ့တည်း။

ဂုရုဇိဝေ၊ စောင်ဦနေမူ၊ ရွှေငွေဥစွာများစွာလည်းရ၊ ဘောမ ပါယပ် နေမှတ်လည်းပြု ယခုချင်းမှာ လည်ချောင်းနာလိမ့်၊ ဒါ သာလည်းမှောင့် မယားကြောင့်လျှင် ဖြစ်တောင့်ဖြစ်ခဲ သူစွပ်စွဲ ၍ ဖအဲမမြင့် အနှောင့်ဆင်လိမ့်။ ကျွန်နှင့် သူပြေး နွားပျောက် မေးမူ ရှည်ဝေးကာလ နောင်မှရလိမ့်။ တကွရဝိ မိတ်အိမ်ရှိသော် ခုမိယမ်းယမ်း ပေးကမ်းရွှေငွေ သဘောပေအံ့။ စနေအိမ်မှာ သော ကြာတစ်ဖန် ဝင်တုံပြန်သော် အမှန်စားရာ ကမ်းတို့ပါ၏။ များ စွာမှုထွက် ပျက်အံ့သတင်း ယွင်းအံ့ယခု ခြေလေးခုကြောင့် မရှ မလှ စားလုံ့ရှိလိမ့်။ ကာလသဘော လှည့်လည်ဟောသည် မှန် သော မှန်တောင်း မှန်ကြားတည်း။

သောကြာအခါဟော (၃)ပုဒ်။ ။ သောကြာသေန် ဝင်တုံ ပြန်သော် ဓနံဂေါဇာ အသေသေန် ရနေမှန်၏။ တစ်ဖန်ဗုဒ္ဓ မိတ်အိမ်လာမှု ရပါ ကျွန်နွား များသားလွယ်ကာ မင်းပေးပါ မင်းမှာမြဲပြု သင့်မှုလည်းစက် စစ်မက်လည်းအောင် ပြည်တိုင် ရှောင်လိမ့်။ ရှေ့တောင်အင်္ဂါ စန်းတည်ရှိမူ ရန်ထိများစွာ ကျွ နွားကွာလိမ့်။ ဥစ္စာပျောက်မြဲ သူစွပ်စွဲ၍ ဖအဲမမြင့် အနှော

www.burmeseclassic.com

www.burmeseclassic.com



သင့်လိမ့်။ တစ်ဆင့်တစ်ဖြာ ဆိုပြရာကား သောကြာအိမ်တွင် စနေဝင်မူ ထင်ထင်ရှားရှား မယားသုံးအိမ် ကောင်းချိန်မတန် လာဘ်ရမှန်၏။ ရှန်မွန်ရှင်စော ဈာန်မှလျှော့အံ့။ နှမြောသော်ကော် စွာ ဥစ္စာကွေကွင်း သူနှိမ်နင်းသည် မင်းလျှင် ဖျက်ဆီးရာသ တည်း။

ဂုရုဂြိုဟ်မင်း အလယ်ချင်းမူ အိုမင်းသက်ရွယ် စားဖွယ်ခွက် ယောက် အပေါက်အကွဲ မလွဲအိမ်တိုင် မြတ်ရင်းဆိုင်၏။ ထည့်ကိုင် ခွက်ကား သူဟာငှား၏။ ထောင်အားဘောမ တပ်တာချပြား နွားကိုခိုးသူ အမှန်ယူလိမ့်။ လုပ်သူများစွာ စီးပွားပါလည်း အ သာနှလုံး ဗျာပါချုံးသည် သက်ဆုံးမှတ်စေကုန်သတည်း။

ရဝိပါယပ် နေတိလတ်သော် အံရုပ်တစ်ပါး သွားချေမှား ၍ ဖျားသောရောဂါ တွေ့ဖို့ရာ၏။ မသာဆောက်ပုတ် အတုတ် အနှောင် သူလင်ဆောင်လိမ့်၊ မရှောင်တို့သာ မြင်မြဲကြာလိမ့်။ သောကြာနောဇ်နေ ရပေအဖြူ နှလုံးပူအံ့။ ကလူနှိပ်စက် တစ် ချက်ဗုဒ္ဓ နေထဲထုံဘိ နရတိဌ် ထိထိပါးပါး ရန်လျှင်ပွားလိမ့်။ ကျွန်နွားရပါ ဝမ့်နာဝမ်းသွန် သူကျွန်မှီလာ အပြစ်ရှာအံ့။ သာသာကြည်ကြည် တည်တည်ရပ်ရပ် ကြပ်ကြပ်ကုမှ ဘယရော ဂါ ကင်းပျောက်ရာသည် ကျမ်းလာဆရာ့ စကားတည်း။

ဗုဒ္ဓအခါဟော (၂)ပုဒ်။ ။ဆေသန်အခွင် ဗုဒ္ဓဝင်မူ ပြေးချင် ဒါသာပြန်ဖို့ရာ၏။ ခြေနာလက်ရှ ဖြစ်တတ်လှ၏။ စန္ဒငယ်လျှင် ချင့်ချိန်ခြင်းမူ သတင်းစကား ကောင်းစွာကြားအံ့။ များသား ဥစ္စာ ဆွေမျိုးမှာလျှင် ရပါစမြဲ မချွတ်လွဲတည့်၊ အမဲသား ကျားသားသြဇာ မြိန်ရာရာကို မင်းသာပို့သ လာကြီးရအံ့။

www.burmeseclassic.com

www.burmeseclassic.com



ဘောမအိမ်၌ သောရီကြိုက်မှု မထိုက်လာဘ်သပ် မပြတ်ဒေါသ ဥစ္စာကျအံ့။ မြောက်မှဂုရု နေမှတ်ပြုသော် ယခုချမ်းသာ မှတ်တုံပါလော။ ဘောမှာဝမ်းထိ အလယ်ရှိမူ ကြောက်ထိရန်နိုး အမြတ်အိုးနှင့် အကျိုးယောက်မ ဟင်းချိုစသည် ဖျက်တတ်တဝင်း တင်းလည်းမချွတ် ရှိဖို့တတ်၏။ ဂြိုဟ်မြတ်ရဝိ ဒက္ခိဏာမှာ နေလာ၍ကားသည်နေ့သည်လ ပျောက်ရှုလေရာ ဥစ္စာရွှေငွေ ရလေဆုံးဖြတ်သဘောမှတ်လော့။ အကြပ်ဟောထ ခြေလက်ရှုအံ့။ ပြေးထကျွန်နွား သားလေမသာ ပြန့်တုံလာသည့် မှန်စွာ မှတ်စေကုန်သတည်း။

ဘုရဂုလျှင် အတုအထွေ ပါယပ်နေမူ ဖျားနေရောဂါလည်လျှင်နာအံ့။ ဒါသာလည်းပြေး လေ့ရေးမပါ နာခေါင်းနာ၍ ကြိုကာမှိုင်သ အနှောင့်ရလိမ့်။ ဗုဒ္ဓနောက်နေ ရွှေ ငွေ မြင်း ဆင်ယနေ့ပင်တည့်။ မရွှင်ညှိုးချုံး နှံလုံးမသာ ဖြစ်တတ်စွာ၏။ စန္ဒာဂြိုဟ်မင်း နေ့လျှင်တုံဘိ နရတိ၌ ဣတ္ထိဝဏ္ဏာ ဥစ္စာမနေ မိန်းမလည်းမှောင့် ထိုသူကြောင့်လျှင် နေရောင့်နေရာကင်းတတ်ပါ၏။ အနာလည်းပေါက် ယွင်းဖောက်စကား အငြင်းများ၍ ပြေးကားမသာ ဖြစ်တတ်စွာသည် ဆရာဇေဒင်စကားတည်း။

စန္ဒအခါဟော (၃)ပုဒ်။ ။စန္ဒဇာသန် ဝင်လာပြန်သော် ဝန်ပျောက်ရှု မိန်းမကြောင့်သာ ဗျာပါလည်းမွား စကားဆိုက သူကျွန်မတည့်။ ရှုနထိပါး စုတ်လာများ၍ နာဖျားသည်းသန် သေလုမှန်၏။ ပြင်းထန်စနေ ပူဖွေရှာရှာ စန်းအိမ်မှာလျှင် ဝင်ဟာထဘိ ဣတ္ထိနေ ရပ်ရာမှလည်း ခွင့်ရစမြဲ မချွတ်လွဲတည်း ကျော်သဲထိန်မျှ ဘောမအိမ်တွင် ဂုရုဝင်မူ သူလျှင်ခပ်ကျိုင် တို့ကာအောင်အံ့။ ထောင်ရောင် လမှောင့် မိန်းမကြောင့်လျှင် ဖြစ်တောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ အမြိုးဆောင်လျှင် သူဖြင့်တင်သည် မေးလျှင် ဟောစေကုန်သတည်း။

မြောက်တွင် ဥတ္တရ သောကြာအိမ်မှာ ဘောမ လာမူ ဓေယျာ မိတ္တ လာဘတိုင်းကား ကျွဲ နွား မြင်း ဆင် ယနေ့ဝင်တည့်။ လယ်တွင်ရဝိ နေဘိမရွေ့ ဇေ့ဇေ့ရှာရှာ ဝင်တုံလာသော် ပယ်ပါအုတ်ကျောက် မပေါက်သစ်ငုတ် လယ်ထုတ်ထောက်တို မြစ်ရင်းနို၏။ တည့်သိုအိုးကြီး ပဲ့ပြီးအနား မမှားမလွဲ ကြွယ်ခဲ့ တိုးရှောင်း ပုဆိုးကောင်းလည်း အဟောင်းအမြင်း ဝေလျှင်းသူမှာ ရှိဖို့ရာ၏။ တောင်မှာသောကြာ ဗုဒ္ဓအိမ်မှာ ဝင်တုံလာသော် ရန်ရှာတင်းတင်း ညှင်းရစမြဲ အံ့အဲစလူ ကျွန်ကြောင့်ရအံ့။ သင့်ထနှောင်ဖွဲ့ လူကဲ့ရဲ့သည် တင်မြဲ ဟောစေကုန်သတည်း။

ရာဟုအိမ်တွင် ဗုဒ္ဓဝင်မူ အလျှင်းမေးမူ မြေးကြောင့်ဟူ၏။ ကျွန်မူခြေနာ ပြင်းစွာကိုက်ခဲ ပေါက်မြဲဝမ်းနာ ဖြစ်ဖို့ရာ၏။ ရုပ်ရှာတစ်ပါး သွားခြေမှား၍ လျှင်လျှားထိုခါ မကြာမမြင့် အပြစ်သင့်လိမ့်။ ကြွက်မင်းအိမ်ထက် စန်းမင်းထက်မူ မရှက် မိန်းမ ပျက်လှသည့်သူ မြေးကြောင့်ဟူလိမ့်။ ချစ်သူကင်းရာ မှတ်တုံ ပါလော။ သောရာတဝ် မိမိအိမ်ထဲ အနေမြဲမူ ကောင်းစွာဟု၏။ ရုပ်မူတစ်ပါး ခရီးသွားကား လင်သားကင်းရာ ပဋ္ဌာစာရီ ကျမ်းကို မှီသည့် အညီ ဟောစေကုန်သတည်း။

သောရီအခါဟော (၂)ပုဒ်။ ။ရဝိအိမ်တွင် စနေမြဲမူ ဘေးတွင်တွေ့လေ ကျွန်ပြေးသေအံ့။ ကွင်းတွေ့စမြဲ စွပ်ရဲ့ပုံကန် ခိုက်ရန်သင့်မြဲ မလွတ်လွဲတည့်။ အံ့အဲစရာ စန်းအိမ်မှာမူ ကျလာဟုရ ရန်ကိုရှုသော်။ ဆုံပြုမိန်းမ သူကပြုရူ ဖျက်ဆီးမူလိမ့်။ ချစ်သူလည်း

www.burmeseclassic.com

www.burmeseclassic.com



ကင်း မြေကြောပြင်းလိမ့်။ သတင်းစကား မယားခိုးတတ် နေ မှတ်သောမ ချင်းအိမ်ကျမှု ဒဏ္ဍရောဂါ ဒုက္ခဆင်းရဲ အနာစွဲလိမ့်။ ကျော်သဲထိန်မှု သူရဇ္ဇလျှင် သောကြအိမ်မှာ ဝင်တုံလာသော် ရရာမြင်းဆင် ကျွန် ပြေးလျှင်လည်း သော့လျှင်မကြာ ရဖို့ရာအံ့။ ရန်မှာအောင်မြင် လယ်တွင် သောကြ တပ်တာချမှု ရှုနစကား မိုးမြေအားဖြင့် ဖြူထွားဥစ္စာ လျှောကြရာ၏။ အိမ်မှာထက်ပျက် ခရီးရက်ဟု မပျက် ဟောစေကုန်သတည်း။

တစ်ချက်ဗုဒ္ဓ ယင်းအိမ်ကျမှု နာထမ့်ယား ကျွန် နွား ဆင် မြင်း သင်းပင်းကျေးရွာ တန်ဆာဝတ်စား ဆောင်ငြားကြမှာ စောစွာမပြီး ခရီးစင်စစ် မသွားဖြစ်တည့်။ ကျစ်လျစ်လှစွာ မဟာခွန်အား မာန်ပွားတက်တိုး တန်ခိုးကျော်ရှိန် ရာဟုအိမ်၌ ထိန်ထိန်တောက်ပ စန်းတည်ကမှု မိန်းမပါယပ် ဖျက်ဆီးတတ်၏။ ပျောက်လတ် မြင်း ဆင် ရန်လျှင်လည်းရ မှန်နေကျတည့် ပါယ ယခု ဂုရုအိမ်တွင် စနေဝင်မှု ရှာန်လျှင်လည်းရ မိန်းမ ကြောင့်သာ ဥစ္စာထင်ထင် ငြိုငြင်စမြဲ မချွတ်လွဲတည့် အံအဲလုံထွေ စနေအိမ်မှာ ဂုရုလာသော် များစွာနှိပ်စက် မျက်ဟုသည့်သူ ကိုယ်တူမိန်းမ စွပ်စွဲရလိမ့် ခနဥစ္စာ ပျောက်ယုတ်ရာသည် မှန် စွာ မှတ်စေကုန်သတည်း။

ဂုရုအခါဟော (၃)ပုဒ်။ ။ ဓိဝါဂြိုဟ်မင်း သေန်ချင်၍ နေမင်းမည်ထ သူရဇ္ဇ၏။ ဂေဟာအိမ်တွင် ဝင်လတ်ခဲ့သော် ဆောလျှင်မကြာ ကျေးရွာ ဆင် မြင်း ရခြင်းတစ်ကြောင်း ဦး ခေါင်းတန်ဆာ မည်သာလည်းရ ဘောမတကွေ့ စန်းအိမ်နေမှု

www.burmeseclassic.com

www.burmeseclassic.com



မေးသူမိန်းမ ဖြစ်တုံထလျှင် ချင်းကိုကားကွာ တစ်ပါရှာလိမ့် မေးကာယောကျ်ား မယားမြောက်မ ထားနေကျတည်း။ ဒေါသ အမျက် ထွက်လတ်သည်သာ များစွာရန်ရ ဥစ္စာကျလိမ့် ဘောမ အိမ်တွင် ရဝိဝင်သော် ကျောက်လျှင်ရှုန် ဒုက္ခဆင်းရဲ ကိုယ်ပေါ်က် ပြဲ၍ ဖအဲနောင်တ စိုးရိမ်ရလိမ့် စောရခိုးသူ ယူအံ့ဥစ္စာ ခံတွင်း နားအံ့။ သောကြာအိမ်တွင် သောကြာဝင်သော် ရချင်ရွှေငွေ ရနေမှန်စွာ ဗလာပုဆိုး အမျိုးသူကောင်း ဦးခေါင်းတန်ဆာ ပို့သလာသည် လျှင်စွာမှတ်စေကုန်သတည်း။

အလယ်ဗုဒ္ဓ နေလာကမူ ဝတ်ကလက်စွပ် အကြပ်မှန်စွာ ရဖွံ့ရာလိမ့် လယ်မှာတောကက်တို မြက်ရင်းခိုလိမ့် မှတ်လိုသဘော စန္ဒရောဟု ကျောဘေးလည်းတင် ဝင်သည်မိတ်အိမ်စည်းစိမ် ပြည့်ပြည့် မေးလိုက်ထည့်သို့ ကျော်လှည့်မင်းမှာ ကျေးရွာသမြ ဝတ်လဲတန်ဆာ လယ်ယာမိုးမြေ အနေမှန်လှ ကေန်ရလိမ့်။ ခံဏာမေးချိန် ရာဟုအိမ်တွင် ကောင်းချိန်တန်လှ စနေကျမူ စား ရကျေးရွာ မင်းမှာပို့သ ဆင်မြင်းရအံ့။ မိန်းမရမူ ဆယ်နှစ်သူတည်း။ ကျွန်မူယောကျ်ား မှန်ငြားစင်စစ် ဆယ့်နှစ်နှစ်ဟု မိန့်လှစ်ပော ပေ ကျမ်းတိုင်းဖွေသည် တစ်ထွေမှတ်စေကုန်သတည်း။

ဂြိုဟ်မင်းဂုရု ချင်းအိမ်လှုသော် ကြီးထဥစ္စာ များစွာရွှေ ငွေ ပေးသနှလုံး ချစ်သူပူအံ့။ သိသူဟောပေ စနေအိမ်မှာဘောမ လာမူ လာဘ်မှာမရှိရမိ ဥစ္စာခိုက်ရံန်ရှာအံ့။ ချောင်းမှာ သွေးဆေ ခြေလည်းနှစ်ဖက် အေးကျင်လျက်တည့်၊ နှာရှုက် လယ်ယာ

www.burmeseclassic.com

www.burmeseclassic.com



မသာမအီ ကြိုလိုဆိုးတောင်း ရင်ခေါင်းစမ်းနှာ ကျမ်းဒွဲလာသည် မှန်စွာဆရာ့ စကားတည်း။

ဘောမအခါအပေဟာ (၃)ပုဒ်။ ။ထန်ပြင်းတေခ သူရဇ္ဇ၏ ဂေဟာအိမ်မှာ ဘောမဝင်မူ ရန်လျှင်များစွာ မညှာဆောက်ပုတ် သားရေစုတ်၍ အတုတ်အခနှောင် ကိုယ်လုံးရောင်အံ့။ ကျွန်ပြောင် မိန်းမ လင်ကွာရလိမ့် စန္ဒအိမ်တွင် ရဝိဝင်မူ သွားချင်တစ်ပါး လင်မယားကား စကားရန်ရှာ ဥစ္စာသိုထားမှန်ပြားမနေ သူခိုးရ လိမ့်၊ မိန်းမစားရ ပျက်ထအနေ ရပေဉစ္စာ မသာနှလုံး ဗျာပါ နုံးလိမ့်၊ နှလုံးကောင်းလှ ဘောမအိမ်၌ သောကြာကြိုက်မူ မင်း ထိုက်စိုးတန် လာဘ်မှန်ရပြီး ခရီးသွားကာ ရွှေငွေပါအံ့။ သော ကြာနေထ ဥတ္တရ၌ ဗုဒ္ဓတစ်ဖန် ဝင်လာပြန်သော် ငြင်းဟန်ထွေ လှ ကျွန်ကြောင့်ရအံ့။ သင့်တနှောင်ဖွဲ့ သူကဲ့ရဲ့သည် ထင်မြဲဟော စေကုန်သတည်း။

စန္ဒရာဟု သော်တာထွန်းဘိ အလယ်ရှိမူ သတိပြုကြလယ် ကထောက်တို ခေါင်းထက်ဆို၏။ ခြေကိုကြက်မ ကျွဲနွားစသည် တောင်ကဖြစ်လာ ရှိဖို့ရာ၏။ သောရာမှန်လို ဗုဒ္ဓအိမ်မှာ ဝင်ဖို့လာ က ပြေးရှာကျွန်မ သေလှုမှလျှင်ကြောင့်ကြများစွာ ရပြန်ရာ၏။ ကဲ့နာမြစ်သစ် ဖြစ်သင့်သေရာ မဟာပါလေဆော့။ ဗျာပါများ ထပ် ရာဟုရပ်၌ ဂြိုဟ်မြတ်ဂုရု ဝင်လာပြုမူ မေးသူ့အိမ်မှာ ဝမ်း နာဝမ်းကဲ ရှိစမြဲတည့်။ ဖအဲအနှောင် ရန်မအောင်သည် နောက် နောက်နှောင် မှတ်စေကုန်သတည်း။

ဂုရုအိမ်၌ ဘောမကြိုက်မူ ခိုက်ရန်လည်းရ မိန်းမကြောင့် သာ ဗျာပါပွားသစ် စကားဖြစ်လိမ့်၊ ရန်သစ်တွေ့မူ အောင်အံ့

www.burmeseclassic.com

www.burmeseclassic.com



ဟူလော့၊ မေးသူအကြောင်း စကားကောင်းကား လည်ချောင်းပေါက်မှ ငြင်းခုန်ရသည့် ကာလမသာ ရှုံးဆို့ရာ၏။ ထောရာမည်ရ အိမ်ဂေဟာတွင် ရဝိဝင်မူ ဆောလျှင်မကြာ အနာတစ်ဖန် ပြန်လိမ့်မှန်၏။ ဇကန်သဘော ရှိမည်ဟောသည့် သဘောမှန်စေကုန်သတည်း။

လက်ာနှင့် ပြသည့်ပြင် စကားပြေဖြင့် ပြပေဦးအံ့။

တနင်္ဂနွေအခါ အဟော။ တနင်္ဂနွေအခါ မေးမူ၊ လေးယောက်, ရှစ်ယောက်, တစ်ဆယ့်နှစ်ယောက်လာအံ့။ ကိန်းနှင့်မညီလွန်ခဲ့သော် နောက်တစ်ယောက် လိုက်ပြန်သည်။ ယုတ်သော်လာမည်ဖြူပြီးမှ တစ်ယောက်ချန်၍ နေရစ်သည်ဟူပေ။ ပါသည့်လက်ဆောင့်ကိုလည်း နည်းများညီ၍ မညီလျှင်ချန်ခဲ့၏။ လွန်ခဲ့၏ဟူပေ။ ခရီးရောက် မရောက်ကို မေးသော် နီးသော်ကား၊ (၄)ရက်၊ (၈)ရက်၊ (၁၂)ရက်ဟူပေ။ ဝေးသော်ကား (၄)လ၊ (၈)လ၊ (၁၂)လမှ ရောက်မည်ဟူပေ။ တနင်္ဂနွေသား ခရီးသွားမေးသော် ယာယီမရှိ။ မသွားဖြစ်သေး ကြံကာသာ၊ ဆယ်ရက်ကျော်မှသွားရမည်။ ခရီးသွားလျက်ကို မေးမူ လေးယောက်, ရှစ်ယောက်, ဆယ့်နှစ်ယောက်ဟူပေ။ တနင်္ဂနွေသား ခရီးသွားသည်ဟု မေးသော် မထောင်းသာ မလာသေးဟူပေ။ ဆင်ကိုမေးမူ လက်ယာနားစုတ်၏။ စွယ်စုံလက်ဝဲတင် လက်ယာအစွယ်တိုအံ့။ ကျင်းတွင်းချိုင့်ဝှမ်းရာတွင် ရသည်ဟူပေ။ လာသောအခါ ခရီးကိုမေး၍ လာသည်။ တနင်္ဂနွေသား မကျန်းမာဟု မေးမူ အရှေ့မြောက်တောင် အနောက်ဘူးစူးသို့ သွားမိ၍ အုန်းသီး, ဥမျိုး, ငှက်ပျော စားမိ၍ အနာဖြင်း-ည်။ သေ်ာတာပန် နတ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့်တွေ့သည်။ စနေလည်းရှိ သောကြာဝမ်းတွင် အပုပ်ရှိ၏။ အပုပ်ကြောင့်ဖျားသည်။ တနင်္လာအိမ်မှာ သောကြာ ရှိသော ကြောင့် သစ်ပင်စောင့်နတ် ဖမ်းစားသည်။ အင်္ဂါအိမ်တွင် ဗုဒ္ဓဟူး ရှိသောကြောင့် ဆင်ခြင်လေဟူပေ။ ယောကျ်ားမေးသော် မိန်းမဖျက်၏။ မိန်းမကို မေးသော် ယောကျ်ားဖျက်၏။ စကားရှိသည်ဟူသော် စကားတောင်းတကား၊ သောကြာအိမ်မှာ တနင်္လာ ရှိသောကြောင့် သစ်ပင်စောင့်နတ် ဖမ်းစား၏။ ဗုဒ္ဓဟူးအိမ်မှာ ကြာသပတေး ရှိသောကြောင့် ခမည်းလို၏။ ရာဟုအိမ်မှာ အင်္ဂါ ရှိသောကြောင့် ရင်ခေါင်းနာ၏တကား၊ စကားရှိသည်ဟု မေးသော် သူ့အိမ်သို့ သွားရာတွင်ဖြစ်သည်တကား။ ကြာသပတေး အိမ်မှာ သောကြာရှိသောကြောင့် ယာယီရှိ၏ဟူပေ။ နာသော် ကြပ်ကြပ်ကုပါလေ။ တနင်္ဂနွေသား နာသည်ဟု မေးသော် အရှေ့မြောက်ထောင့်၊ အနောက်တောင်ထောင့်သို့ သွားရာတွင် အုန်းသီး၊ ဥမျိုး၊ ငှက်ပျောသီး စားမိ၍ နာသည်တကား၊ အချို အဆိမ့်နှင့် သောတာပန် နတ်ကြီးကိုတင်ပါ။ တနင်္လာသား မကျန်းမာဟု မေးသော် ကြက်သားစား၍ မြောက်သို့ သွားမိရာ တွင် တစ္ဆေဖမ်း၍နာသည်၊ အင်္ဂါသား မကျန်းမာဟု မေးသော် အခြေလေးခုသား စားမိ၍ အနောက်မြောက်ထောင့်သို့ သွားမိ ရာတွင် မြေဘုတ် လုပ်တိုင်းစောင့် ဖမ်း၍နာသည်။ ယင်းအရပ် က လာသော်လည်း အခြေလေးခုသားကိုစား၍ နာဖျားသည် ဟူ ပေ။ ကြပ်ကြပ်ကုစားလေ။

ဗုဒ္ဓဟူးသား မကျန်းမာဟု မေးမူ အရှေ့တောင်ထောင့်သို့ သွားရာတွင် မုန့်၊ ဆီ၊ ပုစွန်၊ ဆိတ်၊ စိုင်သား၊ ဆတ်သားစားရာ

www.burmeseclassic.com

www.burmeseclassic.com



တွင် တွင်းဆိုးစောင့်နတ်၊ ကန်စောင့်နတ်ဖမ်း၍ နာတည်ဟူပေ။ ကြာသပတေးသား မကျန်းမာဟု မေးမူ အခြေနှလေးခုသား စားမိ၍ တောင်သို့သွားရာတွင် ရေကန်စောင့်နတ် ဖမ်း၏။ ဦးရှင်နတ်လည်းဖမ်းစား၏။ မြေသော်လည်းမှီ၏။ သောကြာသား မကျန်းမာဟု မေးမူ ငါးကင်၊ ကြက်ကင်စား၍ အရှေ့သို့ သွားရာတွင် သစ်ပင်စောင့်နတ်သမီး ဖမ်းစား၍ နာသည်။ မျက်ရိုး မျက်ရင်းကိုက်အံ့၊ ချောင်းဆိုးအံ့ဟူပေ။ စနေသား မကျန်းမာဟု မေးမူ၊ စနေအလယ်ရှိသောကြောင့် မထောင်းတာဟူပေ။ စနေနံ ပြေးလေသည်ဟု မေးမူ အဝေးမရောက် တဝေ့လည်သည် ရှိတတ်၏။ လာလတ္တံ့. စနေနံကို သူရလေမူကား စနေအလယ်တွင် ရှိသောကြောင့် ရောက်ခဲ၏။ မထောင်းတာဟူပေ၊ တရားဆိုမူ တစ်ဖက်သားမရှိ၊ စကားပဟောင်းတကား။ ပြေပျောက်လိမ့်မည်။ အနာရှိသည် မေးမူ လက်ယာပေါင်၊ လက်ယာခြေဟူပေ။ အိမ်ရာမေးမူ အိမ်အောက်က သစ်ဆွေးသစ်ငုတ်ရှိ၏ဟူပေ။ စစ်သွားသူနှင့်မတွေ့ကြသော်လည်း ဖြစ်ခဲ့ရာ၏။ ငါတို့အချင်းချင်း တစိတရင်းရှိချေ၏။ အိမ်ဆောက်မည် မေးမူ ပြုန်းတီးအံ့၊ မယားသေအံ့၊ သည်အခါတွင် ဖွားသောသားကာ ဥစ္စာမရှိဆင်းရဲအံ့။ အိမ်ထောင်မေးမူ အိမ်ထောင်ငယ်မဟုတ်။ ယောကျ်ားသော်လည်း ယားသေဖြစ်အံ့၊ မိန်းမသော်လည်း လင်သေဖြစ်အံ့။ သားကို မေးမူသားယောကျ်ား၊ ကျွန်ပြေး နွားပျောက် နံရှိရာ၏ပေ။ ကျွန်ဝယ်မေးမူ အနာရှိ၏။ မကောင်းဟူပေ။ တနင်္ဂနွေအခါ ဟောပြီး၏။

www.burmeseclassic.com



## သောကြာအခါအဟော

သောကြာအခါမေးမူ နှစ်ယောက်၊ လေးယောက်၊ ခြောက်ယောက်ဟူပေ။ ကိန်းနှင့်မညီထုတ်ခဲ့သော် ရှေးနည်းပင်ဆို။ ပါသည့်လက်ဆောင်နှင့်ခရီးသွားလျက်ကိုလည်း ကိန်းအတိုင်းဆိုလေ။ သောကြာသား မကျန်းမေးမူ အနောက်သို့ သွားမိရာတွင် အုန်းသီး၊ ဥမျိုးစားမိ၍နာသည်၊ မသွားသော်လည်း ထိုအရပ်က ပို့လာသည်ကို စားမိ၍နာသည်ဟူပေ။ ကိုယ်လက်ယားယံ သွေးသံမကောင်းရှိ၏ဟူပေ။ သောကြာသားပြေးသည်ဟု မေးမူ အနောက်မှာ ဗုဒ္ဓဟူးသား ဝမ်းပိုက်ကြီး မျက်နှာဝန်း ယောက်ျားအိမ်တွင် ရှိလေ၏။ ဗုဒ္ဓဟူးသား မကျန်းမာဟု မေးမူ အရှေ့သို့ သွားမိချေ၍ အဆွေခင်ပွန်းအိမ်မှာ တနင်္လာနံကို စားမိ၍ နတ်သမီး အင်္ဂနေက ဖမ်းစား၏။ ဗုဒ္ဓဟူးသား ပြေးလေသည်ဟု မေးမူ အရှေ့က အဆွေခင်ပွန်း၊ မိန်းမအိမ်မှာ ရှိလေ၏။ ယင်းမှာ မရှိလျှင် နရတီ စနေသမီးအိမ်မှာရှိလေ၏။ တနင်္လာသား မကျန်းမာဟုမေးမူ အင်္ဂနေသို့သွားမိ၍ ကောက်ညှင်း၊ နှမ်းဆီ စားခဲ့ရသည်။ ယင်းအရပ် သစ်ပင်၊ ချောင်းမြောင်းနား့သို့ အစာပေလေ။ ကမ်းနားကိုလည်း ပေးပါ။ တနင်္လာသမီး ပျောက်ခဲ့သည်ဟု မေးသော်၊ အင်္ဂနေယောက်ျားအိမ်မှာ ရှိလေ၏။ မိန်းမတည်း စကားရှိသည်မေးမူ ယောက်ျားရှိရာ သွားချေ၍ စကားဖြစ်သည်၊ မြောက်မရှိအံ့ဟူပေ။ မယားပြုပါသည်လောဟု မေးမူ မပြုပေ။ ယောက်ျားကိုယ်မှာ အနာရှိအံ့။ စနေသား မကျန်းမာဟု မေးမူ မြောက်သို့ သွားမိချေ၍နာသည်။ သသီးမျိုးစားမိ၍

www.burmeseclassic.com



လေအနှာ ဖြစ်သည်။ မြင်နတ်လည်းရှိ၏။ ကြာသပတေးအလယ် ရှိသောကြောင့် ကြာသပတေးသား နာသည်ဟု မေးမူ မထောင်း တာ။ အိမ်ရာကိုမေးမူ ကျောင်းမြေ ဘုရားမြေတကား။ လယ် ယာမြေကိုလည်း ကျောင်းမြေ ဘုရားမြေကို လိုက်မိ၏ဟူပေ။ ဗုဒ္ဓဟူးအိမ်၌ အင်္ဂါရှိသောကြောင့် အကျိုးစီးပွားကား ယောကျ်ား ကိုသော်လည်း မိန်းမဖျက်အံ့။ မိန်းမကိုသော်လည်း ယောကျ်ားဖျက် အံ့။ အင်္ဂါသား မကျန်းမာဟု မေးမူ တောင်သို့သွားရာတွင် သွေး နှင့်မြေ မှီသည်ဟူပေ။ စနေနံကိုစား၍နာသည်။ ရာဟုအိမ်၌ တနင်္ဂနွေရှိသောကြောင့် တနင်္ဂနွေသား နာသည်ဟုမေးမူ ပါယပ် သို့သွားရာတွင် မြေဘုတ် ဖမ်းစား၏။ အခြေလေးခုသား ခပ်ပုပ် ပုပ်ကိုစားမိ၍ ဝမ်းကို အနာဖေးအံ့။ ကြပ်ကြပ်ကုလေ။ သောကြာ သား မကျန်းမာဟု မေးမူ ကြာသပတေးအိမ်တွင် သောကြာရှိ သောကြောင့် ဝမ်းကြွတ်ကြွတ်မြည်အံ့၊ သူငယ်ဖြစ်မူ ခမည်းပေးလေ၊ မေးစေ၍ မုတ္တာစွဲအံ့၊ စနေအိမ်တွင် ဗုဒ္ဓဟူးရှိသောကြောင့် ဗုဒ္ဓဟူး သား မေးလာမူ ခရီးတွင် သူ့ကျွန်မနှင့် စကားဆိုပြောခဲ့၏။ တွေ့၏ နတ်ဆက်လိုက်၏ဟူပေ။ ကျွန်မမေးလာမူ ချင်းတွင်သာ ရှိ၏။ သားယောကျ်ားဖွားအံ့ဟူပေ။ ကျွန်ဝယ်မေးမူ ထိုကျွန်သည် မြေနာစွဲသည်။ မိန်းမသော်သားရှိ၏ မကောင်း၊ ကျွန်ပြေးကျွန် ရှောင်သူပြေးဟူပေ။ အဘယ်ကြောင့်နည်းဟူမူကား၊ ကျွန်မူသော စနေအိမ်မှာသားမည်သော ဗုဒ္ဓဟူ ဝင်၍နေ့သောကြောင့်တည်း။ မကျန်းမာရှိသော် မြောက်ကစုန်းသားအမိ ဖမ်းစား၏။ သောကြာ အခါဟောပြီး၏။

www.burmeseclassic.com



## ဗုဒ္ဓဟူးအခါဟော

ဗုဒ္ဓဟူးအခါမေးမူ လေးယောက်၊ ခြောက်ယောက်၊ ကိုးယောက်၊ ကိန်းနှင့်မညီသော်၊ ရှေးနည်းအတိုင်းဆို။ ပါသည့်လက်ဆောင်နှင့်ခရီးရောက် ခရီးသွားကိုလည်း ကိန်းအတိုင်းဆို။ မိန်းမစေ၍ လာသည်ဟူပေ။ ခုနစ်ရက်သား မကျန်းမာဟု မေးမူ ရင်တွင်းဝမ်းတွင်း သွေးပုပ်ရှိ၏။ အပင်းသော်လည်း ရှိ၏။ ဝမ်းချလေ၊ အပင်းဆေးတိုက်လေ။ ကျွန်ယောက်ျားနာသည်ဟု မေးမူ တလိုင်းသားတကား။ အင်္ဂါအလယ် ရှိသောကြောင့်ဆိုသည်။ ဗုဒ္ဓဟူးသားကို မေးမူ ပါးတွင်ရင်တွင် ပွေးရှိ၏။ မေးတွင်သော်လည်း လက်ဝဲ၌ အနာရှိ၏။ အမာရွတ်သော်လည်းရှိ၏။ သွားပိုးသော်လည်း ကိုက်အံ့ဟူပေ။ ဗုဒ္ဓဟူးသား မကျန်းမာဟု မေးမူ ဇသန်သို့ သွားမိချေ၍ မကျန်းမာဟူပေ။ ၎င်းဇသန် အရှေ့မြောက်ထောင့်သို့ သွားရာတွင် ဖြစ်သည်မှာ ကိုယ်လက်ယားယံသည်တကား။ ဗုဒ္ဓဟူးသား ရန်တွေ့ပါသည်ဟု မေးလာမူ သူမှာလည်း သက်သေသုံးယောက်၊ မင်းမှာလည်း သက်သေသုံးယောက်ရ၏။ သုံးကြိမ်တစ်ဖန်၊ တစ်ကြိမ်ဆိုမှပြီးသည်။ တစ်ဖက်သား ခိုင်မာလှသည်၊ အသားခပ်ညိုညိုနှင့်တွေ့သည်၊ ဆင်ကို မေးမူ လက်ဝဲ စွယ်တင်နားစုတ် နားပေါက် ကျောမှာအနာရှိ၏။ တနင်္လာသား ခရီးသွားလေသည်ကို မေးသော် မထောင်းတာ၊ မလာသေးဟူပေ။ တနင်္လာသား ခရီးသွားပါမည်မေးမူ ယာယီမရှိ၊ မသွားဖြစ်သေး။ နောင်သော်ကား ပါယပ်မှာ မုဆိုးမ သူ့ကျွန်ကြီးတည်းရမည်။ အိမ်ကိုသော်လည်းရမည်။ တနင်္လာသား နာသည်ဟုမေးမူ သစ်ပင်စောင့် နတ်သမီး တွင်းဆိုးစောင့် နတ်ဖမ်းသည်၊ ကြက်သား

www.burmeseclassic.com



နွားသားစား၍နာသည်ဟူ၍ပေ၊ ကျွန်စနေသားကို ဝယ်မည်မေးမူ ဤနည်းအတူဟောပေ။ ကျွန်မဝယ်မည်မေးမူ နှစ်ရှင်ရှိ၏။ ပျက် ပြယ်လှ၏ဟူပေ။ ကြာသပတေးသား မကျန်းမာဟုမေးမူ မြောက် သို့သွား၍နာသည်။ သွားနာဟူပေ။ သူငယ်နာသော် ခမဲပေးလေ။ လူကြီးနာသော် ကျန်းမာလွယ်၏။ အင်္ဂါအလယ်ရှိသောကြောင့် ဝမ်းတွင်အနာရှိ၏။ ကျွန်မိန်းမငယ်သော် သားရှိ၏။ ယောကျ်ား ဖွားအံ့။ ကျွန်ယောကျ်ားငယ်မူ ထိုကျွန်ကား တလိုင်းသားတည်း။ ဝမ်းတွင်ကျောတွင် အမှတ်ရှိ၏။ ငွေးစွေလည်း အကြီးအငယ်ရှိ ၏။ လက်ဝဲနံတွင် မှည့်စာရှိ၏။ ပျက်ပြယ်မူ မြင်အံ့၊ ဝင်သော် မြဲအံ့။ ယောကျ်ားကို မကျန်းမာဟုမေးသော် ရိနာရှိသည်ဟူပေ။ နံနာသည်ဟူသော် လက်ဝဲနံ နာ၏။ ရာဟုအိမ်၌ သောကြာရှိ သောကြောင့် သောကြာသား သူငယ်နာမူ လန့်၍ ဟစ်အံ့။ သောကြာအိမ်မှာ ကြာသပတေးရှိသောကြောင့် ခမည်းကောင်း ပေးလေ။ လူကြီးသော်ကား လေထိုးအံ့။ မူးဝေအံ့။ သရိုးသရိ ရှိအံ့။ အိမ်ထောင်မည်မေးမူ မျက်စိတစ်ဖက်လည်း သီအံ့။ ထူ သော်လည်းထူအံ့ဟူပေ။ ကြာသပတေး၌ ဗုဒ္ဓဟူးရှိသောကြောင့် ဗုဒ္ဓဟူး သားငယ် မကျန်းမာဟုမေးသော် ဖြူသောဥစ္စာ အဘိုး အဘွားတို့က ခမည်းပေးစေ။ ဗုဒ္ဓဟူးသားလူကြီးနာသည်ရှိသော် ရိနာရှိ၏ ဟူပေ။ စနေအိမ်၌ တနင်္လာ ရှိသောကြောင့် တနင်္လာနံ အိမ်ထောင်မေးမူ ကိုယ့်အောက် ယုတ်သောသူ ဖျက်အံ့ဟူပေ။ တနင်္လာနံ မကျန်းမာဟူမေးမူ မာန်ကြီးလှ၍ ထုတ်ခတ်ရသွင် နာသည်။ အိမ်ရာကိုမေးမူ အင်္ဂါအလယ်ရှိသောကြောင့် အိမ် အောက်တွင် သစ်ငုတ်သစ်ဆွေးရှိ၏။ ဆင်ကိုမေးမူ လက်ဝဲစွယ်

www.burmeseclassic.com

www.burmeseclassic.com



တင်၊ လက်ဝဲ နားစုတ်နားပေါက်၊ နားဖျားပြတ်ကျောတွင် အမာရွတ်ရှိ၏။ ချောင်းနားတွင်ရခဲ့ ဟူပေ။ ကျွန်မငယ်မည်မေးမူ လင်သော်လည်းရှိအံ့။ လင်မရှိသော် ဖျက်ပြယ်အံ့။ သမီးငယ်နှင့် တကွ ရောင်းသည်တကား။ နှစ်ရှင်သုံးရှင်ရှိလေပြီ။ ကျွန်တကား ဟူပေ။ ဗုဒ္ဓဟူးအခါ ဟောပြီး၏။

**စန္ဒရအခါအဟော**

တနင်္လာအခါမေးမူကား သစ်ရိပ်၌ နားခဲ့အံ့၊ တစ်ပါးကို ရည်ပြီးမှ ငါ့ထံသို့ လာသည်တကား ဟူပေ။ တနင်္လာသား မကျွန်းမာဟု မေးသော် တနင်္ဂနွေအိမ်မှာ တနင်္လာရှိသောကြောင့် မအိပ်တတ်။ မဟာဂီရိနတ်ကို ကိုးကွယ်လေ။ တနင်္လာသမီး ပျောက်၍ မေးမူ စေသန်၌ တနင်္ဂနွေသား အိမ်ရှိလေသည်။ ယင်းမှာမရှိသော် အနောက်စူးစူး ကျောင်းဘုရားနှင့် စပ်သော သူ၏ အိမ်တွင်ရှိလေ၏။ မိန်းမတည်း စကားရှိသည်ဟု မေးသော် ယောက်ျားအိမ်သို့သွားချေ၍ စကားဖြစ်သည်။ ထိုယောက်ျားကား ပုလုအက်တက် ဝမ်းတိုက်ကြီးနှင့် မျက်နှာဝန်းနှင့်တကား၊ တနင်္လာ အိမ်၌ စနေရှိသောကြောင့် စနေသား၊ စနေသမီး၊ မကျွန်းမာဟု မေးသော် မျက်မာန်ကြီးလှ၍ ထုခတ် သတ်ပုတ်ရာတွင် အနာ ဖြစ်သည်။ အမှတ်ကြီးအံ့၊ ဦးခေါင်းလပ်ငယ်ငယ် ရှိ၏။ မျက်စိ တစ်ဖက်သော်လည်း မလှရှိ၏။ ဆင်းရဲချမ်းသာ မေးမူ မဟာဂီရိ တွင်ကို လဲဘိ။ အိမ်ရှေ့က တွင်းကျင်းသော်လည်း ရှိအံ့။ အိုး အိမ်၌ ကြာသပတေး ရှိသောကြောင့် ငယ်သောသူ အားရှိလေ၏။ ငယ်သောသူ အိမ်တွင် ကြီးသောသူ နေချေသည်။ ငယ်သောသူကို ကြီးသောသူ ဆဲရေး၍ ရန်ဖြစ်သည်။ သုံးရက် ခုနစ်ရက်မှပြီး

www.burmeseclassic.com

www.burmeseclassic.com



သည်။ သောကြာအိမ်၌ အင်္ဂါရှိသောကြောင့် အင်္ဂါသား ခရီးသွားမည်မေးမူ၊ အဆွေခင်ပွန်းနှင့်တွေ့ရမည်။ လာဘ်ရအံ့၊ ကြံတိုင်းပြည့်အံ့။ ယာယီရှိအံ့။ တနင်္ဂနွေ အလယ်ရှိသောကြောင့် သားရှိသည်ဟု မေးမူ ယောကျ်ားဖွားအံ့၊ ခုနစ်ရက်သား မကျန်းမာဟု မေးမူ ဝမ်းတွင် လုံးလုံးအပြေးပြစ်ရှိအံ့။ ချက်သော်လည်း ရောက်အံ့။ ကျွန်ယောကျ်ားငယ်အံ့ဟုမေးမူ ဝမ်းတွင် မှဲ့စာရှိအံ့။ လက်ယာလက်ကျိုးအံ့၊ အားချည့်အံ့၊ အမာရွတ်သော်လည်းရှိအံ့၊ မမြဲရာဟူပေ။ သောကြာသား ပျောက်ခဲ့သည်ဟု မေးမူ ဗုဒ္ဓဟူးသားအသားညိုအိမ်မှရှိလေ၏။ နလုံးလည်း ကျဉ်းမြောင်းရှိလေ၏။ ရန်တွေ့သည်ဟု ဗုဒ္ဓဟူးသား မေးလာမူ သောကြာအိမ်မှာ ရှိသောသူနှင့် မကြည်ဖြူသည်ဟူပေ။ ဗုဒ္ဓဟူးသား မယားနေမည်မေးမူ ရာဟုအိမ်တွင် ဗုဒ္ဓဟူးရှိသောကြောင့် မုဆိုးမ လင်လွန်လင်ကွာနှင့် နေမည်ပြုသည်တကား ဟူပေ။ ခြေနာသည်ကိုမေးမူ လက်ဝဲပေပေါင်ခြံက နာသည်ဟူပေ။ တနင်္လာ သားသမီးမကျန်းမာဟုမေးမူ ရင်နာအံ့။ ဆီးအောင့်အံ့။ တနင်္လာ သမီးအိမ်ထောင်မည်ဟုမေးမူ ရဟန်းလူထွက်နှင့် တကားဟူပေ။ မြေကြောင့် စကားရှိသည်ဟူပေ။ တနင်္လာသား မေးမူ ကျောင်းဘုရားမြေတကား။ သည်မြေကို လုပ်လေသော် အကျိုးရှိ၏။ စားရအံ့ဟူပေ။ စနေသား စနေသမီးကား ယာယီမရှိ။ ခရီးသွားလေသည်မေးမူ မထောင်းတာ၊ မကြောင့်ကြနှင့်၊ ယခုမလာသေးဟူပေ၊ သည့်အခါတွင် ခုနစ်ရက်သား တွေ့သည်ဟု မေးမူ အနောက်မြောက်ထောင့်မှာ မုဆိုးမနှင့် တွေ့ဟန်ရှိသည်။ ရဟန်းနှင့်သော်လည်း တွေ့စရာရှိသည် ဟူပေ။ နှာသွားသည်ဟု မေးမူ အနောက်မြောက်ထောင့်က ဝက်လူးအိုင်ဧရာ ဝါဒွေဖမ်းစား

www.burmeseclassic.com

www.burmeseclassic.com



သည် ဟူပေ။ အိမ်ယာကို မေးမူ အိမ်အောက်တွင် ကျောက်ကျိုး။ အုတ်ကျိုး၊ သစ်ငုတ်ရှိ၏။ ပယ်ဘိ။ အိမ်မြေလည်း လိပ်ကုန်းမြေ ဖြစ်အံ့ဟူပေ၊ ဆင်ကိုမေးမူ စွယ်စုံ နားကောင်းအံ့၊ အမြီးကောင်း သည်၊ ဆင်ပျို ကုန်းတက် တောင်တက်ရသည် ဟူပေ။

စန္ဒရအခါပြောပြီး၏။

သောရီအခါပြော။ စနေအခါတွင် မေးလာမူကား နှစ်ယောက်, လေးယောက်, ခြောက်ယောက် ဟူပေ။ ပါးသည့်လက်ဆောင်နှင့် ခရီးရောက် ခရီးသွားကို သော်လည်း ကိန်းအတိုင်း ဆိုပေ။ မုဆိုးလည်းကောင်း၊ ပဝါလည်းကောင်း ငှားခဲ့၏။ လက်ဆောင်လည်း ချန်ပြီးမှ နှစ်ခုချန်ခဲ့၏။ သူတစ်ပါးနှင့် တိုင်ပင်ခဲ့ အံ့ဟူပေ။ ယောက်ျားငယ် နာသည်ဟု မေးမူ ကြီးသူ မိဘတို့ကို ဖြူသောဥစ္စာ မမည်းပေးစေ။ နားနှစ်ဖက်က ပြည်ထွက်အံ့။ မိန်းမငယ်နာမူ အခြေလေးခုသားကြောင့် ပါယပ်ကို လုပ်တိုင်းစောင့် သော တွင်းစောင့်နတ်၊ ဖုတ်ပြိတ္တာ ဖမ်းသည်၊ ယင်းသည့်အရပ် သို့သော်လည်း ခြေလေးခုသား စား၍ သွားချေ သောကြောင့် နာသည်၊ ကြပ်ကြပ်ကုပါလေ။ တနင်္လာသား မကျန်းမာဟု မေးမူ ဤအတူ ပြောလေ။ သည်အခါတွင် ရောက်ခဲ့သည်ဟု မေးမူ လက်ဝဲက အံဖုံးရောက်ရာ၏။ စနေသား မကျန်းမာဟု မေးမူ သေန်သို့ သွားရာတွင် အုန်းသီး, ဥမျို စား၍ မကျန်းမာသည်။ ကြာသပတေးသား မကျန်းမာဟု မေးမူ ငှက်ပျော, ငါးကင် စားမိ၍ နာသည်။ သစ်ပင်စောင့်နတ် ဖမ်းသားသည်။ ရင်နာအံ့၊ ရင်တွင် လုံးလုံးသက်သက်ရှိ၏။ အင်္ဂါသား ခရီးသွား

www.burmeseclassic.com

www.burmeseclassic.com



မည် မေးမူ ယာယီမရှိ၊ မသွားဖြစ်၊ ခရီးသွားလေသည်ဟု မေးမူ မထောင်းတာ၊ ထဘီဝတ်သူငယ်နှင့် အဲဆွေခင်ပွန်းဖြစ်လျက်နေ၏။ စားရသောက်ရရှိ၏။ သောကြာအိမ်တွင် တနင်္ဂနွေရှိသောကြောင့် တနင်္ဂနွေသား ယာယီမူ၏။ ခရီးသွားသော်လည်း သွားရအံ့။ အိမ်သော်လည်း ပြောင်းရအံ့။ စိတ်နှလုံး မတည်ရာ ရှုအံ့။ သွေးမကောင်း၊ နာမူမြောက် သစ်ပင်စောင့်နတ် ဖမ်းစားသည်။ ခုနစ်ရက် သားသမီး နာ၍ မေးမူကား သောကြာ အလယ်ရှိသောကြောင့် ဝမ်းကြွတ်ကြွတ်မြည်အံ့၊ လေထအံ့။ အိမ်ကို မေးမူ ခရီးနားတွင် နေသည်တကား။ အိမ်ရာလည်း မကောင်း၊ တစ်ပါးသို့ ပြောင်းရအံ့။ သားရှိသည်ဟု မေးမူ အန္တရာယ်မရှိ။ ယောကျ်ားဖွားအံ့။ ဗုဒ္ဓဟူးသား ခရီးသွားမည်ဟု မေးမူ ယာယီမရှိ၊ မသွားဖြစ်သေ။ ရာဟုအိမ်၌ တနင်္လာရှိသောကြောင့် တနင်္လာသမီး မေးမူ သူ့ပစ္စည်း တင်ရှိသောကြောင့် သူကိုင်မည်ကြသည်။ နှလုံးကျဉ်းမြောင်းချေ၏။ အမူနှင့်လည်း မကင်းသေး။ တနင်္လာသား မကျန်းမာဟု မေးမူ အခြေလေးခုသား ခပ်ပုပ်ပုပ်ကို စားမိသောကြောင့် မကျန်းမာသည်။ သူတော်လည်း သရိုးသရီရှိ၏။ ကြပ်ကြပ်ကုစားလေ။ တနင်္လာသမီး လင်နေမည် မေးမူ၊ ရဟန်းလူထွက် မိမဲ့-ဖမဲ့ တကားဟူပေ။ ကြာသပတေးအိမ်၌ စနေရှိသောကြောင့် စနေသမီး-စနေသား မေးမူ ခြေဆစ်လက်ဆစ် မီးလောင်တတ်၏။ မီးလောင်မူသော်လည်းရှိအံ့။ နံ့တွင် ခါးတွင် စာ အမာရွတ်ရှိအံ့။ စနေအိမ်၌ ကြာသပတေး ရှိသောကြောင့် ကြာသပတေးကား ကုပ်ဟီးချောင်းဆိုး၊ ခရုယုတ်နာတွဲ၏ သူမွေ။ စကားမရှိ စကားဖြစ်ပြီး လောဟု မေးမူ နားစုတ် နားပြတ် နားပေါက် လက်ဝဲဘက်၊ လက်ယာအစွယ်တို့၊ အပြီးခပ်ကောင်း၊

www.burmeseclassic.com



ဝမ်းခပ်သုတ်၊ ခရီးနားတွင် ရခဲ့သည်ဟူမေ။ မြင်းကိုမေးမူ ကာနက်သဲရေသောက် မြင်းပေ။ လူမကျန်းမာကို မေးမူ အနာ ပေါင်း ဂရင်ဂျီနာ ပေါက်သည်ဟူမေ။ လင်မူ မယားမူ မေးမူ ကား လင်မယား ကွာတုံချင်းတုံရှိအံ့။ သားတစ်ယောက်မြင်လျှင် မတည်ကြရာ၊ စနေအခါတွင် ကျောင်းဆောက်မူ ကျောင်းတစ် ဆောင်ရှိလိမ့်မည်။ ဘုရားထီးတင်မူ ထီးကျလွယ်လိမ့်မည်။ ယ မန်က အသို့နည်းမေးမူ သူ့ကျွန်မနှင့် စကားရှိသည်။ သားတစ် ယောက်အမိ ဟူမေ။ စနေ အခါဟောပြီး၏။

ဂုရုအခါအဟော၊ ကြာသပတေးအခါတွင် မေးလာမူ လေးယောက်၊ ရှစ်ယောက်၊ ဆယ့်နှစ်ယောက်ဟူမေ။ ပါးသည့် လက်ဆောင်နှင့် ခရီးရောက် ခရီးသွားကိုလည်း ကိန်းအတိုင်း ဆိုပေ။ တနင်္ဂနွေအိမ်တွင် ကြာသပတေး ရှိသောကြောင့် ကြာသ ပတေးသား ခရီးသွား မေးမူ အဆွေခင်ပွန်းနှင့် တွေ့ဖူးရအံ့။ ဖြူ သော လာဘ် နီသောလာဘ်ရအံ့။ အမှုဆောင်မူ ပြီးစီးအံ့။ နာ သော် ဆီးအောင့်သည်ဟူမေ။ ခရီးသွားလေသည်ဟု မေးမူ လာ တော့မည်။ အဆွေခင်ပွန်းကြောင့် ကြာသည်။ တနင်္လာအိမ်၌ အင်္ဂါရှိသောကြောင့် အင်္ဂါသားစကားရှိသည်ဟု မေးမူ မိန်းမသို့ သွားချေ၍ စကားဖြစ်သည်။ ယင်းတွင် မျောက်မရှိ၏။ မရှိသော် မယားငယ် ရှိသည် ဟူမေ။ မိန်းမတစ်ပါးနှင့် နေလေ၏ဟူမေ။ တနင်္လာသားမေးလည်း ဤအတိုင်းဟောလေ၊ အင်္ဂါသား မကျန်း မာဟု မေးမူ လည်းချောင်း၊ ရင်နာရှိ၏။ အင်္ဂါ၌ တနင်္ဂနွေ ရှိ သောကြောင့် တနင်္ဂနွေသား မေးမူ ရန်ရှိ၏။ နှလုံး ကျင်မြောင်း အံ့။ ယောကျ်ားငယ် နာသည်ဟုမေးမူ ကြက်ညှာစွဲ၏။ သောကြာ

www.burmeseclassic.com

www.burmeseclassic.com



သားကား ယာယီမရှိ။ ဗုဒ္ဓဟူး အလထရှိသောကြောင့် ခုနစ်ရက်သား နာ၍မေးလာမူ အပင်းရောင်၊ ဝမ်းတွင်းတွင် ရိရိရွဲရွဲရှိ၏။ ဝမ်းကျအံ့။ မြွေနာသည်ဟူပေ။ အိမ်ရာကို မေးမူ အိမ်အောက်က ရေရှိ၏။ မြေညီအံ့။ ရေဝင်မြေတကား၊ ဘုရားထီးရိပ်၏ တကားဟူပေ။ ဗုဒ္ဓဟူးအိမ်၌ တနင်္လာရှိသောကြောင့် တနင်္လာနံ့ အမှုဆောင်သော် ပြီးစီးအံ့။ မိတ်ကောင်းတွေ့အံ့။ လာဘ်ကောင်းရအံ့။ ရာဟုအိမ်တွင် စနေရှိသောကြောင့် စနေနံ့ နာမူ လေထိုးအံ့။ အမှုဆောင်သော် ပြီးစီးအံ့။ လာဘ်ရအံ့။ ဦးခေါင်း၌ အမာရွတ်ရှိအံ့။ ငယ်က ခေါင်းပုပ်အံ့။ ကြာသပတေး အိမ်တွင် ကြာသပတေး ရှိသောကြောင့် ကြာသပတေးနံ့က သီလမရှိ။ ခရီးသွားလေသည် ဟုမေးမူ မထောင်းတာ။ ကိစ္စမရှိပြီဟူပေ။ စနေအိမ်တွင် အင်္ဂါ ရှိသောကြောင့် ငယ်ရွယ်စဉ်က ခြေဆစ်လက်ဆစ် မီးလောင်းအံ့။ မီးလောင်အရာရှိအံ့။ ကျောကုန်း အေးတတ်သည်။ ဗုဒ္ဓဟူး အလယ်ရှိသောကြောင့် ဆီးကျင်အောင့်သည်တကား။ ပိတ်သွေး ထွက်၏တကား၊ နာသော် မြေဘုတ်စွဲသည်။ အပင်းရှိသည်ဟူပေ။ ဗုဒ္ဓဟူးအိမ်၌ တနင်္လာရှိသောကြောင့် ခမည်းလို၏။ တနင်္လာသား မေးမူ မိတ်ဖြစ်သော် ဗုဒ္ဓဟူးအိမ်၌ နံ့ဂြိုဟ် နေသောကြောင့် ကောင်း၏။ ဆင်ကို မေးသော် လက်ဝဲစွယ်ကျိုး၊ လက်ယာတင်၊ လက်ဝဲနားစုတ်၊ ဝမ်းခပ်ဖို့ရှိ၏။ မြင်းကိုမေးသော် ကံနက်ရှေ့ သောက် ဖြစ်စပဟူပေ။ လေထိုးတတ်၏။ ဦးခေါင်းနာ၏။ စနေ အိမ်၌ အင်္ဂါရှိသောကြောင့် ညောင်းအေး နာကျင်ရိုက်ခဲ၏ တကား။ သည်အခါတွင် ကျောင်းဆောက်မူ တစ်ဆောင် ရှိလိမ့်

www.burmeseclassic.com



မည်။ ဘုရား၌ ထီးတင်မှု ထီးကျလွယ်၏ဟူပေ။ ကြာသပတေး အခါ အပေဟာပြီး၏။

## သောကမအခါပေဟာ

အင်္ဂါအခါ၌ မေးလာမှု နှစ်ယောက်၊ လေးယောက်၊ ခြောက်ယောက်ဟူပေ။ ပါသည့်လက်ဆောင်နှင့် ခရီးရောက် ခရီးသွားကိုသော်လည်း ကိန်းအတိုင်းဆိုပေ။ ပါးသည့် လက်ဆောင် တွင် နှစ်ခုချန်၏ဟူပေ။ အင်္ဂါသား မကျန်းမာဟုမေးမှု ခေါင်း တစ်ခြမ်းခဲ၏။ သေန်သို့သွားရာတွင် တခွေဖမ်းလေသည်။ အမှု ဆောင်မည်ဟုမေးမှု အလျင်ပြီးပြင်အံ့။ နှလုံးသော်လည်း ကျဦး မြောင်းအံ့။ နောက်မှ ချမ်းသာရ၏။ ရန်ရှိသည်ဟု မေးမှု ရန် ဘက်ပေဟာင်းနှင့်တွေ့သည်။ ဥစ္စာ ကုန်လှလေပြီ။ အပန်းတကြီး နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ် ဆိုမည်ဟူပေ။ တနင်္လာအိမ်၌ တနင်္ဂနွေ ရှိသောကြောင့် တနင်္ဂနွေသား မကျန်းမာဟု မေးမှု ဦးခေါင်း တစ်ခြမ်းနာ၏။ နားတစ်ဖက်လည်း အုံအုံ သည်းသည်း မြည်အံ့။ တနင်္ဂနွေသား စကားရှိသည်ဟု မေးမှု မိန်းမသို့ သွား ချေ၍ စကားဖြစ်သည်ဟူပေ။ အင်္ဂါအိမ်၌ သောကြာ ရှိသော ကြောင့် အမှုဆောင်သော်ပြီးစီးအံ့။ အဆွေခင်ပွန်းပေဟာင်းနှင့် တွေ့အံ့။ သောကြာအိမ်၌ ဗုဒ္ဓဟူး ရှိသောကြောင့် ဗုဒ္ဓဟူးသား နာမှု ခရီးနားတွင် သစ်ပင်စောင့်နတ်ပြင်နတ် ဖမ်းစားအံ့။ အမှု ဆောင်သော် ပြီးပြင်အံ့။ ရန်တွေ့သည်ဟုမေးမှု ရန်ဘက်ပေဟာင်းနှင့် တွေ့ရသည်ဟူပေ။ တနင်္လာနံ နာသည်ဟု မေးမှု မထောင်းတ ကျန်းမာလွယ်အံ့။ အိမ်ကို မေးမှု ယင်းခြံတွင် နေသည်ကား ကောင်း၏။ သားရှိသည်ဟု မေးမှု မိန်းမဖွားအံ့။ ဗုဒ္ဓဟူးအိမ်၌

www.burmeseclassic.com

www.burmeseclassic.com



စနေရှိသောကြောင့် သူ့ကျွန်မမေးမူ ဝမ်းတွင်းသားရှိ၏။ မိန်းမဖွား မည်ဟူပေ။ ရာဟုအိမ် ကြာသပတေး ရှိသောကြောင့် ဥစ္စာ ကြေးငွေ တောင်းမည်မေးမူ မရသေး၊ ဥစ္စာပျောက်လည်း မရ ရာ၊ ပုဆိုးပျောက်သည်မေးမူ ပုဆိုးတစ်စ တစ်ပိုင်းသာဟူပေ။ တစ်ထည်လုံးဖြစ်မူ အစုတ်အနာ ချုပ်ရိုးပြုတ် ကွက်ခဲ့မီးလောင် တကား။ ကျောင်းရစရာရှိသည် မေးမူ ဖြစ်ခဲအံ့။ ကောင်းကောင်း မရှဲ့။ ကြာသပတေးသား နာသည်ဟု မေးမူ ရင်ခေါင်းထိုးအံ့။ လုပ်တိုင်းစောင့် နတ်သော်လည်း ဖမ်းစားအံ့။ လူသော်လည်း သရိုးသရီရှိ၏။ ကြပ်ကြပ်ကုစားလေ။ ကြာသပတေးသား အိမ် ကား လုပ်တိုင်းနှင့် နီးရာ၏။ ကြာသပတေးသား အိမ်၌ အင်္ဂါ သားရှိသောကြောင့် အင်္ဂါသား နာမူ ချောင်းဆိုးအံ့။ မြင်းသရိုက် သော်လည်းစွဲအံ့။ ဆင်ကိုမေးမူ အမြီးကောက်ဟူပေ။ စနေအိမ် မှာ တနင်္ဂနွေ ရှိသောကြောင့် တနင်္ဂနွေသားကား၊ လက်ဝဲခြေ ယှနာ၏။ ခြေတစ်ဖက်သော်လည်း ခပ်ဆဆရှိအံ့။ ရန်တွေ့သော် ထဘီဝတ်၊ အသားနီ မုဆိုးမနှင့် ရန်ဟောင်း၊ စကားဟောင်းရှိ ဟု မှန်စွာဟောလေ၊ ဘောမအခါဟော ပြီး၏။

## မိဿလဂ်

ဇာတာရှင် ရုပ်ရေ သဏ္ဌာန်မှာ မမြင့်မပု ကိုယ်လုံးကိုယ် ပေါက်ရှိမည်။ အသားအရေ နီကြန့်ကြန့်ရှိမည်။ စိတ်ကြီးကိုယ် မြန် ရှိမည်။ ရဲစွမ်းသတ္တိရှိမည်။ ပွင့်ပွင့်လင်းလင်း ပြောဆိုတတ် မည်။ ကိုယ့်ထူးကိုယ်ချွန်၊ ကိုယ့်အားကိုယ်ကိုး လုပ်ကိုင်စားသောက်

www.burmeseclassic.com

www.burmeseclassic.com



ရမည်။ ဇာတာရှင်မှာ ကိုယ့်ရပ်ရွာ ဒေသတွင် မနေ၊ အခြားရပ်ရွာဒေသတွင် နေထိုင် လုပ်ကိုင်စားသောက်ရမည်။ အဖ ဦးစွာ သေဆုံးတတ်အံ့။

## ပြိဿလဂ်

ဇာတာရှင်၏ ရုပ်အဆင်းသဏ္ဌာန်မှာ ပတိုက်တိုက်ရှိမည်။ မျက်လုံး မျက်နှာ ကြည့်ကောင်းမည်။ အသားမဖြူမညိုရှိမည်။ အသွားအလာခပ်ကုန်းကုန်း သွားလာမည်။ ဇာတာရှင်သည် သည်းခံစိတ်ရှိမည်။ စိတ်ဆိုလျှင်လည်း ပြေလွယ်ခဲသည်။ ဖွဲမီးပမာ တစ်ငွေ့ငွေ့ ရှိတတ်သည်။ ငွေကြေး အသင့်အတင့် ရှိတတ်သည်။ အမြော်အမြင် အိမ်ထောင် ထားခြင်းကြောင့် ငွေကြေးကုန်ကျတတ်သည်။ ငွေမစုမိ၊ မိမိဇနီးနှင့် မကြာခဏ စကားများရတတ်အံ့။ ပထမ မယားကြီး သေဆုံးတတ်သည်။ သားမယားအပေါ် ကြင်နာတတ်သည်။ အမိ ရှေးဦးစွာ ပျက်စီးတတ်သည်။

## မေထုန်လဂ်

ဇာတာရှင်မှာ ကိုယ်လုံးကိုယ်ပေါက် အသင့်အတင့် ကြည့်ကောင်းရုံရှိမည်။ ခြေတံလက်တံသွယ်မည်။ သွားလာရာတွင် ပေါ့ပါးလျှင်မြန်မည်။ မျက်စိဖျတ်လတ် အမြင်ရှင်တတ်သည်။ အသားအရေမှာ အသားလတ်ဖြစ်ရမည်။ စကားအပြောအဆို ဖျတ်ဖျတ်လတ်လတ် ပြောဆိုတတ်မည်။ အိမ်ထောင် နှစ်ခါက်ရှိမည်။ ရန်သူ လူလိမ်လူကောက် အတွက်ကြောင့် ငွေကြေး ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ပါးတတ်သည်။ သားသမီးများအတွက်ကြောင့် စိတ်သောကရောက်တတ်သည်။ ငွေကြေးကုန်ကျတတ်သည်။ သူ့ကျေးဇူးကိုသိတတ်သည်။ အဖဦးစွာ ပျက်စီးတတ်သည်။

## ကရကဋ်လဂ်

ဇာတာရှင်၏ ကိုယ်လုံးကိုယ်ပေါက်မှာ သေးသွယ်မည်။ မျက်နှာပြည့်ပြည့်ဝိုင်းဝိုင်းရှိမည်။ သေးသွယ်သော မျက်စိရှိမည်။ ဇာတာရှင်သည် ကြားမြင်ရာရာ စိတ်စွဲလမ်းတတ်သည်။ အသားအရေ ခပ်လတ်လတ်ရှိမည်။ အိမ်ထောင်နှစ်ဆက်ကျတတ်သည်။ ပျော်ပျော်ပါးပါး နေထိုင်လိုသောစိတ်ရှိမည်။ အာရုံ ငါးပါးလိုက်စားတတ်သည်။ သူတစ်ထူး ကိစ္စမသားလည်းဖြစ်ခဲ့ရအံ့။ သားမယားအတွက် မှုဆွေးဒုက္ခ တွေ့ရတတ်သည်။ သီလနှင့် ပြည့်စုံတတ်သည်။ အဖ ဦးစွာ ပျက်စီးတတ်သည်။

## သိဟ်လဂ်

ဇာတာရှင်၏ ကိုယ်လုံးကိုယ်ပေါက်မှာ ခပ်မြင့်မြင့် သင့်တင့်ပြည့်ဖြိုးသောကိုယ်၊ ကျယ်ကားသော ရင်အုပ်ရှိမည်။ ခံ့ညားသောမျက်နှာ၊ ပြည့်တင်း လုံးညီသော ဦးခေါင်းရှိမည်။ စိတ်သဘောကောင်းမည်။ ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်မည်။ ကာနွဲ့တာလမာယာကင်းမည်။ အေးအေးနေလိုစိတ်ရှိမည်။ ကာမဂုဏ်အာရုံလိုက်စားတတ်သည်။ က,ဆို,တီး,မှုတ်,သဘင် ပညာပါသနာပါသည်။ လူကြီးမိဘတို့ မစချီးမြှင့်ခြင်း ခံရတတ်သည်။ အမွေရတတ်သည်။ အမိဦးစွာ ပျက်စီးတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကန်လဂ်

ဇာတာရှင်မှာ ကိုယ်လုံ ကိုယ်ပေါက် ပြည့်ဝ ကျစ်လျစ် တောင့်တင်း သန်မာ၍ ကြည့်ကောင်းသော ကိုယ်လုံးကိုယ်ပေါက် ရှိမည်။ မျက်စိမျက်နှာ ပြည့်ဖြိုး၍ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံ မည်။ အသားမဖြူမညိုရှိမည်။ စိတ်ကောင်းနှလုံးကောင်း ရှိမည်။ စိတ်ဆိုးမိက မပြေတတ်၊ ပြေလွယ်ခဲ၏။ ငယ်ငယ်က ဒုက္ခရာတစ် ခုခုရတတ်သည်။ အိမ်ထောင်နှစ်ဆက်ကျတတ်သည်။ အလုပ် အမျိုးမျိုးရှိတတ်သည်။ မိဘနှစ်ဦး မိမိအရွယ်မရောက်မီ ကွယ် လွန်တတ်သည်။

## တူလဂ်

ဇာတာရှင်မှာ ကိုယ်လုံးကိုယ်ပေါက် မမြင့်မပုရှိမည်။ အ သားအရေ ချောမွတ် နူးညံ့သောကိုယ်ရှိမည်။ နှစ်သက်ဖွယ် မျက်နှာရှိမည်။ စကားအပြောအဆို ကောင်းမည်။ လောကွတ် ပျူငှာစိတ်ထားကောင်းမည်။ သစ္စာရှိမည်။ မျက်နှာ မလိုက်တတ်၊ တရားလမ်းအတိုင်း ပြုတတ်သည်။ မစုံစမ်း မစစ်ဆေးဘဲ ဆော လျင်စွာပြုလုပ်တတ်သည်။ အမိဦးစွာ ပျက်စီးတတ်သည်။

## ဗြိစ္ဆာလဂ်

ဇာတာရှင်၏ ကိုယ်လုံးကိုယ်ပေါက်မှာ ပုတိုက်တိုက် ပြည့် တင်းသောကိုယ်၊ ကျစ်လျစ်သောကိုယ်ရှိမည်။ သွားလာ ရာတွင် လိမ်မည်သွားလာလေ့ရှိသည်။ ခြေဖဝါး လက်ဖဝါးမလှ ရှိမည်။ စိတ်တည်ကြည်မည်။ ဉာဏ်ကြီးမည်။ မိမိအယူအဆကို

www.burmeseclassic.com

www.burmeseclassic.com



စွဲမှတ်တတ်အံ့၊ ကိုယ့်ကိုယ်ကို အားကိုးစိတ်ရှိရမည်။ မကြောက်မရွံ့ ခုခံတတ်သော စိတ်ရှိမည် တောက်တောက်ခါးခါး ပြတ်ပြတ် ပြောဆိုတတ်သည်။ အဖဦးစွာ ပျက်စီးတတ်သည်။

မနုလဂ်

ဇာတာရှင်၏ ကိုယ်လုံးကိုယ်ပေါက် အနေမှာ ပျော့ပျောင်းနွဲ့နှောင်းသေးသွယ်သော ကိုယ်လုံးကိုယ်ပေါက် ရှိအံ့။ ခပ်ကုန်းကုန်းသော လက်ပြင်ရှိအံ့၊ မျက်စိမျက်နှာ ကျက်သရေရှိ၍ ကြည့်ကောင်းမည်။ နှာတံရှည်လျားမည်။ နဖူးကျယ်မည်။ နုနယ်သော အသားအရေရှိအံ့။ ဇာတာရှင်သည် စိတ်သဘောထားကောင်းမည်။ သဘောဖြူ အူစင်းရှိမည်။ မျက်နှာ ကြည်လင်မည်။ ဉာဏ်ကြီးမည်။ ချုပ်ချယ်မှုအလိုမရှိ၊ လွတ်လပ်စွာ နေလိုမည်။ ခရီးလှည့်လည် သွားလာနေထိုင်မည်။ ပျော်ပျော်ပါးပါး ကစားလှုပ်ရှားရှိမည်။ စည်းကမ်းပျက်လျှင် မနှစ်လို စိတ်တိုတတ်သည်။ ရှားနှာသုံးပါး ကိုင်းရှိုင်းရိုသေတတ်သည်။ သိလသိက္ခာ သမာဓိ ဆသော တရားတို့ကို စောင့်ထိန်းတတ်အံ့။ ကိုယ်နှုတ်အမူအရာ ယဉ်ကျေး၏။ အမိဦးစွာ ပျက်စီးတတ်၏။

*

မကာရလဂ်

ဇာတာရှင်၏ ကိုယ်လုံးကိုယ်ပေါက် အသင့်အတင့်ရှိ၍ သေးသေးသွယ်သွယ် ရှိမည်။ နှာတံပေါ်မည်။ နီပြာပြာ အသားရှိမည်။ လည်တံပေါ်မည်၊ ခပ်မှန်မှန် သွားလာတတ်မည်။ အလုပ်အကိုင်တွင် စိတ်ပါလက်ပါ လုံ့လဝီရိယနှင့် လုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



တတ်မည်၊ မဖြစ်မနေ လုပ်ကိုင်တတ်မည်၊ အမြော်အမြင် ဆင်ခြင်တုံ တရားရှိမည်၊ ဖြောင့်မတ် တည်ကြည်မည်၊ ချွေတာစုဆောင်း ထိန်းသိမ်းတတ်မည်၊ စိတ်ရှင်းရှင်း နေတတ်သည် ကိုယ့်ထူးကိုယ်ချွန် လုပ်ကိုင်စားသောက်ရတတ်သည်၊ ရန်စတစ်ခုရှိလျှင် မေ့မပျောက်ခြင်းမရှိ၊ တေးမှတ်ထားတတ်သည်၊ သားသမီး အထောက်အခံ နည်းတတ်သည်။ အိမ်ထောင်မှုတွင် ဆူပူတတ်သည်။ အသာ ဦးစွာပျက်စီးတတ်သည်။

## ကံ့လဂ်

ဇာတာရှင်၏ ကိုယ်လုံးကိုယ်ပေါက်မှာ သင့်ရုံသော အရုပ်အမောင်း သာယာစိုပြည် ထွန်းသစ်ကြည်လင်သော မျက်နှာ၊ ချစ်ခင်ဖွယ်သော အဆင်းရှိအံ့။ မြင့်မြတ်သော စိတ်ရှိအံ့။ မဖြစ်မနေ လုပ်ကိုင်ဆောင်ရွက်တတ်၏။ ဉာဏ်ပညာ ထက်သန်အံ့၊ ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သည်။ မိတ်ဆွေကောင်း တွေ့တတ်သည်။ နှုတ်အား ကြမ်းတမ်းတတ်သည်။ အမိဦးစွာ ပျက်စီးတတ်သည်။

## မိန်လဂ်

ဇာတာရှင်၏ ကိုယ်လုံးကိုယ်ပေါက်မှာ သင့်တင့်သော အရုပ်အမောင်း ပြည့်ကျစ် တင်းမာဖွယ်ရာ ဇင့်တယ်စိုပြည် ကျယ်ကားသော မျက်နှာ၊ မြူးတော့မလို၊ နဂိုယဉ်ကျေး၊ ကိုက်မေးမည့်နှယ်၊ ပွင့်ကျယ်သော မျက်လုံး၊ ဗိုလုံးသောပခုံး၊ ပကုန်းကုန်းသွားကား အသားအရေ ကြည်လင်အံ့၊ ဇာတာရှင်သည်

www.burmeseclassic.com

www.burmeseclassic.com



စိတ်နေသဘောထား ဖြောင့်မတ်သည်။ သနားကြင်နာစိတ်ရှိသည်။ တပေဝါသနာ ပါတတ်သည်။ စိတ်ချမ်းသာစွာ နေတတ်၏။ မသာယာသော စကားမျိုး မကြားချင်တတ်၊ အိမ်ထောင်နှစ်ဆက်ကျတတ်သည်။ အဖ ဦးစွာပျက်စီးအံ့။

## လက်ကြိုးဟော်ပူးအဟော

လက်ဒွိရဝိ၊ ဖွားရှိပေလတ်၊ မေ့တတ်ဘာဝ၊ ငယ်ကကြီးသူ၊ ကွဲတတ်ဟူရှင့်၊ အိမ်သူပျက်တတ်၊ လက်နှင့်မကွာ၊ တနင်္လာအား၊ ငယ်ကကြီးတိုင်။ ချမ်းသာလှိုင်အံ့။ စုံမြိုင်တောဖျား ရပ်ဝေးသွားလည်း၊ မရှားလာဘ၊ ရလွယ်လှ၏။ လက်နှင့်ဘောမ၊ တူစွမကွာ၊ ဖွားသူမှာကား၊ ငယ်ကမသေ၊ ရှင့်တုံပေက၊ ကြီးထွေသူအား လွန်ကောင်းစားအံ့။ လက်နှင့်ဗုဒ္ဓ၊ ဝင်ခိုလာဖွား၊ သူမှာကားမူ လှပယဉ်ကျေး၊ မင်းရေးမင်းရာ၊ သိလိမ္မာလျက်၊ မပျက်သီလ ရှိတတ်စွာတည့်၊ လက်နှင့်ဂုရု၊ ဝင်စုခိုလာ၊ ဖွားသူမှာကား၊ ငယ်စဉ်အခါ၊ မီးရေမသေ၊ ရှင်ထုံပေက၊ တတ်လှပညာ၊ သိလိမ္မာအံ့။ လက်နှင့်သောကြာ၊ ဖွားသူမှာမူ၊ ခင်ပွန်းမိတ်ဆွေ၊ သွားလေရာရာ ရုံမကျ်ရှာအံ့။ လက်နှင့်စနေ စီးဝင်ပေမူ၊ ကြီးသူမသေ၊ ဖွားသူ သေအံ့။ နောင်တုံပေက၊ ကြေညာကျော်စေ၊ လွန်ဝေပြာအံ့။ လက်နှင့်ရာဟု၊ ဝင်စုခိုလာ၊ ဖွားသူမှာကား၊ ငယ်စဉ်အခါ၊ ဝင်နာချင်နာ၊ ရျားရောဂါနှင့်၊ ကျန်းမာဒုက္ခ၊ မျက်ရည်ကျ၍ ကြွက်၊ သောကများစွာ၊ တွေ့လေရာအံ့၊ ချမ်းသာသုခ၊ ကြီးမှကသော်၊ တတ်သိပညာ၊ ဂုဏ်ရောင်ဖြာလျက်၊ ချမ်းသာကြွန်းပ၊ ကန်မိရှိသည်။ ဒါနကုသိုလ်များအံ့တည်း။ လက်တွင်ကုမ်၊ ပူးသည်ရှိသော်၊

www.burmeseclassic.com

www.burmeseclassic.com



ကတိတည်ကြည်၊ ဖြောင့်မတ်တည်ရှင့်၊ လက်နှင့်စန္ဒရား၊ ပူးသည်မှာကား၊ ဥစ္စာနှင့်လက်၊ ကြင်ဖက်မကွေ၊ ဖြစ်တတ်ပေစွာ၊ ဘောမတမူ၊ ပူးမူနဂါး၊ ထင်ရှားအာဏာ၊ ကေသရာတို့၊ သင်္ချာအုပ်စိုး၊ တစ်မျိုးနှောင်သည်၊ အခေါင်သူတို့ ဇာကာတည်း၊ လက်နှင့်မကွာ၊ ဂြိုဟ်ဗုဒ္ဓကား၊ မျက်နှာဖြူထွား၊ နှုတ်ခမ်းပါးနှင့်၊ ဟူးရာဗေဒင်၊ တတ်မြောက်စင်မူ၊ ဂုရုဂြိုဟ်မင်း၊ လက်တွင်းနင်းမူ၊ မှတ်ရင်းတန်ခိုး၊ လေးကျွန်စိုးသည်၊ မျိုးရိုးအဆွေ၊ ကုဋေဗိုလ်ပါ၊ ချမ်းသာပေတတ်၊ ဂြိုဟ်မြတ်သောကြာ၊ ပူးလေရာကား၊ သားနှင့်မယား၊ လွန်ပေါများသည်၊ ဆန်းပြားလိမ္မာ၊ နူးညံ့စွာရှင့်၊ တစ်ဖြာတိုင်းယှဉ်၊ စိတ်ကမြင့်လျှင်၊ အာဏာဆင်သည်၊ လျှင်စွာပြေလွယ်၊ ကောင်းကြွယ်ချမ်းသာ ဖြစ်တတ်ရာသည်၊ မှန်စွာလက်ပူး အဟောတည်း။

* * * * *

www.burmeseclassic.com